
www.burmeseclassic.com



# NORIKO OTSU

## LETTER FOR AUNG SAN SU KYI

ဒေါ်အောင်ဆန်းစုကြည်အတွက်

# စာတစ်စောင်

မသီတာ(စမ်းချောင်း)

www.burmeseclassic.com

www.burmeseclassic.com



ငါတို့စာပေ
SINCE 2003

ဘာသာပြန် မူပိုင် - မသီတာ (စမ်းချောင်း)

*ငါတို့စာပေမှ ပထမအကြိမ်အဖြစ် ၂၀၀၃*
နိုဝင်ဘာလတွင် အုပ်ရေ တစ်ထောင်
ပုံနှိပ်ထုတ်ဝေသည်။ ပုံနှိပ်တိုက်မှာ
ရန်ကုန်မြို့ရှိ ရွှေသဇင်ပုံနှိပ်တိုက်ဖြစ်သည်။
မျက်နှာဖုံး ဒီဇိုင်းကို ရဲထွဋ် ပြုလုပ်သည်။ မျက်နှာဖုံး
ဓာတ်ပုံမူပိုင်မှာ ဆာဝါယိုရှီ အို့စု ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အတွက် စာတစ်စောင်စာအုပ်တွင်
ဖော်ပြထားသည်များမှ တစိတ်တပိုင်းကိုသော်လည်းကောင်း
အခန်းလိုက်သော်လည်းကောင်း၊
ဓတ်ပုံများသော်လည်းကောင်း၊
တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ၊
တစ်ဆင့် ပြန်လည် ကူးယူဖော်ပြခြင်းကို ခွင့်မပြု၊
စာရေးသူ သို့ ထုတ်ဝေသူ၏ ခွင့်ပြုချက်ရမှသာ
တစ်ဆင့် ဖော်ပြရန် အသိပေးအပ်သည်။

မူရင်းစာရေးသူထံမှ တရားဝင်ခွင့်ပြုချက်ဖြင့်
ဘာသာပြန်ဆိုထုတ်ဝေသည်။

တန်ဖိုး- ၂၅၀၀ကျပ်

Memoir
Printed in Myanmar

မသီတာ(စမ်းချောင်း)
ဒေါ်အောင်ဆန်းစုကြည်အတွက်စာတစ်စောင်/မသီတာ(စမ်းချောင်း)
ငါတို့စာပေ၊ ၂၀၀၃



ဒေါ်အောင်ဆန်းစုကြည်အတွက် စာတစ်စော
နီရိုကို အိုရေ
မသီတာ(စမ်းချောင်း) ဘာသာပြန်ဆိုသည်

ငါတို့စာပေ
SINCE 2003

www.burmeseclassic.com

# နိုရီကိုနှင့် ပတ်သက်၍

မထင်မှတ်ဘဲ နိုရီကိုတို့ ဇနီးမောင်နှံကို တွေ့ခွင့်ရခိုက်မှာပဲ ဆာဒါယိန္နိုက နိုရီကို ရေးထားတဲ့ စာမူတစ်ပုဒ် ရှိကြောင်း၊ ဘာသာပြန်ပေးစေချင်ကြောင်း တန်းပြောလိုက်တော့ အံ့သြဝမ်းသာစိတ်ရော၊ ဇဝေဇဝါအတွေးပါ ပေါ်လာခဲ့တာကို ဝန်ခံရပါမယ်။ အံ့သြဝမ်းသာရတာက အဲဒီအချိန်မှာ ဂျပန်ဘာသာနဲ့တောင် စာအုပ်မထွက်သေးတာကြောင့် ကမ္ဘာမှာ ပထမဆုံးဗားရှင်းအနေနဲ့ မြန်မာလို ဖော်ပြခွင့်ရမှာမို့လို့ပါ။ အဲဒီအချိန်က မြန်မာအင်ဒီပဲန်ဒင့်ဂျာနယ် လုပ်ဖို့ ပြင်ဆင်နေချိန်လည်း ဖြစ်လေတော့ ဂျာနယ်မှာ အခန်းဆက်ဖော်ပြဖို့ပဲ တွေးမိပါတယ်။ ဇဝေဇဝါဖြစ်ရတာက နိုရီကိုဟာ နာမည်ကြီးစာရေးဆရာတစ်ယောက် မဟုတ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ အမှတ်တရတွေလို့သာ သိပြီး သူ ဘယ်လိုစာမျိုး ရေးတတ်တာကို မသိတော့ ဘာသာပြန်ရာမှာ အဆင်မပြေဖြစ်မှာလားလို့ တွေးမိတာပါ။

ဒါပေမယ့် နောင်မှာ ကျိုတိုက သူတို့အိမ်ကို အလည်သွားဖြစ်တဲ့အထိ သားအမိလိုတစ်မျိုး၊ အစ်မအကြီးဆုံးနဲ့ ညီမအငယ်ဆုံးလိုတစ်သွယ် ခင်မင်လာခဲ့ရာမှာ နိုရီကိုဟာ စာရေးကောင်းသူတစ်ယောက်ဆိုတာထက် စာဖတ်လွန်းသူတစ်ယောက်ဆိုတာကိုပါ သိလာရပါတယ်။ သူဟာ အမေရိကန်၊ အင်္ဂလန်စာပေတွေကို ဘွဲ့လွန်စာတမ်းအတွက် ဖတ်ခဲ့လေ့လာခဲ့တာမို့ စာဖတ်အလွန်နာကာ စာရေးနည်းတွေကို သဘောပေါက်သူဖြစ်သလို လူ့သဘောလူ့မနောကိုလည်း နားလည်အောင်းပါးလှတယ်ဆိုတာ သိသာလှပါတယ်။ သူ့လက်ရာကိုကြည့်ရင် သူ့ရဲ့ ဖတ်သဘောတတ်ခံကိုရော၊ စာရေးပုံ အကင်းပါးတာကိုပါ ရိပ်မိကြမှာပါ။ ဒါဟာ စာပေလက်ရာအများကြီးကို ကျေညက်အောင် ဖတ်ထားတဲ့ စာပေဝမ်းစာရှိကြောင်း ဖော်ပြနေပါတယ်။

www.burmeseclassic.com

ဒါကြောင့် ဒီစာမူကို ဘာသာပြန်ခွင့်ရတာရော၊ နိုရီကို-ဆာဒါယိုရှိအို့စုဇနီးမောင်နှံနဲ့ မိသားစုသဖွယ် ခင်မင်ရင်းနှီးခွင့်ရတာကိုပါ ကျေးဇူးတင်နေမိပါတယ်။

ဒီစာအုပ်ကို ဘာသာပြန်စေချင်တာဟာ ဘယ်လိုပဲအောင်မြင်ကျော်ကြားနေပါစေ အဲဒီမိန်းမတစ်ယောက်ရဲ့ သာမန်အိမ်ရှင်မတစ်ယောက်လို ဖြတ်သန်းခဲ့ရမှုတွေ ရှိတာကို သိရတဲ့အခါ တခြားသာမန်အိမ်ရှင်မတွေကလည်း သူတို့ဘဝတွေဟာ ဒီလောက်နဲ့ပဲ အဆုံးသတ်သွားဖို့ မလိုဘူးလို့ တွေးနိုင်ရအောင်လို့ နိုရီကိုတို့ဇနီးမောင်နှံက ဆိုခဲ့ပါတယ်။ သူတို့ရဲ့ စေတနာဟာ ဒီစာအုပ်မှာ ပေါ်လွင်နေတယ်လို့လည်း ထင်မိပါတယ်။ အာရှဖွားချင်းချင်းရဲ့ အတွေးနဲ့အရေးက ဒေါ်အောင်ဆန်းစုကြည် အကြောင်း ဝိုင်းရေးကြတဲ့ လက်ရာများကြားမှာ တစ်မူကွဲပြားနေတာကတော့ သေချာပါတယ်။

စာဖတ်ကြသူများကို ကျေးဇူးတင်ပါတယ်။

မသီတာ-စမ်းချောင်း




အောက်စ်ဖို့ဒ်မှ မိသားစု(၁၉၈၀)



www.burmeseclassic.com

www.burmeseclassic.com



အောက်စ်ဖို့ဒ်တွင် သားနှစ်ယောက်နှင့်စု (၁၉၈၀)



စုမိသားစုနှင့် နို

အောက်စ်ဖို့ဒ်တွင် နိုရိကို၊ စု၊ မိုက်ကယ်နှင့် အခြားပညာရှင်တချို့ (၁၉၈၀)





သားစုနှင့် နိုရိကိုတို့ အပန်းဖြေနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၅ ခုနှစ်က အဲလက်စ်



၁၉၈၆ နယူဒီမိုးယားပွဲတော်ရောက်
စုဇော် သားနှစ်ယောက်





၁၉၈၀ ကင်မ်မွေးနေ့



ကင်မ်ကျောင်းတွင်စကားပြောနေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နီရိကို၊ ရုရှားစာရေးဆရာ ပါစတာညက်ဖ်ညီမနှင့်ရ



အကျယ်ချုပ်ကျခိုက် ... သိန်နှင့်ကင်မ်



... နှင့် နီရိကို



... နှင့် ဒလိုင်လားမား

www.burmeseclassic.com


www.burmeseclassic.com





နီကို၊ စုနှင့် ဂျပန်စစ်ပြန်ကြီးများတွေ့ဆုံ





...နှင့် မသန်းဧ




...နှင့် နီကို



www.burmeseclassic.com

www.burmeseclassic.com



ဘောက်စ်ဖို့ဒ်ကျောင်းစာဆောင်တွင် ဟော်ပြခဲ့သည့်က





ဓုပ်ကျော်ပန်းခြိုင်



နီနီကို ဆာဒါယီရှိ ဟော်ထဝစ်ရှာဂေါ်ဂျာဘာယီမင်




www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်၊ မသန်းနှင့် အလက်ဇန္ဒား



စုပုံတူပန်းချီကားအောက်မှ ကင်မ်နှင့် မိုက်ကယ်






စု၊ မိုက်ကယ်နှင့် မိတ်ဆွေတစ်ဦး




ဂျပန်ရောက်စဉ်



စု၊ ကင်မ်နှင့် မိတ်ဆွေတချို့



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ်က
အလည်
ရောက်လာသော
နိရိကိုတို့
လင်မယားနှင့်စု




စု၏
ရန်ကုန်နေအိမ်ရောက်
နိရိကို အမျိုးသား



ပြင်သစ်သံရုံး
ညစာစားပွဲတွင်
တွေ့ရသော
နိရိကိုနှင့်စု

(ပ)



ဂျပန်ရောက်စဉ် နိရိကို

(ဂ)

www.burmeseclassic.com

www.burmeseclassic.com







"နီရိကို··· ကျွန်တော်က စုကို မြင်မြင်ချင်းမှာပဲ ချစ်မိခဲ့တာပါ"

## အခန်း - ၁

### အောက်စ်ဖို့ဒ်က စု (၁၉၇၄-၁၉၈၄)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁။

# အောက်စ်ဖို့ဒ်က စု (၁၉၇၄-၁၉၈၄)

## (၁) အောက်စ်ဖို့ဒ်က စုနဲ့ မိုက်ကယ်

ကျွန်မက မိုက်ကယ်အဲရစ်ကို လွန်ခဲ့တဲ့ ၃၇ နှစ်က စတွေ့ခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် နွေဦးမှာ ကျွန်မက ဗြိတိသျှပြတိုက်ကြီးနောက် ကပ်လျက်က အရှေ့တိုင်းနဲ့ အာဖရိက လေ့လာရေးဌာန (လန်ဒန်တက္ကသိုလ်)မှာ တိဘက်ဘာသာကို လေ့လာခဲ့တဲ့အချိန်ပေါ့။ အဲဒီအချိန်က ကျွန်မရဲ့ ကျန်နေသေးတဲ့ဘဝအချိန်တွေကို တိဘက်ကျောင်းလေးမှာပဲ ကုန်ဆုံးချင်နေခဲ့တာပါ။ မိုက်ကယ်နဲ့ ပထမဆုံး စတင်တွေ့ရတဲ့ အခိုက်အတန့်ကတော့ ကျွန်မတို့ရဲ့ စာသင်ခန်းထဲမှာပါပဲ။ တိဘက်ဘာသာကို ကောင်းကောင်းသင်ကြားတတ်တဲ့ မိုက်ကယ့်ကို အဲဒီအချိန်က သူနိုင်ငံကို ပိုလွတ်လပ်ခေတ်မီဖို့ တက်ကြွနေတဲ့ အသက် ၂၆ နှစ်အရွယ် ဘူတန်ဘုရင်လေးက သီးသန့်ဆရာအဖြစ် ဖိတ်ခံရတဲ့အထိ မိုက်ကယ်က တိဘက်စာသင်တာကောင်းလှပါတယ်။

ကျွန်မက မိုက်ကယ့်ကို မြင်မြင်ချင်းမှာပဲ သဘောကျခဲ့ပါတယ်။ သူက ဆံပင်ရှုပ်ပွပွ၊ ခပ်ကြမ်းကြမ်း တမ်းတမ်းပုံဖြစ်နေတဲ့ ဟိမဝန္တာက လူကြီးတစ်ယောက်နဲ့ တူနေခဲ့ပါတယ်။ သူ့ကိုတွေ့ရင် ဘယ်သူကမှ ရုပ်ရည်ချောမောသူလို့ မပြောနိုင်ပေမယ့် သူ့ရဲ့ သားငယ်လေးကတော့ "ဒယ်ဒီက ရုပ်ချောတယ်"လို့ အော်ပြောပြီး မိုက်ကယ့်ကို ကာကွယ်ပေးတတ်ပါရဲ့။ တကယ်တော့ သူက စိတ်ထား မကျဉ်းမြောင်းဘဲ မေတ္တာထားတတ်သူမို့ လူတွေက သူနဲ့ ဆက်ဆံရတာ သိပ်စိတ်

www.burmeseclassic.com



အေးချမ်းရပါတယ်။ သူဟာ ဝိနည်းကို လိုက်နာလွန်းတဲ့ လူဖြူဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးနဲ့ တူနေတာပါ။ သူက ဘောင်းဘီမှာ ချည်ကျော်အပေါက်လေးဖြစ်ပြီး ပေါင်သားအချို့ပေါ်ကာ အေးနေရင်တောင် ဂရုမစိုက်တဲ့အထိ ရုပ်ဝတ္ထုအပေါ် မခင်တွယ်သူပေါ့။ ကျွန်မကို တွေ့တွေ့ချင်း နှုတ်ဆက်တော့ "ကျွန်တော့်ဇနီးက မြန်မာပါ" လို့ မျက်လုံးတွေ အရောင်လက်စွာ ပြောခဲ့ပါတယ်။ အဲဒီတိုတောင်းတဲ့ တွေ့ဆုံမှုကလေးဟာ နောင်နှစ်ပေါင်းသုံးဆယ်ကျော် အခွန့်ရှည်လိမ့်မယ်လို့တော့ ကျွန်မက မမျှော်လင့်ခဲ့ပါဘူး။

၁၉၇၅ ခုနှစ် နွေရာသီရောက်တော့ ကျွန်မအမျိုးသားက လန်ဒန် စီးပွားရေးတက္ကသိုလ်ရဲ့ သုတေသနဌာနကနေ အောက်စ်ဖို့ဒ်က စိန့်အန်ထော်နီကောလိပ်ကို ပြောင်းရတဲ့အတွက် ကျွန်မတို့လည်း လန်ဒန်ကနေ အောက်စ်ဖို့ဒ်ကို ပြောင်းရွှေ့ခဲ့ကြပါတယ်။ ကျွန်မတို့က ဝုဒ်စတော့ခ်လမ်းမှာရှိတဲ့ အိမ်တစ်အိမ်ရဲ့ အပေါ်ထပ်မှာ ငှားနေခဲ့ပါတယ်။ ကျွန်မကတော့ လန်ဒန်ကို အောက်စ်ဖို့ဒ်ကနေ ရထားနဲ့ မြေအောက်ရထားတွေ စီးပြီး ကျောင်းတက်ဆဲပါပဲ။

အောက်စ်ဖို့ဒ်က ပြောင်းဖူးဈေးလမ်းနဲ့ သဘော်လမ်းဆုံရာထောင့်မှာ ပုံပြင်ထဲမှာ တွေ့ရတတ်တဲ့ သစ်သားအိမ်ကလေးတစ်လုံး ရှိပါတယ်။ အဲဒီအိမ်ကလေးက ငွေအကြွေစေ့ သုံးရတဲ့ အဝတ်လျှော်စက်တွေ ရှိရာနေရာပေါ့။ အဲဒီကနေ လျှော်ပြီးသား အဝတ်ထုပ်ကြီး ပခုံးပေါ်တင်ပြီး ထွက်လာတတ်တာကတော့ မိုက်ကယ်ပါပဲ။ အဲဒီမှာ ကျွန်မနဲ့ မိုက်ကယ် ဒုတိယအကြိမ် ပြန်တွေ့တာပါ။ ခဏလောက် နှုတ်ဆက်ပြီးတော့ နောင်မှာ တွေ့ကြရအောင်လို့ဆိုကာ လမ်းခွဲခဲ့ကြပါတယ်။

နောက်အပတ်မှာတော့ ကျွန်မတို့ ဇနီးမောင်နှံက ဟာလီဖစ်စ်အိမ်ရှိရာ ကလပ်ကို လာဖို့ မိုက်ကယ်နဲ့သူ့ မိသားစုကို ဖိတ်ခဲ့ပါတယ်။ နက်မှောင်တဲ့ ဆံပင်အထူကြီးကို စည်းနှောင်ထားတဲ့ အမျိုးသမီးတစ်ယောက်က ကလေးထိုင်လက်တွန်းလှည်းလေးကို တွန်းပြီး ကလပ်ထဲကို ဝင်လာပါတယ်။ သူ့ရဲ့အလှအပနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေတဲ့အသွင် ခါးမတ်မတ်ပုံဟန်ကို သတိထားမိတဲ့ အဲဒီခဏမှာ ကျွန်မက အသက်မရှူမိခဲ့ပါဘူး။ သူ့နောက်မှာတော့ ကျွန်မနဲ့ ဆုံခဲ့ဖူးတုန်းက ပါလာတဲ့ အဝတ်အိတ်ကြီးကို အရင်ကလိုပဲ ပခုံးပေါ်တင်ကာ လျှောက်လာတဲ့၊ ဂျပန်သူကြွယ် နတ်ဘုရားတစ်ပါးလို ပြုံးနေတဲ့ မိုက်ကယ်ပေါ့။

ဖြစ်ချင်တော့ မိုက်ကယ်ကလည်း သူ့မိသားစုနဲ့အတူ အောက်စ်ဖို့ဒ်ကို ပြောင်းလာခဲ့ပါပြီ။ သူတို့က အောက်စ်ဖို့ဒ်ရဲ့ အရှေ့တောင်ပိုင်းက ဆန်းနင်းဝဲလ်ရွာလေးက လယ်တောအိမ်လေးတစ်လုံးမှာ ငှားနေကြပါတယ်။ အဲဒီမှာ တခြားလယ်တောအိမ်လေး နည်းနည်းပါးပါးနဲ့ ဆိုင်လေးတစ်ဆိုင် ရှိပါတယ်။ ဒီတော့ သူတို့က



အောက်စ်ဖို့ဒ်မြို့လယ်ကို ဈေးဝယ်ဖို့နဲ့ အဝတ်လျှော်ဖို့ သွားကြရတာပေါ့။ သူတို့ရဲ့ အိမ်နီးနားချင်းတွေမှာ ကားရှိကြပေမယ့် စုနဲ့ မိုက်ကယ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလိုသူတွေ ဖြစ်ကြသလို မိုက်ကယ်က စက်နဲ့ ပတ်သက်ရင် ဘာမှ မကျွမ်းကျင်သူလေ။ ဒီတော့ သူတို့ရဲ့ တစ်ခုတည်းသော အားကိုးရာ လမ်းပန်းဆက်သွယ်ရေးယာဉ်ကတော့ နေ့စဉ်ပြေးဆွဲပေးနေတဲ့ ဘတ်စ်ကားတွေပါပဲ။

နေ့စဉ်လိုသမျှတွေ ဝယ်ခြမ်းဖို့အတွက် မြို့လည်ကို သွားရတာက ထုံးစံပါ။ ဒါပေမယ့် ဘာလို့ အဝတ်လျှော်ဖို့ မြို့လည်အထိ သွားရမှာပါလိမ့်။ အင်္ဂလိပ်အိမ်တွေဟာ ဒေသတစ်ခုလုံးအတွက် စီမံကိန်းကြီးချပြီးမှ ဆောက်ထားတာဆိုတော့ အနေဟောင်းသမိုင်းဝင်အိမ်တွေအဖြစ် ကြည့်လို့တော့ ကောင်းပါရဲ့။ ဒါပေမယ့် နေထိုင်သူတွေအတွက်ကတော့ အဆင်မပြေလှပါဘူး။ အိမ်အများစုမှာ အိမ်သာနဲ့ ရေချိုးခန်းဆိုတာ အပေါ်ထပ်မှာပဲ ရှိနေပြီး ရေဆိုးထုတ်စံနစ် ပြဿနာကြောင့် မိသားစုသုံး အဝတ်လျှော်စက်တွေအတွက် ထားစရာနေရာ ခက်ခဲပါတယ်။ အဲဒီအချိန်က ကမ္ဘာ့နိုင်ငံအတော်များများမှာ မိသားစုသုံး အဝတ်လျှော်စက်တွေက ရှောင်တွယ်နေပြီးသားပါ။ အိမ်ရှင်မတွေအတွက်လည်း အဝတ်လျှော်စက်ဆိုတာ အဖိုးတန်လွန်းတဲ့ ရတနာတစ်ပါးလို ဖြစ်ပါရဲ့။ ခက်တာက ငွေအကြွေသုံး အဝတ်လျှော်စက်လုပ်ငန်းကိုလည်း ရည်ရွယ်ချက်ရှိရှိ ထူထောင်ထားတာကိုး။ (အခုဆို ဒီလုပ်ငန်းက စီးပွားဖြစ်လုပ်ငန်းကြီးကို ဖြစ်လို့ပါပဲ) ဒီလိုနဲ့ မြို့လည်လမ်းထောင့်တစ်နေရာမှာ ရှိနေမှာ သေချာတဲ့ ငွေအကြွေသုံးအဝတ်လျှော်စက်တွေကို အားကိုးခဲ့ရပါတယ်။ အခုတော့ အဲဒီဆိုင်လေးက မျက်မှန်ဆိုင်ဖြစ်ခဲ့သလို နောက်ဆုံးတော့ မုန့်အရောင်းဆိုင် ဖြစ်နေပါပြီ။ ဘာပဲဖြစ်ဖြစ် မိုက်ကယ်နဲ့ တွေ့ဆုံဖြစ်တဲ့အတွက် အဲဒီအဝတ်လျှော်ဆိုင်လေးက အမှတ်တရပါပဲ။ အဲဒီတွေ့ဆုံမှုလေးကနေ အခုအချိန်ထိ မိတ်ဆွေဖြစ်ခဲ့ရတယ်၊ စုနဲ့ သား နှစ်ယောက်ကို စိတ်ဝိဉာဉ်ချင်းထိ တွေ့နေဖြစ်တာ မဟုတ်ပါလား။

## (၂) မိုက်ကယ်ရဲ့ မြင်မြင်ချင်း အချစ်

ကျွန်မက စုနဲ့မိုက်ကယ်တို့ ဘယ်လိုချစ်ကြိုးနှောင်ဖွဲ့ခဲ့တယ်ဆိုတဲ့အကြောင်းကို အစကနေ ဘယ်တုန်းကမှ မသိခဲ့ရပါဘူး။ စု နေအိမ် အကျယ်ချုပ်ကျပြီးနောက်ပိုင်းမှာ မိုက်ကယ့်ဆီက သူတို့ရဲ့ အချစ်ဇာတ်လမ်းကို တစ်စထက်တစ်စ သိခွင့်ရခဲ့ပါတယ်။ ကျွန်မကလည်း မိုက်ကယ်ရဲ့ အပြောနဲ့ စုရဲ့ ကိုယ်ရေးရာဇဝင်တို့ဝါ ချိန်ကိုက်ဖြစ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ လုပ်ကြံခံရစဉ်က စုဟာ အသက်နှစ်နှစ်သာရှိသေးတာမို့ လုပ်ကြံတယ်ဆိုတာကိုရော သေဆုံးမှုအတွက် ဝမ်းနည်းရမှာကိုပါ သိပ်နားမလည်နိုင်ခဲ့ပါဘူး။ စုက သူ့အဖေကို ကောင်းကောင်းလည်း မမှတ်မိပါဘူး။ ဒါပေမယ့် သူ့ဘဝမှာ ဘယ်တော့မှ မေ့လို့မရတဲ့ မြင်ကွင်းတစ်ခုအကြောင်း စုက ကျွန်မကို ပြောပြဖူးပါတယ်။ အဲဒါကတော့ သူ ငယ်ငယ်က အိမ်အဝင်က လှေကားရှည်ကြီးထိပ်မှာ ညနေတိုင်း ထိုင်ကာ စစ်ယူနီဖောင်းနဲ့ ပြန်လာမယ့် အဖေ့ကို မျှော်နေတတ်ပြီး အဖေကလည်း သူ့ကို တွေ့တာနဲ့ မွေ့ချီကာ လေထဲ မြှောက်ပေးသလို ပါးနှစ်ဖက်ကိုလည်း မွှေးမွှေးပေး၊ လူကိုလည်း တင်းတင်းကြပ်ကြပ် ဖက်ထားတတ်တဲ့ မြင်ကွင်းပါတဲ့။ အဲဒီလို ပြန်ပြောပြတဲ့အချိန်မှာတောင် သူ့အဖေရဲ့ အထိအတွေ့ကို သူက ရနေသေးသလို အဲဒီမြင်ကွင်းက သူ့စိတ်ထဲမှာ မြဲနေခဲ့ပါတယ်တဲ့။ အဲဒီလို ပြောပြတာကို နားထောင်နေတဲ့ ခဏမှာပဲ ကျွန်မ တွေးလိုက်မိတာကတော့ စုဟာ သူ့ချစ်ရတဲ့သူ အကြောင်းကို ပြောနေတာပဲလို့ပါ။ သူ့ရဲ့ နူးညံ့ပြီးထွားကျိုင်းတဲ့ ချစ်သူမှိုက်ကယ့်အပေါ် စုရဲ့ ခံစားချက်ကိုလည်း နားလည်သွားသလိုပါပဲ။

၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့ မှာ မြန်မာပြည် လွတ်လပ်ရေး ရပါတယ်။ စုမေမေ ဒေါ်ခင်ကြည်က ဦးနုအစိုးရလက်ထက်မှာ ကျင်းပတဲ့ ပထမဆုံးရွေးကောက်ပွဲကို ဝင်ကာ ကိုယ်စားလှယ်တစ်ဦး ဖြစ်လာပါတယ်။ သူဟာ တစ်ဘက်မှာ မိခင်အဖြစ်ရော ဖခင်အဖြစ်ပါ တာဝန်ကျေသလို တစ်ဘက်မှာလည်း ဦးနုကက်ဘိနက်ရဲ့ တက်ကြွတဲ့ နိုင်ငံရေးသမား ဖြစ်လာခဲ့တာပါ။ ကျွန်မက ဒေါ်ခင်ကြည်နဲ့ သိတဲ့ ကျွန်မိတ်ဆွေတစ်ယောက်ဆီက ကြားခဲ့ရတာကတော့ သူက အဆုံးအဖြတ်နဲ့ တုံ့ပြန်မှုတွေကို ချက်ချင်းလုပ်နိုင်တဲ့ အမျိုးသမီး ဖြစ်သလို လူထုကို အားတက်စေကာ လှုပ်ရှားစေနိုင်တဲ့အထိ စွမ်းပကားကြီးသူဆိုတာပဲ ဖြစ်ပါတယ်။ စုဟာ အဲဒီလို စည်းကမ်းကြီးတဲ့ အမေရဲ့ ပျိုးထောင်မှုကို ခံခဲ့ရသလို မြန်မာ့ရိုးရာတန်ဖိုးတွေကိုလည်း သင်ယူခဲ့ရပါတယ်။

ဗြိတိသျှလက်အောက်က လွတ်ခဲ့ပေမယ့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေက လူမျိုးစုအရေး ပြဿနာတွေနဲ့ ခွဲထွက်ရေးလှုပ်ရှားမှုတွေကို မဖြေရှင်းနိုင်ခဲ့ပါဘူး။ ဒါကြောင့် အမြန်ဆုံးနည်းလမ်းအနေနဲ့ ဗြိတိသျှတွေ ချန်ရစ်ခဲ့တဲ့ အခြေခံအဆောက်အအုံစနစ်တွေအတိုင်း ဆက်လုပ်သွားဖို့ အားထုတ်ခဲ့ကြပါတယ်။ ပညာရေးမှာဆိုလည်း ဗြိတိသျှနည်းကိုပဲ စသုံးပါတယ်။ ဒီတော့ ချမ်းသာတဲ့မိသားစုထဲက ကလေးတွေဟာ မြန်မာစကား မပြောရလို့ တားမြစ်ထားခဲ့ဖူးတဲ့ မစ်ရှင်သာသနာပြုကျောင်းတွေမှာ စာသင်မြဲသင်ကြပေမယ့် အဲဒီကျောင်းတွေမှာပဲ နိုင်ငံခြားသားတွေ (အထူး



အဖြင့် အင်္ဂလိပ်တွေ)ကို မုန်းတဲ့အလေ့ဟာလည်း ခေတ်စားနေခဲ့ပါတယ်။ စုက အသက်လေးနှစ်မှာ ဆန့်ဖရန့်စစ်စကိုကွန်ဗင့်ဆိုတဲ့ ကျောင်းမှာ မူကြိုစတက်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်မှာ စုတို့မိသားစုအတွက် နောက်ထပ်ဝမ်းနည်းကြေကွဲစရာ ဖြစ်လာတာကတော့ နေအိမ်ထဲက ရေကန်မှာပဲ ဒုတိယမြောက်သား အောင်ဆန်းလင်း ကွယ်လွန်ခဲ့ရတာပါ။ ဒီလိုနဲ့ ဒေါ်ခင်ကြည်ဟာ အဲဒီအချိန်က အစိုးရရဲ့ ကမ်းလှမ်းချက်ကြောင့် လက်ရှိနေအိမ်ဖြစ်တဲ့ ၅၄-၅၆၊ တက္ကသိုလ်ရိပ်သာလမ်းအိမ်ကို ပြောင်းရွှေ့ဖြစ်ခဲ့ပါတယ်။

၁၉၅၇ ခုနှစ်မှာတော့ စုက အင်္ဂလိပ်မက်သဒစ်ကျောင်းမှာ အလယ်တန်းတက်ခဲ့ပါပြီ။ စုက အင်မတန်တိတ်ဆိတ်တဲ့ ကျောင်းသူလေးဖြစ်ကာ အမြဲတမ်း တစ်ယောက်တည်း စာပဲ ဖတ်နေတယ်လို့ စာအုပ်တိုင်းလိုလိုမှာ ရေးကြပါတယ်။ မှန်ပါတယ်။ စာအုပ်တွေဟာ စုအတွက် အကောင်းဆုံးမိတ်ဆွေဆိုတာ အရင်ကရော အခုထိပါ မပြောင်းမလဲ မှန်နေတာပါ။

၁၉၆၀ ခုနှစ်မှာတော့ စုမေမေဟာ အိန္ဒိယကို မြန်မာနိုင်ငံဆိုင်ရာ သံအမတ်အဖြစ် ခန့်အပ်ခံရပါတယ်။ စုဟာ အထက်တန်းကိုတော့ ၁၉၆၀-၆၁ ခုနှစ်မှာ ဒေလီက ချီးဆုကီကွန်ဗင့်မှာ တက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်ကနေ ၁၉၆၃ ခုနှစ်မှာတော့ ဒေလီဆရီလမ်ကောလိပ်မှာ နိုင်ငံရေးသိပ္ပံဘာသာကို တက်ပါတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှာ ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်မှာတော့ ဒေါ်ခင်ကြည်ဟာ သားကြီးအောင်ဆန်းဦးကို အင်္ဂလိပ်သံတမန်တစ်ဦးနဲ့အတူ အင်္ဂလန်ကို ပို့ခဲ့ပါတယ်။ အောင်ဆန်းဦးက ဒိုဗာကနေ လန်ဒန်ကို ပြောင်းရွှေ့ကာ အင်ပီးရီးယားကောလိပ်မှာ ပညာသင်ခဲ့ပါတယ်။ ၁၉၆၀ မှာ ဒေါ်ခင်ကြည်နဲ့ စုဟာ တစ်ခါက အိန္ဒိယမှာ ဗြိတိသျှအင်ပါယာရဲ့ ကော်မရှင်နာ မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မိတ်ဆွေဟောင်း ဆာပေါလ်ဂေါ်ရ်ဘုသ်မိသားစုနဲ့ ပြန်လည်ဆုံတွေ့ဖြစ်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာ ဂေါ်ရ်ဘုသ်မိသားစုက အင်္ဂလန်ကို ပြန်ရာမှာ ဒေါ်ခင်ကြည်က စုကို အောက်စ်ဖို့ဒ်ကို ပို့ဖို့ စီစဉ်ပါတော့တယ်။ ဒီလိုနဲ့ စုဟာ လန်ဒန်၊ ချယ်လ်ဆီးရပ်ကွက်မှာ ဂေါ်ရ်ဘုသ်တို့မိသားစုနဲ့အတူ နေခဲ့ပါတယ်။ ဆာပေါလ်ဂေါ်ရ်ဘုသ် ကွယ်လွန်ခဲ့ပြီးတဲ့နောက်မှာ ဇနီးဖြစ်သူ လေဒီဘက်ထရစ်ရှာဂေါ်ရ်ဘုသ်ဟာ စုကိုသာမက သားနှစ်ယောက်ကိုပါ စောင့်ရှောက်ခဲ့ပါတယ်။ တကယ်တော့ သူဟာ စုအတွက် အင်္ဂလိပ်မိခင်လို့ ဆိုရမယ့်သူပါ။

ဂေါ်ရ်ဘုသ်တို့ဇနီးမောင်နှံမှာ ကလေးလေးယောက် ထွန်းကားပြီး အကြီးဆုံးနဲ့ အငယ်ဆုံးက မိန်းကလေးတွေဖြစ်ကာ အလတ်နှစ်ယောက်က ယောကျာ်းလေး

www.burmeseclassic.com

www.burmeseclassic.com



အမွှာပါ။ ဒေးဗစ်နဲ့ ခရစ်တိုဖာဂေါ်ရ်ဘုသ်တို့က ရှိမန်ကက်သလစ်ကျောင်းတက်တော့ ခင်ဖြစ်တာကလည်း အမွှာကောင်လေး နှစ်ယောက်ပါပဲ။ ၁၉၄၆ ခုနှစ် မတ် ၂၇ ရက်ဖွား အန်ထော်နီနဲ့ မိုက်ကယ်အဲရစ်တို့ပေါ့။ သူတို့ တက်တဲ့ ကျောင်းက နာမည်ကြီးဖြစ်ကာ အသက် ၁၂ နှစ်ကနေ ၁၈ နှစ်အထိ အဆောင်မှာ အတူတူနေခဲ့ကြရပါတယ်။ အထက်တန်းကျောင်းက အောင်တော့ ဒေးဗစ်က အောက်စ်ဖို့ဒ်တကသိုလ် တက်ကာ ခရစ်တိုဖာ၊ အန်ထော်နီနဲ့ မိုက်ကယ်တို့က ဒါရ်ဟမ်တကသိုလ်ကို တက်ခဲ့ပါတယ်။ အဲဒီနောက် မိုက်ကယ်နဲ့ ခရစ်တိုဖာကြားမှာ ရာသက်ပန်ခင်မင်မှုမွေးဖွားခဲ့ပါတော့တယ်။

တစ်နေ့မှာ ခရစ်တိုဖာက မိုက်ကယ့်ကို သူ့အိမ်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီမှာ စုနဲ့ မိုက်ကယ် ပထမဆုံး စတင်တွေ့ဆုံကြပါတယ်။ မိုက်ကယ်က အထက်တန်းကျောင်းသားဘဝကတည်းက အာရှကို စိတ်ဝင်စားပြီး အထူးသဖြင့်တော့ တိဘက်ဘာသာကို ဆရာတွေအလစ်မှာ သူ့ဖာသာ လေ့လာနေခဲ့တဲ့အထိ အရူးအမူး သဘောကျခဲ့ပါတယ်။ အဲဒီအတွက် ဆရာက သူ့ကို အတန်းထဲမှာ မတ်တပ်ရပ်ခိုင်းခဲ့သလိုမိဘကိုလည်း ဆင့်ခေါ်ခဲ့ပေမယ့် မိုက်ကယ့်အမေကလည်း သူ့သားကို အပြည့်အဝ ကာကွယ်ပေးခဲ့ပြီး တိဘက် ဘာသာကို အဆုံးထိ လေ့လာနိုင်အောင် ကြိုးစားကူညီပေးခဲ့ပါတယ်။ 'မိုက်ကယ်ဟာ ကျွန်မအတွက် ဂုဏ်ယူရတဲ့ သားပါ။ သူက သူ့ဘဝတစ်လျှောက်လုံး နောက်ကွယ်မှာ ဘာမှ ပြောစရာ မရှိသူပါ'လို့ သူ့အမေက ကျွန်မကို ပြန်ပြောပြခဲ့ဖူးပါတယ်။

မိုက်ကယ်က အာရှမိန်းကလေးတစ်ယောက်ရဲ့ လှို့ဝှက်ဆန်းကြယ်လှတဲ့အလှမှာ ငိုနေခဲ့ပါပြီ။ ဒါဟာ သူ့ရဲ့ မြင်မြင်ချင်းချစ်တဲ့အချစ်ပါ။ 'နိုရီကို၊ ကျွန်တော်က စုကို မြင်မြင်ချင်းမှာပဲ ချစ်မိခဲ့တာပါ'လို့ မိုက်ကယ်ဟာ မျက်လုံးတွေ အရောင်လက်ပြီး အတိတ်နေ့ရက်တွေကို ပြန်မြင်ယောင်နေသလို ကျွန်မကို တစ်ခါတုန်းက ပြောပြခဲ့ပါတယ်။ သူတို့ စတွေ့ချိန်က ၁၉၆၇-၆၈ ခုနှစ်လောက်ပေါ့။

စုက စိန့်ဟုချ်ကောလိပ်နဲ့ မိုက်ကယ်က ဒါရ်ဟမ်တကသိုလ်ကနေ ဘွဲ့ရခဲ့ကြပါပြီ။ မိုက်ကယ်က စုကို ချစ်နေကြောင်း ဝန်ခံခဲ့ပေမယ့် စုကတော့ စောင့်ဖို့ပဲ ပြန်ပြောခဲ့ပါတယ်။ 'အဲဒီအချိန်တုန်းက စုကို သဘောကျသူတွေ အများကြီး ရှိနေပြီးပြီ။ ဒါပေမယ့် ကျွန်တော်ကတော့ စိတ်ရှည်လက်ရှည်ပဲ စောင့်ခဲ့တာပါ။ စုစုပေါင်း ၄ နှစ်ပေါ့'လို့ မိုက်ကယ်က ပြုံးပြီးပြောခဲ့ပုံက စောင့်ရကျိုးနပ်တယ်လို့ ဆိုလိုတာပါပဲ။ ဒါပေမယ့် စုရဲ့အဒေါ်လိုနေခဲ့တဲ့ မသန်းဧက ပြောတာကတော့ အဲဒီအချိန်မှာ စုဟာ ယောကျာ်းလေးတွေကို စိတ်မဝင်စားဘူးဆိုတာပါပဲ။



နောက်နေ့မှာ မိုက်ကယ်က ပြောပြန်တာက 'အဲဒီအချိန်က စု သဘောကျခဲ့တဲ့ ကောင်လေးရှိတယ်။ သူက ငြင်းခဲ့တာတဲ့။ ဘယ်လိုကောင်ကများ စုကို ငြင်းရတယ်လို့ ဗျာ'ပါတဲ့။

ကျွန်မကတော့ အမှတ်မထင်ပဲ အဲဒီလူ ဘယ်သူဆိုတာ သိခွင့်ရခဲ့ပါတယ်။ ကျွန်မတို့သူငယ်ချင်းတစ်ယောက်ကတစ်ဆင့် သိရတာကတော့ မြန်မာပြည်အရေးတွေနဲ့ ပတ်သက်ရင် သူ့ကို လူသိကြပါတယ်တဲ့။ သူက လူသိထင်ရှားဖြစ်တဲ့ မြန်မာမိသားစုကြီးထဲက တစ်ယောက်ပါ။ အိမ်ရှေ့စံတစ်ယောက်လို ချောမောလှပပြီး အိမ်ဘောရစ်ချ်ကနေ ဘွဲ့ရခဲ့သူပါ။ စုက ကျွန်မကို ပြောခဲ့တာကတော့ 'ဒါ သဘောကျတာ မကျတာနဲ့ မဆိုင်ခဲ့ပါဘူး။ အဲဒီအချိန်က အင်္ဂလန်မှာနေနေတဲ့ မြန်မာတွေကြားမှာ သူက လွဲပြီး ပညာရေးအနေအထားအရ ကျွန်မနဲ့ လိုက်ဖက်မယ့်သူ မရှိခဲ့ဘူးလေ'လို့ ဖြစ်ပါတယ်။ စုကို ကြည့်ရတာ ဖြစ်နိုင်ရင် မြန်မာတစ်ယောက်နဲ့ အိမ်ထောင်ထပ်ချင်ခဲ့ပုံပါပဲ။

အဲဒီအချိန်တုန်းက ကိမ်းဘရစ်ချ်ပညာတတ် မြန်မာအမျိုးသားတစ်ယောက်နဲ့သာ စုက လက်ထပ်ဖြစ်ခဲ့ရင် မြန်မာနိုင်ငံ တည်ထောင်ရေးအတွက် ပိုကောင်းခဲ့ချင် ကောင်းခဲ့မှာလို့ ကျွန်မက တွေးမိခဲ့ပေမယ့် အခုနောက်ပိုင်း အဲဒီလူရဲ့ ရပ်တည်ချက်တွေဟာ စုရဲ့ လက်ရှိရပ်တည်ချက်တွေနဲ့ ဆန့်ကျင်နေတာကို သိလိုက်ရတဲ့ အခါမှာတော့ စု ကံကောင်းတာပဲလို့ ကျွန်မ တွေးမိလာပါတယ်။

တကယ်တော့ အခုလောလောဆယ် စုအကြောင်း စာအုပ်ဖြစ်တဲ့ (Falise Thierry's Le Jasmine Ou La Lune)ထဲမှာ လန်ဒန်မှာရှိတဲ့ မြန်မာ သူငယ်ချင်းတစ်ယောက်ကို စုက 'လက်ရှိအစိုးရ လုပ်နေတာတွေက ကျွန်မဖေဖေ ရည်မှန်းထားတဲ့ ဦး တည်ချက်တွေနဲ့ ပြောင်းပြန် ဖြစ်နေတယ်'လို့ ပြောခဲ့ပြီးနောက် ၁၉၆၆ ခုနှစ်ရဲ့ နောက်တစ်နေ့မှာ စုရဲ့ ဘကြီးဖြစ်သူ ဦးအောင်သန်းက မြန်မာ့ကြယ်ငါးပွင့်သဘောင်္ဘောကုမ္ပဏီရဲ့ ဥရောပသဘောင်္အေဂျင်စီ ဥက္ကဋ္ဌဦးနန်းနွယ်ကို တွေ့ဆုံပြီး 'ကျွန်တော့် တူမနဲ့ တူမလို့ မြန်မာအစိုးရနဲ့ ပတ်သက်ပြီး မကောင်းမပြောမိရအောင် ခင်ဗျားက ဆွဲဆောင်ပေးစေချင်တာပါပဲ' လို့ ပြောခဲ့တဲ့အကြောင်း ရေးထားတာကို ဖတ်ရပါတယ်။ စုဟာ ဘာလေးပဲ လုပ်လုပ် မိုလ်ချုပ်နေဝင်းနားထဲ ရောက်သွားတယ်ဆိုတာကို သတိထားမိရပါတယ်။

တကယ်တော့ အင်္ဂလန်မှာ နေတဲ့ မြန်မာတွေအနေနဲ့ လုံခြုံပြီး လွတ်လပ်တယ်လို့ ထင်သလို ရနိုင်ပေမယ့် ဦးနေဝင်းရဲ့ နိုင်ငံခြားဆန့်ကျင်ရေး၊ အရင်းရှင်စနစ်ဆန့်ကျင်ရေးနဲ့ မိရိုးဖလာအရိုးစွဲရေးမူဝါဒတွေက နက်ရှိုင်းသထက်နက်ရှိုင်းလာ

www.burmeseclassic.com



တာကြောင့် ပြည်ပရောက် မြန်မာတွေဟာ တကယ့်တကယ်မှာ မလွတ်လပ်ခဲ့ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် စုဟာ မိုက်ကယ်နဲ့ လက်တွဲဖို့ ရည်ရွယ်ဖြစ်ခဲ့ပြီး ၁၉၆၈ ခုနှစ်မှာတော့ လန်ဒန်အာရှနဲ့ အာဖရိကလေ့လာရေးကျောင်းက ဥပဒေပညာဌာနမှာ သုတေသန လက်ထောက်အဖြစ် အလုပ်လုပ်ဖြစ်လာပါတယ်။ အဲဒီနောက် စုကို စောင့်ရှောက်ပေးတဲ့ မသန်းဇရဲ့ ထောက်ခံချက်နဲ့အတူ နယူးယောက်မှာရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂရုံးရဲ့ အုပ်ချုပ်ရေးနဲ့ ဘဏ္ဍာရေးကော်မတီမှာ လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဖြစ်ခဲ့ပါတယ်။ အဲဒီအတောအတွင်းမှာတော့ အဲဒီအချိန်က ကုလသမဂ္ဂအတွင်းမှူးချုပ် တာဝန်ထမ်းဆောင်နေတဲ့ ဦးသန့်က မသန်းဇနဲ့ စုတို့ကို မကြာခဏ နေ့လယ်စာစားဖို့ ဖိတ်ခဲ့ပါတယ်လို့ မသန်းဇဆီက သိရပါတယ်။ ကျွန်မအထင်တော့ အဲဒီကာလတွေမှာ စုအနေနဲ့ သူ့ကိုယ်သူ ပြန်ကြည့်ဖို့အချိန်တွေ အလုံအလောက်ရခဲ့သလို မိုက်ကယ်ရဲ့ စိတ်လှုပ်ရှားဖွယ် အချစ်ကိုလည်း ထိထိမိမိ ခံစားနေခဲ့ရမှာပါ။

မိုက်ကယ့်အပြောအရ နယူးယောက်မှာရှိနေတဲ့ စုဆီက ဘူတန်ရောက်နေတဲ့ သူ့ဆီကို ရှစ်လအတွင်း စာပေါင်း ၁၈၇ စောင် ပေးပို့ခဲ့ပါသတဲ့။ အဲဒီ စာတွေထဲမှာ ထပ်တလဲလဲ ပါလာတာကတော့ မြန်မာပြည်က လူတွေအနေနဲ့ သူသာ မိုက်ကယ်နဲ့ လက်ထပ်လိုက်ရင် သူ့ရဲ့ မြန်မာပြည်အပေါ်ထားတဲ့ မေတ္တာအပေါ် သံသယဖြစ်ကြမှာ စိုးရိမ်ကြောင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီလို မြန်မာလူထုရဲ့ စိတ်ခံစားချက်ကို တွေးပူနေတဲ့ စုဟာ အဲဒီခံစားချက်ကို မြန်မာလူထုနဲ့ တိုက်ရိုက်စကား ပြောခွင့်ရတဲ့ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ထိ (ရွှေတိဂုံဘုရားအနောက်ဘက်မုခ်လူထုစည်းဝေးပွဲ) ဆက်လက်သယ်ဆောင်ထားခဲ့သေးတာပါ။

ကျွန်မအနေနဲ့ကတော့ ကမ္ဘာကြီးမှာ နိုင်ငံအချင်းချင်းကြားက နိုင်ငံရေးတင်းမာမှုတွေဟာ လျော့ကျလာနေပြီပဲ၊ မြန်မာတွေအနေနဲ့ အင်္ဂလိပ်နဲ့ ပတ်သက်တဲ့ ခံစားချက်ကို ဆက်သိမ်းထားဦးမယ်ဆိုရင် ကမ္ဘာ့တိုးတက်မှုတွေနဲ့ ဝေးသွားမှာပဲလို့ ခံစားမိပါတယ်။ အမျိုးသားရေး ခံစားချက်တွေရဲ့ တံတိုင်းတွေကို ကျော်လွှန်ဖို့ ဆိုရင် တခြားတိုင်းပြည်တွေအပေါ် မကောင်းမြင်စိတ်ကိုလည်း ဖျောက်ဖျက်ရမှာပါ။ ဒီတော့ နိုးသားတဲ့ အင်္ဂလိပ်ကို လက်ထပ်ပြီး နှစ်နိုင်ငံကြားက တံတိုင်းကို ဖြတ်တာ မှားဘူးလို့ တွေးလိုက်ပါတယ်။ ကျွန်မကို အပြစ်တင်မယ်ဆိုလည်း အတင်ခံရုံပါပဲ။ စုကလည်း အဲဒီလို တွေးခဲ့ချင် တွေးခဲ့မှာပေါ့။

၁၉၇၂ ခုနှစ် ဇန်နဝါရီလထဲမှာတော့ မိုက်ကယ်နဲ့ စု လက်ထပ် ဖြစ်ခဲ့ကြပါတယ်။ ဆာဂေါရ်ဘုသ်တို့ မိသားစုအိမ်ထဲက ရုံးခန်းကြီးထဲမှာ မင်္ဂလာဆောင်ခဲ့ပွဲကို



ကျင်းပခဲ့တာပါ။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာတော့ မိုက်ကယ်က သူ့ဇနီးကို အခေါ် ခေါ်ပြီး ဘူတန်ဘုရင်ရဲ့ သီးသန့်ဆရာအဖြစ် တာဝန်ထမ်းဆောင်ဖို့ ဘူတန်ကို ထွက်ခွာသွားခဲ့ပါတယ်။

သူတို့နှစ်ယောက် ဘူတန်မှာ ဘယ်လိုနေထိုင်ခဲ့တယ်ဆိုတာကို သိချင်တဲ့အတွက် အဲဒီအချိန်က ဂျပန်ဗုဒ္ဓဘာသာဖလှယ်ရေးအဖွဲ့ Japan Buddhism Exchange Association ရဲ့ အပြည်ပြည်ဆိုင်ရာကျန်းမာရေးဌာနမှာ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ မစ္စတာယာတာရိဒိုင်ကူဟာရကို မေးဖြစ်ခဲ့ပါတယ်။ သူဟာ အိုတာကာမြို့နီစီပယ်တက္ကသိုလ်က စိုက်ပျိုးရေးပညာပါမောက္ခနိရှိအိုကာနဲ့အတူ ဘူတန်နိုင်ငံ ပြန်လည်ထူထောင်ရေးမှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့သူလည်း ဖြစ်ပါတယ်။

ယာတာရိဆန်ကို ကျွန်မက 'စုက အဲဒီအချိန်တုန်းက သိပ်လှနေခဲ့တယ် မဟုတ်လား'လို့ မေးတော့ သူက မသိပါဘူးတဲ့။ သူက အလုပ်ကြမ်းပိုးမို့ အဲဒီတုန်းက စုကို သူ့အတွက် လက်ဘက်ရည် ယူလာပေးသူ အိမ်အကူအဖြစ်ပဲ သတိထားမိခဲ့သတဲ့။ နောက်ပိုင်းမှာ သူဟာ မိုက်ကယ်နဲ့ရော စုနဲ့ပါ ရင်းနှီးခဲ့ပြီး အဲဒီအကြောင်းကို ပြောတော့ စုရော မိုက်ကယ်ပါ ရယ်မောခဲ့ကြပါသတဲ့။

## (၃)စက်ခဲပေမယ့် ပျော်ရွှင်ရတဲ့ နေ့ရက်များ

၁၉၇၅ ခုနှစ်မှာတော့ ကျွန်မတို့မိသားစုနဲ့ မိုက်ကယ်တို့မိသားစု ပြန်လည်ပေါင်းစည်းခွင့်ရခဲ့ပါတယ်။ စုနဲ့ ခင်မင်ရတာဟာ ကျွန်မအဖို့တော့ လူမြူးအမျိုးသမီးတွေနဲ့ ခင်မင်ခွင့်ရတာနဲ့ မတူဘဲ ပိုပြီး နီးကပ်မှု ရှိတယ်လို့ ဆိုချင်ပါတယ်။ ကျွန်မတို့နှစ်ယောက်လုံး အာရှဖွားတွေ ဖြစ်တာကြောင့်လည်း ပါမှာပါ။ သူနဲ့ ခင်ခင်ရတာ စိတ်ထဲ အေးချမ်းလှပါတယ်။ ကျွန်မတို့က ဟင်းချက်နည်းတွေ ဖလှယ်ကြတယ်။ ဈေးဝယ်အတူ ထွက်ကြတယ်။ ကျွန်မတို့ နှစ်ယောက်အကြိုက်ဆုံးကတော့ 'လေဘာတီကုမ္ပဏီ'က ထုတ်တဲ့ ချည်ထည်ပိတ်စတွေကို မကြာခဏ ဝယ်ပြီး ကိုယ့်အကြိုက်အရောင်နဲ့ အဆင်တွေကို မှတ်ထားရတာကိုပါ။ ဒါမှ လျှော့ဈေးပေးတဲ့အခါ အပြေးသွားဝယ်နိုင်မှာကိုး။ စုက လေဘာတီက ချည်ထည်တွေကို ထဘီအဖြစ် ချုပ်ပြီး တနင်္ဂနွေနေ့တွေမှာ ဝတ်တာပါ။

ကျွန်မတို့ လေဘာတီကို သဘောကျပုံက အမျိုးသားတွေအတွက်တော့ ဟာသ လွန်းပုံရပါတယ်။ အောက်စ်ဖို့ဒ်မှာ လေဘာတီဆိုင် ပိတ်သွားတဲ့အခါ မိုက်ကယ်က ကျွန်မကို ပျော်ပျော်ကြီးစခဲ့ပါတယ်။ 'နိုရိကိုရေ၊ လေဘာတီတော့ မရှိတော့

www.burmeseclassic.com



ဘူးဟော့'လို့ပေါ့။ ကျွန်မ လေဘာတီ သွားတိုင်း မလိုက်ချင်လိုက်ချင် လိုက်ရတဲ့ ကျွန်မရဲ့ ခင်ပွန်း အို့စုကတော့ 'အား ကျွန်တော့မှာတော့ နီး၊ မလိုက်ချင်ဘူးလို့ ပြောဖို့ လေဘာတီ (လွတ်လပ်ခွင့်)တော့ မရှိပါဘူးဗျာ'လို့ ပြောခဲ့တာကိုလည်း ကျွန်မ သတိရနေပါတယ်။

အဲဒီကာလတွေမှာ ကျွန်မက မြန်မာပြည်အကြောင်း 'အင်ဖာတိုက်ပွဲ'ဆိုတဲ့ ခေါ်ဟာရအပြင် ဘာမှ ပိုမသိခဲ့ပါဘူး။ စုကတော့ ဂျပန်တပ်မတော်ရဲ့ စစ်အတွင်းအနေအထားတွေကိုပါ အသေးစိတ် သိခဲ့ပါတယ်။ ဒါကြောင့် တစ်ခါက စုဟာ ကျွန်မကို 'နိုရိကို၊ ရှင်ရော အို့စုဆန်ရဲ့ ဖိနပ်တွေ နွေးနေအောင် ရှင့်ကိုယ်ငွေ့တွေနဲ့ ထွေးပွေ့ပေးခဲ့ဖူးလား'လို့ မေးခဲ့တာပါ။

အဲဒီအချိန်မှာ မိုက်ကယ့်အနေနဲ့ လူငယ်ပညာရှင်လောက်ပဲ ဖြစ်နေတာမို့ ဝင်ငွေက တသမတ်တည်း မဖြစ်ခဲ့ပါဘူး။ ဒါကြောင့် သူတို့တွေ အတော်လေး ခက်ခဲခဲ့ပါတယ်။ စုက 'နိုရိကိုရေ၊ ဆယ်ပေါင်ပဲ ကျန်တော့တယ်။ ဘယ်လိုလုပ်ရမလဲဟင်'လို့ မေးလာတဲ့အခါတိုင်း ကျွန်မမှာ စိတ်မကောင်းဖြစ်ခဲ့ရတာပါ။ ဒီလိုအခါမျိုးမှာ ရှုအကြိုက် ဂျပန်တန်ပူရာအကြော်တွေ၊ စူကီယာကီတွေ လုပ်စားဖြစ်ကြပါတယ်။ အဲဒီအချိန်က ဆိုဟိုရပ်ကွက်မှာ စူကီယာကီလုပ်ဖို့ အသားကို အလွှာပါးပါးလေး လှီးဖြတ်ပေးတဲ့ အသားဆိုင်တစ်ဆိုင်ရှိပါတယ်။ အင်္ဂလိပ်အစိုးရကတော့ ပိုးတွေ ပါလာမှာစိုးလို့ စက်နဲ့ အသားစိမ်းတွေ ဖြတ်တာကို ပိတ်ပင်ထားတာပါ။

အောက်စ်ဖို့ဒ်မှာက လန်ဒန်လို ဂျပန်ဦးရေ မများလေတော့ အသားပါး လှီးပေးမယ့် အသားဆိုင်က သိပ်မရှိပါဘူး။ ဒါပေမယ့် ကျွန်မက အသိဆိုင်တစ်ဆိုင်ကို ဥပဒေကို ချိုးဖောက်ပြီး ကျွန်မအတွက် အသား လှီးပေးဖို့ မဲခွယ်စည်းရုံးခဲ့နိုင်ပါတယ်။ ကျွန်မတို့ချင်း စကားအထာနဲ့ အသားမှာကြတာပါ။ တစ်နေ့တော့ ကျွန်မက အဲဒီဆိုင်ဆီ စုကို ခေါ်သွားဖြစ်ပါတယ်။ 'အကောင်းဆုံးအသားပေးနော်'လို့ ကျွန်မက ပြောတော့ တကယ်ပဲ ဈေးကြီးမယ့် အကောင်းဆုံးအသားကို မှာတယ်ထင်ပြီး စုက ကျွန်မကို သိပ်အသုံးအဖြုန်းကြီးကာ ဈေးတွက်မတွက်တဲ့ မိန်းမပဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်လိုက်ပါတယ်။ ကျွန်မက သူ့ကို ခေါင်းအသာ ညိတ်ပြလိုက်တာပေါ့။ ဆိုင်ရှင်ရှေ့မှာ ဒီကိစ္စတွေကို ရှင်းပြဖို့ အချိန်မရှိဘူးလေ။

စုက အဖြစ်မှန်ကို မသိတော့ မတတ်နိုင်ကြတာချင်းတူတူ ဈေးတွက် တွက်တတ်တဲ့ မိန်းမတစ်ယောက်ဖြစ်တဲ့ ကျွန်မက ဘာလို့ အကောင်းဆုံးအသားကို မှာတာပါလိမ့်လို့ မတွေးတတ်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်မအမျိုးသားကို "အို့စုဆန်ရေ နိုရိကို့လက်ထဲ ပိုက်ဆံအိတ် မထည့်နဲ့နော်။ သိပ်အန္တရာယ်များတယ်'လို့ ပြော



တော့တာပါပဲ။ ဒီအကြောင်းကို စုက သူ့ရဲ့ 'မြန်မာပြည်က စာတစ်စောင်'စာအုပ်ထဲမှာ ထည့်ရေးထားပါတယ်။ ကျွန်မကလည်း အခုအချိန်ထိ ကျွန်မဟာ စီးပွားရေး မဆန်တဲ့ စီးပွားရေးပညာရှင်တစ်ယောက်ရဲ့ ဇနီးပါလို့ ပြောဖြစ်ပြီး စုက အဲဒီ အခါတိုင်း ရယ်တော့တာပါ။ သူက ကျွန်မကို ဈေးတွက်မနိုင်တဲ့ ဇနီးလို့ ထင်နေချင် ထင်နေမှာပါ။ ကျွန်မကလည်း အဲဒီအတိုင်း အမှန်ပဲ ဖြစ်နေတာကိုး။

ဟင်းချက်ကျွမ်းကျင်တဲ့ စုက တစ်ခါမှာတော့ 'နိုရိကိုရယ်၊ ကျွန်မမှာ ဆေးရောင်စုံ ဂျပန်ဟင်းချက် စာအုပ်တစ်အုပ် ရှိပါရဲ့။ အရမ်းလှပေမယ့် အသုံးက မတည့်ဘူး။ အဲဒီထဲက ပစ္စည်းတွေက ရှာမရဘူး ဖြစ်နေတယ်။ ရှင်ကတော့ အဲလို မဟုတ်ဘူးနော်။ အင်္ဂလန်က ပစ္စည်းတွေနဲ့ပဲ ဂျပန်အရသာဖြစ်အောင် ချက်နိုင်တော့ သိပ်ကောင်းတာပဲ။ ရှင် အင်္ဂလန်မှာ ရနိုင်သော နေ့တိုင်းအတွက် ဂျပန်ဟင်းချက်နည်းစာအုပ်ဆိုပြီး မထုတ်ချင်ဘူးလားဟင်။ ကျွန်မက အင်္ဂလိပ်လို ပြန်ပေးမယ်လေ။ ပြီးတော့ မိုက်ကယ့်မိသားစုက ထုတ်ပေးရင် ရတာပဲ'တဲ့။ စုက လက်တွေဆန်သူပါ။ မိုက်ကယ့်မိဘတွေက ထုတ်ဝေသူ မိသားစုကလေ။ တကယ်တော့ သူ့ကမ်းလှမ်းသော တကယ်ဖြစ်ခဲ့ရင် ကျွန်မအထင် ကျွန်မက 'အသားကောင်းလေး'လို့များ ရေးခဲ့ရင် စုက အာဟာရတန်ဖိုးချင်း တူညီတဲ့ 'သာမန်အသားတုံး သို့မဟုတ် လှီးထုတ်ထားတဲ့အသား'လို့များ ပြင်ရေးမလားပါပဲ။

စုက ခရစ်စမတ်ပူတင်း ဖုတ်ဖို့ကိုတောင် ထည့်ရမယ့် အဆာပလာတွေကို နှစ်ပေါက်လောက် ကြိုစုထားတတ်ပါတယ်။ တကယ်တော့ အင်္ဂလန်က လူတော်တော်များများက ခရစ်စမတ်နေ့ပူတင်းဖုတ်နည်းကိုတောင် မေ့နေကြပါပြီ။ အဲဒီနေ့မှာ စုက အင်္ဂလိပ်မိတ်ဆွေတွေကို ဖိတ်ပြီး သူ စားလေ့မရှိတဲ့ အဲဒီပူတင်းကို ကျွေးလေ့ရှိတာပါ။ စုက မြန်မာငါးဟင်း ဒါမှမဟုတ် အင်ဒိုနီးရှားက ဂျမ်ဘာလာယာ ငါးဟင်းချက်တာ အလွန်ကောင်းပါတယ်။ ကျွန်မနဲ့ စုကြားမှာ အတူတူ ယုံကြည်ကြတာကတော့ ဟင်းချက်တယ်ဆိုတာ ချစ်ခြင်းမေတ္တာကို ဖော်ပြတာမို့ ကိုယ့်လက်နဲ့ ချက်ပြုတ်သင့်တယ် ဆိုတာပါပဲ။

စုက အချက်အပြုတ်ကို ယုံကြည်သူမို့ အင်္ဂလိပ်တွေ အစားအသောက် ပြင်ဆင်ပုံကိုလည်း ဝေဖန်လေ့ရှိပါတယ်။ အင်္ဂလိပ်တွေက ထုံးစံအနေနဲ့ ညစာစားဖို့ ဖိတ်တာကို လုပ်လေ့ ရှိပေမယ့် ကျွေးတဲ့ အစားအစာထက် ဧည့်ထောက်ခံ စကား ပြောတာကို အလေးထားတတ်ကြတာပါ။ အောက်စ်ဖို့ဒ်က ပညာတတ်အသိုင်းအဝိုင်းသေးသေးလေးထဲမှာတော့ မိုက်ကယ်နဲ့ စုကိုလည်း ညစာအတွက် မကြာခဏ ဖိတ်ခဲ့ကြပါတယ်။ "နိုရိကိုရေ၊ ရှင် သိတဲ့အတိုင်းပဲ အင်္ဂလိပ်အစားအစာက သိပ်ဆိုး

www.burmeseclassic.com



တာလေ။ မဟုတ်ဘူးလား။ ဒီတော့ ကျွန်မကလည်း မညာနိုင်တော့ ညစာ ကောင်းကောင်း ဖိတ်ကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ မပြောနိုင်ပါဘူး။ မိုက်ကယ်ကတော့လေ အရသာရှိတဲ့ ညစာအတွက် ကျေးဇူးတင်ပါတယ်လို့ ပြောနိုင်တယ်သိလား' လို့ ပြောတတ်ပြီး တဆက်တည်းမှာပဲ မိုက်ကယ့်ဘက် လှည့်ကာ 'ဘယ်လိုလုပ်များ ရှင် အဲဒီလို ပြောနိုင်တာပါလိမ့်' လို့ ပြောလိုက်ပြန်ပါတယ်။

'အော် ယဉ်ကျေးမှုအရ ကျေးဇူးတင်ကြောင်း ပြောတာပါ' လို့ မိုက်ကယ်က ဆင်ခြေပေးပေမယ့် 'အို အဲဒီလိုတော့ မပြောသင့်ပါဘူး။ မိုက်ကယ်က ကျောင်းက အဆောင်မှာ အစားအသောက် မကောင်းတာတွေချည်း စားခဲ့ရတာမို့ ရှင့်လျှာတွေ ပျက်သွားတာ မဟုတ်လား' လို့ စုက ပြန်ချေပတာချည်းပါပဲ။ မိုက်ကယ်ကတော့ ကျွန်မတို့ဆီ အားတုံ့အားနာအကြည့်နဲ့ ကြည့်ပြီး ပခုံးလေးတွန့်ကာ စုကို အနိုင်ပေးလိုက်တဲ့ဟန် ပြပါတော့တယ်။ ဒီပုံရိပ်တွေက မိုက်ကယ်နဲ့ စုရဲ့ သာမန်အိမ်ထောင်သည် ဘဝပုံရိပ်တွေပါ။ မိုက်ကယ်က စုရဲ့ ဝေဖန်မှုတွေကို အမြဲပဲ အပြုံးနဲ့ တုံ့ပြန်တတ်ပါတယ်။ ဘာလို့လဲဆိုတော့ သူက အဲဒီလို တုံ့ပြန်ရင် စုရဲ့ သူ့အကြိုက် အရသာရှိတဲ့ အိမ်ချက်လက်ရာတွေကို စားရမှာ သေချာနေသကိုး။

၁၉၇၆ ခုနှစ်မှာတော့ မိုက်ကယ်က စိန့်ဂျွန်ကောလိပ်က စကောလားရှစ်ရပြီး သူ့ရဲ့ ပီအိပ်ချ်ဒီဘွဲ့အတွက် အာရုံစိုက်အားထုတ်နေခဲ့ရပါတယ်။ ဒီတော့ ဝင်ငွေက သိပ်အခြေအနေ မဟန်လောက်ပါဘူး။ ဒါပေမယ့် မိုက်ကယ်ကတော့ ဧည့်သည်တွေကို ခဏခဏ ဖိတ်နေတုန်းပါပဲ။ အဲဒီလို ဖိတ်တိုင်းလည်း စုကတော့ ဟင်းပွဲအပြည့် ပြင်ဆင် ကျွေးတော့တာပါ။ မိုက်ကယ် ကူပေးတာကတော့ ဈေးဝယ်အိတ် အလေးကြီးကို သယ်ပေးတာပါပဲ။ အဲဒီလိုနေလာလိုက်တာ သူတို့ အိမ်ပြောင်းကြတဲ့အထိဆိုပါတော့။ အဲဒီအခါမှာတော့ စုက ဈေးဝယ်အိတ်တစ်အိတ်ကို စက်ဘီးနောက်ကယ်ရီယာပေါ်တင်ပြီး နောက်အိတ် ငယ်နှစ်လုံးကိုတော့ စက်ဘီးလက်ကိုင်ကိုင်းနှစ်ဘက်မှာ ချိတ်လို့ ဈေးဝယ်ထွက်ပါတယ်။ သူတို့အိမ်နားက အမျိုးသမီး တချို့က စုနဲ့ ပတ်သက်ပြီး မှတ်မိနေတာကတော့ စက်ဘီးပေါ်မှာ ဈေးဝယ်အိတ်ကြီးတင်လာတတ်သလို ကလေးနှစ်ယောက်ရဲ့ နေကလေးထိန်းကျောင်းရှေ့မှာ စက်ဘီးလေး နဲ့ လာကြိုနေတတ်တာကိုပါ။ စုတို့အိမ်ရှေ့မှာ ရပ်ထားလေ့ရှိတာကတော့ သံချေးတက်နေတဲ့ စက်ဘီးအဟောင်းတစ်စီးပါပဲ။

မိုက်ကယ်က အစားကြိုက်တတ်သူပေါ့။ သူက စူကီယာကီ၊ ရှာဘူရှာဘူ၊ တန်ပူရာနဲ့ မီဆိုဟင်းချိုတို့လို ဂျပန်စာဆိုရင် ဗိုက်မပြည့်တတ်သူတစ်ယောက်လို စားတာပါ။ စုကတော့ အစားအသောက်ကို ပြင်ဆင်ချက်ပြုတ်တာ ဝါသနာပါသ



အသောက် စားဖို့ စိတ်မဝင်စားသူပါ။ မိုက်ကယ်နဲ့ ကလေးနှစ်ယောက်က အစာကြိုက်တာမို့ သူတို့ကို ကျွေးဖို့ စုနဲ့ ကျွန်မက ငွေမလုံလောက်တတ်ပါဘူး။ ကျွန်မမှာ ငွေပိုလေး ရှိရင် စုမိသားစုအတွက် စားစရာလေး ဝယ်ပေးချင်မိတတ်ပါတယ်။ အဲဒီအချိန်က အလက်ဇန္ဒားက သုံးနှစ်သားပဲရှိပေမယ့် စူကီယာကီ၊ ကြက်တာရီယာကီနဲ့ အချိုမုန့်တွေကို ကြိုက်တတ်ပါတယ်။ စုကတော့ မျက်ခုံးလေးပင့်ကာ 'နိုရိကို သူကို အချိုတွေ သိပ်မကျွေးနဲ့လေ' လို့ ဆိုတတ်ပါရဲ့။

ကျွန်မက ပဲပုပ်ပဲ ဒါမှမဟုတ် ဟီကိုကီရေညှိကို ချက်လေ့ရှိပါတယ်။ မိုက်ကယ်ကတော့ ပဲစေ့လေးတွေကို တူနဲ့ ယူရာမှာ ဟင်းပန်းကန်ထဲကနေ သူ့ထမင်းပန်းကန်ထဲ မဖိတ်မစင် ရောက်မှရောက်ပါ့မလားလို့ ပူတတ်ပါတယ်။သူနဲ့ အလက်ဇန္ဒားနှစ်ယောက်သား တူကိုင်ကျင့်ရင်း ပန်းတွေဘာတွေ ခိုင်သွားမလားလို့တောင် ကျွန်မက စိုးရိမ်ခဲ့ပေမယ့် သူတို့နှစ်ယောက်ကတော့ သိပ်မကြာခင်မှာပဲ တူကိုကောင်းကောင်း ကိုင်နိုင်ခဲ့ပါတယ်။ မိုက်ကယ်ဟာ ဂျပန်စာမှန်ရင် ဘာမဆို ကြိုက်တတ်ခဲ့ပေမယ့် ကျောက်ပွင့်မှိုတစ်မျိုးကိုတော့ ကင်ဆာဖြစ်စေမယ့် အစာဆိုပြီး မစားခဲ့ပါဘူး။ သူက ကျောက်ပွင့်မှိုကို မစားခဲ့ပေမယ့် ဆီးကြိတ်ကင်ဆာက သူ့မှာ ဖြစ်ခဲ့ရှာပါတယ်။

မိုက်ကယ်ဟာ စိန့်ဂျွန်ကော လိပ်မှာ သုတေသီတစ်ယောက်အဖြစ် အလုပ်လုပ်ခဲ့ပေမယ့် သူ့လခဟာ သူ့မိသားစုအတွက် လုံလောက်ခဲ့တယ်လို့ ကျွန်မတော့ မထင်မိခဲ့ပါဘူး။ ဒါပေမယ့် အောက်စ်ဖို့ဒ်မှာရှိတဲ့ ကောလိပ်တွေရဲ့ ထုံးစံအတိုင်း ကောလိပ်အသင်းရဲ့ အဖွဲ့ဝင်မို့ စာကြည့်တိုက်နဲ့ ကျောင်းစားသောက်ဆောင်တွေ သုံးခွင့်လို အခွင့်အရေးမျိုးတော့ ရပါရဲ့။ ၁၉၇၇ ခုနှစ်မှာတော့ သားငယ်ကင်မ်ကို မွေးဖွားခဲ့ပါတယ်။

မိုက်ကယ်ရဲ့ သဘာဝကိုက ခင်မင်ရင်းနှီးလွယ်တာပါ။ သူ စိတ်ဆိုးတာ၊ သူများကို မကောင်းပြောတာ၊ အော်ငေါက်တာမျိုး ကျွန်မ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါဘူး။ သူက အင်မတန်သိမ်မွေ့စွာနေတတ်သူမို့ သူနဲ့ ဆက်ဆံရာမှာ ဘာမှ ထိန်းချုပ်ထားစရာ မလိုဘူးလို့ ခံစားလာမိတတ်ပါတယ်။ သူက သံတမန်တစ်ယောက်လို ဖြစ်နေတာပါ။ ဒါကြောင့်လည်း သူ့ကို ယုံကြည်တဲ့ ကမ္ဘာကျော်စီးပွားရေးသမားကြီး တစ်ဦးရဲ့ဆိုးရပ်စ်က အောက်စ်ဖို့ဒ်မှာ တိဘက်-ဟိမဝန္တာလေ့လာရေး ဆိုတဲ့ အစီအစဉ်အတွက် သုတေသနကျောင်းသားတွေကို ဘူတန်ကနေ ခေါ်ကာ ပညာသင်ဆုတွေ ပေးခဲ့တာပါ။ မိုက်ကယ်ဆုံးပြီးတဲ့အထိ အဲဒီပညာသင်ဆုက ရှင်သန်နေဆဲမို့ သူဟာ တကယ်စည်းရုံးရေးကောင်းပြီး သနားကြင်နာတတ်တဲ့ ဇာတ်သည် တစ်ယောက်လို ပညာရေးမှာ အားထုတ်ခဲ့တဲ့သူအဖြစ် သက်သေပြခဲ့ရပါတယ်။

www.burmeseclassic.com

သူက အဲဒီလိုလူမျိုးဖြစ်တဲ့အတွက် သူ့ကို သဘောကျသူတွေကလည်း အများကြီးပါပဲ။ သူက တိဘက်ဘာသာစကားကို သဘောကျရာကနေ တိဘက်-မြန်မာဘာသာစကားပင်စည်ထဲက အကိုင်းအခက်တစ်ခုဖြစ်တဲ့ မြန်မာဘာသာစကားပြောသူ စုကို သဘောကျသွားတာမျိုးပေါ့။ တကယ်တော့ သူက စုလို ပညာဉာဏ်ပြည့်ဝတဲ့ မိန်းတစ်ယောက်နဲ့ ပညာသည်ဆန်တဲ့ စကားတွေ ပြောချင်နေခဲ့သလို မိတ်ဆွေတွေနဲ့ ဝိုင်းဖွဲ့ပြီးလည်း ပညာသည်စကားမျိုးတွေ ပြောချင်နေတတ်တာပါ။

ဒီလိုနဲ့ အောက်စ်ဖို့ဒ်အသိုင်းအဝိုင်းမှာ စုတို့အိမ်ဟာ စကားဝိုင်းဖွဲ့ရာနေရာဖြစ်လာတတ်ပါတယ်။ အဲဒီစကားဝိုင်းဖွဲ့တဲ့ စားပွဲပေါ်မှာ အရက်ပုလင်းရယ်လို့ မရှိခဲ့ပေမယ့် မိုက်ကယ်ကတော့ စုရဲ့ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ ရှိ၊ မရှိ ဘာမှမသိပဲ ပညာရှင်တွေနဲ့ ပညာသည်စကားတွေ ပြောပြီး ပညာမူး မူးနေခဲ့ပါတယ်။ စုတစ်ယောက်ကတော့ နောက်တစ်နေ့မနက်ကို လက်ထဲ ငွေမရှိဘဲ ဘယ်လိုရင်ဆိုင်ရမလဲလို့ တွေးပြီး မမူးနိုင်ခဲ့ရှာပါဘူး။ ဒါပေမယ့်လည်း မိုက်ကယ်က ဧည့်တွေ ဖိတ်မယ် ပြောလာတိုင်း စုက မငြင်းတမ်း လက်ခံခဲ့ပါရဲ့။ ကင်မ်လေးရဲ့ သူငယ်ချင်း ကလေးတွေတပဲ အတူကစားလို့မှ မဝခင် ဧည့်သည်တွေ လာတော့မှာဆိုပြီး အိမ်ပြန်ပေးရတာကို ညည်းညူခဲ့ကြပါတယ်။ မိုက်ကယ်နဲ့စုမှာ ငွေသာ ပြတ်မြန်သလောက် ဧည့်ကတော့ ပြတ်တယ်ရယ်လို့ မရှိခဲ့ပါဘူး။

၁၉၈၀ ခုနှစ်က ကျွန်မရဲ့ ခင်ပွန်းဟာ အောက်စ်ဖို့ဒ်မှာ ရှိနေချိန်နဲ့ ကင်မ်ရဲ့ မွေးနေ့နဲ့ တိုက်ဆိုင်ခဲ့ပါတယ်။ သူ့ကို မွေးနေ့ပွဲ ဖိတ်တော့ သူ သွားခဲ့တဲ့အခါ ဝါတ်ခ်တောင်းန်အိမ်ရဲ့ မြေအောက်ခန်းက ထမင်းစားခန်းမှာ ပေါင်မုန့်လေးတွေ လှီးပြီး ဝက်ပေါင်ခြောက်နည်းနည်းကို ကမ္ဘာ့နိုင်ငံတွေရဲ့ အလံငယ်လေးတွေ စိုက်ကာ အလှပြင်ဆင်ထားတာကို တွေ့ခဲ့ရပါတယ်။ နောက်ထပ် ကျွေးဖို့ ပြင်ထားတာကတော့ မုန့်နှင့်ပါပဲ။ မိုက်ကယ့်မိဘတွေက မွေးနေ့ကိတ်အကြီးကြီးတစ်လုံး ယူလာတဲ့အခါမှာတော့ ကလေးတွေအားလုံးက အရမ်းကို ဝမ်းသာသွားကြပါသတဲ့။ အဲဒီမြင်ကွင်းကို ကြည့်ပြီး ကျွန်မခင်ပွန်းက တော်တော်စိတ်မကောင်း ဖြစ်သွားပါတယ်။ မွေးနေ့ပွဲဆိုပြီး နေ့တိုင်းစားနေကျ ပေါင်မုန့်လေးနဲ့ ဝက်ပေါင်ခြောက်လေးပဲ ဧည့်ခံနိုင်တာမလုပ်ပေးချင်လို့ မဟုတ်ဘဲ မတတ်နိုင်လို့လို့ တွေးမိတဲ့အခါ သူ့အနေနဲ့ စိတ်ထဲမကောင်းလွန်းတော့ ကလေးတွေနဲ့ ခဏတဖြုတ် ကစားပေးပြီး ဈေးကို အမြန်ပြေးကာ စုကီယာကီလုပ်ဖို့ လိုတာတွေ ဝယ်ခြမ်းခဲ့ပါတယ်။ ကျွန်မခင်ပွန်း တစ်သက်မှာ အဲဒီနေ့က ပထမဆုံးအကြိမ် မီးဖိုချောင် ဝင်ဖူးခြင်းပါပဲ။ အဲဒီနေ့ကစပြီး သူ့ရဲ့ စုကီယာကီနဲ့ မီဆောဟင်းချိုလက်ရာဟာ နာမည်ကျော်သွားခဲ့တာပေါ့။



စုက မိုက်ကယ့်ဧည့်သည်တွေအတွက် ဟင်းတွေ စီစဉ်ပေးတတ်ပေမယ့် သူကိုယ်တိုင်ကတော့ နောက်ဆုံးမှ စားတဲ့ အရွက်သုတ်ကို မေ့သွားတတ်ပါတယ်။ အဲဒီအခါမှာတော့ စုဟာ ပြင်သစ်တွေ ထုံးစံလုပ်တတ်တဲ့ တစ်ပွဲပြီးတစ်ပွဲ ချပေးရတဲ့ အစားအသောက်စီစဉ်ပုံကို အပြစ်တင်တော့တာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်တော့ စုက မိုက်ကယ့်ဧည့်သည်တွေ မျက်မှောင်မကြုတ်နိုင်အောင် ကြိုးစားခဲ့ပါရဲ့။ တကယ်တော့ စုအနေနဲ့ မြန်မာပြည်မှာ နေတုန်းကရော၊ အိန္ဒိယမှာနေတုန်းကပါ ဧည့်တွေအများကြီး ကြုံခဲ့ဖူးတာမို့ ဧည့်ဆိုရင် အသားကျနေပြီ ထင်ပါတယ်။ တကယ်တော့ မိုက်ကယ်ဟာ စုလို အရှေ့တိုင်းသူတစ်ယောက်ကို ရထားတဲ့အတွက် အခုလို ဧည့်တွေကို မငြီးငြင်တာမို့ ကံကောင်းတယ်လို့ ဆိုရမှာပါ။ ဒါကြောင့်လည်း အောက်စ်ဖို့ဒ်မှာ မိုက်ကယ်ဟာ ကိုယ်ပိုင်မိတ်ဆွေတွေ အများကြီး တွေ့ခဲ့ရပါတယ်။

ကျွန်မတို့က ၁၉၇၄ ခုနှစ်က နေ ၁၉၇၆ ခုနှစ်အထိ အင်္ဂလန်မှာ နေခဲ့ကြရာမှာ မိတ်ဆွေတွေ အများကြီး ရခဲ့ပါတယ်။ အဲဒီမိတ်ဆွေတွေအားလုံးနဲ့ ခင်မင်မှုဟာလည်း ရင်းရင်းနှီးနှီး ရှိခဲ့တာပါ။ မိတ်ဆွေအများစုကတော့ လန်ဒန်နဲ့ အောက်စ်ဖို့ဒ်မှာရှိတဲ့ အာရှသာရပ်ဆိုင်ရာပညာရှင် ကြီးကြီးငယ်ငယ်တွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ မမေ့နိုင်တဲ့ မိတ်ဆွေတွေထဲမှာ မိုက်ကယ်တို့မိသားစုရယ်မှာတော့ ရာထူးရာခံမြင့်မြင့်မားမား မရှိတာချင်း၊ နာမည်မကြီးကြတာချင်းရော ပိုက်ဆံမရှိတာချင်းပါ တူနေကြတာမို့ ခံစားချက်ချင်း ထပ်တူကျခဲ့ကြပါတယ်။ မိုက်ကယ်က ကျွန်မရဲ့လက်ရာကို အလွန်သဘောကျခဲ့သလို ကျွန်မကလည်း မိုက်ကယ့်အပေါ် ကျွန်မရဲ့ မောင်အရင်းတစ်ယောက်လို သဘောထားကာ မောင်ငယ်လေး မဆာလောင်ရအောင် ကျွေးမွေးရမယ်ဆိုတဲ့ အသိမျိုးဖြစ်နေရတာကိုပဲ ဖွဲလန်းသဘောကျနေခဲ့တာပါ။

ကျွန်မနဲ့ စုကတော့ မိသားစုအကြောင်း ပြောလိုက်၊ အချက်အပြုတ်အကြောင်းပြောလိုက်၊ အလက်ဇန္ဒားကို အနှီးဘောင်းဘီလေးလဲပေးရင်း သီချင်းလေးဘာလေးညည်းပြီး ချော့သိပ်လိုက်နဲ့ပေါ့။ ပြီးရင် မြို့ထဲက လေဘာတီအထည်ဆိုင်ကို သွားပြီး အပြင်ဘက် မှန်အရှေ့ကနေ ဘယ်အဆင်လေးတွေ ဝယ်ရင်ကောင်းမလဲလို့ စိတ်ကူးကြတယ်။ ဝယ်တာကတော့ လျှော့ဈေးချတဲ့အချိန်မှ ဝယ်နိုင်ကြမှာကိုး။ ကျွန်မတို့နှစ်ယောက်က တခြားသာမန်အိမ်ထောင်ရှင်မတွေလိုပဲ အိမ်ထောင့်တာဝန်တွေနဲ့ သာတိုယ့်ကိုယ်ပိုင်အချိန်တွေကို အတူတူ ကုန်ဆုံးခဲ့ကြတာပါ။ ကျွန်မတို့နှစ်ယောက်စလုံးက ကိုယ့်ရဲ့ကိုယ်ပိုင်ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး ဒါမှမဟုတ် တခြားသဘောထားတွေကို မဖြစ်မနေ ဆွေးနွေးထုတ်ဖော်ကြရမယ်လို့လည်း သဘောမထားခဲ့ကြပါဘူး။ ဒီလိုနဲ့ ကျွန်မအတွက် မိန်းမတစ်ယောက်အနေနဲ့ အချိန်တွေကို သာ

www.burmeseclassic.com



မန်အိမ်ထောင်ရှင်မတစ်ယောက်လို ကုန်ဆုံးစေခဲ့တာဟာ ပထမဆုံးနဲ့ နောက်ဆုံး အတွေ့အကြုံ ဖြစ်ခဲ့ရပါတယ်။

တစ်နေ့မှာတော့ မြို့ပြလူ့အဖွဲ့အစည်းမှာ ဆယ်စုနှစ်တစ်စုစာလောက် ကျင်လည်ခဲ့တဲ့ စုဟာ 'နီရီကိုရေ၊ တချို့အင်္ဂလိပ်တွေက ခွေးကလွဲပြီး ဘာကိုမှ မချစ်တတ်ကြဘူးနော်' လို့ ပြုံးစားကြီး ပြောချလိုက်ပါတယ်။ ကျွန်မကလည်း 'ဘာလို့လဲ' လို့ ပြန်မမေးဖြစ်ခဲ့ပါဘူး။ ကျွန်မ သိနေတာပဲလေ။ သူ့အဖို့ လူတစ်ယောက်အနေနဲ့ အင်္ဂလိပ်ရယ်လို့ ဖြစ်လာရင် ပေးဆပ်ရမှာကတော့ အထီးကျန်မှုပဲဆိုတာ သဘောပေါက်နေခဲ့တယ်လို့ ကျွန်မက သိနေတာလေ။ သူ ခံစားနေရတဲ့ အပြင်လူဆိုတဲ့ စိတ်ခံစားမှုသက်သက်ကြောင့်ချည်း ဒီလိုပြောဖြစ်တာ မဟုတ်ခဲ့ပါဘူး။ သူ့အနေနဲ့ အရှေ့နဲ့ အနောက်ကမ္ဘာမှာ 'မေတ္တာ' ကို ထုတ်ဖော်ပြသပုံ မတူကြကြောင်း သဘောပေါက်ခဲ့လို့လည်း ခုလို ထုတ်ပြောခဲ့တာပါ။

စုအနေနဲ့ မိုက်ကယ်ရဲ့အချစ်ကို ဘယ်လောက်ပဲ ပိုပိုလျှံလျှံ ရနေတယ်ဆိုပေမယ့် အာရှသူတစ်ယောက်အနေနဲ့ အခုလို တွေးမိလာတာမဆန်းပါဘူး။ ခပ်တုံးတုံးဓားနဲ့ ခက်ရင်းကို သုံးပြီး စိတ်ဝင်စားစရာ မကောင်းတဲ့ အသားတုံးတစ်တုံးကို လှီးနေခိုက်မှာ စားပွဲပေါ်ကို ခေါက်ဆွဲတစ်ပန်းကန် ရောက်လာသလို ဖြစ်မှာပေါ့။ ကျွန်မတို့နှစ်ယောက်စလုံးအဖို့တော့ သက်ပြင်းမောတွေ ရှိုက်ခဲ့ဖြစ်တာ အတူတူပါ။ နေ့စဉ်ဘဝအနေအထားတွေပေါ်မှာ ကျွန်မတို့နှစ်ယောက်စလုံးအတူတူပဲ သဘောပေါက်နားလည်ခဲ့ကြတာကို နှစ်ယောက်လုံးက ထုတ်မပြောဘဲ သဘောပေါက်ခဲ့ကြပါတယ်။ တကယ်တော့ အဲဒီကာလတွေဟာ ကျွန်မတို့အဖို့ ခက်ခဲခဲ့တဲ့ ကာလတွေပါ။ ဒါပေမယ့် အလက်ဇန္ဒားရဲ့ ချစ်စဖွယ် အပြုအမူလေးတွေကြောင့် စိတ်သက်သာရာ ရခဲ့ပါတယ်။ အောက်စ်ဖို့ဒ်က ဘဝကို ကျွန်မတို့တွေ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြတ်သန်းခဲ့ကြတယ်ဆိုပါတော့။

နောက်သုံးနှစ်ကြာတဲ့အခါမှာတော့ ကျွန်မတို့က ဂျပန်ကို ပြန်လာခဲ့ပါတယ်။ ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ မိုက်ကယ်နဲ့ စုဆီကနေ စာတစ်စောင် ရောက်လာခဲ့ပါတယ်။ မနှစ်က နှစ်လည်ကတည်းက ကျွန်မ ပေးပို့ခဲ့တဲ့ ခရစ်စမတ်ကဒ်ဟာ သူတို့ရှိရာ အိန္ဒိယအရှေ့မြောက်ဖျားက တာဝန်မြို့လေးဆီကို ရောက်သွားပုံရပါတယ်။ စာထဲမှာ စုက မိုက်ကယ်ဟာ အလုပ်များနေပြီး သူနဲ့သားနှစ်ယောက်က မိုက်ကယ့်ကို ကူညီနေပါသတဲ့။

စုက သားငယ်လေးရဲ့ နာမည်ကို မိတ်ဆက်ပေးလာပါတယ်။ ထိန်လင်းဒဲမီယန် ကင်မ်အာရွဒန်ပါတဲ့။ နောက်ထပ် တိဘက်နာမည်နှစ်ခုလည်း လားမားဘုန်းတော်



ကြီးတွေက ပေးထားသေးသတဲ့။ နောက်တစ်ခါ လန်ဒန်က ထိုင်းဘုန်းကြီး တစ်ပါးလည်း ပါဠိနာမည်တစ်ခု ပေးထားပါသေးတယ်။ စုက 'ကျွန်မတို့ရဲ့ သားငယ်လေးကို ကျွန်မတို့က ဘာဘာလို့ ခေါ်တယ်။ မျက်လုံးက ပြူးပြူးဝိုင်းဝိုင်း၊ မျက်နှာက ယန်းသီးလို လုံးလုံးဝန်းဝန်းနဲ့လေ။ ကျွန်မ ထင်တာကတော့ ရှင် သူ့ကို ချစ်မှာပါ။ သူက အလက်ဇန္ဒားနဲ့ မတူဘူး။ အားကလည်း သန်တယ်။ ခပ်ကျစ်ကျစ်လေး။ အလုပ်လုပ်တဲ့နေရာမှာတော့ တော်တယ်။ စကားပြောတဲ့နေရာမှာတော့ သူ့အသက်တစ်နှစ်ခွဲခါနီးနေပေမယ့် ခုထိကောင်းကောင်း မပြောနိုင်သေးဘူး။ အလက်ဇန္ဒားတုန်းက ဒီအရွယ်ဆို ကောင်းကောင်း ပြောနေနိုင်ပြီ' လို့ ကျွန်မကို ပြောပါတယ်။ ကြည့်ရတာ ဒီသားလေးကို ဘာပဲဖြစ်ဖြစ်သဘောကျနေပုံပါ။ ဘာဘာရေ မင်းစကား မပြောနိုင်သေးတာကို မပူပါနဲ့ကွယ်။ မိဘတွေအကြိုက် မင်းကို ဒီလောက် ရှုပ်တဲ့ နာမည်အရှည်ကြီး အပေးခံရတာ စိတ်ရှုပ်စရာမှန်း သိပါရဲ့။

တစ်ခါမှာတော့ ကျွန်မက စာထဲမှာ 'ချာတိတ်ဆိုးလေးနှစ်ယောက်' လို့ သုံးမိတွေ့ပါရဲ့ စုက 'ရှင် မှန်တယ် နီရီကို။ ကျွန်မတို့မှာ ချာတိတ်ဆိုးလေးနှစ်ယောက် ရှိပါတယ်။ တကယ်တော့ ကျွန်မက သုံးယောက် လိုချင်တာ။ တစ်ယောက်က ကျွန်မတို့နှစ်ယောက်ထက် ပိုဆိုးမယ့်ကလေးမျိုးပေါ့' လို့ စာရေးလာပါတယ်။ တတိယတစ်ယောက် လိုချင်တယ်သာ ပြောတာပါ။ မိန်းကလေးလား၊ ယောကျ်ားလေးလားလို့တော့ သူက မပြောပါဘူး။ စုကိုယ်တိုင်က သူ့အစ်ကိုနှစ်ယောက်ထက် အားရှိတဲ့ မိန်းကလေးဖြစ်ခဲ့သလို တတိယမြောက်ကလေးလည်း ဖြစ်တယ်လေ။ ခပ်ရှည်ရှည်ဖြစ်ပြီး အဲဒီထဲမှာ 'ကျွန်မ ငွေစုနေတာ ပြည့်ရင်တော့ ဂျပန်ကို လာလည်ချင်သေးတယ်။ ရှင်တို့ရဲ့ ကျေးလက်အိမ်လေးဆီကို အပြေးရောက်ချင်တာပေါ့။ အခုတော့ ကျွန်မတို့လည်း ကိုယ့်အခန်းလေးကို ဂျပန်မိသားစုလက် ထားခဲ့ရတာ။ သူတို့က ပါဝီလေးကို ကောင်းကောင်းကြည့်ပေးတယ်လေ' လို့ ရေးထားပြန်တာပါ။ သူ့မှာသာ ချာတိတ်နှစ်ယောက်ထက် မိုက်တဲ့ သမီးကလေး ရှိခဲ့ရင် အခုလို အခက်အခဲတွေ တွေ့တဲ့အခါ အတော်အားကိုးရရှာမှာလို့ ကျွန်မ တွေးနေမိပါရဲ့။

မိုက်ကယ်ကတော့ 'ကျွန်တော်တို့ နေနေတဲ့နေရာကို အိန္ဒိယမြေပုံပေါ်မှာ ရှာကြည့်ပါလား။ ဟိုးအပေါ်ဘက်မှာလေ။ နီရီကိုရဲ့ ခရစ်စမတ်ကဒ်လေး မရောက်ခင်မှာတော့ သိပ်ဝမ်းသာတာပဲ။ ခင်ဗျားရဲ့ သဘောကျစရာ ဟင်းချက်လက်စွမ်းတွေ ခင်ခင်မင်မင်ဗျာ အတူရှိခဲ့မှုကိုပါ ပြန်အောက်မေ့စရာပါပဲ။ ကျွန်တော့် ပါရဂူစာတမ်းကတော့ ကြာသေးခင်ကမှ ပြီးသွားတာပါ။ စာတမ်းကိုတော့ ဒီနှစ်ထဲမှာ စာအုပ်အဖြစ်

www.burmeseclassic.com



ထွက်မယ်လေ။ ပြီးရင် စိန့်ဂျွန်ကောလိပ်မှာ ဖဲလိုးရှစ် တစ်နှစ်ခွဲ ပြန်လုပ်ရဦးမယ်။ ကျွန်တော်တို့လည်း အောက်စ်ဖို့ဒ်မှာ အိမ်ဝယ်ဖို့ စဉ်းစားနေပါတယ်။ အဲဒီမှာပဲ အမြဲတမ်း အခြေချနေချင်တယ်လေ။ နှစ်ယောက်လုံးကို ချစ်ခင်တဲ့ မိုက်ကယ်' လို့ စာရေးလာပါတယ်။

၁၉၇၉ ခုနှစ် အောက်တိုဘာလ ၃ ရက်မှာတော့ ကျွန်မခင်ပွန်းရဲ့ သုတေသနကိစ္စကြောင့် မော်စကိုမှာ တစ်နှစ်နီးပါး သွားနေရဖို့ ဖြစ်လာပါတယ်။ အဲဒီအချိန်က ဆိုဗီယက်ယူနီယံခေတ်မို့ အစစအရာရာ ရှားပါးတာတွေကြောင့် ထင်ထားတာထက် ပိုပြီး အဆင်မပြေခဲ့ပါဘူး။ မိုက်ကယ်နဲ့စုဆီလည်း မဆက်သွယ်နိုင်ခဲ့ပါဘူး။ အမှန်အတိုင်း ပြောရရင်တော့ ကျွန်မတို့ကလည်း မော်စကိုကနေ ကမ္ဘာ့အနောက်ခြမ်းက သူငယ်ချင်းတွေဆီကို စာထည့်ဖို့တောင် အတော် စဉ်းစားခဲ့ကြရပါတယ်။ တကယ်တော့ လန်ဒန်ဆိုတာ မော်စကိုကနေဆိုရင် ဂျပန်ထက် ပိုနီးတဲ့ နေရာမှာပါ။ ကျွန်မတို့အနေနဲ့ အောက်စဖို့ဒ်ကို ခဏတဖြုတ်ဝင်ချသွားလို့ ရပါတယ်။ ဒီတော့ ကျွန်မတို့က မော်စကိုမှာ နေတဲ့ ဆယ်လအတွင်း စုဆောင်းထားတဲ့ တောင်ပေါ်အစားအစာတွေကို အပြည့်ပြည့်ဆိုင်ရာဖြတ်တဲ့ ရထားနဲ့ တင်ပြီး အင်္ဂလန်ကို ဝင်သွားဖို့တွေး ဖြစ်ခဲ့ပါတယ်။ ကျွန်မတို့က ရုရှရဲ့ စာတိုက်စံနစ်ကို ယုံမှ မယုံဘဲလေ။ ဒါပေမယ့် ရထားအကောက်ခွန်က ပစ္စည်းတွေ သယ်လာတာများလို့ဆိုပြီး ခေါ်မေးပါတော့တယ်။ တစ်ခါ အောက်စ်ဖို့ဒ်ကောလိပ်က ဖိတ်ကြားစာမပါလို့ဆိုပြီး အင်္ဂလန်ထဲ ပေးမဝင်ပြန်ပါဘူး။

နောက်ဆုံးမှာတော့ ကျွန်မတို့ အင်္ဂလန်ကို ပြန်ရောက်ခဲ့ပါပြီ။ ကျွန်မတို့ရဲ့ အင်္ဂလိပ်သူငယ်ချင်းတွေက မြို့လယ်နဲ့ သုံးမိုင်လောက် ဝေးတဲ့ နေရာမှာ တစ်လလောက် နားခိုဖို့ စီစဉ်ပေးကြပါတယ်။ ကျွန်မတို့ကတော့ ရောက်ရောက်ချင်းမှာ မိုက်ကယ်တို့ဆီ သွားလည်ကြတာပါပဲ။ အဲဒီအချိန်မှာ မိုက်ကယ်တို့က ဗီသုကာ အသွင်သဏ္ဌာန်မှာ ကျော်ကြားတဲ့ လခြမ်းပုံ ပါ့ခ်တောင်းမှာ နေနေကြပါပြီ။ အဲဒီနေရာက ဈေးကြီးတဲ့ နေရာမို့ ကျွန်မက အံ့သြနေခဲ့တာပါ။ မိုက်ကယ်က သူ့အနေနဲ့ ဈေးအင်မတန်ချိုချိုနဲ့ ဒီအိမ်ကို ရလိုက်ကြောင်း ခပ်ပြုံးပြုံးနဲ့ရှင်းပြပါတယ်။ အင်္ဂလန်မှာ ကိုယ်မဝယ်ခင်က နေထိုင်နှင့်တဲ့သူတွေကို ဆက်လက်နေထိုင်ခွင့်ပြုမယ်ဆိုရင် အင်မတန်ဈေးချိုချိုနဲ့ အိမ်ဝယ်နိုင်တဲ့ စည်းမျဉ်းတစ်ခု ရှိပါတယ်။ မိုက်ကယ်တို့က အဲဒီလိုနည်းနဲ့ အိမ်ဝယ်ခဲ့တာပါ။ သူတို့မိသားစုက မြေအောက်ထပ်မှာ နေကြပြီး မြေညီထပ်မှာတော့ မိုက်ကယ်ရဲ့ စာကြည့်ခန်းနဲ့ အိပ်ခန်းတွေ ထားပါတယ်။ ပထမထပ်မှာ နှဂိုတည်းက နေနေတဲ့ အဖွားကြီးတစ်ယောက် နေပြီး ဒုတိယထပ်



မှာလည်း အိမ်ငှား ရှိနေပါတယ်။ အဲဒီအထပ်တွေက အိမ်ငှားခက မိုက်ကယ်တို့အတွက် လစဉ်ဝင်ငွေ ဖြစ်လာတာပါ။ အိမ်ငှားသက်ကြီးရွယ်အိုတွေ အိမ်ထဲက မထွက်မချင်း (ပြောင်းတာပဲဖြစ် ဖြစ်၊ သေဆုံးတာပဲဖြစ်ဖြစ်) အိမ်ရှင်အသစ်က သူတို့အခန်းကို မပိုင်ဆိုင်နိုင်အောင် ဥပဒေက ကန့်သတ်ထားပါတယ်။ အိမ်ငှားအများစုက အသက်ကြီးသူတွေဖြစ်ပြီး ဥပဒေက သူတို့ကို ကာကွယ်ပေးထားတာပါ။

မိုက်ကယ်တို့ အိမ်ငှားအဖွားကြီးက သိပ်မကြာခင်မှာ ပြောင်းရွှေ့သွားခဲ့ကာ စုတို့ အမြဲအကူအညီပေးနေတဲ့ မသန်းဧက အဲဒီအထပ်ကို ဝယ်လိုက်ပါတယ်။ စုက မသန်းဧ ကို သူ့ရဲ့ 'အရေးပေါ်ကြီးကြီး' လို့ ခေါ်ခဲ့တာပါ။ ဒီလိုနဲ့ စုတို့မိသားစုလည်း ငွေရေးကြေးရေး စိတ်အေးလာရပါတော့တယ်။ ကျွန်မတို့ရဲ့ အောက်စ်ဖို့ဒ်ခရီးဟာ တကယ်တမ်းမှာ မလွယ်ကူခဲ့ပေမယ့် မိုက်ကယ်ရယ်၊ စုရယ်၊ မသန်းဧရယ်၊ အလက်ဇန္ဒားရယ်၊ ကင်မ်ရယ်၊ ခွေးကလေးရယ်နဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ရွှင်ခဲ့ရပါတယ်။

## (၄) ကြီးကြီးမသန်းဧ

ကျွန်မတို့ မသန်းဧကို စတွေ့တော့ သူက ကုလသမဂ္ဂဝန်ထမ်းအဖြစ် အနှစ် ၂၀ ကြာ အမှုထမ်းပြီးလို့ ပင်စင်စားအဖြစ် အေးအေးဆေးဆေး နားနေချိန် ဖြစ်ပါတယ်။ ကျွန်မတို့ အောက်စ်ဖို့ဒ်ကို ဘယ်အချိန်ပဲသွားသွား သူက စုတို့ မိသားစုနဲ့အတူ ရှိနေခဲ့တာပါ။ ကျွန်မက သူတို့ နှစ်ယောက်ကြားမှာ သွေးသားမတော်စပ်တာကို အချိန်တော်တော်ကြာတဲ့အထိ မသိခဲ့လေတော့ သူတို့နှစ်ယောက်ဟာ ရုပ်ချင်းလည်း တူပါလားလို့ တွေးနေခဲ့တာပါ။ စုကလည်း သူတို့နှစ်ယောက် ဘယ်လို တော်စပ်တယ်ဆိုတာ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ ကျွန်မတို့နှစ်ယောက်ကြားမှာ အတူတကွ နားလည်ထားကြတာက မိသားစုအရေးတွေမှာ အသက်တွေ၊ နေရာဒေသတွေ၊ အချိန်ကာလတွေဆိုတဲ့ ကွာခြားမှုကို လျစ်လျူရှုလိုက်ဖို့ပါပဲ။

မသန်းဧရဲ့ အသက်ကို ဘယ်သူကမှလည်း မသိပါဘူး။ ၁၉၈၉ ခုနှစ်မှာ စု နေအိမ်အကျယ်ချုပ်ကျသွားတော့ မိုက်ကယ်က 'ကျွန်တော် ထင်တာတော့ အန်တီ့အသက်က ၇၀ ဝန်းကျင် ဖြစ်ရမယ်။ ဒါပေမယ့် မသေချာပါဘူး။ အန်တီက သူ့အသက်ကို ဘယ်တုန်းကမှ မပြောဘူးလေ' လို့ ပြောခဲ့ပါတယ်။ သူ့အသက်က အတော်လေး အိုချင်အိုရောပေါ့။ ဒါပေမယ့် ဘယ်သူကမှ သူ့အသက်ကို မမှန်းနိုင်ပါဘူး။ လူတွေက သူ မှတ်ဉာဏ်ကောင်းလွန်းတာ၊ စာဖတ်ဝါသနာကြီးလွန်းတာ၊ နိုင်ငံတကာ နိုင်ငံရေးနဲ့ ပတ်သက်ရင် သူ့ ခန့်မှန်းချက်တွေ မှန်နေတာ အဲဒီ

www.burmeseclassic.com



လိုမျိုးတွေကြောင့်ပဲ သူ့ကို မိတ်ဆွေတွေက တံအုံတညြနဲ့ မှတ်မိနေခဲ့ကြတာပါ။

အန်တီဟာ သူ့ရဲ့ နောက်ဆုံးအချိန်အထိ အမျိုးသမီးဆန်တဲ့ အလှတရားအပေါ် အင်မတန် သတိထားခဲ့သူပါ။ သူ့ခေါင်းမှာ ခေါင်းစည်းပုဝါလေးကို လွှားပြီး မေး အောက်မှာ အထုံးလေးထုံးထားတတ်တာ အန်တီ့စတိုင်လ်ပါပဲ။ သူက ဂျပန်လက်ကိုင် ပုဝါလေးပဲဖြစ်ဖြစ်၊ ပဇ္ဇည်းထုတ်တဲ့ပိတ်စလေးပဲဖြစ်ဖြစ် တွေ့တဲ့အခါ 'ထားခဲ့လေ။ ကျွန်မ ခေါင်းစည်းလေး လုပ်လိုက်မယ်'လို့ ပြောတတ် ပါတယ်။ သူ့မျက်နှာတစ်ဝက် ကိုတော့ ကိုင်းအနက်မျက်မှန်ဝိုင်းဝိုင်းကြီးက ကွယ်ထားလေရဲ့။ သူက အင်္ကျီကို ဘလောက်စ်လို အနောက်တိုင်းဆန်တာတွေ ဝတ်တတ်ပေမယ့် ထမိန်ကိုတော့ အ မြဲ ဝတ်တတ်ပါတယ်။ သူ့ခြေထောက်တွေက အဆစ်အမြစ်ရောင်ရောဂါကြောင့် ပုံစံနည်းနည်း ပြောင်းနေပြီမို့ ဖိနပ်ကိုတော့ အထူအကြီးကြီးတွေပဲ စီးတတ်ပါတယ်။ သူက မျက်နှာမှာ မိတ်ကပ်ပါးပါးလိမ်း၊ နှုတ်ခမ်းနီ ဆိုးပြီး မျက်ခုံးမွေးကိုလည်း တောင်တန်းနှစ်သွယ်လို ထူထူနက်နက် ဆွဲထားတတ်ပါတယ်။

သူ့ခြေထောက်ကြောင့် သူက လမ်းလျှောက်ရင် တုတ်ကောက်လိုပါတယ်။ သူ က သူ့ရဲ့ ပုံပြောင်းနေတဲ့ လက်ချောင်းတွေကို ဖြန့်ပြပြီး 'ဒီမှာလေ၊ သွေးလေးဘက်နာ ရောဂါကြောင့် ကျွန်မလက်ချောင်းတွေ ခုလိုဖြစ်နေတယ်'လို့ ပြောပြတတ်ပါတယ်။ သူ့ကို ၁၉၀၉ ခုနှစ်ဝန်းကျင်က မွေးဖွားခဲ့တယ်လို့ ကျွန်မ ထင်တာပါပဲ။ သူ့အသက် ၂၄ နှစ်ကနေ ၂၅ နှစ်ကြားကာလမှာ အင်္ဂလိပ်စာ သင်ယူဖို့ အင်္ဂလန်ကို ရောက်လာတဲ့ အချိန်က လွဲရင် သူ အသက် ၃၀ အထိ မြန်မာပြည်မှာ နေခဲ့တာပါ။ နောက်တော့ အိန္ဒိယမှာ သုံးနှစ်နေခဲ့ကာ နောက်ထပ်နှစ် ပေါင်းများစွာ (သူ့အသက်ရဲ့ သုံးပုံ နှစ်ပုံလောက်ထိ) နိုင်ငံရပ်ခြားမှာ ရောက်နေခဲ့ပါတယ်။ အမေရိက၊ ဩစတြေးလျား နဲ့ အင်္ဂလန်တို့မှာ အနေများခဲ့တာပါ။ သွေးလေးဘက်နာက အာရှလို ပူပြီးစိုစွတ် တဲ့နေရာမျိုးမှာ မွေးဖွားခဲ့သူတစ်ယောက်အနေနဲ့ ဥရောပလို အေးပြီးခြောက်သွေ့ တဲ့နေရာမျိုးမှာ အနေကြာတဲ့အခါ ဖြစ်တတ်တယ်နဲ့ တူပါတယ်။

မသန်းဧ ဩစတြေးလျားအနောက်ပိုင်းက သူ့အိမ်ခန်းနဲ့ မိုက်ကယ်တို့ စုတို့ အိမ်က အခန်းကြားမှာ လူးလာခေါက်တုံ့ နေထိုင်ခဲ့ပါတယ်။ အင်္ဂလန်က သူ့ကိုလိုနီ ထဲမှာနေတဲ့သူတွေထဲက ထူးချွန်သူတွေကို အင်္ဂလန်ခေါ်ကာ အင်္ဂလိပ်စာသင်ပေးပြီး ဗြိတိသျှမှုပြုတတ်ပါတယ်။ မသန်းဧကို ၁၉၃၂ ခုနှစ်မှာ ဗြိတိသျှက ရွေးခဲ့တာပါ။ အင်္ဂလန်က ပြန်တော့ ကရင်တွေကို အင်္ဂလိပ်စာ သင်ပေးခွင့်ရခဲ့ပါတယ်။ သူက သူ့မိသားစုအကြောင်း ပြောလေ့မရှိတာမို့ သူ့အဖေဟာ တက္ကသိုလ်မှာ မြန်မာစာသင်တဲ့ ဆရာဖြစ်ပြီး သူ့မှာ မောင်ငယ်တစ်ယောက်ရှိကြောင်းလောက်သာ ကျွန်မတို့ သိ



ပါတယ်။ သူ့အခန်းမှာ ချိတ်ထားတဲ့ ပန်းချီကားကြောင့်လည်း မြန်မာပြည်က သူ့ဘဝကို ကျွန်မတို့ ခန့်မှန်းမြင်ယောင်နိုင်ခဲ့ကြပါတယ်။ မြန်မာပန်းချီကျော်တစ်ဦးရဲ့ လက်ရာ သူ့ပုံတူက အသက်ဝင်လှပါတယ်။ အဲဒီအချိန်က သူ့မှာ ဆံပင်အရှည်ကြီးနဲ့ မြန်မာဆန်ဆန်ဝတ်ပြီး ပန်းတွေအလယ် ကြမ်းပြင်ပေါ်မှာ ထိုင်နေတဲ့ပုံက သိပ်အ သက်ဝင်ပါတယ်။ ပုံထဲမှာ သူ့ဟန်ပန်က သူ့ဘဝအနာဂတ်ကို တွေးနေပုံပါ။

သူ့အလုပ်အကြောင်း ကျွန်မက သိပ်မသိပေမယ့် မြန်မာပြည်မှာ ဘီလပ်ပြန်ဆိုပြီး သူ့ကို ခေါ်ကြတာနဲ့ နာမည်ကျော်အဆိုတော် ဖြစ်ခဲ့တာကိုတော့ သိပါတယ်။ သူ့ အသံနဲ့ အင်္ဂလိပ်စာကောင်းပုံတွေက မြန်မာပြည်အတွက် အဖိုးတန်လှတာပါ။ ဒု တိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ သူက နယူးဒေလီမှာရှိတဲ့ အသံလွှင့်ဌာနတစ်ခုမှာ အလုပ်ဝင်ခဲ့ပါတယ်။ အဲဒီအသံလွှင့်ဌာနက ဂျပန်သိမ်းပိုက်ထားတဲ့နေရာတွေမှာ ဂျပန် တပ်တွေအကြောင်း အသိပေးတာတွေကို ထုတ်လွှင့်ရပါတယ်။ စစ်ကြီးပြီးတော့ သူက ဆန်ဖရန်စစ္စကိုကို သွားကာ ကုလသမဂ္ဂမှာ အလုပ်မဝင်ခင် ဗွီအိုအေမှာ အ လုပ်လုပ်ခဲ့သေးတယ်နဲ့ တူပါတယ်။

၁၉၄၇ ခုနှစ် ဇန်နဝါရီမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့ လန်ဒန်ကို လာပြီး ဗြိ တိသျှဝန်ကြီးချုပ် ကလီမန့်အက်တလီနဲ့ မြန်မာ့လွတ်လပ်ရေးအတွက် စာချုပ် ချုပ်ကြတော့ မသန်းဧလည်း လန်ဒန်မှာ ရှိနေခဲ့ပါတယ်။ သူနဲ့ သူ့ သူငယ် ချင်းက ဗိုလ်ချုပ်တို့ တည်းခိုတဲ့ဟော်တယ်ကို သွားတွေ့ခဲ့တာပါ။ အန်တီမသန်းဧက သူ့အနေနဲ့ ပင်ပန်းနေတဲ့ ဗိုလ်ချုပ်ကို မြန်မာသီချင်းတွေနဲ့ ဖျော်ဖြေပေးချင်ခဲ့တယ်လို့ ကျွန်မကို ပြောပြဖူးပါတယ်။

နှုတ်ဆက်ပွဲမှာတော့ ဗိုလ်ချုပ်မှာ မိသားစုအတွက် လက်ဆောင်ပစ္စည်းသွားဝယ်ဖို့ အချိန်မရှိတော့ဘူးလို့ တွေးမိတာမို့ သူက ဝယ်ပေးဖို့ တာဝန်ယူလိုက်ပါတော့တယ်။ သူက အသက်တစ်နှစ်ခွဲအရွယ် စုအတွက် အဲဒီအချိန်က အင်္ဂလန်မှာ ခေတ်စားနေ တဲ့ ကော်ပတ်ရုပ်လေးတစ်ရုပ် ဝယ်ပေးလိုက်ပါတယ်။ အဲဒီအရုပ်လေးဟာ အန်တီနဲ့ စုတို့ကြားက ပထမဆုံးဆက်စပ်မှုပါပဲ။ အဲဒီအရုပ်လေးကို နှစ်အတော်ကြာကြာအထိ စုက တမြတ်တနိုး ထိမ်းသိမ်းပွေ့ပိုက်ထားကြောင်း သိရတဲ့အခါမှာတော့ အန်တီက အိပ်ကို စိတ်လှုပ်ရှားခဲ့ပါတယ်။ လန်ဒန်မှာရှိတဲ့ မြန်မာတချို့ကတော့ အန်တီမ ရှနဲ့ ဗိုလ်ချုပ်အပေါ်မှာ လေးစားတာထက် ပိုတဲ့ စိတ်အနေအထားမျိုးရှိခဲ့လို့ စုတို့ ချင်နေကြောင်း အတင်းပြောတာမျိုး ရှိခဲ့ပေမယ့် ဘယ်သူကမှတော့ ဘာရယ်လို့ အတိအကျ မသိကြပါဘူး။

၁၉၅၀ ခုနှစ်မှာ အန်တီမသန်းဧက ကုလသမဂ္ဂရဲ့ဝန်ထမ်း ဖြစ်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်ဟူးချ်ကောလိပ်ကျောင်း ဒုတိယနှစ်နွေမှာတော့ စုဟာ မိခင်ရှိရာ အိန္ဒိယကို မပြန်ပဲ အယ်လ်ကိုးရီးယားမှာ ကုလသမဂ္ဂဆက်ဆံရေးဌာနဖွင့်ဖို့ တာဝန်နဲ့ ရောက်နေတဲ့ အန်တီ့ဆီကို အလည်သွားခဲ့ပါတယ်။ အဲဒီတုန်းက အယ်လ်ဂျီးယားနိုင်ငံသစ် တည်ထောင်ဖို့ စိတ်တက်ကြွနေတဲ့ လူငယ်တွေဟာ စစ်ဘေးဒုက္ခသည်တွေကို ကယ်တင်တဲ့ စခန်းတွေမှာ လုပ်အားပေးနေကြတာမို့ စုကလည်း လုပ်အားသွားပေးခဲ့ပါတယ်။

နယူးယောက်မှာတော့ အန်တီဟာ သူ့ထက် အသက်အများကြီး ငယ်တဲ့ ဩစတြီးယန်းတစ်ယောက်နဲ့ မေတ္တာမျှခဲ့ပါတယ်။ အဲဒီလူက ရုပ်ရှင်ဒါရိုက်တာ ဖြစ်ချင်နေသူပါ။ အိန္ဒိယမှာရှိတဲ့ ကျားတွေကို ဓာတ်ပုံရိုက်သူ ကျွမ်းကျင်ပညာရှင်လည်း ဖြစ်ခဲ့ပုံပါ။ သူ့ရဲ့ ဩစတြီးယားအနောက်ပိုင်းက နေအိမ်ကို ကျွန်မ အလည်သွားခဲ့တုန်းကတော့ အန်တီက သူ့အမျိုးသား ရိုက်ထားခဲ့တဲ့ ကျားပုံအယ်လ်ဘမ်ကို ပြပေးခဲ့ဖူးပါတယ်။ တကယ်တော့ အသက် ၉၀ ဝန်းကျင်အမျိုးသမီးတစ်ယောက်က ခင်ပွန်းသည်ကို လွမ်းနေသေးတဲ့အကြောင်း သိရတာကတော့ ကျွန်မကို စိတ်ထိခိုက်စေပါတယ်။ အဲဒီအမျိုးသားက အန်တီ့ကို ပစ်ပြီး သူ့ထက်ငယ်တဲ့ ဩစတြီးယားအမျိုးသမီးလေးနဲ့ လက်ထပ်သွားခဲ့တာပါ။ စုနဲ့အတူ အောက်စ်ဖို့ဒ်မှာ နေထိုင်ခဲ့တဲ့ ကာလတွေမှာ အန်တီမသန်းရဲ့ အိမ်ထောင်ရေးပြဿနာ ဖြစ်ခဲ့ပုံပါပဲ။ စုက 'အဲဒီလူဟာ အန်တီ့ကို စောင့်ရှောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အန်တီ့နောက်ဆုံးအချိန်တွေမှာ ကျွန်မကပဲ စောင့်ရှောက်မှာပါ'လို့ ပြောခဲ့ဖူးပါတယ်။

အန်တီကတော့ သူ့သဘောထားကြီးမှုကို အပြုံးမပျက်ပြခဲ့နိုင်ပါတယ်။ အဲဒီလူနဲ့ သူ့နောက်မိန်းမကတော့ သူတို့အိမ်နားမှာပဲနေပြီး အန်တီ့ဆီကိုတောင် မကြာမကြာ လာလည်ခဲ့ပြန်ပါတယ်။ အဲဒီလူ့ရဲ့ မိသားစုဓာတ်ပုံကို ကြည့်ရင်း အန်တီက 'ကျွန်မကို စောင့်ရှောက်နေသလိုပေါ့လေ'လို့ ပြောခဲ့ဖူးပါတယ်။

ကျွန်မရဲ့ ရထားက ဩစတြီးယားရဲ့ Feldkirch ဘူတာရုံမှာ ရပ်တော့ အသက် ၄၀ ဝန်းကျင် အရပ်ရှည်ရှည်ပိန်ပိန်ပါးပါးအမျိုးသမီးက လာကြိုပြီး 'ရှင်က အို့ရုတာတော်နော်'လို့ မေးပါတယ်။ သူက အန်တီ့အမျိုးသားဝါနာရဲ့ နောက်မိန်းမပါပဲ။ အန်တီက လာမကြိုနိုင်လို့ သူ့ကို လာအကြိုခိုင်းခဲ့တာပါတဲ့။ ကျွန်မလည်း မိုက်ကယ် ပြောခဲ့တဲ့ စကားတစ်ခွန်းကို သတိရမိပါတယ်။ 'နိုရီကိုရေ အန်တီကတော့ ကိုယ့်ခင်ပွန်းရဲ့ နောက်မိန်းမနဲ့ အဆင်ပြေအောင် နေနိုင်တယ်နော်။ သိပ်အံ့ဩဖို့ ကောင်းတာပဲ'တဲ့။ ဒီထက်အံ့ဩဖို့ကောင်းတာက အန်တီ နေတဲ့အခန်းက သုံးလွှာမှာ ဖြစ်ပြီး အဲဒီမိန်းမရဲ့ မိဘတွေက အဲဒီအဆောက်အဦမှာပဲ ပထမထပ်မှာ နေကြတာပါ။ သူတို့က မနက်တိုင်း အန်တီ့ဆီလာပြီး ဈေးဝယ်စာရင်း လာမှတ်ကြသလို အန်တီ့ဘဏ်စာရင်းကိုလည်း သူတို့ကပဲ ထိန်းသိမ်းကိုင်တွယ်ပေးကြပါတယ်။ သူတို့အ



သက်တွေက အန်တီ့ထက် အများကြီး ငယ်ကြပါတယ်။ ကျွန်မဖြင့် ဒီလိုဆက်ဆံရေးပုံစံမျိုးကို ဘယ်လိုမှ တွေးကြည့်လို့မရခဲ့ပါဘူး။

အဲဒီအချိန်မှာ အလက်ဇန္ဒားက အန်တီ့ဆီ လာလည်ချိန် ဖြစ်နေတာမို့ ကျွန်မလည်း သူ့အတွက် ဆူရှီလုပ်ပေးဖို့ ဖြစ်လာပါတယ်။ ကျွန်မလည်း ဈေးသွားပြီး ငါးတို့ ငါးတို့ သွားဝယ်ပါတယ်။ အန်တီက 'ကျွန်မ မစားဘူးလေ။ ကျွန်မအစား ဝါနာရဲ့သားကို ပေးလိုက်ပါ'လို့ ဆိုပါတယ်။ ဝါနာရဲ့သားက ဝါနာနဲ့ စွပ်စွဲတူပါတယ်။ ကျွန်မလည်း အန်တီ့ရဲ့ဝါနာ့အပေါ် အချစ်တွေကို တွေ့လိုက်ရတာပါပဲ။

စု နေအိမ်အကျယ်ချုပ်ကျနေခိုက် တစ်ချိန်မှာတော့ အသည်းမာတဲ့ အန်တီမသန်းဟာ 'နိုရီကိုရေ ကျွန်မက ပင်လယ်မှာ မွေးပြီး တောင်ပေါ်မှာ သေမှာလေ'လို့ ငိုဆက်ပြီး ပြောလာပါတယ်။ သူ့ကို ကြည့်ရတာ အားနည်းလွန်းနေပါပြီ။ စုအစား သူ့ရဲ့နောက်ဆုံးနေ့တွေမှာ သူ့ကို စောင့်ရှောက်မယ်လို့ ကျွန်မက ဆုံးဖြတ်ခဲ့ပါတယ်။ ဒါနဲ့ပဲ ကျွန်မက ဖူးရစ်မှာ တစ်ညအိပ်ပြီးမှ ဩစတြီးယားမြို့ကလေးဆီ ရထားနဲ့ ထွက်လာခဲ့တော့တာပါ။ တစ်လမ်းလုံးလည်း အန်တီ့အတွက် ဆုတွေတောင်းနေခဲ့တာပေါ့။

အန်တီကတော့ သူ့အိမ်ခန်းထဲ ရောက်တာနဲ့ သူ့ခင်ပွန်းဟောင်းရဲ့ ဓာတ်ပုံအလုပ်ကို ထုတ်ပြတော့တာပါပဲ။ ရေခဲ့ကြမ်းလေးဘာလေးနဲ့တောင် ဧည့်မခံသေးပါဘူး။ သူ့မီးဖိုချောင်ထဲကို လိုက်ပြီး သူ့ကို ကူညီဖို့ ကြိုးစားပြန်တော့လည်း အထူမခံပါဘူး။ 'ဒါ ကျွန်မအိမ်လေ။ ဒီအိမ်မှာ ဘာကိုမဆို ကျွန်မဘာသာပဲ လုပ်တယ်။ အဲဒါကျွန်မရဲ့စည်းကမ်းပေါ့။ စည်းကမ်းဟာ စည်းကမ်းပဲလေ'လို့ အန်တီက ခေါ်သံကြီး ပြောခဲ့ပါတယ်။ ကျွန်မလည်း ဖုန်းထဲက သူ့စကားတွေကို ပြန်တွေးပြီး နားလည်နိုင်အောင်ပါပဲ။ သူက နေမကောင်းဖြစ်နေတယ်ထင်လို့ ကျွန်မက သူ့ဆီကို အရောက်လာခဲ့တာလေ။ ခုတော့ သူက သူ့ဘာသာ အားလုံးကို တတ်နိုင်နေပုံပါ။ ဒီတော့မှ သူက 'နိုရီကိုရေ ရှင်လာလည်တဲ့အချိန်က အကောင်းဆုံးအချိန်ပဲ။ ဂျွန်လဆိုတာ ရာသီဥတု အကောင်းဆုံးအချိန်ပေါ့'လို့ ပြောပါတော့တယ်။

အန်တီ တည်ခင်းတဲ့ ညစာကတော့ မြန်မာထမင်း၊ ဗီယာနာ ဝက်အူချောင်းနဲ့ အသုတ်ပါပဲ။ အသက် ၉၀ ဝန်းကျင်ဆိုပေမယ့် သူက နိုင်ငံတကာကို သွားလာနေခဲ့သူမို့ တည်ခင်းပြင်ဆင်ထားပုံက အကောင်းလွန်းနေပါတယ်။ ဖယောင်းတိုင်မီးအောက်မှာ ကျွန်မတို့က ရေဖန်ခွက်ချင်းထိပြီး ညစာစားပွဲကို စတင်လိုက်ပါတယ်။ ကျွန်မက ဝက်အူချောင်းကို ကြိုက်တော့ အန်တီက သဘောကျပါတယ်။ 'နိုရီကိုတော့ ဝက်အူချောင်း ကြိုက်တော့ ကောင်းတယ်။ ဩစတြီးယားက ဝက်သား သိပ်စား

www.burmeseclassic.com

တာ'လို့ ပြောပါတယ်။ အဲဒီနောက်တော့ ကျွန်မကို ညစာကျွေးတိုင်း ဗီယာ နဲ့ဝက်အူချောင်း ပါလာတော့တာပါပဲ။

တကယ်တော့ ဇွန်လမှာ ရာသီဥတုအကောင်းဆုံးသာဆိုတယ် နှင်းတွေကတော့ အယ်လ်ပ်တောင်တန်းပေါ်မှာ ရှိနေတုန်းပါ။ အန်တီက အပြင်ထွက်ဖို့ တုတ်ကောက်ပါမှ ရတာကြောင့် အပြင်ထွက်လေ့မရှိပါဘူး။ ဒီတော့ ဒေသခံတွေနဲ့လည်း မခင်နိုင်ဖြစ်ရပါတယ်။ ပြီးတော့ ဒေသခံတွေက ဂျာမန်လိုပဲ ပြောကြတာကိုး။ အန်တီက အင်္ဂလိပ်လိုနဲ့ ပြင်သစ်လို ကျွမ်းပေမယ့် ဂျာမန်လိုတော့ သိပ်မကျွမ်းပါဘူး။ ဒီတော့ အန်တီဟာ ဝါနာရဲ့နောက်မိန်းမနဲ့ သူ့မိဘတွေရဲ့ အကူအညီမပါဘဲ ရပ်တည်လို့ မလွယ်ပါဘူး။ အဲဒီအဆောက်အအုံမှာနေတဲ့ သူ့ဆရာဝန်ကတော့ အန်တီ့ရဲ့တစ်ဦးတည်းသော မိတ်ဆွေပါပဲ။

အန်တီဟာ ကမ္ဘာမှာ ဂုဏ်ယူဖွယ် အသက်မွေးအလုပ်တွေ လုပ်ခဲ့တယ် ဆိုပေမယ့် သူ့ဘဝကတော့ အထီးကျန်ဆန်လှပါတယ်။ သူက အဲဒီအထီးကျန်ဘဝကို စာဖတ်ပြီးတော့ပဲ ဖြတ်သန်းတာပါ။ သူ့စာကြည့်ခန်းထဲက စာအုပ်စင်မှာတော့ အမေရိကန်နဲ့ အင်္ဂလိပ်စာပေဆိုင်ရာစာအုပ်တွေ အများကြီး ရှိပါတယ်။ အဲဒီအချိန်ကတော့ အန်တီက ပြင်သစ်တော်လှန်ရေးဆိုင်ရာ စာအုပ်တွေကို ပြန်ဖတ်နေခဲ့တာပါ။ သူက 'တော်လှန်ရေးတစ်ခုစတဲ့အခါ လူမှုရေးအခြေအနေကို ထပ်ပြီးသိချင်လာလို့ ဖတ်နေတာ'လို့ ပြောပါတယ်။

သူ့ရဲ့ အခန်းတစ်ခန်းထဲမှာတော့ မြန်မာလုံချည်တွေကို စင်နဲ့တင်ထားပါတယ်။ သူ ဘယ်နေရာပဲ ရောက်နေနေ ဒီလုံချည်တွေကို သယ်သွားပြီး မြန်မာပြည်ကို ရောက်နေသလို ခံစားပုံပါပဲ။ 'လုံချည်တွေ အများကြီးပဲနော်'လို့ ကျွန်မက ပြောတော့ အန်တီက 'ကျွန်မ သေရင် အဲဒီပစ္စည်းအားလုံးဟာ စု အတွက်ပဲလေ'လို့ တုံ့ပြန်ပါတယ်။ သူ့ရဲ့ စုကို ချစ်တဲ့အချစ်ဟာ ကြီးမားလှပါတယ်။ သူဟာ စုအတွက် စိတ်ဓာတ်ရေးရာအရရော ငွေကြေးအရပါ မိခင်တစ်ယောက်လို စောင့်ရှောက်ခဲ့တာပါ။ သူက ၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ မှာ စု နေအိမ်အကျယ်ချုပ်ကျပြီး နောက်ပိုင်း မိုက်ကယ့်ကိုပါ သားမက်တစ်ယောက်လို စောင့်ရှောက်ပါတယ်။ စုတို့မိသားစုကိုလည်း သူ့မိသားစုလိုပဲ စောင့်ရှောက်ခဲ့တာပါ။

စုနေအိမ်အကျယ်ချုပ်ကျပြီးတဲ့အခါ အလက်ဇန္ဒားက စိတ်ဓာတ်အကြီးအကျယ် ထိခိုက်ခံစားလိုက်ရပါတယ်။ အဲဒီအချိန်က သူတို့ မိသားစုဟာ စုနဲ့အတူ ရန်ကုန်အိမ်မှာရှိနေပြီး အလက်ဇန္ဒားက အသက် ၁၆ နှစ်ရှိပြီမို့ နေအိမ်အကျယ်ချုပ်ဆိုတာရဲ့ အဓိပ္ပါယ်ကို ကောင်းကောင်းနားလည်သလို စုရဲ့ အိမ်ထဲ စစ်သားတွေ ဝင်လာ



ပြီး လူငယ်တွေကို ဖမ်းခေါ်သွားတဲ့ မြင်ကွင်းကလည်း သူ့ကို စိတ်ထိခိုက်စေခဲ့ပါတယ်။ ကင်မ်ကတော့ အသက် ၁၁ နှစ်သားမို့ သိပ်နားမလည်သေးဘဲ အစောင့်စစ်သားတွေနဲ့ ဆော့ကစားတောင် နေခဲ့ပါသတဲ့။ မိုက်ကယ်က ပြန်ပြောပြခဲ့တာပါ။

၁၉၈၈ ခု မတ်လမှာတော့ စုဟာ နေမကောင်းဖြစ်နေတဲ့ သူ့ အမေကို ပြုစုဖို့ မြန်မာပြည်ကို ပြန်သွားရတဲ့အခါ အလက်ဇန္ဒားက အသက်ဆယ့်ငါးနှစ်တောင် မပြည့်သေးပါဘူး။ သူက ထက်ထက်မြက်မြက်ရှိသူမို့ သူ့အမေကို လက်လွှတ်လိုက်ရတော့မှာကို ပူပန်တတ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ လူပျိုပေါက်ဆိုတော့ မိခင်ကို တကယ့်ကို အလိုရှိနေတဲ့အချိန်လည်း ဖြစ်နေတာပေါ့။ မိုက်ကယ်ကတော့ အင်္ဂလန်က အသိအမှတ်ပြုလက်မှတ်ရပြီးစ မြန်မာသူနာပြုကလေးမတစ်ယောက်ကို အလက်ဇန္ဒားကို ပြုစုပေးဖို့အတွက် ငှားခဲ့ပါသေးတယ်။ ဒါပေမယ့် သူက ကြီးကြီးမသန်းဧ မှလွဲပြီး ဘယ်သူ့စကားကိုမှ နားမထောင်ခဲ့ပါဘူး။ တကယ်တော့ အလက်ဇန္ဒားက ငယ်ငယ်ကလေးတည်းက မသန်းဧရဲ့ စကားကိုပဲ နားထောင်သူပါ။ ကျွန်မမှတ်မိနေတာက သူတို့ငယ်ငယ်တုန်းက လမ်းလျှောက်ထွက်ကြတဲ့အခါ မသန်းဧကပဲ သူ့ရဲ့ လက်ကို ကိုင်ပြီး လျှောက်ခဲ့တာပါ။

အဲဒီနှစ်မှာပဲ ကျွန်မက အန်တီမသန်းဧဆီ အလည်သွားဖြစ်ခဲ့ပါ တယ်။ စုရဲ့ မွေးစားအမေလို ဖြစ်နေတဲ့ နောက်တစ်ယောက်က အင်္ဂလိပ်လူမျိုး လေဒီပတ်ထရစ်ရှာဂေါ်ရီဘုသ်ပါ။ သူကလည်း ကျွန်မ ရှိနေတဲ့အချိန် အန်တီ့ဆီ လာလည်ပါတယ်။ သူက အန်တီ့ကို ဩစတြီးယားမှာ တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီလိုနဲ့ အောက်စ်ဖို့ဒ်မှာ သက်ကြီးရွယ်အိုတွေကို စောင့်ရှောက်ပေးတဲ့ဂေဟာတစ်ခုကိုရှာပြီး အန်တီ့ကို ပြောင်းနေစေဖို့ စီစဥ်ရပါတယ်။ အန်တီကလည်း သူ့အနေနဲ့က အိပ်ယာပေါ်မှာပဲ နေနေရတဲ့ အနေအထား မရောက်ခင်မှာ အောက်စ်ဖို့ဒ်ကို ပြောင်းသွားဖို့ ဆုံးဖြတ်ပါတယ်။ အဲဒီဂေဟာမှာ ရေချိုးခန်း အိမ်သာတွဲလျှက် အိပ်ခန်းတစ်ခန်းရယ်၊ မီးဖိုချောင်ပါတဲ့ ဧည့်ခန်းတစ်ခန်းရယ်ပါတဲ့ အခန်းကျယ်တစ်ခုကို တစ်လ ပေါင် ၈၀၀ ပေးရပါတယ်။ အဲဒီဂေဟာမှာ စာကြည့်တိုက်ကောင်းကောင်းလည်း ရှိသလို ရုပ်ရှင်ရုံလို သီရေတာအသေးလေးလည်း ရှိပါတယ်။ ဧည့်သည်လာရင် တည်းလို့ရတဲ့အခန်းလည်း ရှိပါတယ်။ ကြိုမှာထားလို့ရတဲ့ အစားအသောက်ဌာနလည်း ရှိပါတယ်။ ဂေဟာမှာ ၂၄ နာရီ လုံခြုံရေး အစီအစဉ်လည်း ရှိတာမို့ စိတ်အေးရမယ့်နေရာပေါ့။ ဒီလိုနဲ့ အသက် ၉၀ အရွယ် အန်တီမသန်းဧဟာ သူ့ခင်ပွန်းနဲ့ ပတ်သက်တဲ့ အမှတ်ရစရာတွေ ရှိနေတဲ့ ဩစတြီး

www.burmeseclassic.com



ယားကနေ သူ့သေတ္တာတွေထဲမှာ အမြဲသိမ်းထားတတ်တဲ့ ဓာတ်ပုံများရဲ့ပိုင်ရှင် စု နေခဲ့ဖူးတဲ့ အောက်စဖို့ဒ်ကို အပြီးတိုင် ပြောင်းရွှေ့လာခဲ့ပါတော့တယ်။

၂၀၀၈ ခုနှစ် အသက် ၉၉ နှစ်အရွယ် သူ ကွယ်လွန်တဲ့အထိ အန်တီက အောက်စ်ဖို့ဒ်မှာ နေခဲ့တာပါ။ ဂေဟာမှာနေစဉ် အန်တီ တစ်ခုခုဖြစ်တာနဲ့ ဂေဟာ အုပ်ချုပ်ရေးမှူးက လေဒီဂေါရ်ဘုသ်ကို ဖုန်းဆက် ပြောပါတော့တယ်။ အဲဒီအခါ သူကိုယ်တိုင်က အသက် ၈၀ ရှိ နေပြီဖြစ်တဲ့ ပက်ဟာ လန်ဒန်ကနေ အောက်စ်ဖို့ဒ်ကို ကားကိုယ်တိုင်မောင်းပြီး အန်တီ့ကို သွားတွေ့ခဲ့ပါတယ်။ ကျွန်မဘဝတလျှောက်မှာ ပက်လို့ ကျွန်မက ခေါ်တဲ့ လေဒီဂေါရ်ဘုသ်လို ကြင်နာတတ်ပြီး ခင်မင်စရာကောင်းတဲ့ အင်္ဂလိပ်အမျိုးသမီးမျိုး မတွေ့ဖူးပါဘူး။

အန်တီက သူ့ရဲ့ နောက်ဆုံးအချိန်တွေကို စုနဲ့မိုက်ကယ်ရဲ့ ပတ်ဝန်းကျင်က လူတွေကြားထဲမှာ ကုန်ဆုံးစေခဲ့တာပါ။ မြန်မာကက်သလစ်သီလရှင်တွေက သူ့ကို နေ့စဉ် ပြုစုပေးခဲ့ပါတယ်။ ပက်ကတော့ အဲဒီသီလရှင်တွေကို နတ်သမီးတွေလို နှိုင်းကျူးခဲ့ပါတယ်။ အန်တီကတော့ သီလရှင်တွေကို စုအကြောင်းချည်း ပြောနေခဲ့ ပါတယ်။ သူတို့အတွက်က စုဟာ စိမ်းနေခဲ့ပေမယ့် အန်တီ့ဆီက စုရောဂါဟာ သူတို့ကို ကူးစက်ခဲ့ရာက သီလရှင်တွေလည်း စုကို ထောက်ခံသူတွေ ဖြစ်လာပါ တော့တယ်။ သူတို့ဟာ အန်တီ့ကို ရေမိုးချိုးပေးခဲ့စဉ်က ထိတွေ့ခဲ့တဲ့ အထိအတွေ့ဟာ ခုထိ သူ့လက်ပေါ်မှာ ကျန်နေသေးတယ်လို့ ကျွန်မကို အန်တီ ကွယ်လွန်ပြီး တစ် နှစ်အကြာမှာ ပြန်ပြောပြတော့ မျက်ရည်တွေလည်း ဝဲလို့ပါ။ အန်တီဟာ သီလရှင် နှစ်ယောက်ရဲ့ လက်ထဲမှာ တစ်နေ့ထက်တစ်နေ့ သေးသေးလာခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ အဲဒီမြန်မာကက်သလစ်သီလရှင်တွေဟာ မိုက်ကယ်တို့နဲ့ သိကျွမ်း တယ်ဆိုပြီး မြန်မာပြည်ကို ပြန်ဝင်လို့ မရခဲ့ဘဲ ဖြစ်ခဲ့တာမို့ သူတို့ရဲ့ မိဘတွေကို ကိုယ်တိုင်မပြုစုနိုင်ခဲ့ပါဘူး။ ဒီတော့ အန်တီ့ကို သူတို့မိဘသားစုလို ပြုစုခဲ့တော့တာပေါ့။ စုက အန်တီ့ကို သူကိုယ်တိုင် ပြုစုချင်ခဲ့တဲ့ ဆန္ဒဟာ တစ်နည်းနည်းနဲ့ ပြည့်စုံခဲ့တယ်လို့ ဆိုရမှာပါ။ အန်တီ့ကို ပြုစုခဲ့တာက မြန်မာနိုင်ငံသူတွေ ဖြစ်ခဲ့လို့ပါပဲ။

ကျွန်မရဲ့ ခင်ပွန်းကတော့ အန်တီ့ကို ဂျပန်အဆိုတော်နဲ့ ရုပ်ရှင်မင်းသမီးတစ် ယောက်ဖြစ်တဲ့ Li Kou Ran နဲ့ နှိုင်းလေ့ရှိပါတယ်။ သူက သိပ်ချောမောလှပပြီး စစ်အတွင်းက တရုပ်ပြည်မှာ သူလျှိုတစ်ယောက်အဖြစ် သတင်းတွေကို ဂျပန်တွေဆီ ပြန်ပို့ပေးခဲ့သူပါ။ အန်တီကလည်း စစ်အတွင်းက အိန္ဒိယမှာနေပြီး ဂျပန်စစ်သတင်း တွေအကြောင်း အသံလွှင့်ခဲ့ဖူးသလို အလှအပနဲ့ ဖက်ရှင်ကို ဂရုစိုက်တဲ့ ဘိလပ် ပြန်သန်းနာမည်နဲ့ ထင်ရှားတဲ့အဆိုတော်တစ်ယောက် မဟုတ်လား။ သူက နောက်ဆုံး



[illegible]ထိ လူတွေနဲ့ မတွေ့ခင်မှာ သူ့ကိုယ်သူ လှလှပပ ဝတ်စားပြင်ဆင်တာမျိုး [illegible]ခဲ့တာကိုလည်း ကျွန်မတို့ တွေ့မြင်သဘော ပေါက်ခဲ့ရပါတယ်။ သူက မြန်မာ [illegible]ရဲ့ အကျင့်ဖြစ်တဲ့ ကြိုတင်အကြောင်း မကြားဘဲ ဝင်တွေ့တာမျိုးကို မုန်းပါတယ်။ [illegible]ပေမယ့် 'မြန်မာတွေရဲ့ ကောင်းတဲ့ဓလေ့တစ်ခုက သူတို့ဆီကို လမ်းကြုံဝင်လည် [illegible]ဆိုတာမျိုးဟာ မယဉ်ကျေးတဲ့ အပြုအမူလို့ ခံယူတတ်ကြတာပါပဲ' လို့လည်း [illegible]ပြောပါသေးတယ်။


ကိုယ့်ရေကိုယ့်မြေကနေ တစ်ခါမှ မခွဲခွာဖူးသူတွေအတွက်တော့ အန်တီမသန်း [illegible] ဘဝကို ကောင်းကင်က နတ်သမီးတစ်ပါးရဲ့ ဘဝလို လွတ်လပ်နေမယ်လို့ [illegible]ထင်ကြမှာပါ။ ဒါပေမယ့် အန်တီ့မှာ လှပတဲ့ အသံ၊ ထူးခြားတဲ့ ဘာ [illegible]တားစွမ်းရည်၊ များပြားတဲ့ နိုင်ငံတကာအတွေ့အကြုံ၊ ထူးချွန်ထက်မြက် [illegible]တတ်တဲ့ ဒီမိုကရက်တစ်တစ်ယောက်ရဲ့ အမြင်ဆိုတဲ့ အစွမ်းတွေကြောင့်ပဲ [illegible] ကိုယ့်ရေကိုယ့်မြေမှာ မနေခဲ့နိုင်ကြောင်းကိုတော့ သိကြမယ် မထင်ပါဘူး။ [illegible] အန်တီဟာ သူ့ဘဝတလျှောက်လုံး မြန်မာ့အရေးကို တွေးတောသယ်ပိုး [illegible]ပြည်ပမှာ အထီးကျန်စွာနေဖြစ်ခဲ့တော့တာပါ။ ကျွန်မ စိတ်ထင် စုဟာ အန်တီ့ [illegible] မိဘတွေကြောင့် ရင်းနှီးကျွမ်းဝင်တာမျိုး မဟုတ်ဘဲနဲ့ အန်တီ့လိုမျိုး အတွေး [illegible] ခြေရာနင်းခဲ့တာ ဖြစ်မှာပါ။ စုနဲ့ အန်တီဟာ အတော်ကြီးတူခဲ့တာ ချစ်ခင်ခဲ့ [illegible]ဒါကြောင့်ပဲ ဖြစ်မယ်ထင်ပါတယ်။

(၂၀၀၅ ခုနှစ်မှာ ဘာသာပြန်သူအနေနဲ့ ကြီးကြီးမသန်းဧရှိရာ အောက်စ်ဖို့ဒ်က [illegible]ကို သွားရောက်လည်ပတ်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က သူ့အသက်ဟာ ၉၆ [illegible]ဖြစ်ပေမယ့် အားလုံးကို သေချာမှတ်မိနေပြီး လူတွေက သူ့ကို ဒေါ်ရာသန်း [illegible] ခေါ်ကြတာကို မကြိုက်ကြောင်း၊ သူ့နာမည်ဟာ အင်္ဂလိပ်လို Dora ဒေါ်ရာနဲ့ [illegible]လို မသန်းဧဖြစ်ပြီး သန်းဧကို Sirname သဘော ဒေါ်ရာနဲ့ တွဲခေါ်ကြတာဟာ [illegible]ကြောင်းအပါအဝင် စကားတွေ အများကြီး ပြောကာ သူ သိမ်းထားတဲ့ [illegible]တွေအများကြီးကိုလည်း ပြခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာတော့ ကြီးကြီးဆီ [illegible]နိုင်တော့ဘဲ လေဒီဂေါရ်ဘုသ်နဲ့သာ တွေ့ဖြစ်ပြီး သူ့အကြောင်းတော့ ပြော [illegible]ပါတယ်။ တစ်သက်မှာ တစ်ခါတည်း ဆုံဖြစ်ခဲ့ပေမယ့် ဓာတ်ပုံအတူ ရိုက်ကြတို့ [illegible]တဲ့အခါ ခေါင်းစည်းနဲ့ပန်းကို အရပြင်ဆင်ခဲ့တဲ့ ကြီးကြီးအေးရဲ့ ပုံရိပ်တွေဟာ [illegible]လတ်ဆတ်နေဆဲပါ။ ဘာသာပြန်သူ)

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ချွေတာရေးလည်းဖြစ်အောင်၊ ကားတွေကျပ်တာကိုလည်း ရှောင်ရာကျအောင် စုက စက်ဘီးအဟောင်းတစ်စီးဝယ်လိုက်ပါတယ်။ ခြောက်လလုံးလုံးသူက မြန်မာဝတ်စုံဝတ်ပြီး အဲဒီစက်ဘီးတစ်စီးနဲ့ လျှောက်သွားတော့တာပါပဲ"

# အခန်း - ၂

## ကျိုတိုရောက် စု (၁၉၇၅-၁၉၇၆)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂။

# ကျိုတိုရောက် စု (၁၉၈၅-၁၉၈၆)

## (၁) စု ကျိုတိုကို ရောက်ရှိ

၁၉၈၅ ခုနှစ် ဇူလိုင် ၂ ရက်နေ့မှာ စုဆီက စာတစ်စောင် ကျွန်မဆီ ရောက်လာပါတယ်။

ခင်မင်ရပါတဲ့ နိုရီကိုနဲ့ ဆဒါယိုရှိ(အားရပါးရ ခေါ်လိုက်တာနော်)

ကျွန်မမှာ စိတ်လှုပ်ရှားစရာသတင်းတွေ ရှိနေတယ်နော်။ စက်တင်ဘာလကုန်ကျရင် ကင်မ်နဲ့ကျွန်မ ကျိုတိုကို လာခဲ့မယ်။ ကျိုတိုတက္ကသိုလ်ရဲ့ အရှေ့တောင်အာရှလေ့လာရေးဌာနက ကျွန်မကို ဧည့်သုတေသီအဖြစ် ခြောက်လတာ ဖိတ်ကြားခဲ့ပါတယ်။ ဒီအခွင့်အရေးကို ကာလတာရှည် စောင့်မျှော်နေခဲ့တဲ့ ကျွန်မအတွက် ဒီလိုအဆင်ပြေအောင်ကူညီပေးခဲ့တာကတော့ လူသားချင်းစာနာမှုလေ့လာရေးဌာနက သုတေသနမှူး ပါမောက္ခတိုဆီယိုယိုကိုယာမာပါပဲ။ သူက ကျိုတိုတက္ကသိုလ်ရဲ့ အပြည်ပြည်ဆိုင်ရာဧည့်ဂေဟာမှာ နေခွင့်ရဖို့ကိုလည်း ကြိုးစားပေးနေပါတယ်။ ဒါပေမယ့် ကြည့်ရတာ ဒီဇင်ဘာအထိ အခန်းလွတ် ရှိပုံမရဘူး။ ပြီးတော့ ကျွန်မက ပါပိုကို ခေါ်လာမယ်လေ။ မိုက်ကယ်က အိန္ဒိယကို ခေါ်မသွားနိုင်ဘူးလေ။ ပါပီက အိုလည်း အိုနေပြီ။ ကျွန်မကသာ သူ့ကို ဂျပန်ကို ခေါ်မလာရင် သူ့ ရင်ကွဲပြီး သေမှာပဲ။ ဂေဟာမှာ တိရစ္ဆာန်ကို လက်ခံမခံတော့ မသိဘူးပေါ့။ ဒါကြောင့် နိုရီကိုရေ ကျေးဇူးပြုပြီး ကင်မ်ရယ်၊ ကျွန်မရယ်၊ ပါပီရယ်နေဖို့ရမယ့် နေရာကလေးများ ကူရှာပေးလို့ ရမလားလို့ပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပါမောက္ခ ယိုတိုယာမာကို တိုင်ပင်ပြောထားပေးမယ်ဆိုရင်လည်း ကျေးဇူးတင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



စာက ဆက်ရေးထားရာမှာ ဟိုအရင်အပတ်က စု ရေးလာတဲ့ စာတစ်စောင်ကို သတိရမိပါတယ်။ 'ကျွန်မလေ ငွေစုမိတာနဲ့ ချက်ချင်းဆိုသလို ဂျပန်ကို အလည်လာချင်တာပါပဲ။ ရှင့်ရဲ့ ကျေးလက်က အိမ်ကလေးဆီကို လာမှာပေါ့'တဲ့။ အရှေ့တောင်အာရှလေ့လာရေးဌာနမှာ မြန်မာပြည်နဲ့ ပတ်သက်တဲ့ စာအုပ်တွေ အများကြီးပဲလို့ ပြောကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းလည်း အများကြီး ရှိနေပါတယ်တဲ့။ ဒီတော့ စုမှာ အဲဒါတွေကို လေ့လာချင်သလို သူ့အဖေ နေခဲ့ဖူးတဲ့ ဂျပန်ကို လာပြီး အတွေ့အကြုံတွေ လိုချင်စိတ်လည်း ရှိနေခဲ့တာပါ။

ပါမောက္ခယိုကိုယာမာက အောက်စ်ဖို့ဒ်ကနေ ပါရဂူဘွဲ့ရခဲ့သူပါ။ ဒါကြောင့် အောက်စ်ဖို့ဒ်နဲ့လည်း ဆက်ဆံရေး အဆင်ပြေပုံရပါတယ်။ တခြားသုတေသီတွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သုတေသနပြုဖို့ အရေးကြီးတာကို သူ့လောက် နားလည်နိုင်မှာ မဟုတ်ဘူးပေါ့။ ဒီသုတေသနအတွက် စုဟာ အသင့်တော်ဆုံးလူတစ်ယောက်ဖြစ်တာ မှန်ပေမယ့် စုလိုအိမ်ရှင်မတစ်ယောက်ကို သိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဂျပန်ဖောင်ဒေးရှင်းအနေနဲ့ သုတေသနထောက်ပံ့ကြေးပေးချင်သွားအောင် စည်းရုံးဖို့ဆိုတာ အတော်မလွယ်တဲ့အလုပ်ဆိုတာကိုတော့ ကျွန်မတို့က ခန့်မှန်းနိုင်ခဲ့ပါတယ်။

စုအနေနဲ့ကတော့ ဒီလိုရှုပ်ထွေးတဲ့ကိစ္စတွေကို နားမလည်နိုင်မှာ သဘာဝကျပါရဲ့။ မိုက်ကယ်က အလုပ်အနေနဲ့မရဘဲ အင်္ဂလန်မှာဖြစ်ဖြစ်၊ တခြားနိုင်ငံတစ်ခုခုမှာဖြစ်ဖြစ် သုတေသီအနေနဲ့ ထောက်ပံ့ကြေးတွေရကာ လှည့်လည်နေထိုင်နေရတာကြောင့် စုကလည်း အခုလိုပဲ ဧည့်သုတေသီအဖြစ် နေထိုင်နိုင်အောင် တွေးဖြစ်ပုံပါ။ ဒီအခွင့်အရေးကတော့ စုအတွက် အခွင့်အလမ်းကောင်းကိုသာမက နောက်နှစ်နှစ်အတွင်းဖြစ်လာတော့မယ့် ဘဝအပြောင်းအလဲအတွက်ပါ သက်ရောက်ခဲ့တယ်လို့ ဆိုရပါမယ်။

ကျွန်မက စုရဲ့စာကို ကျွန်မခင်ပွန်းပါ ကြားရအောင် အသံထွက် ဖတ်ဖြစ်ခဲ့ပါတယ်။ ပါပို့အကြောင်းလည်းရောက်ရော 'အိုး ဒီပါပီအကြောင်း ပါလာပြန်ပြီ' လို့ ရယ်ပါတော့တယ်။ ပါပီက စုရဲ့အချစ်တော်ခွေးပေါ့။ ဘူတန်တယ်ရီယာခွေးတလေး ဖြစ်ပါတယ်။ ဘူတန်က အပြန်မှာခေါ်လာခဲ့တာပါ။ စုက ပါပီဟာ အင်္ဂလန်မှာ အလွန်အဖိုးတန်တဲ့ တစ်ကောင်တည်းသောခွေးလို့ ဂုဏ်ယူနေကျပေါ့။

စုအတွက်တော့ အဖိုးတန်ခွေးဖြစ်ပေမယ့် ကျွန်မတို့အတွက်တော့ ပါပီက တမူထူးတိုးခွေးတစ်ကောင်ပါပဲ။ အကောင်က သေးပြီး ဘာမှ မထူးခြားတဲ့ကောင်ပါ။ မျက်နှာဝိုင်းဝိုင်းလေးရယ်၊ မျက်လုံးဝိုင်း နက်နက်ရယ်၊ အမွေးတွေက အဖြူ နဲ့အညို ရောပြီး ခပ်ရှည်ရှည်ပေါ့။ ခြေထောက်တွေကတော့ တိုတို။ အလက်ဇန္ဒားရဲ့ အချစ်တော်လည်း ဖြစ်ပါတယ်။ သူက ကျွန်မတို့အရင် လေ့ကားကို အပြေးတက်သွားတတ်



ပြီး လေ့ကားစွန်းလည်းရောက်ရော မေးစေ့နဲ့ လေ့ကားစောင်း ရိုက်မိပြီး လဲတတ်ရောဆိုတဲ့ပါပီမျိုးလေ။ ကျွန်မတို့က စုဆီ လာလည်တိုင်းမှာ ကျွန်မတို့နား နာရီဝက်လောက် ထိုင်နေတာ ငြိမ်လို့၊ ပြီးတော့မှ ရုတ်တရက်ကြီး ထပြီး သူ့စိမ်းတွေကို တွေ့ရသလို ဟောင်တော့တာပဲ။ ပြီးတော့ သူက အစောင့်ခွေးလိုလည်း အသုံးမတည့်ပါဘူး။ သူ့ပုံစံက ကာတွန်းပုံလေးမို့ ချစ်စရာတော့ ကောင်းနေတာပေါ့။ စုက သူ့ကို ချစ်တယ်ဆိုတာကတော့ အာရှနွယ်ဖွားချင်းကလည်း ဖြစ်၊ သူ့သားနှစ်ယောက်ထက်စာရင် သူ့စကားကိုလည်း ပိုနားထောင်ဆိုတာကြောင့် ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမယ့် ခွဲထားခဲ့ရင် သေသွားမလားလို့ စိတ်ပူနေတဲ့အထိတော့ ချစ်လိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး။

အဆုံးမှာတော့ စုက ပါပို့ကို ထားရစ်ခဲ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဘယ်တိရိစ္ဆာန်ကိုမဆို အချိန်အတော်ကြာ သီးသန့်ခွဲထားရမယ့် အခြေအနေရော၊ ဧည့်ဂေဟာမှာ ဘယ်တိရိစ္ဆာန်မှ ထားမရတဲ့အခြေအနေကြောင့်ပါ ပါပီကျန်ခဲ့ရပါမယ်။ မိုက်ကယ်အနေနဲ့ အိန္ဒိယက ဆင်းမလားကို တစ်ပါတည်းခေါ်ချင်ခေါ်၊ ဒါမှမဟုတ် သူတို့ရဲ့ အိမ်ခန်းကို အငှားတင်ခဲ့မယ့်သူတွေနဲ့ ထားချင်ထားခဲ့ပေါ့။ သူတို့မိသားစုက နိုင်ငံခြားသွားမယ်ဆိုရင် အခန်းကို လူငှားထားခဲ့တတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ခွေးပြဿနာကတော့ ဖြေရှင်းပြီးသွားပါပြီ။ တကယ်တော့ စုကို ဧည့်သုတေသီအဖြစ်ဖိတ်ဖို့ ပါမောက္ခယိုကိုယာမာအနေနဲ့ အတော်ကြီး အားထုတ်ခဲ့ရမှာပါ။ ပါမောက္ခက 'သူဟာ မင်းသမီးလေး မဟုတ်တော့ဘူးလေ။ ငါကလည်း ဘာပဲဖြစ်လာလာ အဆိုးဆုံးကို ပြင်ဆင်ထားမှာပါ' လို့ ဆိုခဲ့ပါတယ်။

ကျွန်မတို့လင်မယားလည်း စုနဲ့ ကင်မ့်ကို အီတာမိအပြည့်ခင်းဆိုင်ရာလေဆိပ်မှာ သွားကြိုကြပါတယ်။ ကျွန်မက ပါမောက္ခယိုကိုယာမာ ပြောခဲ့တာကို သတိရပြီး အမေ့ာ်တဲ့အနေနဲ့ 'သူက ပြင်ဆင်ထားခဲ့ပါတယ်တဲ့..'လို့ဆိုတော့ စုကပဲ 'အဆိုးဆုံးကိုပေါ့'လို့ ဖြတ်ပြောပါတယ်။ ကျွန်မတို့နှစ်ယောက်သား ပြိုင်တူပဲ ရယ်လိုက်မိပါတယ်။ စုက ပြဿနာကို သဘောပေါက်ခဲ့ပုံပါပဲ။

စုရဲ့ စာထဲမှာပါခဲ့တာတစ်ခုကတော့ အသက် ၈ နှစ်အရွယ် ရောက်နေပြီဖြစ်တဲ့ ကင်မ့်အတွက် ကျောင်းကိစ္စ စိတ်ပူပန်မှုပါပဲ။ အဲဒီအချိန်က အလက်ဇန္ဒားက ကျောင်းအဆောင်မှာ နေရမှာ နောက်ဆုံးနှစ်ပါပဲ။ နောက်နှစ်နွေဦးဆို အတန်းတင်စာမေးပွဲဖြစ်ပြီလေ။ ပြီးရင်တော့ သူလည်း ကင်မ်နဲ့အတူ ကျိုတိုကို လာမှာပေါ့။ ဒီ ၁၉၈၅ ခုနှစ် ခရစ်စမတ်ပိတ်ရက်မှာ စုနဲ့ကင်မ်ပဲ ရှိပေမယ့် ၁၉၈၆ ခုနှစ်မှာတော့ အလက်ဇန္ဒားရော တစ်မိသားစုလုံး အိန္ဒိယမှာ အတူတူ ရှိကြမှာပါ။ စုက ဩဂုတ်လ ပထမပတ်မှာတော့ ဆွစ်ဇာလန်နဲ့ ဂျာမဏီကို သွားရမှာမို့ ဂျပန်ကို မလာခင်

www.burmeseclassic.com



အတော်လေး အလုပ်ရှုပ်ဦးမှာပေါ့။ သူ့စာထဲမှာတော့ သူ့စွန့်စားခန်းအတွက် အတော်လေး စိတ်လှုပ်ရှားနေပုံပါပဲ။

လေဆိပ်ကနေ ကျွန်မတို့အိမ်ကို ရောက်တယ်ဆိုတာနဲ့ ရွာထဲကို အလည်ပို့ဖို့ဆိုကာ ကျွန်မခင်ပွန်းက စက်ဘီးတစ်စီးနဲ့ ကင့်မ်ကို တင်ပြီး ထွက်သွားပါတော့တယ်။ ကင်မ်ကတော့ စက်ဘီးပေါ်က ဆင်းဆင်းချင်း အောက်စ်ဖို့ဒ်မှာ ကျွန်မနေတဲ့ မိုက်ကယ့်ဆီကို ဖုန်းခေါ်ဖို့ လောဆော်တော့တာပါပဲ။ သူ့ကြည့်ရတာ စက်ဘီးကို ပထမဆုံး စီးခွင့်ရသလိုကို ပျော်နေကာ မိုက်ကယ့်ကိုလည်း သူ့ခရီးရှည်ကြီးအကြောင်း မပြောဘဲ စက်ဘီးစီးတဲ့အတွေ့အကြုံကိုပဲ ပြောနေပါတယ်။ ကျွန်မခင်ပွန်းက ပြန်ပြောပြတာကတော့ သူ့နောက်မှာထိုင်စီးတဲ့ ကင့်မ်ကို စကားတွေ လှမ်းလှမ်းပြောတော့ ကင်မ်က စက်ဘီးနင်းနေခိုက် စကားမပြောရဘူးလို့ ပြောပါသတဲ့။ အဲဒီတော့ သူက 'မင်းတို့ အင်္ဂလိပ်ကလေးတွေဟာ စိတ်ပူတတ်ရန်ကောကွာ'လို့ ပြောတဲ့အခါ 'မဟုတ်ပါဘူး။ ကျွန်တော်က မြန်မာပါ'လို့ ပြန်ဖြေခဲ့ပါသတဲ့။ အဲဒီအခါမှပဲ ကျွန်မတို့လည်း ပထမဆုံးအနေနဲ့ စုရော သားနှစ်ယောက်စလုံးပါ မြန်မာနိုင်ငံသား ဖြစ်နေတာကို သိလိုက်ရပါတယ်။ စုက ဘယ်တုန်းကမှ ဗြိတိသျှနိုင်ငံသား မခံယူခဲ့ပါဘူး။

စုက ကျွန်မတို့အိမ်ကို သိပ်သဘောကျပါတယ်။ ဘီဝါကန်ကို မြင်နေရတဲ့ မြင်ကွင်းနဲ့ အရိပ်ကောင်းတဲ့အတွက်ပေါ့။ ကျွန်မတို့အိမ်လှေကားရဲ့ ပထမသုံးဆင့်က ထောင့်ချိုးလေးပေါ့။ စုက သူ့အမေအိမ်က လှေကားကလည်း အဲဒီလိုထောင့်ချိုးလေးပဲဆိုကာ လှေကားကို အကြိမ်ပေါင်းများစွာ တက်လိုက်ဆင်းလိုက်လုပ်နေခဲ့ပါတယ်။ ကျွန်မတို့အိမ်က ဘီဝါကန်ရဲ့ အနောက်ဘက်ကမ်းက တောင်ကုန်းလျှောလေးမှာဖြစ်ပြီး အသစ်တည်ထားတဲ့ ရပ်ကွက်လေးမှာ ရှိတာပါ။ အဲဒီအချိန်တုန်းက အနီးမှိုင်းကမြေကို ကျွန်မတို့ မပိုင်သေးပါဘူး။ ကျွန်မတို့ အိမ်ရဲ့ထပ်ထပ်ကနေ ကြည့်ရင် ကန်ရဲ့ ဟိုဘက်ကမ်းနဲ့ နောက်ဘက်က အီဘူကီတောင်ဟာ တကယ့်ကို လှပါရဲ့။ စု ကောက်ကာငင်ကာနဲ့ 'နိုရီကိုရယ် ရှင့်အဲဒီအနီးမှိုင်းက မြေကို ဝယ်သင့်တယ် သိလား'လို့ ဆိုပါတယ်။ 'ဝယ်ချင်တာပေါ့။ ဒါပေမယ့် တတ်မှ မတတ်နိုင်တာ'လို့ ဆိုတော့ 'ဘာလို့လဲ ဒီမြေလေးက သေးသေးလေးလေ'လို့ စုက နားမလည်သလို ကြည့်ပြီးမေးပါတော့တယ်။ ကျွန်မတို့နှစ်ယောက် နှုတ်က ထုတ်မပြောဘဲ အကြည့်ချင်း စကားပြောဖြစ်ခဲ့တယ် ဆိုပါတော့။ စုက 'ကျွန်မက အကြံကောင်းတွေ ပေးနေတာနော်'ဆိုတဲ့ အကြည့်နဲ့ပေးပြီး ကျွန်မက 'ဟုတ်ပါတယ်။ ဒါပေမယ့် ရှင်မှ ဂျပန်က မြေသေးသေးလေးတစ်ကွက်ရဲ့ တန်ဖိုးကို မသိတာ'ဆိုတဲ့ အကြည့်နဲ့ ဖြေခဲ့တာလေ။



ကျွန်မတို့က နေ့တိုင်းလိုလို ကိုစီရထားလိုင်းက ဝါနီဘူတာရှေ့မှာ ဖွင့်ထားတဲ့ စူပါမားကက်မှာ ဈေးသွားဝယ်ပါတယ်။ စုက ငါးရောင်းသူတစ်ယောက်ကို သဘောကျပါတယ်။ 'သူက မျက်နှာက ချိုတယ်။ ဘူတန်က ကျွန်မသူငယ်ချင်းနဲ့ တူတယ်'လို့ ပြောခဲ့ပါတယ်။ ဒါကြောင့် စုကို နေအိမ်အကျယ်ချုပ်ချ ထားလိုက်ပြီလို့လည်းဆိုရော ငါးဆိုင်ပိုင်ရှင်က ကျွန်မဆီ မနက်အစောကြီး ရောက်ချလာကာ 'အစ်မကြီးရေ၊ အောင်ဆန်းစုကြည်တော့ အခက်အခဲ တွေ့နေပြီနော်။ ကျွန်တော်တတ်နိုင်တာများရှိရင် ပြောပါနော်။ အတတ်နိုင်ဆုံး ကူညီချင်လို့ပါ'လို့ ပြောခဲ့ပါတယ်။ ကျွန်မအနေနဲ့ စုအပေါ် အခုလောက် နွေးထွေးတဲ့ စိတ်မကောင်းဖြစ်ပုံမျိုး မတွေ့ဖူးပါဘူး။ သူက မြန်မာပြည်အရေးကို အမြဲစိတ်ဝင်စားသလို ကျွန်မကို တွေ့တိုင်းလည်း သတင်းကို မေးတတ်ပါတယ်။ ကျွန်မကလည်း ဆိုင်ကို ရောက်တဲ့အခါ ငါးလှီးနေတိုင်ထားတဲ့ ငါးဆိုင်ပိုင်ရှင်နဲ့ စုကြားက တွေ့ဖူးနေခဲ့တဲ့ အသံတိတ် အပြုံးတွေ့ဆုံမှုတွေကို ပြန်သတိရနေမိခဲ့ပါတယ်။

စုက ဂျပန်ကို သွားတော့မယ်ဆိုတဲ့ သတင်းဟာ သူ့အမေကတဆင့် ရန်ကုန်က မိတ်ဆွေတွေကြား ပျံ့နှံ့သွားပါတယ်။ စုအမေကို ကူညီပေးနေသူတွေဆီက ဈေးဝယ် ပေးဖို့ ပစ္စည်းစာရင်းရှည်ကြီးကလည်း စုရဲ့လက်ထဲကို ရောက်လာခဲ့ပါတော့တယ်။ စုကလည်း သူ့ မေတ္တာကို ပြသတဲ့အနေနဲ့ အမှတ်တရပစ္စည်းလေးတွေ ဝယ်ဖို့ ကြိုးစားပါတော့တယ်။ ကျွန်မကလည်း သူ့ကို စူပါမားကက်ပထမထပ်က နာရီဆိုင်ရှိရာဆီ ခေါ်သွားပေးလိုက်ပါတယ်။ သူ့စာရင်းထဲမှာ နာရီက ပါနေတာကိုး။ စုက နာရီကို အသေးသားကြည့်လိုက်ပြီး သက်ပြင်းလေး ချလိုက်ပါတယ်။ 'နိုရီကိုရေ ကျွန်မအနေနဲ့ ဒီလိုဈေးကြီးတဲ့ပစ္စည်းတွေကို ဝယ်ဖို့ မတတ်နိုင်ပါဘူး။ ဒီနာရီက ယန်းသုံးသောင်းခွဲတောင်လေ။ ကျွန်မ ပတ်ထားတဲ့ နာရီကို ကြည့်ပါဦး။ ယန်းငါးထောင်ပဲ ပေးရတာ'လို့ ပြောခဲ့ပါတယ်။

စက်တင်ဘာလကုန်တဲ့အထိ နေ့ပေါင်းများစွာ စုနဲ့ ကင်မ်ဟာ ဂျပန်နိုင်ငံက နွေရာသီကို ပျော်ပိုက်နေပုံရပါတယ်။ အောက်တိုဘာ ၁ ရက်ကစပြီး အပြည်ပြည်ဆိုင်ရာ ဧည့်ဂေဟာကို သူတို့ ပြောင်းရွှေ့နေထိုင်ရပါတယ်။ ဘဝသစ်တစ်ခုပေါ့။ ကျွန်မတို့အိမ်နီးနားချင်းတွေကလည်း သူတို့ရဲ့ ဖဲ လစာ အဝတ်အစားနဲ့ ထုံးအဆောင်တွေကို ကူသယ်ပေးခဲ့ကြပါတယ်။ တကယ်တော့ အဲဒီပစ္စည်းတွေအားလုံးဟာ မိန်းမသားတစ်ဦးအတွက် လေးပင်လွန်းလှပေမယ့် နှစ်သားအမိရယ်၊ စုရယ်၊ သူ့ရဲ့ စိတ်စွမ်းအားရယ်ကပဲ အဲဒီပစ္စည်းတွေကို သယ်ပိုးခဲ့ကြတာပါ။ ကျွန်မတို့အိမ်နီးနားချင်းတွေကို စုတို့သားအမိ ပိုင်ဖွန်းလာ တိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားသလို ကျွန်မတို့လည်း အားအင်တွေ ပြည့်ခဲ့လို့ပါပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပဲ အိုစုမတ်ဆူရီပွဲတော်ကို တက်ဖို့ ကျွန်မကို ဖိတ်ကြားခဲ့ပါတော့တယ်။

## (၂) အိုစုမတ်ဆူရီပွဲတော်က စု

အိုစုမတ်ဆူရီပွဲတော်က နှစ်စဉ် အောက်တိုဘာလ ၁၀ ရက်မှာ အိုစုမြို့မှာ ကျင်းပတာပါ။ ဒီပွဲတော်က ကိုင်ချိုခေတ်(၁၅၇၆-၁၆၁၅)မှာကတည်းက စခဲ့တာပါ။ ရှေးခေတ်မှာ အိုစုမြို့ဟာ မီဒီရာဘုရားကျောင်းနားမှာ ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ၁၆၀၀ ခုနှစ်မှာ ဂျပန်ကို ဘယ်သူ အုပ်စိုးမလဲဆိုတဲ့ အဆုံးအဖြတ်ပေးခဲ့တဲ့ ဆကီဂါဟာရာ စစ်ပွဲအပြီးမှာ အိုစုရဲ့တိုက် ပြိုလဲသွားပါတယ်။ အဲဒီနောက်မှာတော့ အိုစုဟာ တိုကိုင်ဒိုလမ်းမတစ်လျှောက်မှာဖြစ်စေ၊ ဘီဝါကန်တစ်ခွင်မှာဖြစ်စေ ကုန်းလမ်းရော ရေလမ်းအရပါ အရေးပါတဲ့နေရာလေးတစ်ခု ဖြစ်လာပါတယ်။ နောက်ပိုင်းမှာတော့ တိုကူဂါဝါရှိုဂွန်တေခေတ်မှာ ကုန်သွယ်မြို့တစ်မြို့ ဖြစ်လာပါတယ်။

ကုန်သွယ်မြို့မို့လို့ ကြွယ်ဝလာတဲ့ အိုစုမြို့ကလေးရဲ့ စိတ်ဓာတ်ဟာလည်း တန်ခွန်နတ်ဘုရားကို ကိုးကွယ်ယုံကြည်မှုတွေနဲ့ ပွဲတော်အတွက် တက်တက်ကြွကြွ ရှိနေတတ်ပါတယ်။ လမ်းတိုင်းမှာ ပူဇော်ဖို့ အပြင်အဆင်တွေ လုပ်ကြကာ တန်ခွန်နတ်ဘုရားကို ပူဇော်တဲ့နေ့မှာတော့ လမ်းတွေပေါ်မှာ စီတန်းလှည့် လည်ပြီး အပူဇော်ခံကြပါတယ်။ အီဒိုခေတ်(၁၆၀၀-၁၈၆၈)ခုနှစ် မရောက်မီအထိတော့ အဲဒီလိုပူဇော်ဖို့ ပြင်ဆင်တဲ့ မဏ္ဍပ်ကို ဆောက်တာ ၁၃ ခုပဲ ရှိခဲ့ပါတယ်။

အဲဒီအချိန်တုန်းက ကျွန်မဟာ ကျိုတိုမှာရှိတဲ့ ဒိုရှီရှတက္ကသိုလ်မှာ အချိန်ပိုင်းနည်းပြအဖြစ် ဝင်လုပ်နေချိန်ပါ။ ကံကောင်းစွာနဲ့ ကျွန်မရဲ့တပည့်ကောင်မလေး တစ်ယောက်က ယူတာတီယာမာဆိုတဲ့ လက်ဖက်ရည် ဧည့်ခံမဏ္ဍပ်တစ်ခုကို မိသားစုအနေနဲ့ ဆက်ခံထိမ်းသိမ်းထားသူပါ။ ကျွန်မရဲ့ မိသားစုနာမည်ကလည်း အိုစုဖြစ်တာမို့ ပွဲတော် နာမည်နဲ့ တူနေတာ ကံကောင်းသွားပါတယ်။ ဖြစ်ချင်တော့ တပည့်မလေးနာမည်ကလည်း နိုရီကိုပဲ ဖြစ်ပါတယ်။ တပည့်မလေးရဲ့ မိသားစုက ကျွန်မကို ပွဲတော်ကို လာလည်ဖို့ ဖိတ်ပါတယ်။ ပွဲတော် မတိုင်မီညနေမှာကတည်းက ပွဲတော် ကျင်းပမယ့် မိသားစုတွေနဲ့ ကျွန်မကို မိတ်ဆက်ပေးတော့ သူတို့ရဲ့ ပွဲတော်အပေါ် ရှိတဲ့စိတ်ကို အံ့သြကြည်နူးဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ အိုစုမတ်ဆူရီပွဲတော်ဟာ ကျွန်မရဲ့ အချစ်တော် ဖြစ်လာခဲ့ပါတယ်။

ပွဲတော်မှာ အစဉ်အလာတစ်ခု ရှိတာက မဏ္ဍပ်အပြင်အဆင်တွေမှာ အမျိုးသမီးတွေ ဝင်ကြရပေမယ့် ဖျော်ဖြေရေးအဖွဲ့နဲ့ မဏ္ဍပ်ပေါ်ကိုတော့ တက်ခွင့်မရတာပါပဲ။



အစဉ်အလာကိုတော့ ကျွန်မရဲ့ တပည့်မလေး နိုရီကိုက ဆန့်ကျင်လိုက်ပါတယ်။ လူငယ်လေးတွေကို စုစည်းပြီး လမ်းပေါ်မှာ ကော်ဇောနီခင်းကာ သစ်သားခုံတန်းတွေ ချပြီး လက်ဘက်ရည်ဆိုင်လေး တည်လိုက်ပါတယ်။ ဂျပန်ရိုးရာ အချိုတလေးတွေနဲ့ လက်ဘက်ရည်စိမ်းရေနွေးကြမ်းကို ရောင်းပြီး ရန်ပုံငွေ ရှာသလို ပွဲတော်ကို ပါဝင်ဆင်နွှဲပါတော့တယ်။ အဲဒီဆိုင်လေးက ရတဲ့ငွေဟာ မဏ္ဍပ်ဟောင်းတွေကို ထိမ်းသိမ်းဖို့ လုံလောက်တဲ့အလှူငွေ ရခဲ့ပါတယ်။ ဒီလိုနဲ့က အိုစုပွဲတော်ရဲ့ ကာလရှည်ကြာခဲ့တဲ့ အမျိုးသားများကြီးစိုးတဲ့ သဘာဝကို ကျွန်မရဲ့ တပည့်မလေးနိုရီကိုက ဦးဆောင်ပြီး အဆုံးသတ်စေလိုက်နိုင်ခဲ့ပါတယ်။

တကယ်တော့ တပည့်နိုရီကိုရဲ့ အိမ်နားက ကိုကာရာဆာကီချိုလမ်းပေါ်မှာပဲ ကျန်တော်ဝင်ပုလိပ် ဆန့်ဖိုစုဒါရဲ့ ဓားချက်ကြောင့် ရှုရှရဲ့ နောက်ဆုံးအင်ပါယာ နီကိုလိုင်(၂)ဟာ ကွယ်လွန်ခဲ့ရပါတယ်။ တကယ်လို့ အမျိုးသားတွေရဲ့ လက်ထဲကို ပွဲတော်အပ်ထားရင် သူတို့က ဒေသခံတွေရဲ့ သမိုင်းတွေကို ချန်ထားပြီး ကျင်းပသွားနိုင်ပါတယ်။ ဒေသခံဆိုတာ သူတို့ရဲ့သမိုင်းကို တခြားဧည့်သည်တွေ သိအောင် ပြောပြဖို့ တာဝန်ရှိတာပေါ့။ မိန်းကလေးတွေကတော့ ဧည့်သည်တွေအနေနဲ့ အိုစုပွဲတော်ကို ပျော်ဖို့ချည်း မဟုတ်ဘဲ အိုစုမြို့သမိုင်းကို မြည်းစမ်းသွားနိုင်ဖို့ပါ ကြိုးစားကြပါတယ်။ ဒီလိုအတွေးမျိုးက မိန်းကလေးတွေရဲ့ လက်ဆောင်ပဲပေါ့။

၁၉၈၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်မှာ ကျွန်မက စုနဲ့ ကင်မ့်ကို အိုစုပွဲတော် ဆီ အလည်လာဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူတို့က အပြည်ပြည်ဆိုင်ရာ ဧည့်ဂေဟာမှာ နေနေကြပြီ ဖြစ်ပါတယ်။ ကျွန်မက သူတို့ကို ဂျပန်ရိုးရာပွဲတွေအကြောင်းလည်း သိစေချင်သလို ဂျပန်မလေးတစ်ယောက်ရဲ့ အမျိုးသားကမ္ဘာကို ဆန့်ကျင်တတ်တဲ့ စိတ်ဓာတ်ကိုလည်း တွေ့စေချင်ပါတယ်။ ကျွန်မရဲ့ ခင်ပွန်းကလည်း သူ တက်နေတဲ့ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲမှာ ခဏနားချိန်ရတုန်း အတူတက်ဖော် ဆိုဗီယက်ယူနီယံက ပညာရှင်တွေနဲ့အတူ အိုစုပွဲတော်ကို လာမှာပါ။

စုတို့နဲ့အတူ ပွဲတော်လမ်းပေါ် လျှောက်ကြတော့ ရွှေလျားမဏ္ဍပ်တွေကို လမ်းတွေပေါ် ဆွဲလာကြတာကို ကျွန်မတို့ တွေ့ကြရပါတယ်။ လူကြီးလူငယ် ယောကျ်ားလေး အားလုံးက မဏ္ဍပ်တင်သုံးဘီးတပ်လှည်းကို ဆွဲကြရာမှာ ယူနီဖောင်းကိုယ်စီနဲ့ ငြိ ကြည့်လို့ သိပ်ကောင်းပါတယ်။ အဖွဲ့အစည်းတွေရဲ့ တံဆိပ်တွေကို ထိုးထားကြသလို အလုပ်သမားဘောင်းဘီမျိုးလည်း ဝတ်ထားကြပါတယ်။ နောက် ခြေမနဲ့ခြေချောင်း တွေကို ခွဲပြီး ထိုးသွင်းရတဲ့ လည်ရှည်ဘွတ်ဖိနပ်လိုမျိုး ဂျပန်ရိုးရာ ဂျီကာတာဘီ ဖိနပ်ကိုလည်း ဆင်တူစီးထားကြပါတယ်။ လှည်းကို ဆွဲစဉ်မှာ သူတို့ ရဲ့ ဖိနပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်နေအောင် ခြေဖဝါးကို မြေပြင်မှာ ကပ်ထားကြကာ ခါးကို ကုန်းနေအောင် ဆွဲကြကာ မဏ္ဍပ်ပေါ်က ဂီတပညာရှင်ရဲ့ ဖျော်ဖြေမှုကိုလည်း နားစွင့်ရပါတယ်။ ဘီးတွေ အရှေ့ကို ထိန်းပြီး တရွေ့ရွေ့နဲ့ သူတို့က မဏ္ဍပ်လှည်းကို ဆွဲလာကြတာပါ။

စုကတော့ ကျွန်မရှင်းပြတာတွေ နားထောင်ရင်းနဲ့ပဲ မြင်ရသမျှတွေကို ငေးမောနေခဲ့ပါတယ်။ သူမျက်လုံးတွေက လှည်းဆွဲနေသူတွေရဲ့ တစ်ကိုယ်လုံးကို လိုက်ကြည့်ရာက ခြေထောက်တွေဆီအရောက်မှာတော့ ခေါင်းပြန်မမော့လာနိုင်တာ အတော်ကြာတဲ့အထိပါပဲ။ 'နီရီကိုရေ အဲဒီလူတွေ စီးထားတဲ့ ဖိနပ်က ထူးဆန်းလိုက်တာ။ ဘာဖိနပ်လဲဟင်' လို့ မေးပါတော့တယ်။ ကျွန်မက အိမ်ထဲမှာ စီးဖို့ ထုတ်တဲ့ ခြေမနဲ့ ခြေချောင်းလေးတွေ ခွဲစွပ်ရတဲ့ ခြေအိတ်ကို တာဘီလို့ ခေါ်ကြကြောင်းနဲ့ အဲဒီပုံစံကို အတုယူကာ အခုလိုဖိနပ်မျိုး ပေါ်လာတဲ့အကြောင်း ရှင်းပြဖြစ်ပါတယ်။ ဒီဖိနပ်မှာ အောက်ခံက ရော်ဘာ ဖြစ်ပါတယ်။ ခေါင်မိုးပေါ် တက်ရတဲ့အခါတို့၊ လမ်းဖြင်တဲ့အခါတို့မှာ အသုံးတည့်ပါတယ်။ ခြေမက သီးခြားထုတ်ထား နိုင်တဲ့အတွက် ခြေကုပ်အား ကောင်းတာမို့ ဂျပန်က လမ်းပြင်သူတွေ၊ ငြမ်းအမြင့်တွေပေါ် အလုပ်လုပ်ရသူတွေက ဂျကာတာဘီဖိနပ်ကို သိပ်သဘောကျကြပါတယ်။

'အဲဒီဂျကာတာဘီဖိနပ်ကို ဘယ်မှာ ဝယ်ရမလဲဟင်' လို့ စုက မေးပါတယ်။ သူက ဒီဝေါဟာရကို တစ်ခါပဲ ကြားဖူးပေမယ့် အသံထွက်မှန်အောင် ပြောနိုင်ပါတယ်။ 'ဘာလို့ ဝယ်ချင်တာလဲ' လို့ ကျွန်မက မေးတော့ 'ကျွန်မ ဝယ်ဖို့ စိတ်ပိုင်းဖြတ်လိုက်တယ်။ ကျွန်မက မြို့လည်သွားဖို့ ရထားစီးရင် စီးမှာပေါ့။ ဒါမှ ပလက်ဖောင်းပေါ်ကနေ ခြေချော်မသွားမှာ' လို့ သူက ဆိုပါတယ်။

သူတို့နေတဲ့ အိမ်ခန်းလေးကို ကျွန်မ သွားလည်တော့ သူ့မှာ ဖိနပ် အသစ် ၆ ရံတောင် ရှိနေတာကို တွေ့လိုက်ရပါတယ်။ 'ဘာလို့ဖိနပ်တွေ အများကြီး လိုနေတာလဲ' လို့ မေးတော့ 'ကျွန်မရဲ့ တစ်ခုတည်းသော သဘောကျတဲ့အရာလေ' လို့ ပြန်ဖြေပါတယ်။ အမလေးလေး၊ နောက်ဆုံးတော့ သူ ဖိနပ်ကြိုက်တာ ဂျကာတာဘီ ထိ အဆင့်ပါသွားပါရောလား။ ကျွန်မက ရယ်စရာတစ်ခုကို မြင်ယောင်နေမိပါတယ်။ လုံချည်ဝတ်လေ့ရှိတဲ့ စုက စက်ဘီးပေါ်မှာ ဂျကာတာဘီကို စီးပြီး ကာမိုမြစ်တစ်လျှောက် သွားနေတဲ့ပုံပေါ့။ အို၊ ကျွန်မ ဘယ်လိုလုပ်ရပါ့။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိပေမယ့် သူ့မှာ အဲဒီစိတ်ကူးကို စွန့်လွှတ်သွားအောင် ကျွန်မက ဘယ်လိုလုပ်နိုင်မှာပါလိမ့်။ ကျွန်မက ဒီဖိနပ်ဟာ အလုပ်ကြမ်းသမားတွေအတွက်ပါလို့များ ပြောလိုက်ကတော့ ခွဲခြားဆက်ဆံမှုလို့ ဝေဖန်ခံရဦးမှာကိုး။ 'ဒီဖိနပ်ဘယ်မှာ ရောင်းလဲဆိုတာ သိတယ် မဟုတ်လား' စုက ထပ်



…ပါတယ်။ 'သိတယ်လေ။ နီယိုတံတားနားကနေ အရှေ့ဘက်နည်းနည်း …ရင် ရပြီ' လို့ ဖြေတော့ သူ့ကို အဲဒီဆိုင်ဆီ ပို့ပေးဖို့ ပြောတော့တာပါပဲ။

ကျွန်မလည်း သူ့တောင်းချောက်ထဲ ပိတ်မိတော့မလို့ပါပဲ။ နောက်မှ အရှေ့…အာရှလေ့လာရေးဌာနမှာ တိုင်းပြည်အသီးသီးက ပညာရှင်တွေ ဝင်ထွက်နေတာမို့ …လို့ ဖိနပ်မျိုးကို စီးဖို့ မသင့်တော်ဘူးလို့ အတန်တန် ဖြောင်းဖျရပါတော့တယ်။ …တို့ရဲ့ စကားပုံတစ်ခုမှာလည်း 'ပစ္စည်းမှန် နေရာမှန်' ဆိုတာရှိတာမို့ ကိုယ့်နေ…ကိုယ့်ပစ္စည်းတွေကို သူ့ဟာနဲ့သူ သင့်တော်အောင် ထားရမယ့်အကြောင်းလည်း …ပေါ့။ သူကတော့ ကျွန်မ ပြောချင်တာကို သိပ်သဘောပေါက်ပုံ မရပေမယ့် …ဆုံးမှာတော့ စိတ်မပါ့တာပါနဲ့ပဲ ကျွန်မရဲ့ အကြံကို လက်ခံလိုက်ပါတယ်။

အဲဒီလို ဂျကာတာဘီဖိနပ်ကိစ္စ ငြင်းခုံနေကြတာနဲ့ပဲ ကျွန်မခင်ပွန်းနဲ့ ချိန်း…တဲ့အချိန်က ကျော်သွားပါပြီ။ ကျွန်မရဲ့ တပည့်မလေး နီရီကို့အိမ်ကို ရောက်တော့ …ဧည့်သည်တွေကို ဧည့်ခံတဲ့ အစီအစဉ်က ပြီးတောင်သွားပါပြီ။ အဲဒီနေ…ရဲ့ ဧည့်သည်တွေကတော့ ရုရှကပညာရှင်တွေ၊ ဂျပန် စာသင်နေ…အမေရိကန်ကျောင်းသားလေးတွေ၊ ကျွန်မတို့ လင်မယားနှစ်ယောက်နဲ့ စုတို့…သားအမိနှစ်ယောက်ပေါ့။ တကယ်တော့ ဂျပန် အိမ်လေးတွေက လူ ၃၀ …ပြီး မဆန့်တတ်ပါဘူး။

ကျွန်မတို့အားလုံး အိမ်ထဲမှာ နေရာယူပြီး မကြာခင်မှာပဲ အိမ်အောက်ဆုံးထပ်မှာ …မိဖျာတွေ ခင်းထားတဲ့ အခန်းလေးထဲ ပုလွေသံနဲ့ ခေါင်းလောင်းသံတွေ …ပါတော့တယ်။ လက်ဘက်ရည်ပွဲမှာ တစ်လျှောက်လုံး အေးအေးငြိမ်းငြိမ်း …ဆိုတာကို မေ့သွားကြသလိုပဲ ဧည့်သည်တွေအားလုံးက အပေါ်ထပ်ကို …အလွှား တက်ကြပါတော့တယ်။ ပွဲတော်ရက်တွေမှာ အိမ်တွေအားလုံးဟာ …ထပ် ပြူတင်းပေါက်တွေအားလုံးကို ဖွင့်ထားတတ်ကြပါတယ်။ တာတာ…တွေကို ခင်းထားပုံကလည်း ပြဇာတ်ရုံကြီးထဲမှာ သီးသန့်အခန်းဖွဲ့ခုံလေးတွေ …။ ရွှေလျားမဏ္ဍပ်တွေရဲ့ စင်အမြင့်က အိမ်အပေါ်ထပ်နဲ့ ကြမ်းတပြေးတည်း …ရှိတာမို့ အခုတော့ ကြမ်းပေါ်ထိုင်နေရတာနဲ့ မတူဘဲ အဆင့်မြင့်ပွဲကြည့်…လို ခံစားနိုင်တယ်လေ။ ဒါကြောင့် မဏ္ဍပ်တွေ လှည့်လာတဲ့အခါမှာ ဧည့်တွေက …ထပ်ကို အပြေးတက်ကြတော့တာပါ။

…ကင်မ်က ဧည့်တွေအားလုံးရဲ့ ရှေ့ဆုံးက အလယ်မှာ ထိုင်လိုက်ကြပါတယ်။ …မက သူတို့ကို ရှင်းပြဖို့ အနောက်ကပ်လျက်မှာပဲ နေရာယူလိုက်ပါတယ်။ …ယောက်ယောက်က 'ရှိမိ၊ ရှိမိ' လို့ ရွတ်လိုက်ပါတယ်။ ဂျပန်တစ် ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အော်လိုက်ရင်ပဲ ဧည့်သည်တွေက 'ရှိမိ၊ ရှိမိ'လို့ သံပြိုင်လိုက်အော်ပါတော့တယ်။ ဒီဒေသခံတွေရဲ့ အသံထွက်က နည်းနည်းကွဲတော့ ကျွန်မက ဘာကိုဆိုလိုမှန်း ချက်ချင်းမသိပါဘူး။ နောက်မှ 'ရှိမိ'ဆိုတာ 'I want'လို့ ပြောကြောင်း သိသွားပါတော့တယ်။ လူတွေက မဏ္ဍပ်ပေါ်က ဖျော်ဖြေသူတွေကို 'ဆိုပြတီးပြပါဦး။ ကြည့်ချင်တယ်'လို့ ဩဘာပေးကြပြီး သူတို့ကလည်း ပွဲကြည့်သူတွေ အတွက် ဆိုတီးပြကြပါတယ်။ ဂျပန်ခေါင်းလောင်းကလေးက ကန့်ကန့်ချီ ကီချီကီလို့ မြည်နေသလို မုံကလည်း ဘုကုဘုကုဒွန်ဘုကုလို့ အသံထွက်ပါတယ်။ ပုလွေကတော့ စိတ်မရှည်တရှည်နဲ့ ဟျူဟျူဟိုဟိုဟိုလို့ ချွဲတော့တာပါ။ လူတွေကလည်း သံစဉ်ကိုလိုက်ပြီး ဂျပန်လို တစ်မျိုး၊ ရှုရှလိုတစ်သွယ်၊ အမေရိကန်လို တစ်နည်း၊ မြန်မာလိုတစ်ဖုံနဲ့ ယိမ်းထိုးလှုပ်ရှားလာကြပါတော့တယ်။

ကျွန်မတို့ရဲ့ 'ဖျော်ဖြေပြပါဦး' ဆိုတဲ့အသံကို ကြားတော့ ယူတာတီယာမာ ဖျော်ဖြေရေးရွေ့လျားမဏ္ဍပ်က ကျွန်မတို့ရှိနေတဲ့အိမ်ရှေ့မှာ ရပ်လိုက်ပါတယ်။ ဒီမဏ္ဍပ်က ကျွန်မတို့ရှိနေတဲ့အိမ်ရှိရာလမ်းရဲ့အပိုင်မဏ္ဍပ်မို့ စောင့်ကြည့်နေသူတွေဟာ ပိုပြီးတက်ကြွကာ စိတ်အားထက်သန်လာခဲ့ကြပါတယ်။ တပည့်မနီရီကိုရဲ့ အစ်ကိုကဆိုရင် သူ့အဘိုးနဲ့ သူ့အဖေလိုပဲ ပုလွေဖျော်ဖြေမှုကို အားရပါးရ စိတ်လှုပ်ရှားစွာ တင်ဆက်နေတာ သူ့ကိုယ်တစ်ခြမ်းတောင် ရွေ့လျားမဏ္ဍပ်အပြင်ကို ထွက်နေသလိုပါ။

ယူတာတီယာမာမဏ္ဍပ်က တန်ဆွန်ဘုရားကျောင်းမှာ ဘာသာရေးအရ လက်ဘက်ရည်ပွဲ ပြီးတာနဲ့ ထွက်လာခဲ့တာဖြစ်ပါတယ်။ မဏ္ဍပ်အလည်မှာတော့ ဘုရားဝတ်ပြုလိုသူတွေအတွက် နေရာရှိပြီး ပတ်လည်မှာ အမိုးပါစကြံလေး ရှိပါတယ်။ ဒီမဏ္ဍပ်လေးရဲ့ လျှို့ဝှက်ချက်ကတော့ ရှင်တိုဘုန်းကြီးတစ်ပါးက မကောင်းဆိုးဝါးတွေကို မောင်းထုတ်ပေးဖူးတဲ့နေရာ၊ လူတစ်ယောက်က ရေနွေးနဲ့ ဝါးရွက်တွေကို အပေါ်အောက်ဖြန်းပက်ကာ သန့်စင်အောင် လုပ်ပေးတဲ့နေရာ၊ မိန်းမငယ်လေးတစ်ယောက်က မုံတီးကာ ဂီတဖျော်ဖြေတဲ့နေရာဆိုတာပါပဲ။

အဲဒီလိုဟာတွေအားလုံး ဖျော်ဖြေဖော်ပြပြီးတဲ့အခါမှာတော့ ပုလွေသမား၊ မုံသမား၊ စည်သမားတွေ အားလုံးက ပုဝါတွေကို မြှောက်ကြသလို ဝါးရွက်နဲ့ ထုတ်ထားတဲ့ ဂျပန်ရိုးရာဆန်မုန့်တွေကိုပါ အိမ်ထဲကို ပစ်ပေးခဲ့ကြပါတယ်။ လူတွေအားလုံးက ပျော်ရွှင်ဝမ်းမြောက်စွာပဲ လက်တွေကို ဆန့်တန်းကာ လက်ဆောင်တွေကို ဆုပ်ဖမ်းကြတော့တာပေါ့။ ဒီလက်ဆောင်တွေရရင် ကံကောင်းလိမ့်မယ်လို့ အများက ယုံကြည်ကြတယ်လေ။ ကင်မ်ကလည်း မုန့်တစ်ခုနဲ့ ပုဝါတစ်ပိုင်း ရလိုက်ပါတယ်။ သူကတော့ ပျော်လွန်းလို့ 'ရေး..ရေး'လို့ အော်ဟစ်နေလေရဲ့။ ကျွန်မကိုတောင် ခပ်ကြွားကြွားဟန်မျိုး လုပ်ပြနေပါသေးတယ်။



စုကို ကြည့်ရတာလည်း ပါးလေးတွေ နီးမြန်းပြီး ပျော်နေပုံပါပဲ။ သူကတော့ [illegible]ဆောင်တွေကို အမိဖမ်းလိမ့်မှာ မဟုတ်ဘူးပေါ့။ တကယ်တော့ သူ လက်မထပ်ခင် [illegible]ကဆိုရင် အိမ်အဖော်တစ်ယောက်ယောက်က သူ့ကို ပြုစုပေးခဲ့တာမို့ သူက [illegible]ဝင်သူတစ်ယောက်လို နေခဲ့ပေမယ့် အခုတော့ အိမ်ရှင်မ ဖြစ်နေပြီမို့ ဘာမဆို [illegible]ဘာသာ စီမံခန့်ခွဲနေရပြီလေ။ သူက ဂျပန်ရိုးရာချိုမကီမုန့်ကို ကံကောင်းဖို့ဆိုပြီး [illegible]စရာလည်း လိုမှမလိုဘဲကိုး။ သူကိုယ်တိုင်က ကံကောင်းခြင်းတွေကို သယ်[illegible]သူ မဟုတ်လား။ တကယ်တော့ သာမန်လူတွေရဲ့အပြုအမူနဲ့ တော်ဝင်သူတွေရဲ့ [illegible]အမူတွေက ကွဲပြားတတ်တာ သဘာဝပဲလို့ ကျွန်မ တွေးနေမိပါတယ်။ ကျွန်မ [illegible] စုနောက်ဘက်ကို ကျလာတဲ့ ပုဝါတစ်ပိုင်းကို ပွဲတော်လက်ဆောင်အဖြစ် စု [illegible] ပေးခဲ့ဖြစ်ပါတယ်။

မဏ္ဍပ်က ကျွန်မတို့အိမ်ရှေ့ကနေဖြတ်ကျော်သွားခဲ့ပါပြီ။ နောက်ထပ်ရွေ့လျား[illegible]ပ်များစွာ အိမ်ရှေ့ကနေ တစ်ခုပြီးတစ်ခု ဖြတ်သွားခဲ့ကြပါတယ်။ မဏ္ဍပ်တိုင်း[illegible] လျှို့ဝှက်ပဋ္ဌလက်အစီအစဉ်တွေ ပါလို့ပါပဲ။ ဒါပေမယ့် ကျွန်မတို့ကို လက်ဆောင်[illegible] လှမ်းပစ်ပေးမယ့် မဏ္ဍပ်ကတော့ နောက်ထပ်မရှိတော့ပါဘူး။

ဖျော်ဖြေမှု ပြီးဆုံးသွားတဲ့အခါမှာတော့ အမေရိကန်ကျောင်းသားတွေက ပြန်[illegible]ခဲ့ပါတယ်။ ရှုရှက ဧည့်သည်နဲ့ ကျွန်မတို့အုပ်စုကိုတော့ လက်ဘက်ရည်[illegible]တ်ဖိတ်ကြားထားတာမို့ ဘေးက အခန်းဆီပြောင်းလာခဲ့ကြပါတယ်။ မစ္စအဝါဆာ[illegible] နေ့လည်စာကို ပြင်ဆင်ထားနှင့်ပါတယ်။ အဲဒီခေတ်က ရှုရှပညာတော်သင်[illegible]ကို ပြည်ပနိုင်ငံတွေ စေလွှတ်မှုတွေမှာ သိပ်မတင်းကြပ်တော့ပေမယ့် ဂျပန်မိ[illegible]အိမ်တွေကို ဖိတ်ကြားခံရတာမျိုးတော့ သူတို့လည်း မကြုံဖူးသေးချိန်ပေါ့။ [illegible]တော့ သူတို့က ဂျပန်ရိုးရာဆူရှီထဲက ဆာဘာဆူရှီ(ငါးသေတ္တာငါးဆူရှီ)နဲ့ ဆက်ိဟန်[illegible]ညှင်းနဲ့ ပဲနီမုန့်)ကို သိပ်မစားဖူးကြသေးပါဘူး။ သူတို့က ရှေးရိုးစွဲသူတွေပီပီ [illegible]ဆူရှီကို အစပိုင်းမှာ သိပ်မတို့ထိခဲ့ပေမယ့် သိပ်မကြာခင်မှာပဲ အရသာကောင်းတယ်[illegible] စားလာကြပါတယ်။

စုကတော့ ငါးဆူရှီကို သိပ်ခံတွင်းမတွေ့ဘဲ ကောက်ညှင်းပဲနီမုန့်ကို ထပ်[illegible]ည့်ပါတော့တယ်။ စုရဲ့ တူကိုင်ပုံကလည်း ဂျပန်တွေ တူကိုင်ပုံနဲ့ တူပါတယ်။ [illegible]ခံကို ကြည့်ရတာတော့ မဏ္ဍပ်ပေါ်က ပေးသွားခဲ့တာတွေနဲ့ ပြည့်နေသလို [illegible]စတစ်သေနတ်တစ်လက်လည်း ရထားလေတော့ သူ့ဘာသာ ကျေနပ်ပြီး ပိုက်[illegible]နေသလားပါပဲ။

'နီရီကိုရေ မစ္စအဝါဆာကီကို ပြောပြလိုက်ပါ။ ကောက်ညှင်းနဲ့ ပဲနီက ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ဆီမှာလည်း ရှိတယ်လို့။ ကျွန်မတို့က ကောက်ညှင်းပေါင်းလို့ ခေါ်တာလေ'လို့ ဆိုပါတယ်။ ကျွန်မက ပဲနီရော ရှိလားဆိုတော့ ရှိကြောင်း ဖြေပါတယ်။ အိမ်ရှင် ကလည်း မြန်မာမှာ ကောက်ညှင်းနဲ့ ပဲနီရှိတယ်ဆိုတာ သိပြီး သဘောတွေကျ တာပေါ့။ မြန်မာမှာ ဆကီဟာန်ရှိတယ်လို့ ပြန်ပြောနေလေရဲ့။

ကျွန်မတို့အိမ်အပြန် ဘူတာရုံဆီ လျှောက်လာကြတော့ ရှုရှုပညာရှင်တစ်ယောက် က သူ မြန်မာပြည်ကို ရောက်ဖူးကြောင်း ပြောလာပါတယ်။ စုက မြန်မာပြည်ကို ဘယ် လိုသဘောရလဲလို့ သူ့ကို မေးတော့ 'ပူတယ်။ မခံနိုင်လောက်အောင် ပူတယ်'လို့သာ အထပ်ထပ် ပြောနေပါတော့တယ်။ သူက အိန္ဒိယအသွားမှာ မြန်မာပြည်ကို ဝင်ခဲ့ တယ်လို့ဆိုတော့ ကျွန်မမှာ တံခါးပိတ်မူဝါဒရှိနေတဲ့ မြန်မာပြည်ကို ဘာလို့သွားခဲ့တာ လဲဆိုပြီး တွေးကြည့်တော့ ဆိုဗီယက်ရော၊ မြန်မာပါ ဆိုရှယ်လစ်နိုင်ငံတွေမို့ဆိုတာ သဘောပေါက်မိလာပါတယ်။ ဂျော့ရှ် အော်ဝဲလ်ရဲ့ 'တိရိစ္ဆာန်ကမ္ဘာ'တို့၊ '၁၉၈၄'တို့ ဆိုတာ ဆိုဗီယက်နဲ့ မြန်မာကို ကြည့်ပြီးရေးတယ်လို့ဆိုကြတယ် မဟုတ်လား တစ်နိုင်ငံက သိပ်အေးပြီး နောက်တစ်နိုင်ငံက သိပ်ပူနေတာတော့ ကွဲပြားတာ ပေါ့။ ရုရှနဲ့ မြန်မာမှာ နိုင်ငံရေးစိတ်ကူးတူပြီး ဂျပန်နဲ့ မြန်မာမှာတော့ ဆာကီဟာန်ချင်း တူတယ်လို့ ဆိုရမှာပေါ့လေ။

နိုင်ငံရေးစိတ်ကူးဆိုတာ အချိန်ပြောင်းလာရင် ပြောင်းလဲသွားနိုင်ပေမယ့် အ စားအစာကိုတော့ ပြောင်းဖို့ မလွယ်ကူပါဘူး။ ပိုပြီးလည်း အေးချမ်းတဲ့ တူညီမှု အစားအစာ တူရတာ ကောင်းတာပေါ့လို့ တွေးမိနေပါတယ်။ ကျွန်မနဲ့စု နှစ်ယောက် စလုံးက အောက်စ်ဖို့ဒ်မှာဆိုရင် နိုင်ငံခြားသားလို နေခဲ့ရတာကိုး။ ဒါပေမယ့် ကျွန်မက မြန်မာရော ဂျပန်မှာပါ တူညီတဲ့ အစားအသောက်ယဉ်ကျေးမှု ရှိနေတာကို ရှာတွေ့ မေ့နေခဲ့တာပါ။ ဒီအို့စုမတ်ဆူရီပွဲတော်ကပဲ ကျွန်မတို့ကို ဒီအတွေး တွေးမိအောင် ဖန်တီးခဲ့တာပေါ့။

## (၃) လူထုဘဝထဲက စု

စုနဲ့ကင်မ်တို့က ကျိုတိုဘူတာရုံရဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ အပြည်ပြည်ဆိုင် ရာ ညှိနှိုင်းဟောမှာ ဘဝအသစ်တစ်ခုကို စခဲ့ကြပါပြီ။ စုကတော့ အောက်စ်ဖို့ဒ်က ဘဝနေထိုင်နည်းကိုပဲ ပြန်သုံးပါတယ်။ ချွေတာရေးလည်းဖြစ်အောင်နဲ့ ကားရှေ့ ကျပ်တာကိုလည်း ရှောင်ရာကျအောင် စုက စက်ဘီးအဟောင်းတစ်စီးကို ဝယ် လိုက်ပါတယ်။ ခြောက်လလုံးလုံး သူက မြန်မာဝတ်စုံဝတ်ပြီး အဲဒီစက်ဘီးတစ်စီးနဲ့ လျှောက်သွားတော့တာပါပဲ။ ကင့်မ်ကလည်း မူလတန်းကျောင်းလေးမှာ ကျောင်း



...လို့ ရသွားပါတယ်။ ပြဿနာကတော့ သူက ဂျပန်လို လုံးဝနားမလည်တော့ စာ ...မလုပ်တော့ပါဘူး။ စုက ဗြိတိသျှကောင်စီက ငှားလာပေးတဲ့ အင်္ဂလိပ်စာအုပ် ...ကိုပဲ အတန်းထဲမှာ ထိုင်ဖတ်ပြီး ကျောင်းက ကျွေးတာတွေ စားပေါ့။ သူက ...ကျောင်းသွားရတာ ပျော်တယ်။ စာကြည့်စရာ မလိုပေမယ့် ကျွေးတာက ...စားနိုင်တယ်လေ'လို့ ပျော်ပျော်ပဲ ပြောပါတယ်။

စုက အင်္ဂတေနဲ့ ဆောက်တဲ့ အိမ်တွေကို မယဉ်ပါးဘူး ထင်ပါရဲ့။ ပိတ်ရက် ...မှာ ကျွန်မတို့အိမ်ကို ရောက်လာရင် သူ ဘယ်လောက် စိတ်လက်ပေါ့ပါး ...ကြောင်း ပြောလေ့ရှိပါတယ်။ နို့ဝင်ဘာလမှာတော့ သူက ခရစ်စမတ်မှာ ...တာလည်ကြမယ့် မိုက်ကယ်နဲ့ အလက်ဇန္ဒားတို့အတွက် လေယာဉ်လက် ...ယ်ပေးရမှာမို့ လျှော့ဈေးဆိုင်ကို ခေါ်သွားပေးဖို့ ပြောလာပါတော့တယ်။ စုက ...မှာနေခဲ့တုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ဟာ အိန္ဒိယလေကြောင်း ...မှာ လုပ်တာမို့ သူက အဲဒီလေကြောင်းလိုင်းကနေပဲ လတ်မှတ်ဝယ်တတ်ပါ ...။

အဲဒီအချိန်မှာ လန်ဒန်မှာ ဘော်ဒါနေနေတဲ့ အလက်ဇန္ဒားက နယူးဒေလီကို သွား ...ဆင်းမလားကနေလာမယ့် မိုက်ကယ်နဲ့ တွေ့ကာ ဂျပန်ကို အတူလာကြရမှာပါ။ ...လည်း အဲဒီလိုပဲ စီစဉ်ပေးရမှာဖြစ်ကာ လက်မှတ်ဖိုးတွေကိုတော့ စုက ပေး ...ပါ။ သူက မမောတမ်းပဲ လေယာဉ်ခရီးစဉ် အချိန်ဇယားကို ကြည့်ပြီး စိတ်ရှည် ...ရှည် ရွေးနေလေရဲ့။ ကျွန်မကတော့ အဲဒီဘေးမှာ ရပ်ရင်းကို ပင်ပန်းလို့ လာ ...တာပဲ။ ဈေးလျှော့ပေးတယ်ဆိုပေမယ့် အပြန်လက်မှတ်တွေက သိပ်မချိုလှပါ ...ငွေလည်း ချေပြီးရော သူက သက်ပြင်းကြီး ချလိုက်ကာ 'နိုရိကိုရေ ယောကျ်ား ...ဆိုတာ ဘယ်လောက်များ ဒုက္ခပေးတဲ့ သတ္တဝါတွေများပါလိမ့်နော်'လို့ ဆိုလိုက် ...တော့တယ်။

စုက လစဉ်ဝင်ငွေအဖြစ် စကောလောရှစ်က ယန်းငါးသိန်း ပေးပါတယ်။ အဲ ...ကာ ကျွန်မခင်ပွန်းရဲ့ လက်ထောက်ပါမောက္ခလစာဟာ အခွန်ဖြတ်ပြီးတဲ့ ...မှာတောင် လစဉ်ယန်းသုံးသန်းနှစ်သိန်းမို့ အတော်အဆင်ပြေပါရဲ့။ စုအတွက် ...တော့ 'ကျွန်မက မြန်မာသံရုံးကို ဝင်ငွေရဲ့ ဆယ်ရာခိုင်နှုန်းပေးရတာမို့ ယန်းငါး ...င် ပေးရမယ်လေ'လို့ဆိုတာမို့ သူ့ဝင်ငွေဟာ သိပ်တော့မဟန်လှဘူး ဆိုရမှာပါ။ ...အဲလိုသာ မပေးရရင် ကောင်းမှာပဲ'လို့ စုက ပြောပါသေးတယ်။ ကျွန်မက သံ ...ဘာအတွက် ပေးရတာလဲလို့ မေးတော့ စုက ဘာမှ ပြန်မဖြေခဲ့ပါဘူး။ ဘာ ...ဖြစ် ပေးရမှာပေါ့လို့တော့ ပြောလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မှာရှိတဲ့ မြန်မာတွေအနေနဲ့ သူတို့ရဲ့ လစဉ်ဝင်ငွေထဲက ၁၀ ရာခိုင်နှုန်းကို မြန်မာသံရုံးကို ပေးစရာ မလိုခဲ့ပါဘူး။ ၁၉၄၇ ခုနှစ် ဝန်ကြီးချုပ်အက်တလီနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ သဘောတူညီချက်မှာကို အဲဒီကိစ္စ ထည့်ပြောခဲ့ကြတယ်လို့ဆိုပါတယ်။ ဂျပန်နဲ့ မြန်မာကြားမှာတော့ အဲဒီသဘောတူညီချက်ကိစ္စမျိုး မရှိပါဘူး။ ဂျပန်မှာ အလုပ်လုပ်နေတဲ့ မြန်မာတွေအနေနဲ့ သူတို့လခထဲက ၁၀ ရာခိုင်နှုန်းကို ဂျပန်အစိုးရက ဖြတ်တောက်ပြီးမှ ပေးတာမို့ မြန်မာသံရုံးဘက်ကိုပါ အခွန်ထပ်ပေးရတာမျိုးက မဖြစ်သင့်ဘူးလို့ ကျွန်မ ထင်ပါတယ်။ ဒါဟာ ဂျပန်နိုင်ငံရဲ့ အခွန်ဥပဒေနဲ့လည်း ဆန့်ကျင်နေပါတယ်။ (အခုအချိန်မှာတော့ မြန်မာအလုပ်သမားတိုင်းဆီက ယန်းတစ်သောင်းနှုန်း ကောက်ခံနေပါတယ်) ဒီကိစ္စကို ဂျပန်အစိုးရက မကြာခဏ ကန့်ကွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီလို ကောက်ခံပုံက ကျွန်မတို့ဆီမှာ ယာကူဇာတွေ လောင်းကစားပိုင်းတွေဆီက ငွေကောက်ပုံမျိုးနဲ့ တူနေပါရဲ့။ ဒီငွေကို ဘယ်သူကမှလည်း ကြည်ကြည်ဖြူဖြူ မပေးချင်ကြပါဘူး။

စုက ဂျပန်ကို ရောက်လာချိန်မှာ သူ့လက်ထဲ ဘာငွေမှမရှိပါဘူး။ သူက အောက်တိုဘာလဆန်းမှာ ငွေရတော့မှာပဲလို့ သိနေလေတော့ ဂရုလည်း မစိုက်ပါဘူး။ 'ကျွန်မက ပိုက်ဆံ မရှိဘဲလည်း အမြဲအဆင်ပြေအောင် လုပ်နိုင်ပါတယ်'လို့ ပြောလေရဲ့။ ဒီလို အကြောက်အလန့် မရှိတာကပဲ သူ့ရဲ့ အောင်မြင်ရေးသော့ချက် ဖြစ်မှာပါ။ သူရမယ့်ငွေက များကောင်းများမှာဖြစ်ပေမယ့် အခန်းငှားခ၊ ကျန်းမာရေးအာမခံနဲ့ စားသောက်ကုန်ဈေးနှုန်းတွေက များလေတော့ မလွယ်ပါဘူး။ သူက သုတေသနလုပ်ဖို့ အာရုံထားပြီး ရသမျှငွေလေးတွေကို စုဆောင်းခဲ့ပါတယ်။ ဒါပေမဲ့ မိုက်ကယ်တို့ သားအဖအတွက် လေယာဉ်လက်မှတ်ဖိုး အကုန်ခံရဖို့ ဖြစ်လာခဲ့ပါရော။ စုရဲ့ ပထမစာတွေထဲမှာ မိုက်ကယ်က သူ့ဆီ လိုက်လာမယ်လို့ မပါခဲ့ပါဘူး။ တကယ်တော့ မိန်းမတစ်ယောက်အဖို့ သူ့ကလေးတွေထက် ခင်ပွန်းကို ဂရုစိုက်ပေးဖို့လိုနေခြင်းပါရော။ သူတို့က ပိုပြီးတောင်းဆိုတတ်သူလေ။ ယောကျ်ားဆိုတာ ကျွန်မတို့လို မိန်းမတွေအတွက် အမြဲပြဿနာပေးနေကြတာ မဟုတ်လား။ ကျွန်မတို့နှစ်ယောက်သား သက်ပြင်းလေးများ ပြိုင်ချလိုက်ကြတာမို့ လေယာဉ်လက်မှတ်ရောင်းသူက ရယ်မောလိုက်ပါတယ်။

ဒီဇင်ဘာ ၂၀ ရက်မှာတော့ မိုက်ကယ်နဲ့ အလက်ဇန္ဒား ရောက်လာပါတယ်။ စုက ခရစ္စမတ်ညစာလေး ပြင်ဆင်ပြီး ပါမောက္ခယိုကိုယားမားနဲ့ ဇနီးရယ်၊ သူ့ရဲ့ ဂျပန်စာ ဆရာမမိချိုကိုရယ်၊ ကျွန်မရယ်ကို ဖိတ်ကြွေးကာ ကျေးဇူးစကားဆိုပါတယ်။ သူ့အခန်းလေးရဲ့ နံရံနဲ့အမိုးမှာ အလက်ဇန္ဒား အင်္ဂလန်က ယူလာတဲ့ အလှအပ



ဆင်တန်ဆာဆင်တဲ့ပစ္စည်းလေးတွေနဲ့ လှလှပပ ပြင်ဆင်ထားပါတယ်။ ကလေးတွေကတော့ ပျော်နေကြတာပေါ့။ ညစာကို အသားကောင်းကောင်းနဲ့ ပြင်ဆင်ထားတာမို့ ငှက်တစ်ကောင် ပိုက်ဆံအိတ်လေး ပိန်တော့မှာပဲလို့ ကျွန်မလည်း ပူပန်နေမိပါတယ်။ စုက အောက်စ်ဖို့ဒ်က ယူလာတဲ့ အဆောပလာအချို့နဲ့ ခရစ္စမတ်ပူတင်းကို ဖုတ်ပေးပါတယ်။

ကလေးတွေကတော့ အခန်းထဲမှာ အငြိမ်မနေနိုင်ကြပေဘူး။ ကော်ရစ်ဒါတလျှောက် ပြေးလွှားကြပြီး ဧည့်ဂေဟာထဲက တခြားကလေးတွေကို ရှာကြလေရဲ့။ ဧည့်ဂေဟာမှာ နေကြတာက နိုင်ငံခြားသားပညာရှင်တွေမို့ အင်္ဂလိပ်လို ပြောနိုင်ကြမယ့်သူတွေ မဟုတ်လား။ ဂျပန်ကျောင်းမှာ စကားမပေါက်ပေမယ့် ဒီမှာတော့ သူတို့ စကားပြောစရာလူ ရှိနေတာကိုး။ ဒီတော့ သူတို့က ဒီက ကလေးတွေကို ရှာဖွေပေါင်းသင်းရတော့တာပေါ့။ တကယ်တော့ ဧည့်ဂေဟာမှာရှိသူတွေက ပညာရှင်အဖြစ်လာတဲ့သူတွေမို့ မငယ်ကြတော့ပါဘူး။ ဒီတော့ စုက အစ်ကိုကြီး၊ အစ်မကြီးတွေရယ်လို့လေးစားဖို့နဲ့ သွားရှုပ်သလို မလုပ်မိစေဖို့ သူ့သားတွေကို သွန်သင်ပါတော့တယ်။ ဒါပေမယ့် ဧည့်ဂေဟာမှာရှိနေတဲ့ ပညာတော်သင်နဲ့ ပညာရှင်တွေ အားလုံးကိုလိုက သူတို့ကို ချစ်ခင်ကြပါတယ်။

ဒီမှာက အောက်စ်ဖို့ဒ်နဲ့ မတူတာက ကိုယ့်အခန်းတံခါး ဖွင့်လိုက်တာနဲ့ လူ့အဖွဲ့အစည်းလေးတစ်ခုထဲကို လွယ်လွယ်ရောက်သွားနိုင်တာပါ။ စုက ဒီဂေဟာကို ရောက်တာနဲ့ မြန်မာပြည်က ပညာသင်တစ်ယောက်နဲ့ ဆက်သွယ်မိတော့တာပါပဲ။ တကယ်တော့ ဒါဟာ စုအဖို့ မြန်မာပြည်က လူငယ်ပညာရှင်နဲ့ တိုက်ရိုက်ဆက်ဆံခွင့်ရလိုက်တဲ့ ပထမဆုံးအခွင့်အရေးများ ဖြစ်လေမလားပါပဲ။

စုအနေနဲ့ မြန်မာပြည်ကလာတဲ့ ပညာတော်သင်နဲ့ ပညာရှင်တွေကို ပိုပိုပြီးတွေ့လာလေ မြန်မာပြည်ကလူတွေအနေနဲ့ သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်းအပေါ် ဘယ်လောက်ထိ ဂုဏ်ယူကြတယ်ဆိုတာကို သိလာလေလေ ဖြစ်ခဲ့ရပါတယ်။ စုအပေါ် သူတို့ဆက်ဆံပုံကို ကြည့်ရုံနဲ့လည်း အဲဒီလို ဗိုလ်ချုပ်အောင်ဆန်းအပေါ် လူတွေရဲ့ ချစ်ခင်လေးစားစိတ်ဟာ သိသာလွန်းလှပါတယ်။ ဒီလိုနဲ့ အောက်စ်ဖို့ဒ်က စုရဲ့ကျိုတိုက စုကြားမှာ ခြားနားလာတယ်လို့ ကျွန်မက တစ်စစ တွေးလာမိပါတယ်။ စုရဲ့ အိမ်ထောင်ရှင်မ၊ မိခင်နဲ့ သုတေသနသမားဆိုတဲ့ အခန်းကဏ္ဍတွေမှာ အပြောင်းအလဲ မရှိပေမယ့် ကျိုတိုက စုမှာတော့ သူ့ဆီမှာ မသိမသာ ရှိနေပြီးသား ဂုဏ်သိက္ခာတွေ ပြန်လည်ကာ နိုးထလာပါတယ်။ စုကိုယ်တိုင်ကလည်း အင်မတန်တော်တဲ့ မြန်မာ့ပညာတတ်လူငယ်တွေဆီက သူ့အပေါ် မျှော်လင့်ချက်ကြီးကြီးထားနေကြတယ်လို့ ခံစားလာနေရတယ်လို့လည်း ကျွန်မက သတိပြုမိလာပါတယ်။

www.burmeseclassic.com



ဒီလိုအပြည်ပြည်ဆိုင်ရာ ဧည့်ဂေဟာမှာ မြန်မာပြည်က ပညာရှင်လူငယ်တွေနဲ့ ထိတွေ့ဆက်ဆံခွင့်ရခဲ့တဲ့အချိန်ဟာ မြန်မာ့နိုင်ငံရေးအတွက် ရင့်မှည့်လာမယ့် မျိုးစေ့လေးအခြေကျခဲ့နိုင်တဲ့အချိန် ဖြစ်တယ်လို့ပဲ ကျွန်မက ထင်မိပါတယ်။

အဲဒီအချိန်တုန်းက စုအကြောင်းကို တွေးတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနဲ့ စုတို့သားအဖမှာ လွတ်မြောက်ရေးအတွက် ခြေလှမ်းလှမ်းပုံချင်း တူနေတာကို စိတ်ဝင်စားဖွယ် သတိထားမိလိုက်ပါတယ်။ သူတို့ နှစ်ယောက်စလုံးဟာ လှုပ်ရှားပြောင်းလဲမှုတစ်ခုကို မလုပ်ခင်မှာ ဂျပန်ကို ရောက်လာခဲ့ကြတယ် မဟုတ်လား။ ဒီကိုရောက်နေတဲ့ကာလတွေဟာ သူတို့နှစ်ယောက်စလုံးအတွက် နိုင်ငံရဲ့ အနာဂတ်အကြောင်းကိုပြီး တွေးတောစဉ်းစားချိန်ရခဲ့တဲ့ ကာလတွေလို့တောင် မြင်မိပါတယ်။ သူတို့ရဲ့ အိမ်မက်တွေ ပြည့်ဝလာအောင် ဘယ်လောက်အချိန်ယူခဲ့ကြပါသလဲ။ စိတ်ဝင်စားစရာ ကောင်းတာကတော့ မြန်မာပြည်အတွက် တစ်ခါက ဒေါမာန်ဟုန်သမားဂျပန်မြေဟာ သူတို့နှစ်ယောက်စလုံးရဲ့ အတွင်းစိတ်ထဲမှာ အပြောင်းအလဲ စတင်ဖို့အတွက် နေရာလေးသဖွယ်ဖြစ်ခဲ့တာပါ။

## (၄) ဗုဒ္ဓဘုရားရှင်ခွင့်မှ စု

စုက တစ်ခါတစ်လေ သိပ်ကို တင်းတင်းမာမာ ပြတ်ပြတ်သားသား ပြောတတ်ပါတယ်။ မိုက်ကယ်တို့ကတော့ အဲဒီလိုအပြောမျိုးတွေကို မကြားသလိုဘဲ ဘာဆိုဘာမှ ပြဿနာ မရှိပါဘူး။ ဒါပေမယ့် တချို့လူတွေအတွက်တော့ သူတို့ကိုယ်တိုင် စိတ်မကြည်သာနေချိန်မှာဆိုရင် အဲဒီလိုအပြောမျိုးတွေကြောင့် သူ့အပေါ်မှာ စိတ်မကြည်မလင် ဖြစ်သွားတတ်ကြပါတယ်။ ကျွန်မကိုယ်တိုင်လည်း တစ်ခါတစ်လေမှာ သူ့အပြောတချို့ကြောင့် စိတ်ဆိုးဖူးပါရဲ့။ ဒီလိုအကျင့်မျိုးကတော့ သူ့ရဲ့ ဦးနှောက်က အလွန်ပြေးလွန်းလို့ ဖြစ်ရတာပါပဲ။ အတွေးတစ်ခုခုအပေါ်မှာ သိပ်ကို ပြင်းပြင်းထန်ထန် ခံယူတတ်တာလည်း ပါမှာပေါ့။ ဒီအပေါ်မှာတော့ ကျွန်မအနေနဲ့ ဘာမှ စောဒကတက်စရာ မရှိဘူးလေ။

စု တို့တိုမှာရှိတဲ့အခိုက် မီဒီယာတွေမှာ မိနာမာတာချီဆိုကုမ္ပဏီကြောင့် အဆိပ်သင့်ခဲ့ရတဲ့လူတွေအကြောင်း အများကြီး ဖော်ပြနေခဲ့ကြပါတယ်။ အဲဒီအခါ စုက အဲဒီအဆိပ်သင့်သူတွေဟာ လျော်ကြေးငွေတွေချည်း တောင်းနေလို့ဆိုတာ လောဘကြီးသူတွေပဲလို့ ဝေဖန်ခဲ့ပါတယ်။ ကျွန်မကတော့ သူ့ရဲ့လမ်းကြောင်းလွဲသွားမယ့် ဝေဖန်ရေးကို လက်မခံနိုင်တာမို့ ထွက်နေတဲ့ ဒေါသတွေကို ထိန်းရင်းကနေ ဒီလူနာတွေ ခံစားရချက်ကို သေသေချာချာ မသိဘဲ အခုလို မဝေဖန်ဖို့ ပြောဖြစ်ပါ



တယ်။ ကျွန်မ စိတ်ဆိုးနေတာကို သူ နားလည်သွားတဲ့အခါမှာတော့ ခေါင်းလေးငုံ့ပြီး 'ကျွန်မ သိသွားပြီ' လို့ ဆိုလေရဲ့။

သူက နိုင်ငံရေးတရားမျှတစိတ်ရယ်၊ ဘာသာရေးအဆုံးအမရယ်တွေနဲ့ ကြီးပြင်းလာခဲ့တော့ သူ မှန်တယ်လို့ ခံယူထားတဲ့စံနဲ့ မတူကွဲပြားတဲ့ အတွေးရှိသူတွေအပေါ် စိန်ခေါ်တတ်ပြန်ပါတယ်။ ကျွန်မယောကျ်ားနဲ့ အငြင်းပွားလေ့ရှိတာကလည်း ရှုပါပဲ။ အဆုံးမှာတော့ စုကပဲ အငြင်းအဆန်မရှိ ကျွန်မခင်ပွန်းရဲ့အတွေးတွေကို လက်ခံသွားတတ်ပေမယ့် စုက ကျွန်မခင်ပွန်းကို အဖေလိုတစ်မျိုး အစ်ကိုလိုတစ်သွယ် ချစ်ခင်ခဲ့ပါတယ်။ သူတို့နှစ်ယောက်စလုံးက လူမှုသိပ္ပံသမားတွေလေ။ အအွေးကောင်းပုံချင်းလည်း တူတာကိုး။

တစ်နေ့တော့ သူက စုနဲ့ ကျိုတိုမှာ ညစာအတူစားခဲ့ပါတယ်။ တွေ့တွေ့ချင်းမှာပဲ စုက 'အိုဆာကာ လူတွေက ကျွန်မကို သိပ်ပြင်းထန်တယ်။ အရမ်းပွင့်ပွင့်လင်းလင်းပြောလွန်းတယ်လို့ ဆိုကြတယ်။ ရှင်ရော အဲဒီလိုထင်လား' လို့ မေးလိုက်ပါတယ်။ ကျွန်မခင်ပွန်းက လူတွေရဲ့မှတ်ချက်တွေက စုအပေါ် ထိခိုက်သွားတယ်လို့ထင်မိပေမယ့် စုရဲ့ လွတ်လပ်စွာတွေးခေါ်ပြောဆိုမှုကလည်း ဂျပန်လူမှုဝန်းကျင်နဲ့ အံဝင်ခွင်ကျ မဖြစ်ဘူးလို့ ထင်ပါတယ်။ 'အိုကေပါ စု၊ ခင်ဗျားလည်း ခင်ဗျားစိတ်မိသလို ရိုးရိုးပဲ ပြောလေ။ ကျွန်တော်လည်း ကျွန်တော် လုပ်နိုင်ခဲ့သလိုပဲ လုပ်မယ်။ မဟုတ်ဘူးလား။ အဲဒီလို မလုပ်နိုင်ဘူးရယ်လို့ မရှိဘူး မဟုတ်လား' လို့ သူက ပြန်ဖြေခဲ့ပါတယ်။

စုဟာ ဂျပန်မှာ နေခဲ့စဉ်က ဂျပန်ကလူတွေအနေနဲ့ သူ့အပေါ် ဘယ်လိုတွေ တွေးထင်မြင်တယ်ဆိုတာ ကျွန်မ မသိပါဘူး။ သူက လူတွေရှေ့မှာ သူ့ရဲ့ အားနည်းချက်ကိုပဲဖြစ်ဖြစ်၊ အချစ်ခံရအောင်ပဲဖြစ်ဖြစ် ဘာကိုမှ ပြသလုပ်ဆောင်မှာ မဟုတ်ဘူးလေ။ စုက ကျွန်မရှေ့မှာတော့ ပွင့်ပွင့်လင်းလင်း ပြောဆိုနေထိုင်ပါတယ်။ စုက မိုက်ကယ်ရှိရင်တော့ ကျွန်မကို သိပ်ဂရုမထားတော့ပါဘူး။ ကျွန်မ အမြဲတွေးမိခဲ့တာကတော့ စုဟာ သူ့အမိမြေအတွက် ဘာမှမလုပ်ပေးနိုင်ဘူးဆိုတာကို နောင်တရနေတဲ့စိတ်နဲ့ မြန်မာပြည်ကို ချစ်တဲ့စိတ်တွေ အမြဲရှိနေကာ အဲဒါကိုက ချစ်စရာပဲလေ။ ဒီနှစ် နှစ်သစ်ကူးကာလမှာ သူတို့တစ်မိသားစုလုံး ကျွန်မတို့နဲ့အတူ ရှိနေတဲ့အခိုက်မှာတော့ စုရဲ့ မိန်းမပီသမှုကို တွေ့လိုက်ရပါတယ်။

၁၉၈၆ ခုနှစ် နှစ်သစ်ကူးနေ့မှာတော့ အိုင်ဇန်ဆကာမိုတိုမှာရှိတဲ့ ဟိုယိုရှိဘုရားကျောင်းကနေ အိမ်ကို ပြန်လာကြတဲ့အခါလမ်းမှာ မိုမိုယာမာခေတ်(၁၅၉၄-၁၆၁၃) က ဘုရားကျောင်းအတော်များများကို တွေ့ရပါတယ်။ အဲဒီကျောင်းတွေက တောင်

www.burmeseclassic.com

www.burmeseclassic.com



ကုန်းလျှောလေးတွေမှာ ကျောက်တုံးနံရံတွေနဲ့ အလှဆင် တည်ဆောက်ထားတဲ့ အနုစုမိဟန်ဗိသုကာလက်ရာတွေရှိတဲ့ ဥယျာဉ်ထဲမှာရှိပြီး အဲဒီလက်ရာတွေအတွက် နာမည်ကျော်ပါတယ်။ ကျွန်မက ရီဆန့်ဂျိကျောင်းထဲမှာ မြန်မာဗုဒ္ဓရုပ်ပွားတော် တစ်ဆူရှိတာကို သိထားတဲ့အတွက် စုကို ပြောပြလိုက်ပါတယ်။ သူက အဲဒီကျောင်းကို ပို့ပေးဖို့ ပြောတာနဲ့ ကျောင်းဆီသွားတော့ နှစ်သစ်ကူးနေ့မို့ ကျောင်းဂိတ်က ပိတ်ထားလေရဲ့။ ကျွန်မတို့လည်း ကျောင်းအနောက်ဘက်က ပတ်ပြီး တံခါးခေါက်ကြည့်ကြပါတယ်။

တံခါးပွင့်သွားတာနဲ့ တပြိုင်နက် မြန်မာဗုဒ္ဓရုပ်ပွားတော်ရဲ့ တည်ငြိမ်တဲ့ အပြုံးနိုင်ကို ဘွားခနဲ ဖူးတွေ့လိုက်ရပါတယ်။ စုက 'အို'လို့ တစ်ခွန်းတည်းပဲ ပြောနိုင်ပြီး နောက်ထပ်စကား မဆက်နိုင်လောက်အောင် ငြိမ်ကျသွားပါတယ်။ ငွေသုံးစနစ်ကြီးတဲ့စုက ယန်း ၅၀၀၀ကို ဘုန်းတော်ကြီးဆီ ကပ်လှူလိုက်ပြီး ကြမ်းပြင်မှာ ကျုံ့ကျုံ့ထိုင်ကာ ထိခြင်းငါးပါးနဲ့ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါတယ်။ ပြီးတော့ တတွတ်တွတ်နဲ့ ဘုရားစာရွတ် ဆုတောင်းတော့တာပါပဲ။ မိုက်ကယ်ရော ကလေးနှစ်ယောက်ကပါ စုလိုပဲ ဝတ်ပြုကြပါတယ်။ ဒါပေမယ့် သူတို့က တခြားဘုရားဖူးတွေ ဝင်လာတော့ မတ်တပ်ရပ်လိုက်ကြပါတယ်။ စုကတော့ ဘေးဘယ်ညာကို သတိမထားမိတော့သလို ဘုရားစာကိုသာ တတွင်တွင် ရွတ်နေပါတော့တယ်။ ကျွန်မက စုရဲ့အနောက်မှာ တစ်ချိန်လုံး ရှိနေတာမို့ စုက ကိုယ်ကို ကိုင်းညွတ်လိုက် ပြန်မတ်လိုက်နဲ့ ဘုရားကန်တော့နေတဲ့ ကောက်ကြောင်းကို မြင်တွေ့နေရပါတယ်။ အဲဒီအခါကျမှ စုဟာ မိန်းမဆန်လှပြီး ဆွဲဆောင်မှုရှိတယ်လို့ မြင်လာမိတာပါ။ ပထမဆုံးအကြိမ်အဖြစ် စုဟာ လိုက်လျောနိုင်တဲ့ မိန်းမမျိုးလည်း ဖြစ်တယ်လို့ ကျွန်မ တွေးလိုက်မိပြန်ပါတယ်။

ကျွန်မတို့ရဲ့ အင်္ဂလန်နဲ့ ဂျပန်မှာ တွေ့ဆုံခဲ့တဲ့ သမိုင်းကို ပြန်ကြည့်တဲ့အခါ သူ့ကို မြန်မာပြည်မှာတော့ ကျွန်မ မဆုံမိသေးပါလားလို့ တွေးမိပါတယ်။ ကျွန်မ တွေ့ခဲ့တဲ့ စုဟာ နိုင်ငံခြားရောက်စု ဖြစ်နေခဲ့တာမို့ သူဟာ သံမဏိဝတ်ရုံကို လွှမ်းခြုံထားတဲ့အသွင်နဲ့ ဖြစ်နေခဲ့တာပေါ့။ အခုတော့ ဂျပန်က ရွာလေးတစ်ရွာရဲ့ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှောက်မှာ သူ ဝတ်ဆင်ထားခဲ့တဲ့ သံမဏိဝတ်ရုံကို မခြုံတော့ဘဲ မြန်မာ့ဗိညာဉ်အပြည့်နဲ့ ဖြစ်နေခဲ့ပါတယ်။ အဲဒီလို သူ့ရဲ့ အင်မတန် အေးချမ်းပျော့ပျောင်းနေပုံကို ကြည့်ပြီး ကျွန်မရဲ့ စိတ်ထဲမှာ ရုတ်တရက် ဖြစ်ပေါ်လာတာကတော့ စုအနေနဲ့ စိတ်အေးလက်သာနေနိုင်အောင်ဆိုရင် မြန်မာပြည်က လွဲပြီး တခြားနေရာ မရှိနိုင်ဘူးဆိုတာပါပဲ။ စုအနေနဲ့ အင်္ဂလန်မှာ နိုင်ငံခြားသားတစ်ယောက်အဖြစ် လုံးခြုံစွာ



နေနိုင်ပါမယ်။ ဒါပေမယ့် ဆန္ဒမရှိတာရှိပေါ့။ ဒါမှမဟုတ် အဆိုးဆုံးအတွက် ပြင်ဆင်ရင်း မြန်မာတွေကြားမှာ တစ်သက်လုံး နေသွားသင့်တယ်လေ။ ကျွန်မကတော့ စုအနေနဲ့ အဲဒီလို နေသွားမှာကို စိတ်ပူမိပါရဲ့။

## စုထံမှ ခွဲခွာခြင်း

စုအဖို့ ဂျပန်ကနေ ပြန်ရမယ့် အချိန်က နီးကပ်လို့ လာပါတယ်။ တစ်ရက်မှာတော့ ကျွန်မတို့ အိမ်ကို ရောက်လာလေရဲ့။ ကျွန်မကလည်း အတုံ့အဆိုင်းမရှိ အရိုး ပြောဖြစ်သွားမိပါတယ်။ 'စုရေ ကျွန်မသာ ရှင့်ဆိုရင်လေ မြန်မာပြည်ကို ပြန်သွားမှာပဲ။ ရှင် အောက်စ်ဖို့ဒ်မှာ နေနေသမျှ ရှင့်အဖို့ လက်ဘက်ရည်ပွဲတွေမှာ ပြောရမယ့် သူ့ရဲကောင်းတစ်ယောက်လို ဖြစ်နေပြီး မြန်မာပြည်ကတော့ ရှင့်ကို အသိအမှတ်ပြုနည်းနဲ့မဆို လိုအပ်နေမှာလေ။ ရှင့်မှာ မြန်မာပြည်က လိုအပ်နေတဲ့ အရည်အချင်းကောင်းတွေကလည်း အများကြီးရယ်။ အင်္ဂလိပ်စကားဆိုရင်လည်း တကယ့်ကို အရမ်းကောင်းတယ်လေ။ မိုက်ကယ့်အနေနဲ့ အိန္ဒိယက တက္ကသိုလ်တစ်ခုခုမှာ အလုပ်ကောင်းကောင်း ရနိုင်တာပဲ။ မြန်မာအစိုးရက ဗီဇာပေး နိုင်သလောက် နှစ်ယောက်လည်း လွယ်လွယ်တွေ့နိုင်မှာပဲ။ အိန္ဒိယဆိုတာ မြန်မာပြည်နဲ့ တစ်လောက်ပဲ ဝေးတော့ အဆင်ပြေတာပေါ့။ မဟုတ်ဘူးလား။ အောက်စ်ဖို့ဒ်ကို ငှားထားပေးလိုက်လည်း ရတာပဲ။ ကလေးနှစ်ယောက်ကိုလည်း ဘော်ဒါထားပြီး ကျောင်းတက်ခိုင်းနေရမှာပဲ။ အဲဒီလိုများ မတွေးမိဘူးလား'လို့လေ။ ကျွန်မ အဲဒီစကားလည်း ကြားပြီးရော ဘယ်တော့မဆို ခပ်သွက်သွက် တုံ့ပြန်တတ်တဲ့ ခေါင်းကလေး တိတ်ဆိတ်သွားပါတော့တယ်။

ကျွန်မ သိထားတဲ့ အမှန်တရားတစ်ခုက ရှိနေပါသေးတယ်။ အဲဒါကတော့ ဂျပန်မှာနေခိုက် သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီး မြန်မာပြည်သူတွေဟာ ဘယ်လောက်ထိ ချစ်ခင်လေးစားမှု ရှိနေသေးတယ်ဆိုတာရယ်၊ သူ့ကို မြန်မာပြည်ရဲ့ ဂုဏ်ယူဖွယ်ရာ ခေါင်းဆောင်ကြီးရဲ့သမီးအဖြစ် သဘောထားပြီး မျှော်လင့်ချက်တွေအပြည့်နဲ့ ရှုမြင်ကြတယ်ဆိုတာရယ်ကို သူ တွေ့ကြုံခဲ့ရခြင်းပါပဲ။ ဒါတွေ ပြောမိတာတွေ လွန်များသွားသလားလို့ ပူပန်မိပေမယ့် စုအကြောင်းကို ဆင်ခြင်နေလိုက်ပါတယ်။ စုက လာလည်တိုင်းမှာ ကျွန်မတို့အတွက် ဂျပန်အစားအစာတွေ ယူလာတတ်ပေမယ့် ကျွန်မ အဲဒီနေ့က လက်ကမ်းမယူဖြစ်ဘဲ မှိုင်နေခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ စုက 'နိုရီကို ရှင်မှန်ပါတယ်'လို့ ဆိုလိုက်ပါတယ်။ အဲဒီနေ့က ၁၉၈၆ နွေဦးမှာပေါ့။ နှစ်လမှာတော့ စုက သူ့ပစ္စည်းတွေနဲ့ ကျွန်မထံမှာ

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ကာ အိန္ဒိယမှာရှိတဲ့ မိုက်ကယ့်ဆီကို ထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကျွန်မတို့အနေနဲ့ စုကို နောက်ဆုံးတွေ့ခဲ့ရတာပါပဲ။

ကျွန်မစကားကြောင့်တော့ သူဟာ မြန်မာပြည်ရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုထဲ ရောက်သွားခဲ့တယ်လို့ မထင်မိပါဘူး။ သူ့အမေ ဖျားနာနေချိန်မှာ မြန်မာပြည်ပြည်တွင်းက လှုပ်ရှားမှုတွေကလည်း ဖြစ်လာတော့ သူ့ဆီမှာ ရှိနေခဲ့တဲ့ ရင့်သန်နေတဲ့ နိုင်ငံချစ်စိတ်နဲ့ တရားမျှတမှုကို အလေးထားစိတ်တွေကြောင့်ပဲ သူ ဒီလှုပ်ရှားမှုထဲကို ရောက်သွားတာပါ။ ၁၉၈၈ ဩဂုတ် ၂၆ ရက်မှာ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်မိန့်ခွန်းပြောတဲ့အခါ စုက 'ကျွန်မဟာ နိုင်ငံခြားသားတစ်ယောက်ကို လက်ထပ်ထားတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အဲဒါကြောင့်တော့ ကျွန်မရဲ့ အမိမြေကို ချစ်တဲ့ စိတ်ကို မလျော့ပါးစေနိုင်သလို မြန်မာပြည်အတွက် ကျွန်မရဲ့ သံနိဋ္ဌာန်ကိုလည်း မပျက်ဆီးစေနိုင်ပါဘူး'လို့ပြောခဲ့ပါတယ်။ ဒီလိုပြောတာဟာ သူ့ကိုယ်သူ မြန်မာတစ်ယောက်ဆိုတာ ပြသတာပဲလေ။ မိုက်ကယ်နဲ့ သားနှစ်ယောက်ရဲ့ အကာအကွယ်နဲ့ပဲ စုဟာ မြန်မာလူထုနဲ့ ပြန်လည်ပေါင်းစည်းမိခဲ့ပါပြီ။

သူ့အဖေဗိုလ်ချုပ်အောင်ဆန်းဟာ သူ့နိုင်ငံလွတ်လပ်ရေးအတွက် ပြည်ပကျူးကျော်ရန်သူကို ရင်ဆိုင်တိုက်ခိုက်ဖို့ သူ့ကိုယ်သူ တိုက်ပွဲထဲ ခြေစုံပစ်ဝင်ခဲ့ပါတယ်။ စုကတော့ ပြည်တွင်းမှာရှိတဲ့ စစ်အစိုးရကို ရင်ဆိုင်ဖို့ မြန်မာလူထုအနေနဲ့ 'ကြောက်ရွံ့ခြင်းက ကင်းလွတ်'ဖို့ တိုက်တွန်းခဲ့ပါတယ်။ ပိုပြီးခက်ခဲတဲ့အလုပ်ပါပဲ။ သူ့မှာရှိတဲ့ တစ်ခုတည်းသော လက်နက်ကတော့ 'ဒီမိုကရေစီ'ပါ။

စစ်အစိုးရကတော့ စုကို လူထုက ထောက်ခံတာကို ကြောက်လန့်ခဲ့ပါတယ်။ ဒါ့အပြင် သူတို့က တရားမျှတမှုကနေ သွေဖီဖို့လည်း ရဲဝံ့ခဲ့ပါရဲ့။ သူတို့က စုကို နေအိမ်အကျယ်ချုပ်ချထားခဲ့ပါတယ်။ ကျန်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီပါတီ)ဝင်တွေနဲ့ စာမျိုးဆက်ကျောင်းသားတွေကိုလည်း ထောင်ချခဲ့ပါတယ်။ အဲဒီနောက် ၁၉၉၀ မှာ လူထုက နိုင်ငံလုံးကျွတ် သဘောထားထုတ်ဖော်ကာ မဲပေးခဲ့ကြပြီး အန်အယ်လ်ဒီက မဲနိုင်ခဲ့ပေမယ့် နိုင်ငံလုံးကျွတ် အရှုံးကို ရင်ဆိုင်ခဲ့ကြရပါတယ်။ ဒါပေမယ့် စု မပါဘဲ အန်အယ်လ်ဒီက ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တာကို ကြည့်ရင် သူ နေအိမ်အကျယ်ချုပ်ကျနေတာတောင် ဒီမိုကရေစီအဖျားကတော့ လူတွေကြားမှာ ဒီရေတက်နေပြီဆိုတာ သေချာပါတယ်။ စုက သူတို့ကြားမှာ နေနေပြီလေ။ စုကိုယ်တိုင်ဟာ မြန်မာပြည်ပါပဲ။

◆ ◆ ◆



"အစကတည်းက ဒီလိုနေ့မျိုးတစ်နေ့တော့ ရောက်လာမယ်ဆိုတာ
ကျွန်တော်သိပါတယ်။ မြန်မာလူထုက သူ့ကိုလိုအပ်လာတဲ့အခါ
ကျွန်တော်က အဲဒီလမ်းကို မပိတ်ပါဘူးလို့
စုကို ကတိပေးခဲ့တာပါ"

## အခန်း - ၃

အချုပ်အနှောင်ထဲက စု (၁၉၈၉-၁၉၉၅)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃။

## အချုပ်အနှောင်ထဲက စု (၁၉၈၉-၁၉၉၅)

### အစောင့်အရှောက်နတ်တစ်ပါး အလား မိုက်ကယ်

နာမကျန်းဖြစ်နေတဲ့ အမေကို ပြုစုဖို့ဆိုပြီး စု မြန်မာပြည် ပြန်သွားတာ တစ် ...တောင် ရှိခဲ့ပါပြီ။ ၁၉၈၉ ခုနှစ် ဧပြီမှာတော့ ကျွန်မတို့ နှစ်ယောက်လည်း ...ကယ်တို့သားအဖကို စုမရှိတဲ့ အောက်စ်ဖို့ဒ်က ပါ့ခ်တောင်းအိမ်မှာ သွားတွေ့ဖို့ ...တ်ခဲ့ပါတယ်။ တကယ်တော့ ကျွန်မ သိပ်သိချင်နေတာက မိုက်ကယ်ဟာ ...နှစ်ယောက်ကို ချက်ကျွေးနိုင်တာဆိုလို့ စု မကြိုက်တဲ့ ကြက်ဥမွှေကြော်တစ် ... ကောင်းကောင်းရှိတာမို့ အခုနေခါ ကလေးတွေကို သူ ဘယ်လိုများ ကျွေးမွေး ...ဆိုတာပါ။ ကျွန်မအနေနဲ့လည်း ကလေးနှစ်ယောက်ကို ဂျပန်စာတွေ ချက် ...ချင်နေမိပါတယ်။ ကျွန်မတို့ရဲ့ လှုပ်စစ်ထမင်းပေါင်းအိုးလေးရယ်၊ ဆူကီယာကီ ...တဲ့ ဒယ်အိုးရယ်က စုတို့ရဲ့ မီးဖိုချောင်ထဲမှာ ရှိနေသေးတယ်လေ။

ထမင်းစားပွဲပေါ်မှာ ကျွန်မတို့နှစ်ယောက် အံ့အားသင့်သွားအောင် စောင့်နေ ...တွေကတော့ ကြက်ရိုးစ်နဲ့ ဟင်းရွက်သုပ်ပါပဲ။ အဲဒီအချိန်က ကင်မ်က အသက် ... နှစ်နဲ့ ၇ လသာ ရှိသေးပေမယ့် သူက အန်ကယ်အိုဗုနဲ့ အန်တီနိုရီကိုကို ...တိုင်ချက်ကျွေးမယ်ဆိုကာ မနက်ကတည်းက အချိုပွဲကို ပြင်ဆင်ခဲ့ပါသတဲ့။ ...တို့မှာ အံ့ကိုသြလို့ပေါ့။ ဒါပေမယ့် သူ့မှာ လှို့ဝှက်ချက်ရှိနေတာကို ကျွန်မတို့ ...ခဲ့ပါဘူး။ မြန်မာဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်က ...ပွဲကို ပြင်ဆင်ပေးပြီး ကိတ်မုန့်လုပ်ပုံကိုလည်း ကင်မ့်ကို သင်ပေးခဲ့ပါသတဲ့။ ... ဟောင်ကောင်မှာ ဆရာဝန်အဖြစ် ရပ်တည်ခဲ့တဲ့ စုရဲ့ ဝမ်းကွဲညီအစ်မပါ။ ... မိခင်ကို ပြုစုနေရင်းက ဒီမိုကရေစီလှုပ်ရှားမှုထဲ ရောက်သွားတော့ သူ့မိသား ...တ် ဝမ်းကွဲညီမကို အကူအညီတောင်းပြီး အဝေးကနေ စီမံခဲ့တာပဲဖြစ်ပါတယ်။ ...တော အမြော်အမြင်ရှိလှတဲ့ စုကို အတော်ကြီး အထင်ကြီးသွားမိပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကာလတွေမှာ မိုက်ကယ့် အနေနဲ့ ပုံမှန်အလုပ်ရယ်လို့ မရှိပါဘူး။ သူတို့အိမ်ရဲ့ ပထမနဲ့ ဒုတိယထပ်ကို ငှားတဲ့ဝင်ငွေက အဓိကဝင်ငွေပေါ့။ တကယ်တော့ သူ့ကို ကမ်းလှမ်းလာတဲ့ အလုပ်တွေက အများကြီးပါ။ သူက တစ်ခုကိုမှ မရွေးခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီအလုပ်တွေက ပညာရေးနဲ့ မပတ်သက်လို့ပါတဲ့။ အင်္ဂလန်မှာ အဲဒီအချိန်က တိဘက်ဘာသာစကား သင်ကြားရေးအတွက် နေရာနှစ်နေရာပဲရှိပြီး ဘယ်နေရာမှ မလစ်လပ်ပါဘူး။ ကျွန်မက မိုက်ကယ်နဲ့ကလေးတွေအတွက် စိတ်ပူကြောင်း ပြောမိတော့ မိုက်ကယ်က ကျွန်မကို 'နိုရီကိုရာ။ ကျွန်တော်တို့က ဒီမှာ အင်္ဂလန်မှာ လုံခြုံနေတာပဲ။ ခင်ဗျား စုကိုတော့ ဘာလို့ စိတ်မပူရတာလဲ' လို့ မေးခွန်းပြန်ထုတ်ပါတော့တယ်။ ကျွန်မက စုရဲ့ ပုန်းလျှိုးနေတဲ့ အရည်အချင်းတွေကို သိထားတယ်လေ။ ပြီးတော့လည်း နှစ်ပေါင်းများစွာ တစ်ဘက်သတ်အချစ်နဲ့ ချစ်ခဲ့ရတဲ့ အမိမြေမြန်မာပြည်က လွဲပြီး ဘယ်နေရာမှာမှ သူ့ရဲ့နိုင်ငံရေးမျိုးစေ့ကို မြေချပျိုးနိုင်မယ့်နေရာ မရှိဘူးလို့ ကျွန်မက သေချာနေတာကိုး။ ဒါကြောင့် မိုက်ကယ့်ကို စုရဲ့ ကျန်းမာရေးက လွဲပြီး ကျန်တာ မပူပန်ဘူးလို့ ဆိုလိုက်ပါတယ်။ 'စုအနေနဲ့ မြန်မာပြည်နိုင်ငံရေးမှာ အင်အားအပြည့်နဲ့ သူ့အခန်းကဏ္ဍကို ထမ်းဆောင်ဖို့အတွက် အိမ်ထောင်ရေးအပူအပန်တွေကနေ စုက ကင်းဝေးသင့်တယ် မဟုတ်လား' လို့ ပေါ့။ မိုက်ကယ်က 'ခင်ဗျား မှန်ချင် မှန်မှာပါ' လို့ ပြန်ဖြေလေရဲ့။

အဲဒီနေ့က မိုက်ကယ်ဟာ ကျွန်မ ကို မြန်မာငွေစက္ကူတစ်ရွက်ပြပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံနဲ့ နံပါတ် ၈ ဂဏန်းတွေ ပေါ်နေပါတယ်။ မိုက်ကယ်က ၈ ဂဏန်းက ၈၈၈၈ အရေးတော်ပုံကို ကိုယ်စားပြုကြောင်းနဲ့ ဗိုလ်ချုပ်ပုံကတော့ စုကို ထောက်ခံတဲ့အသွင်လည်း ဆောင်ကြောင်း ရှင်းပြပါတယ်။ ကျွန်မကတော့ မြန်မာလူထုက စုကို ယုံကြည်စွာ အားပေးထောက်ခံကြတာကို ကြားရတော့ ဝမ်းသာမိပါတယ်။ သူ့ကို နိုင်ငံခြားသားနဲ့လက်ထပ်တဲ့အတွက် နိုင်ငံကို သစ္စာဖောက်သူအဖြစ် စွပ်စွဲခံခဲ့ရဖူးတာကိုး။

'နိုရီကို၊ အစကတည်းက ဒီလိုနေ့မျိုး တစ်နေ့တော့ ရောက်လာမယ်ဆိုတာ ကျွန်တော် သိနေပါတယ်။ မြန်မာလူထုက သူ့ကိုလိုအပ်လာတဲ့အခါ ကျွန်တော်က အဲဒီလမ်းကို မပိတ်ပင်ပါဘူးလို့ စုကို ကတိပေးခဲ့တာပါ' လို့ မိုက်ကယ်က ပြောပါတယ်။

ကျွန်မက ဝမ်းနည်းသွားပါတယ်။ မိုက်ကယ်က စုကို ဇနီးမယားတစ်ယောက်အနေနဲ့ ထိန်းချုပ်ဖို့ မကြိုးစားတာကို သိရတဲ့အတွက်လည်း သူ့ရဲ့ သဘောထားကြီးမှုကို လေးစားအထင်ကြီးမိပါတယ်။ အခုအချိန်ထိတော့ မိုက်ကယ်ဟာ အထူ ကြီးတဲ့ အချစ်စိတ်ကမ္ဘာထဲကနေ အသွင်ပြောင်းလာခဲ့ပြီပေါ့။ ကျွန်မကတော့



က်ကယ်ဟာ စုအတွက် အစောင့်အရှောက်နတ်တစ်ပါးလို သူ့ကိုယ်သူ ပြောင်း နေတာကို မြင်လိုက်ရသလိုပါပဲ။

ကျွန်မတို့တတွေ ပထမဆုံးအကြိမ် နိုင်ငံခြားကို သွားတဲ့အခါ အရာရာဟာ သာကျစရာတွေချည်းမို့ မတွေးမမြင်နိုင်လောက်အောင် ဖြစ်သွားတတ်ပါတယ်။ ပေမယ့် အပြင်မှာ ကြာကြာနေတဲ့အခါမှာတော့ အဲဒီလူ့အဖွဲ့အစည်းရဲ့ အပြစ်က တွေကို သတိပြုမိလာတတ်ပါတယ်။ တစ်စစနဲ့ ကိုယ့်အမိမြေက ပန်းတွေက တယ်လို့ ပြန်တွေးမိလာတော့တာပေါ့။ အဲဒီအခါမှာတော့ ကျွန်မတို့ဟာ ဘယ် က်အထိ နိုင်ငံချစ်၊ အမျိုးသားရေးစိတ် ရှိတယ်ဆိုတာမျိုး ပြန်မြင်လာပါတယ်။ လည်း ကောင်းမွန်တဲ့ အမျိုးသားရေးစိတ်ဓာတ် ရှိနေတာကို ကျွန်မ ခံစားမိ တယ်။ အဲဒီစိတ်ကြောင့်ပဲ မြန်မာပြည်မှာ သူ့ဘဝကို မြှုပ်နှံလိုက်တာပါ။ သူက အဝတ်အစားတွေကို တမြတ်တနိုးဝတ်လေ့ရှိသလို မြန်မာပြည်အကြောင်း င်းလဲ မပြောတတ်ပါဘူး။ ဘာပဲပြောပြော မြန်မာပြည်အကြောင်းကိုလည်း ထည့် တတ်လေရဲ့လေ။

ဒါပေမယ့် စုက သူ့ရဲ့ မြန်မာနိုင်ငံသားဘဝကို ထိမ်းသိမ်းထားနိုင်ခဲ့ရုံသာမက နှစ်ယောက်ကိုပါ မြန်မာပတ်စ်ပို့ ကိုင်ထားတာကို ခွင့်ပြုခဲ့တဲ့ မိုက်ကယ့်မိသား ကိုလည်း ကျေးဇူးတင်နေမိပါတယ်။ ဒီလိုအဆုံးအဖြတ်ကလည်း အင်္ဂလန်နဲ့ သိပ်တွေရဲ့ ပုံရိပ်ပဲဖြစ်မယ် ထင်ပါတယ်။ အင်္ဂလန်ဟာ စီးပွားရေးအရ ဩဇာမ တော့ပေမယ့် သူ့ရဲ့သိက္ခာအရတော့ ကမ္ဘာမှာ ကောင်းကောင်းကြီး ရပ်တည်နိုင် တာ အဲဒီလို သဘောထားမျိုးတွေအတွက် ဖြစ်ပါလိမ့်မယ်။

## နေအိမ်အကျယ်ချုပ်ကြောင့် သံမဏိနိုင်ငံရေးသမား ဖြစ်လာတဲ့ စု

(ဒီအခန်းငယ်ရဲ့ အစပိုင်းမှာတော့ ၁၉၈၈-၈၉ ခုနှစ်က မြန်မာ့နိုင်ငံရေးဖြစ် ရပ်ကို ပြန်ရေးပြထားတာသာ ဖြစ်ပါတယ်။ မြန်မာမဟုတ်တဲ့ စာဖတ်ပရိသတ် သိစေချင်တဲ့သဘော အကြမ်းဖျဉ်းပဲ ရေးထားတာမို့ ချန်လှပ်ထားခဲ့ပါတယ်။ ဘာပြန်သူ)

၁၉၈၉ ဇူလိုင် ၂၀ မှာ စု နေအိမ်အကျယ်ချုပ်ကျတော့ ကလေးတွေက နွေ ကျောင်းပိတ်ရက်မို့ သူနဲ့အတူ ရှိနေကြချိန်ပါ။ စုက သူ့ခြံထဲကနေ ထောင်ကို သွားခံရတဲ့ ပါတီဝင်နဲ့ လုပ်ဖော်ကိုင်ဖက်တွေနည်းတူ သူ့ကို ထောင်ကို ခေါ်သွားဖို့ တော်ခံ ဆန္ဒပြခဲ့ပါတယ်။ အဲဒီအဖြစ်ကို မိုက်ကယ်နဲ့ သားနှစ်ယောက်တ ခဲ့ရတာပေါ့။ သူ့လူတွေကို ထောင်ထဲမှာ ကောင်းကောင်းမွန်မွန်ထားပါ့မယ်လို့ ရတော့မှ စုက အစာပြန်စားတာမို့ စုစုပေါင်း ၁၁ ရက် အစာမစားခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း မိုက်ကယ်နဲ့ ကလေးတွေ အင်္ဂလန်ကို ပြန်လာခဲ့ရပြီးနောက် ၂ နှစ်နဲ့ ၄ လလုံးလုံး စုအိမ်က ဖုန်းလည်း အဖြတ်ခံရကာ မိသားစုဆီက စာလည်း လက်ခံခွင့်မရှိခဲ့တာမို့ အဆက်အသွယ်အားလုံး ပြတ်တောက်ခဲ့ရပြန်ပါတယ်။ မိုက်ကယ့်အပြောအရတော့ စုက နေအိမ်ဝင်းထဲက ပန်းခြံထဲဆင်းပြီး နေစာလှုံချင်လို့တောင် မရခဲ့ပါဘူး။ စုက ငွေရေးကြေးရေးအကြပ်အတည်း ရှိခဲ့ပေမယ့် အိမ်က ပရိဘောဂအပေါင်းတွေ ရောင်းပြီး အဆင်ပြေ အောင်နေခဲ့ပါတယ်။ ကျွန်မ ထပ်ကြားခဲ့ဖူးတာကတော့ စုအိမ်က အဖော်မိန်းကလေး ဈေးဝယ်သွားရင်လည်း ဆိုင်ရှင်တချို့က ငွေမယူလိုက်ကြဘူးဆိုတာပါပဲ။ စုကိုယ်တိုင်က ဘဝကို ရိုးရိုးနဲ့ ခြိုးခြံခြံနေချင်တော့ သူ့ငွေရေးကြေးရေးပြဿနာကို သူ့ဘာသာ လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်ခဲ့တယ်လို့ ကျွန်မလည်း ယုံကြည်ပါတယ်။

စုက ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်တဲ့နေရာမှာ အစွမ်းထူးရှိသူလို့ ဆိုရမှာပါ။ သူ့ဘဝကိုသူ စည်းကမ်းနဲ့ မောင်းနှင်သူလည်း ဖြစ်ပါတယ်။ ဒီတော့ နေအိမ်အကျယ်ချုပ်ဆိုတာ သူ့အတွက် သိပ်ခက်ခဲခဲ့ပုံ မရပါဘူး။ ဒါမှမဟုတ် စစ်အစိုးရအနေနဲ့ သူ့ကိုယ်သူ ပြန်လည်ပြင်ဆင်မွမ်းမံဖို့ အခွင့်အရေးထူးကြီးကို မထင်မှတ်ဘဲပေးခဲ့တယ်လို့လည်း ဆိုနိုင်မလားပဲ။ စုကတော့ စာတွေ လိုမ့်ဖတ်ခဲ့ပါတယ်။ စာဖတ်ရတာကို သူက အပျော်ဆုံးပဲကိုး။ တရားအားထုတ်မှုနဲ့ စာဖတ်ခြင်းကလည်း သူ့တို့ ကိုယ်ပိုင်နိုင်ငံရေးအတွေးအခေါ်တွေ ရလာစေခဲ့ပါတယ်။ ဒါ့အပြင် နေအိမ်အကျယ်ချုပ်ရဲ့ အသီးအပွင့်ကတော့ 'ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ခြင်း'ပဲ ဖြစ်ပါတယ်။ သားတွေကို မစောင့်ရှောက်နိုင်၊ မိသားစုဘဝကို မပျော်ပိုက်နိုင်ဘဲ အထီးကျန်ကာလခြောက်နှစ်ကို ဖြတ်သန်းလိုက်ရတဲ့အတွက် စုဟာ သံမဏိလိုမာကျောတဲ့ နိုင်ငံရေးသမားတစ်ယောက် ဖြစ်လာရပါတော့တယ်။

## (၃) ရှင့်ရဲ့ အားပေးမှုအတွက် ကျေးဇူးတင်ပါတယ် စု

ကျွန်မဆီမှာ မိုက်ကယ်ကတဆင့် ပေးပို့လာတဲ့ စုရဲ့ စာတစ်စောင်ရှိခဲ့ဖူးပါတယ်။ စုက ၁၉၉၅ ခုနှစ် နှစ်သစ်ကူးအနေနဲ့ ဘီဘီစီအင်တာဗျူးတစ်ခုမှာ ပျော်ရွှင်စရာနှစ်တစ်နှစ်ဖြစ်ပြီး ကျွန်မအတွက်လည်း ရောဂါဘယ ကင်းပါစေလို့ ဆုတောင်းပေးခဲ့ဖူးပါတယ်။ စုက အဲဒီလိုပြောလိုက်တော့ ကျွန်မ တကယ့်ကို ခံစားလိုက်ရပါတယ်။ သူ့ပခုံးပေါ်မှာ နိုင်ငံ့တာဝန်တွေကို ထမ်းပြီး အကြောင်းအကျိုးယုတ္တိမရှိ ဆက်ဆံရေးတွေကို စိတ်ရှည်ရှည်နဲ့ တစ်ယောက်တည်း ခုခံနေရချိန်မှာ ကျွန်မကလည်း ရင်သားကင်ဆာဝေဒနာရဲ့ ကျွန်တစ်ယောက်လို ဖြစ်နေခဲ့ရပါတယ်။ စုစကားအရဆိုရင် ကျွန်မလည်း ကိုယ့်ကင်ဆာကို ကြောက်ရွံ့ခြင်းမှ ကင်းလွတ်အောင်နေမှ



ရှင်သန်နိုင်မှာပေါ့။ ရင်သားခွဲစိတ်မှုပြီး နောက်လေးလလောက်အထိ ကျွန်မမှာ နောက်ပိုင်းဖြစ်လာမယ့် ပြဿနာတွေအတွက် စိုးရိမ်နေခဲ့မိပါတယ်။ ဒါပေမယ့် ဒီကင်ဆာကို လက်မခံမယ့်အစား ကျွန်မရဲ့ ပိုင်ဆိုင်မှုတစ်စိတ်တစ်ပိုင်းအဖြစ် လက်သင့်ခံဖို့လည်း ဆုံးဖြတ်ခဲ့ပါရဲ့။ အဲဒီလိုလက်ခံလိုက်ပြန်တော့ ကင်ဆာကို ကြောက်တဲ့စိတ်လည်း ကွယ်ပျောက်ခဲ့ရသလို စိတ်လည်း အေးချမ်းလာပါတယ်။ စုရေ ရှင့်ရဲ့ အားပေးမှုအတွက် ကျေးဇူးပါပဲ။ ကျွန်မရဲ့ ဝေဒနာကို ကျွန်မဘာသာ ထိမ်းသိမ်းရင်းရှင့်ကို လာတွေ့မယ်လို့ပဲ စိတ်ထဲကနေ ပြောခဲ့မိပါတယ်။

၂၀၀၉ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာတော့ မိုက်ကယ်ဆုံးတာ ၁၀ နှစ်ပြည့်နေ့ပေါ့။ ကျွန်မက အဲဒီအကြောင်းတွေကို ပြန်တွေးနေမိပါတယ်။ မိုက်ကယ်နဲ့ ဖက်စ်အားဖြင့် အပြန်အလှန် ဆက်သွယ်ခဲ့ကြဖူးတာမို့ အဲဒီစာရွက်တွေကို ပြန်ရှာဖတ်မယ်လို့လည်း တွေးဖြစ်ပါတယ်။ ကျွန်မတို့အိမ်က ဖက်စ်ဟာ ၁၉၉၀ ခုနှစ်လောက်က ရှေးဟောင်းဒီဇိုင်းမို့ စာရွက်လိပ်တွေအနေနဲ့ သိမ်းထားဖြစ်ပါတယ်။ မိုက်ကယ့်စာတွေ အားလုံးက စီပီယာရောင် ပြောင်းနေပြီဖြစ်သလို စကားလုံးတွေကလည်း မှိန်ပြီးပျောက်သလောက် ဖြစ်နေပါပြီ။ ကျွန်မလည်း အဲဒီစာရွက်လိပ်တွေကို ယူကာ စတိုးဆိုင်ဆီ ပြေးပြီး ကော်ပီပြန်ကူးလိုက်ပါတယ်။ ဖြစ်ချင်တော့ တချို့က ဘယ်လိုမှ ဖတ်လို့ မရတော့ပါဘူး။ အကောင်းဆုံး ပြန်ရတဲ့စာကတော့ နေအိမ်အကျယ်ချုပ်ကျနေစဉ်က စု ရေးပို့လိုက်တဲ့ စာတစ်စောင်ပဲ ဖြစ်ပါတယ်။ ကျွန်မက အဲဒီစာကို မေ့နေခဲ့တာမို့ ကိုယ့်ကိုယ်ကို မိုက်လိုက်လေလို့ တွေးမိပါတယ်။ မိုက်ကယ် ကွယ်လွန်တဲ့ နှစ်ပတ်လည်နေ့မှာ သူ့ကို သတိရမိ လွမ်းမိတော့မှပဲ ဒီစာကို သတိရတာပါ။ မိုက်ကယ်က ကျွန်မကို ကျေးဇူးတင်တဲ့အနေနဲ့က စုရဲ့စာကို ပေးခဲ့တာ မဟုတ်လား။ ကျေးဇူးပဲ မိုက်ကယ်ရေ။

စာမှာ တပ်ထားတဲ့ ရက်စွဲက ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် ပါ။ စု နေအိမ်အကျယ်ချုပ်က မလွတ်သေးချိန်ပေါ့။ ဒီစာကို မိုက်ကယ် ဘယ်လိုပို့ခဲ့တယ်ဆိုတာ သေချာမသိပေမယ့် ဖက်စ်ကို တစ်ယောက်ယောက်ဆီက ရှားပြီးပို့ခဲ့တယ်ထင်ပါတယ်။ မိုက်ကယ်တို့သားအဖနဲ့ ခရစ္စမတ် ပိတ်ရက်အတူနေလိုက်ရတဲ့အတွက် ဝမ်းသာတဲ့အကြောင်း ရေးထားတဲ့ စုရဲ့စာပါပဲ။

တကယ်တော့ဒီစာက ညီမငယ်တစ်ယောက်က အစ်မကြီးတစ်ယောက်ဆီရေးတဲ့ အိမ်ရှင်မတစ်ယောက်ရဲ့ လက်ရေးအဖြစ် မဟုတ်ဘဲ နိုင်ငံရေးသမားတစ်ဦးရဲ့ သိက္ခာတွေပါနေတဲ့ မင်္ဂလာစာတစ်စောင်အဖြစ် ပြန်ပြီးဖော်ပြချင်ပါတယ်။ စုရေ ရှင် ကျွန်မကို ခွင့်ပြုပါနော်။ ရှင့်ရဲ့ လူထုအတွက် ရှင့်စာကို ဖော်ပြလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၃-၀၁-၁၉၉၉ ဝ၇:၅၉

သို့ ၁၃၁-‥‥‥ဝ၁ဝ၈၁၇ စာ-၀၁

ဖက်စ်/ဖုန်း ၀၁၀-၈၁-၇၇၅-၉၄-၁၅၁၆

သီးသန့်လျှို့ဝှက်

ချစ်ခင်ရတဲ့ နီရီကို

မကြာသေးခင်က ဘီဘီစီမှာ လွှင့်သွားတာ ကြားလိုက်ရတာက ဂျပန်မှာ ၁၉၉၅ ခုနှစ်ကို ရောက်သွားပြီတဲ့။ ရှင့်ကို မင်္ဂလာနှစ်သစ်လို့ နှုတ်ဆက်လိုက်ပါတယ်။ ရှင်နဲ့ အိုစုဆန်တို့နှစ်ယောက် ကင်ဆာပြဿနာကြောင့် ဖြတ်သန်းရတဲ့ စိတ်ပင်ပန်းမှုတွေကြားကပဲ ၁၉၉၅ဟာ ပျော်စရာနှစ်သစ်တစ်ခုဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်။

ဒီနေ့ညနေမှာ မိုက်ကယ်နဲ့ ကင်မ်က ရွှေတိဂုံဘုရားကို သွားကြတယ်လေ။ ပြီးတော့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ရှင့်အတွက် ဝယ်လာခဲ့ကြပါတယ်။ သူတို့က ဒီမနေ့ဝါရီလကုန် အောက်စဖို့ဒ်ကို ပြန်ရောက်ပြီး မကြာခင်မှာပဲ ရှင်နဲ့ အိုစုဆန်တို့ အဲဒီကို အလည်လာနိုင်ကြမယ်လို့ မျှော်လင့်နေကြတယ်။ ကင်မ်က မနက်ဖြန် ပြန်လိမ့်မယ်။ အလက်ဇန္ဒားကတော့ ၂၉ ရက်နေ့ကတည်းက ပြန်သွားခဲ့ပြီ။ နီရီကိုရေ ရှင် စိတ်ရောကိုယ်ပါ အားလုံးကျန်းမာမှ ဖြစ်မယ်နော်။ ကျွန်မကို လာတွေ့မယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်ချက်ကိုလည်း ထိန်းသိမ်းထားရမယ်နော်။ ကျွန်မက ရှင့်အကြောင်းတွေးနေမှာဖြစ်သလို ရှင့်ဝေဒနာအတွက်လည်း မေတ္တာတွေ ပို့ပေးနေမှာပါ။ စိတ်ထဲ ကောင်းမဖြစ်နေပါနဲ့နော်။ ကျွန်မတို့အတူတူ တွေ့ကြရင် ပျော်စရာ ရယ်စရာတွေ ဖြစ်မယ့်အကြောင်းကို တွေးပါနော်။

ဒီလိုအချိန်မှာ ကျွန်မကတော့ ရှင်တို့နဲ့အတူ ဂျပန်ဒေသခံနေရာတချို့ကို သွားလည်ခဲ့တဲ့ ညတွေကို သတိရနေမိတယ်။ ပြီးတော့ အိုစုဆန်က ရှင်စားမယ့် အိုနီဂီရီတွေကို ကင်တဲ့အခါ အဆင်မပြေဖြစ်ခဲ့တာကိုလည်း သတိရနေတာပဲ။ (မီးကျွမ်းသွားတော့မယ့် စားလို့တော့ ကောင်းသားနော်) အခုအချိန်ကတော့ မျှော်လင့်ချက်တွေရယ်၊ ပြန်လည်ဆန်းသစ်မှုရယ် ရှိသင့်ချိန်ပေါ့။ ကျွန်မတို့အားလုံး သတ္တိနဲ့ စိတ်ဓာတ်ခိုင်မာဖို့ လိုအပ်တဲ့အချိန်လေ။

ရှင်နဲ့ အိုစုဆန်တို့ကို ချစ်ခင်စွာဖြင့်

စု

(အောက်စ်ဖို့ဒ်ကို ပြန်ရောက်တာနဲ့ ကျွန်တော် အမြန်ဆုံး ဆက်သွယ်ပါမယ်)

ချစ်ခင်မှုများဖြင့်

မိုက်ကယ်



စာရဲ့ အောက်ဆုံးမှာတော့ မိုက်ကယ်က လက်မှတ်ရေးထိုးထားပါတယ်။ စုရယ် ဘယ်လောက်တောင် စိတ်စွမ်းအားပြင်းထန်ပါလိမ့်။ ရှင့်နိုင်ငံအတွက် ဒီမိုကရေစီ မျှော်လင့်ချက်တွေကို စွမ်းဆောင် လာနိုင်မယ့်သူပဲ။ သတ္တိနဲ့ စိတ်ပိုင်းဖြတ်မှုတွေကို မွေးတစ်လုမ်းတိုးကာ ဆင်းရဲမွဲတေမှုနဲ့ အဆင်မပြေမှုတွေကို ကျော်လွှားနိုင်အောင် သူက စွမ်းနိုင်မယ်လို့ ကျွန်မယုံလိုက်ပါတယ်။

စုရဲ့ စာထဲကအတိုင်း ကျွန်မကို ကင်မ်က စန္ဒကူးသားနဲ့ ထုထားတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကျွန်မကို ပေးအပ်ပါတယ်။ ပြီးတော့ ဝင့်ဝင့်ကြွားကြွားပဲ 'အဲဒီက ပိုကြီးတဲ့ ရုပ်ပွားတော်ကို ဝယ်ဖို့ ပြောပေမယ့် သားက အန်တီနီရီကို ဒီရုပ်ပွားတော်ကို ကြိုက်မှာ သေချာတယ်လို့ ပြောခဲ့တာ' ဆိုပြီး ပြောကာ ပေးခဲ့တာပါ။ ကင်မ်က တကယ်တမ်းမှာ စကားများများ ပြောလေ့ရှိသူ မဟုတ်တော့ သူက အခုလို သေချာတွေးတောပြီး ဝယ်လာပေးတဲ့ လက်ဆောင်အပေါ် ကျွန်မက စိတ်လှုပ်ရှားစွာပဲ လက်ခံဖြစ်ခဲ့ပါတယ်။ သူ့ရဲ့ ချစ်စရာကောင်းပုံကလည်း ကျွန်မကို နှိုင်လှုပ်လိုက်သလို စိတ်ထဲ ကျေနပ်မိပါတယ်။ အဲဒါကြောင့်ပဲ စုရဲ့စာကို ဘယ်ထဲ ထိုးလိုက်မိမှန်း မသိလောက်အောင် မေ့သွားခဲ့တာပါ။

ဗုဒ္ဓရုပ်ပွားတော်ရဲ့ ကြည်ညိုဖွယ်အဆင်းကို ကြည့်ပြီး ကျွန်မကတော့ သူတို့မိသားစုအကြောင်း ပြန်အောက်မေ့နေခဲ့ပါတယ်။ ဒီစာကို ရေးပြီး လေးနှစ်အကြာမှာ စုရဲ့ခင်ပွန်းမိုက်ကယ် ကွယ်လွန်ခဲ့ပါပြီ။ ကင်မ်က မိုက်ကယ်ဆုံးတာကို လက်ခံလို့ မရလောက်အောင် စိတ်တွေ ပြိုကွဲထိခိုက်ခဲ့ရပါတယ်။ မိသားစုတွေကိုလည်း သူ့စိတ်ထဲ မတွေ့တော့ပါဘူး။ မိုက်ကယ်ရဲ့ အမြွှာညီအစ်ကိုဖြစ်တဲ့ အန်ထော်နီကိုတောင် သူက ပြဿနာရှာလာပါတယ်။ အန်ထော်နီက မိုက်ကယ်နဲ့ အသံရော ရုပ်ရော တူတာဆိုတော့ အန်ထော်နီက ရှိနေပြီး မိုက်ကယ်က ဘာလို့ မရှိရတာလဲဆိုကာ ပြဿနာ ရှာတာမျိုးပါ။ သူက အန်ထော်နီ့ပေါ်မှာပဲ ပေါက်ကွဲတာမျိုးပေါ့။ တကယ်တော့ အန်ထော်နီ့မှာလည်း မိုက်ကယ့်ကွယ်လွန်မှုအပေါ် အဲဒီလိုပဲ ခံစားရရှာတော့ ကင်မ့်ကို ဘာမှ ပြန်မပြောဘဲ ခံစားချက်တွေကို တိတ်တဆိတ်မျိုလက်ခံပေးခဲ့ပါတယ်။ ကျွန်မလည်း အတတ်နိုင်ဆုံးတော့ ကင့်မ်ကို ဖေးမပေးခဲ့တာပါပဲ။ ကျွန်မတော့ ဆယ်ချက်ချက် ကင့်မ်အတွက်လို့ ပြောပြီး တခြားသူတွေထက်အရင် ကင့်မ်ကို တွေ့ခဲ့ပါတယ်။ တကယ်တော့ သနားစရာ ကောင်းတဲ့ ကင်မ်ကလေးဟာ သူ့အဖေရဲ့ နောက်ဆုံးအချိန် နှစ်လလောက်အတွင်းမှာ အဖေ့ကို ပြုစုခဲ့ရတာနဲ့ အဖေနဲ့အတူ ကောင်းကောင်းကန်းကန်း စားဖြစ်ခဲ့ပုံ မရခဲ့ပါဘူး။

ကင်မ်က သူ့စိတ်တွေ တည်ငြိမ်နေတဲ့တစ်ချိန်မှာတော့ အောက်ခါင်ခါ မေး

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပါတယ်။ 'အန်တီနိုရီကို၊ အဲဒီဗုဒ္ဓရုပ်ပွားတော်လေး အခုထက်ထိ ရှိနေသေးလား'လို့ပေါ့။ ကျွန်မက သူ့ကို ပွေ့ဖက်လိုက်ကာ 'ရှိတာပေါ့ကွယ်။ ဒါက အန်တီ့ရဲ့ ရတနာတစ်ပါးပဲဟာ'လို့ ဖြေခဲ့ပါတယ်။ တကယ်တော့ အသက် ၁၀ နှစ်အရွယ်ကတည်းက မိခင်ရဲ့ ပြုစုစောင့်ရှောက်မှုကို မရခဲ့တဲ့ ကလေးတစ်ယောက်ရဲ့ ဝမ်းနည်းစိတ်တွေကပဲ သူ့ကို ဒေါသတွေအဖြစ် ပေါက်ကွဲစေခဲ့တာပါ။

မိုက်ကယ့်အလွမ်းပြေအစီအစဉ်အတွက် သူ့မိသားစုနဲ့ ဆွေမျိုးတွေက စုလိုက်ကြပါတယ်။ အဲဒီညက ဂျပန်စာနဲ့ ကျင်းပကြတာပေါ့။ အဲဒီပွဲမှာလည်း အလက်ဇန္ဒားက ဘာမှ မလှုပ်ရှားဘဲ ကင်မ်ကပဲ ပွဲကို ဦးဆောင်ပါတယ်။ 'ဒီနေ့ဒီမှာရှိကြတာအားလုံးက မိသားစုတွေချည်းပါပဲ။ အန်တီနိုရီကိုက သွေးသားမတော်စပ်ပေမယ့် မိသားစုဝင်တစ်ယောက်လို ဖြစ်နေသူပါ'လို့ ပြောခဲ့ပါတယ်။ ကျွန်မအနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ် စုနဲ့ မိုက်ကယ်တို့ရဲ့ ကံကြမ္မာအလိုက် မိတ်ဆွေဆိုတာထက် သွေးသားတော်စပ်သူလို ထင်နေမိပါတယ်။ စုရဲ့ အားပေးမှုနဲ့ မေတ္တာလှိုင်းကို ကျေးဇူးတင်စွာနဲ့ပဲ ကင်ဆာကနေ သက်သာခွင့်ရမယ်လို့ ထင်ခဲ့ပါတယ်။ မိုက်ကယ် ဆုံးတဲ့နေ့မှာပဲ ကျွန်မက ဒီအကြောင်းတွေ တွေးနေမိတာကတော့ ရယ်စရာ ဖြစ်ချင်ဖြစ်နေမှာပါ။ ဒါပေမယ့် မတတ်နိုင်ဘူးလေ။

စုရေ ရှင့်ကို ကျေးဇူးတင်ကြောင်း ပြောဖို့ နောက်ကျနေခဲ့တာကို ခွင့်လွှတ်နော်။ ရှင့်အားပေးမှုအတွက် ကျေးဇူးတင်တယ်လို့လည်း ထပ်ပြောချင်ပါတယ်။ ကျွန်မခင်ပွန်းနဲ့ကျွန်မတို့ကတော့ မီးဖိုထဲက ထမင်းစားပွဲမှာ မကြာခဏပဲ ရှင်တို့အကြောင်း ပြောဖြစ်ကြပြီး ထမင်းဆက်မစားနိုင်လောက်အောင် ခံစားရတဲ့အခါမျိုးမှာ သူက 'မိုက်ကယ်ရေ ထွက်ခဲ့စမ်းပါကွာ'လို့ အော်လိုက်ပြီး ကျွန်မတို့ရဲ့ ထမင်းဝိုင်းကို အဆုံးသတ်ဖြစ်ခဲ့ပါတယ်။

## (၄) မြန်မာ့သိတာမင်းသမီး စု

စုက ၅ နှစ်နဲ့ ၂လအကြာမှာ ပထမဆုံးအကြိမ် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့ပါတယ်။ ၁၉၉၄ ခုနှစ် စက်တင်ဘာ ၂၀ မှာတော့ အဲဒီအချိန်က စစ်တက်ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့နဲ့ စုတို့ တွေ့ဆုံခဲ့ကြောင်းလည်း ဂျပန်တီဗီမှာ ကြည့်လိုက်ရပါတယ်။ အောက်စ်ဖို့ဒ်က မိုက်ကယ့်အိမ်ကို ရောက်ခဲ့တုန်းကတည်းက ဒီပုံတွေကို တွေ့ခဲ့ပြီးသားပါ။ အဲဒီပုံတွေကို ကြည့်လိုက်တော့ စုက ပန်းရောင်တောက်တောက် မြန်မာဝတ်စုံနဲ့ ဖြစ်နေပါတယ်။ စု မကြိုက်တတ်တဲ့အရောင်ဖြစ်နေတာမို့



...ညီမိပါရဲ့။ မိုက်ကယ်ကတော့ 'ကျွန်တော်ပဲ သူ့ကို ငြိမ်းချမ်းရေးအငွေ့အသက်လေးရအောင် ပန်းရောင်လေး ဝတ်စမ်းပါလို့ ပြောခဲ့တာပါ'လို့ ဆိုပါတယ်။ တကယ်တော့ မြန်မာပြည်က အိမ်ထဲမှာ ၅ နှစ်လောက် နေလိုက်တဲ့အခါ စုဟာ မြန်မာ့ရိုးရာဆိုးဆေးအရောင်တွေနဲ့ ပိုယဉ်ပါးလာသလိုပါပဲ။ နေအိမ်အကျယ်ချုပ်ကိုပဲ ကျေးဇူးတင်ရမလားပဲ၊ စုက အနောက်တိုင်းဆန်တဲ့အရောင်တွေကို သဘောတွေ့ခဲ့တာ အခုတော့ မြန်မာ့သဘာဝအရောင်တွေကိုပါ ကြိုက်တတ်လာနေပါပြီ။ စစ်အစိုးရရဲ့ ရည်ရွယ်ရင်းကို ဆန့်ကျင်လိုက်သလားပါပဲ။ စုရဲ့ အနောက်တိုင်းဆန်စွာ နေသာတွေ့တတ်တဲ့အရာတွေ တစ်စစကွယ်ပျောက်ပြီး မြန်မာ့စိတ်ရင်းစိတ်မှန်တွေ ...လည်ပေါ်ထွက်လာတာ ဒီနေအိမ်အကျယ်ချုပ်ကြောင့်ပဲလေ။

စုကို ၁၉၉၅ ခုနှစ် ဇူလိုင် ၁၀ ရက်မှာ ပြန်လွှတ်ပေးခဲ့ပါတယ်။ မြန်မာပြည် ...ကို စောင့်ကြည့်နေတဲ့ ကမ္ဘာသူကမ္ဘာသားတွေ သက်ပြင်းချလိုက်နိုင်ခဲ့ပြီပေါ့။ ...ပေမယ့် စုခြံရဲ့ဂိတ်ပေါက်ဝမှာတော့ စစ်သားတစ်ယောက်က ထိုင်စောင့်ကာ လာ... ...ညှိသည်တွေကို စောင့်ကြည့်နေသေးတာပါပဲ။ စုကို ဘယ်တော့ လွှတ်မယ် ...ဘာ တရားဝင် မကြေညာခဲ့ပေမယ့် လူထုကတော့ ကောလာဟလနဲ့တင် ခြံရှေ့ ...အုံနဲ့ကျင်းနဲ့ စောင့်လို့နေပါတယ်။

စုက ခြံဝမှာပဲ လူထုကို လွတ်လွတ်ချင်း စကားပြောခဲ့ပြီး အဲဒီအချိန်မှာ စု... အလွန်ကို လှပနေတာပါ။ နေအိမ်အကျယ်ချုပ်မကျခင်ကထက်ကို လှနေတာပဲ ...ပါတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကာလ ကျွန်မနဲ့ သိခဲ့တဲ့ကာလတွေမှာ စု... အဲဒီလောက် တောက်ပတဲ့ အပြုံးမျိုးကို တွေ့ခဲ့ဖူးတယ်လို့ ကျွန်မ မမှတ်မိပါဘူး။ ...တောက်ပတဲ့အပြုံးက ကျွန်မ စောင့်မျှော်ခဲ့ရတဲ့ စုရဲ့အပြုံးပါပဲ။

တကယ်တော့ စု နေအိမ်အကျယ်ချုပ်ကျပြီလို့ သိရချိန်မှာ ကျွန်မတို့ ဇနီး...င်နဲ့က မော်စကို ရောက်နေခဲ့ပါတယ်။ ဒီသတင်းကို ကြားတဲ့အချိန့်တုန်းက ... သိပ်စိတ်မထိခိုက်ခဲ့ပါဘူး။ တနည်းအားဖြင့် စုအတွက် သွေးရင်းမြန်မာစစ်...စ်ယောက်ဖြစ်တယ်ဆိုတာ သက်သေပြဖို့ အခွင့်အရေးတစ်ခု ရတာပေါ့လို့ ...ဖြစ်လို့ပါပဲ။ ဒီအကြောင်းကို မိုက်ကယ့်ကိုတောင် မပြောပြဖြစ်ခဲ့ပါဘူး။ တ...ယ်တော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်ပေမယ့် စုဟာ မြန်မာပြည်ကို ဘယ်...်ချစ်ပြီး မြန်မာတွေအတွက် ဘယ်လောက်ကူညီပေးချင်တယ်ဆိုတာကို ...သေပြခွင့်မရခဲ့တဲ့အတွက် သူ ဘယ်လောက်စိတ်ဆင်းရဲခဲ့တယ်၊ အပြစ်ရှိသလို ...ခဲ့ရတယ်ဆိုတဲ့ စိတ်ခံစားမှုတွေကနေ လွတ်မြောက်ဖို့အတွက် နေအိမ်အကျယ် ... အခွင့်အလမ်းပေးရာ ကျခဲ့ပါတယ်။ ရှင်တို့သာ စုနဲ့အတူ ...ခွင့်ရခဲ့မယ်ဆိုရင်

www.burmeseclassic.com



စုရဲ့ အဲဒီစိတ်ဓာတ်ကို နားလည်နိုင်မှာပါ။ အဲဒီစိတ်ကြောင့် စုဟာ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်ရက်သားနဲ့ကို အရယ်အပြုံးနည်းပြီး ရင်ထဲမှာ ရှုပ်ထွေးစွာ နေထိုင်ခဲ့တယ်ဆိုတာ သိမှာပါ။

ခုတော့ စုရဲ့ အိမ်မက်ထဲကအတိုင်း မြန်မာပြည်မှာ သူ့ဘဝကို မြှုပ်နှံဖို့ အခွင့်အရေးက ထွက်မပြေးနိုင်တော့ပါဘူး။ အဲဒီအခွင့်အရေးက နေအိမ်အကျယ်ချုပ်ပေါ့။ စုက အခက်အခဲတွေကိုလည်း ကျော်လွှားနိုင်မှာပါ။ နေရခက်လှ တစ်နှစ်၊ နှစ်နှစ်ပေါ့။ ပြီးတော့ စစ်သားတွေက အိမ်ထဲအထိ ဝင်စောင့်နေလေတော့ လုပ်ကြံခံရဖို့လည်း မပူရဘူးလေ။ စုက လွတ်မြောက်တဲ့အခါမှာတော့ ဖြစ်ပျက်ခဲ့တာတွေကို ပြန်မပြောပြခဲ့ပါဘူး။ ကျွန်မကတော့ စစ်အစိုးရအနေနဲ့ စုကို နေအိမ်အကျယ်ချုပ်ထားတာ ဒီတစ်ကြိမ်ပဲ ဖြစ်မယ်လို့ လျှော့တွက်မိခဲ့ပါတယ်။

တကယ်တော့ စုရဲ့ နေအိမ်အကျယ်ချုပ်ဖြစ်စဉ်ကို အကောင်းမြင်ရတဲ့အကြောင်းကတော့ နာမည်ကျော်ရာမယဏဇာတ်ထဲက သီတာမင်းသမီးအကြောင်းကို တွေးမိလို့ပါ။ သိကြတဲ့အတိုင်း ရာဝဏက သီတာကို ခိုးပြေးသွားတာကို ရာမက ပြန်ရအောင် ကြိုးစားတာ ၁၄ နှစ် ကြာခဲ့လေတော့ ပြန်ရောက်လာတဲ့ သီတာအနေနဲ့ သူဟာ ရာမအပေါ် သစ္စာမပျက်ခဲ့ကြောင်း သက်သေပြဖို့ ဖြစ်လာခဲ့ပါတယ်။ မီးပုံထဲကို ခုန်ဆင်းပြီး အနာတရမဲ့ ပြန်ထွက်လာနိုင်မှ သူ့သစ္စာကို တည်ရာကျမှာပါ။ နတ်ဒေဝါတွေနဲ့ လူထုရဲ့မေတ္တာတွေကြောင့်ပဲ သီတာမင်းသမီးဟာ သူ့ရဲ့ အပြစ်ကင်းမှုကို သက်သေပြနိုင်ခဲ့တယ် မဟုတ်လား။ စုရဲ့အဖြစ်က အဲဒီလိုမျိုးလို့ တွေးနေမိတာပါ။

စု လွတ်လာတဲ့အခါမှပဲ ကျွန်မ ဘယ်တုန်းကမှ မမြင်ဖူးခဲ့တဲ့ စုရဲ့ လှိုက်လှဲပြီး ရင်ထဲကလာတဲ့ အပြုံးကို တွေ့လိုက်ရပါတယ်။ သူဟာ သူ့ကိုယ်သူ အပြစ်ရှိတယ်ဆိုတဲ့ အတွေးတွေကနေ လွတ်မြောက်စေခဲ့ပြီဆိုတာ ကျွန်မ သိလိုက်ပါတယ်။ သူဟာ လူထုရဲ့ဒုက္ခသုက္ခတွေကို မျှဝေခံစားခဲ့တာ မရှိဘူးလို့ ဝေဖန်ပြစ်တင်မှုတွေကို ထပ်ခံရစရာ မရှိတော့ဘူးလေ။ မြန်မာ့သီတာမင်းသမီးစုဟာ သူ့ရဲ့ခြောက်နှစ်တာ အကျဉ်းကျမှုနဲ့ ခံစားရမှုတွေနဲ့ သူဟာ မြန်မာပါပဲလို့ သက်သေထူခဲ့ပါပြီလေ။ ဘယ်သူကမှ သူ့ကို သစ္စာဖောက်လို့ မဆိုနိုင်သလို မြန်မာ့နိုင်ငံရေးကို နားမလည်တဲ့ အမျိုးသမီးတစ်ဦးလို့ ဆိုနိုင်တော့မှာလဲ။ စုရဲ့လွတ်မြောက်မှုမှာ အနက်နှစ်မျိုး ဆောင်နေပါတယ်။ တစ်မျိုးကတော့ အဓိပ္ပါယ်မဲ့ချုပ်နှောင်မှုကနေ လွတ်မြောက်ခြင်းပေါ့။ နောက်တစ်မျိုးကတော့ သူဟာ မြန်မာပြည်အတွက် မြှုပ်နှံထားသူပါလို့ သက်သေပြရမယ်ဆိုတဲ့ စိတ်အစွဲကနေ လွတ်မြောက်မှုပါပဲ။ တစ်ချိန်တည်းမှာပဲ စုရဲ့ လွတ်



မြောက်မှုဟာ ကျွန်မရဲ့လွတ်မြောက်မှုလိုပါပဲ။ ကျွန်မဟာ အစကတည်းက မြန်မာလူထုအနေနဲ့ စုကို အိမ်ရှင်မဘဝကနေ ထွက်လာပြီး နိုင်ငံရေးထဲမှာ ပါဝင်လာတဲ့အခါ သူတို့အတွက် အလုပ်အကျွေးပြုသူတစ်ယောက် တိုးလာသလို လက်ခံစေချင်ခဲ့တဲ့အစွဲ ရှိခဲ့တာကိုး။ အခုလို စုကို မြင်ရတဲ့အခါ အကြွေးကြေပြီလို့ တွေးကာကာမှ ဆက်ခံစားစရာ မလိုတော့ဘူးလို့ တွေးမိတော့ နဂိုအစွဲကနေ ကျွန်မလည်း ပျောက်သွားတာပဲပေါ့။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"သူမကွယ်လွန်ခင်အချိန်ထိ နှစ်နှစ်နီးပါးကာလမှာ မိုက်ကယ်ဟာ
စုပုံတူရဲ့ အောက်မှာ အိပ်သွားခဲ့တော့တာပါပဲ။
ဒီနေရာလေးဟာ တကယ်တော့ စုနဲ့ မိုက်ကယ်တို့နှစ်ယောက်ကြားက
လျို့ဝှက်နေရာလေးအဖြစ် မိုက်ကယ် မကွယ်လွန်မချင်း
တည်ရှိသွားခဲ့တယ်လို့ ဆိုရမှာပါ။"

အခန်း - ၄
ပုံရိပ်ရှင် ၈ (၁၉၉၅-၁၉၉၈)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄။
# ပုံနှိပ်ရှင် ၈ (၁၉၉၅-၁၉၉၉)

## (၁) မိုက်ကယ် ဂျပန် လာလည်

၁၉၉၄ ခုနှစ် ဧပြီလမှာတော့ ကျွန်မက ရင်သားကင်ဆာအတွက် ခွဲစိတ်ကုသမှု ခံယူခဲ့ပါတယ်။ ဩဂုတ်လမှာတော့ ကျွန်မက 'ကျွန်မစိတ်ထဲက အောင်ဆန်းစုကြည်' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ ဆေးရုံကို နှစ်ပတ်တစ်ခါ သွားပြနေခဲ့ရပြီး ကင်ဆာပျံ့လာမလားရယ်လို့လည်း ပူပန်နေခဲ့မိပါတယ်။ ကျွန်မသာ အောက်စ်ဖို့ဒ်ကို သွားလည်ဖြစ်ခဲ့ရင် ပြန်ပြီး လန်းဆန်းချင်လန်းဆန်းလာမှာပါ။ ဒါပေမယ့် စု မရှိတော့တဲ့ အောက်စ်ဖို့ဒ်ဟာ ကျွန်မအတွက် ဝေးလွန်းတဲ့နေရာပါပဲ။

ကျွန်မတို့ဇနီးမောင်နှံလည်း အခုနေခါ ငရဲတွင်းထဲ ရောက်သလို ခံစားနေရမယ့် မိုက်ကယ့်ကို တွေးပူမိသလို သူ့အတွက် စိတ်ချမ်းသာသွားစေမယ့် အချိန်လေးတစ်ခု ဖန်တီးပေးချင်မိကြပါတယ်။ ဒါနဲ့ပဲ မိုက်ကယ့်ကို ဂျပန်ကို ဖိတ်မယ်လို့ ဆုံးဖြတ်ပြီး စောင်အကောင်အထည် ဖော်ကြပါတော့တယ်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မခင်ပွန်းရဲ့ မိတ်ဆွေဖြစ်တဲ့ ယူမိယူရီသတင်းဌာနက စာရေးဆရာယဆူအိုစူဇူကီးကလည်း မိုက်ကယ် လာလို့ရအောင် ကူညီမယ်လို့ ဆိုပါတယ်။ မစ္စတာဇူဇူကီးက အင်္ဂလိပ်လိုအော ရှုံးလိုပါ ကျွမ်းကျင်သူမို့ ဝါရှင်တန်မှာတုန်းက နိုဘယ်ဆုရသူတွေကို အင်တာ ဗျူးဆိုရင် သူပဲ လုပ်ခဲ့ပါတယ်။ သူက မိုက်ကယ့်ကို အင်တာဗျူး လုပ်ဖို့ မျှော်လင့်သလို ယူမိယူရီကလည်း မိုက်ကယ့်အတွက် လေယာဉ်ခကို ကုန်ကျခံပေးခဲ့ပါတယ်။

စုဟာ နေအိမ်အကျယ်ချုပ်ကျနေစဉ်တုန်းက ဆုတွေ အများကြီးကို တစ်ခုပြီး

www.burmeseclassic.com



တစ်ခု ရခဲ့ပါတယ်။ ၁၉၉၀ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှာ နော်ဝေးက ပေးတဲ့ Trolflaft လူ့အခွင့်အရေးဆု၊ ၁၉၉၁ ခုနှစ် ဇူလိုင် ၁၀ ရက်မှာ Sakharov ဆု၊ ၁၉၉၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ကျေညာတဲ့ နိုဘယ်လ် ငြိမ်းချမ်းရေးဆု တွေပေါ့။ စုအတွက် မိန့်ခွန်းတွေကို မိုက်ကယ်က ပြင်ဆင်ရလေတိုင်း၊ ဆုပေးပွဲတွေကို တက်တိုင်း ကလေးနှစ်ယောက်ကို ခေါ်သွားတတ်ပါတယ်။ မိုက်ကယ့် ဘဝကလည်း ပညာရှင်အဖြစ်ကနေ ကမ္ဘာ့မီဒီယာရဲ့ မီးရောင်အောက်ကို ရောက်သွားပြန်ခဲ့ပါပြီ။

၁၉၉၅ ခုနှစ်မှာတော့ မိုက်ကယ်က အောက်စ်ဖို့ဒ်ရဲ့ စိန့်အန်ထော်နီကောလိပ်မှာအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦး ဖြစ်နေပါပြီ။ အလက်ဇန္ဒားကတော့ ဝါရှင်တန်မှာရှိတဲ့ ဂျော့ချ်တောင်းတက္ကသိုလ်မှာ တက်နေပြီး ကင်မ်တစ်ယောက်ပဲ မိုက်ကယ်နဲ့အတူ ပါ့ခ်တောင်းအိမ်မှာ နေပါတယ်။ သူတို့အိမ်ရဲ့ ပထမထပ်နဲ့ ဒုတိယထပ်မှာတော့ အိမ်ငှားတွေ ထားထားပါတယ်။ ကင်မ်က ခေါင်မိုးထပ်မှာနေပြီး ဒယ်ဒီမိုက်ကယ် အလုပ်ကတော့ မနက်တိုင်း ကင်မ်ကို နှိုးရတာပါပဲ။ အစပိုင်းတုန်းကတော့ မိုက်ကယ်က အပေါ်ကို တက်လိုက်ဆင်းလိုက် လုပ်ပါသေးတယ်။ နောက်တော့ သူက အင်တာကွန်းပဲ တပ်ပြီး နှိုးပါတော့တယ်။ ကင်မ်ကတော့ ဘယ်လိုနှိုးနှိုး တယ်မနိုးတတ်ပါဘူး။

ကင်မ်ရဲ့ ကျောင်းပိတ်ရက်တစ်ရာသီဖြစ်တဲ့ ဖေဖော်ဝါရီထဲမှာ မိုက်ကယ်က ဂျပန်ကို အလည်လာခဲ့ပါတယ်။ မိုက်ကယ်က ကျွန်မတို့ အိမ်ထဲကို ရောက်တယ်ဆိုရင်ပဲ သက်ပြင်းချလိုက်ပြီး 'ဆာဒါယိုရှီရေ ခင်ဗျားတို့မှာ ကလေးမရှိတာ ကံကောင်းတာပဲ' လို့ ပြောလိုက်ပါတယ်။ သူက ကျွန်မခင်ပွန်းထက် ၈ နှစ် ငယ်ပေမယ့် သူ့ရဲ့ ပင်ပန်းနေတဲ့ မျက်နှာကို ကြည့်ရတာ ကျွန်မခင်ပွန်းထက်တောင် အသက်ကြီးနေသလား ထင်ရပါရဲ့။

'ဒီအိမ်ကတော့ လုံးဝကို ဘာဆို ဘာမှမပြောင်းဘူးနော်။ အားလုံးက အရင်အတိုင်းပါပဲလား။ ကျွန်တော် စိတ်အေးချမ်းလိုက်တာ။ နိုရိကိုရေ အားကျတယ်ဗျာ' လို့ မိုက်ကယ်က ပြောပါတယ်။ 'ဘာလို့လဲ မိုက်ကယ်ရဲ့။ ရှင့်အိမ်လည်း စနစ်တကျပဲလေ' လို့ဆိုတော့ 'အခုတော့ မတူတော့ဘူးဗျာ။ ကင်မ်က ပစ္စည်းတွေကို ပြန့်ကြဲထားပြီး ပြန်လည်းမစီဘူး။ သူ့အခန်းဆို တောအုပ်ကျနေတာပဲ။ ပစ္စည်းတွေက ကြမ်းပေါ်မှာ ပုံထားတာ ဒူးခေါင်းလောက် အမြင့်တောင် ရှိနေပြီ။ ခင်ဗျား ခြေထောက်တစ်ချောင်းချင်းစီ မပြီး လမ်းလျှောက်မှရတာ။ နို့မဟုတ်ရင် သူ့အခန်းထဲ ခြေတစ်လှမ်းတောင် လမ်းလျှောက်လို့ ရမှာ မဟုတ်ဘူး။ ကျွန်တော်က သူ့အခန်းကို ရှင်းပေးတော့လည်း သူက စိတ်ဆိုးပြန်ရော' လို့ မိုက်ကယ်က စိတ်လျှော့ပြီး ပြော



ပြနေပါတယ်။ မိုက်ကယ်က သပ်သပ်ရပ်ရပ်နေတတ်ပြီး ကျွန်မက အသန့်အပြန့်ကြိုက်တာကိုး။ ကင်မ်ကတော့ 'ဒယ်ဒီတို့ နှစ်ယောက်လုံး ကျွန်တော့ကို ဒုက္ခပေးနေကြတာတွေပဲ' လို့ ပြောပါတယ်။ သူက သပ်သပ်ရပ်ရပ်နေဖို့ အဆင်ပြေပုံ မရပါဘူး။

အဲဒီအချိန်က ကျွန်မခင်ပွန်းဟာ ရူကိုကူတက္ကသိုလ်မှာ စာသင်နေဆဲပါ။ သူ့ရဲ့ တက္ကသိုလ်က ကျောင်းအုပ်ကြီးနဲ့ နီရှိဟွန်ဂန်ကျိစေတီတို့ကလည်း မိုက်ကယ့်ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အိုတာနီစုစမ်းလေ့လာရေးပါတီမှာတော့ အလယ်အာရှက တိဘက်ဘာသာပေစာတချို့ကို မိုက်ကယ် တွေ့လိုက်ရပါတယ်။ ဘာသာမပြန်ရသေးတဲ့ စာမူတွေမို့ မိုက်ကယ်က 'အို ဒီအခန်းထဲမှာ ၂ နှစ် ၃ နှစ်လောက် ထိုင်ပြီး ဒီစာမူတွေကို လေ့လာရရင် ဘယ်လောက်ပျော်ဖို့ ကောင်းမှာပါလိမ့်' လို့ အားသာ ပြောလေရဲ့။ တက္ကသိုလ်က တာဝန်ရှိသူတွေကလည်း သူ့ကို လုပ်ပေးချင်ပါတယ်။ ဒါပေမယ့် ဒီကိစ္စက သိပ်မဖြစ်နိုင်ဘူးလေ။

တကယ်တော့ သူ့ဘဝမှာ မုန်တိုင်းတွေ ထန်နေတဲ့အချိန် ၁၉၉၄ ခုနှစ်မှာပဲ မိုက်ကယ်ဟာ သူ့ဘဝမှာ အရေးပါတဲ့ စာအုပ်တစ်အုပ်ကို ရေးသားပြီးစီးခဲ့ပါတယ်။ စာအုပ်က 'ရာဘင်ကရောင်း၊ ဘူတန်ရှိ ဗုဒ္ဓဘာသာနိုင်ငံ၏ မူလအစ' လို့ နာမည်ပေးထားပါတယ်။ အဲဒီစာအုပ်အကြောင်း သူက ရူကိုကူတက္ကသိုလ်မှာ လက်ချာတစ်ခု ပို့ချဟောပြောပေးခဲ့ပါတယ်။ တိဘက်ပညာရှင်တချို့၊ မနုဿဗေဒပညာရှင်တွေ၊ ဘာသာဘာသာလေ့လာနေသူတွေနဲ့ တခြားပညာရှင်တွေအများကြီး သူ့လက်ချာကို လာတက်ခဲ့ကြပါတယ်။ ဒါ့အပြင် စုကို ဂျပန်ဘာသာစကား သင်ပေးတဲ့ မိချီကို ဘီရာအိ၊ ပါမောက္ခနီရှိအိုကာ၊ ယာတာရှီဆန်နဲ့ ယူမီယူရီသတင်းဌာနက မစ္စတာ ဟူဂီတို့လည်း လာတက်ကြပါတယ်။ ဒီအချိန်ဟာ ခဏလေးပေမယ့် ပညာရှင်မိုက်ကယ့်အတွက်တော့ အမောတွေပြေမယ့် အခိုက်အတန့်လေး ဖြစ်ခဲ့တယ်လို့ ကျွန်မတို့က မျှော်လင့်ခဲ့ပါတယ်။

ယူမီယူရီက မိုက်ကယ် ဂျပန်မှာ ရောက်နေကြောင်း သတင်း မလုပ်ခဲ့တာကိုလည်း ကျွန်မတို့က ကျေးဇူးတင်ခဲ့ပါတယ်။ မိုက်ကယ်ဟာ မီဒီယာတွေရဲ့ မျက်စိအောက်မှာ ကလေးတွေနဲ့ အလုပ်ရှုပ်နေတာ အဖေအဖြစ်ရော၊ အိမ်ရှင်မအဖြစ်ရော ပညာရှင်အဖြစ်ပါဆိုတော့ မောရှာပါတယ်။ ဂျပန်ရောက်ခိုက်မှာတော့ နီရှိတို့တွေကနေ ခဏလေး ဝေးနေရပြီး အမောဖြေနိုင်မယ်လို့ မျှော်လင့်မိတာပေါ့။ ဂျပန်မှာလည်း အဲဒီအချိန်က ကိုဘေးငလျင်ကြီး ပြီးခါစလေး ရှိသေးချိန်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## (၂)မိုက်ကယ့်အိမ်ကို နတ်သမီးနှစ်ပါးရောက်လာခြင်း

မိုက်ကယ် ပြန်သွားပြီး နွေရာသီမှာတော့ ကျွန်မတို့က အောက်စ်ဖို့ဒ်ကို သွားလည်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ မိုက်ကယ်က သွက်လက်နေပြီး ပြန်ငယ်သွားသလိုလည်း ဖြစ်နေပါတယ်။ ဒီခြောက်လလောက်အချိန်အတွင်းမှာ ဘာတွေဖြစ်သွားခဲ့လဲလို့ ကျွန်မ တွေးမိတော့တာပေါ့။

ကျွန်မတို့က မိုက်ကယ့်စာကြည့်ခန်းထဲမှာ ထိုင်လိုက်ရင်ပဲ အောက်ထပ်မီးဖိုခန်းထဲကနေ အမျိုးသမီးအသံတွေနဲ့အတူ မိုက်ကယ့်အသံသြသြကို ကြားလိုက်ရပါတယ်။ အိမ်ဝင်းထဲက ပန်းခြံလေးထဲမှာတော့ စားပွဲတစ်လုံးနဲ့ ကုလားထိုင်တွေရှိနေပြီး မိုက်ကယ်က စားပွဲကို ပြင်ဆင်နေတာမို့ ပန်းခြံထဲမှာ ပါတီလုပ်မယ်လို့ သဘောပေါက်သွားပါတယ်။ ဒီအိမ်မှာ ဘာတွေ ဖြစ်နေပါလိမ့်။

ကက်သလစ်ဘုန်းတော်ကြီးနှစ်ပါးက စားပွဲဘေးမှာ နေရာယူလိုက်ကြပါတယ်။ တစ်ပါးက ဩစတြေးလျားကဖြစ်ပြီး တစ်ပါးကမြန်မာပြည်ကပါ။ သိပ်မကြာခင်မှာပဲ မြန်မာကက်သလစ်သီလရှင်နှစ်ယောက်က ဝတ်စုံပြာတွေ ဝတ်ထားကာ ဟင်းပန်းကန်တွေကိုင်ပြီး စားပွဲဆီကို လျှောက်လာကြပါတယ်။ အထီးကျန်လှတဲ့ ဒီအိမ်ထဲမှာ ချစ်စရာပန်းလေးနှစ်ပွင့် ပွင့်နေသလို မြင်လိုက်ရတာပါ။ ဒီတော့မှပဲ မိုက်ကယ် ဘာလို့ ပြန်လန်းဆန်းလာတာလဲဆိုတဲ့ ပဟေဠိကို ကျွန်မ အဖြေညှိလိုက်နိုင်ပါတယ်။

မြန်မာ့စားစရာ အုန်းနို့ခေါက်ဆွဲက သိပ်ကို အရသာရှိတာပါပဲ။ အချိုပွဲအဖြစ်ကျွေးတဲ့ စတော်ဘယ်ရီသီးတွေကိုလည်း မိုက်ကယ်နဲ့ ကက်သလစ်ဘုန်းကြီး၊ သီလရှင်တွေက မြေထဲပင်လယ်ခေတ် ဘုရားရှိခိုးကျောင်းဝင်းထဲကနေ ခူးခဲ့ပါသတဲ့။ မိုက်ကယ်က အဲဒီလို စတော်ဘယ်ရီ ခူးရတာကို သဘောတွေကျပြီး စိတ်လှုပ်ရှားနေသလောက် သားဖြစ်တဲ့ ကင်မ်ကတော့ အေးစက်တိတ်ဆိတ်စွာနဲ့ပဲ သူ့အဖေကို ငေးကြည့်နေပါတယ်။ သားအဖနှစ်ယောက်ကို ကြည့်ရတာကိုက စိတ်ဝင်စားစရာပါပဲ။

မိုက်ကယ်က ပြောပြတာကတော့ မြန်မာပြည်က ကက်သလစ်သီလရှင်နှစ်ယောက် အောက်စ်ဖို့ဒ်ကို ရောက်လာကြောင်း သူ့ စတင်ကြားခဲ့ပါသတဲ့။ ဒီလိုနဲ့ သီလရှင်တွေနေတဲ့ ကွန်ဗင့်ကျောင်းက ကျောင်းအုပ်ကြီးကို အဲဒီသီလရှင်နှစ်ယောက်နဲ့ တွေ့မေးနိုင်ဖို့ ပြောကြားခဲ့ပါတယ်။ နောက်တော့ အဲဒီသီလရှင်နှစ်ယောက်ကို နောက်တိုင်း ကွန်ဗင့်ကို လွှတ်လိုက်ပြီး သီလရှင်တွေရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ပြုမှာဖြစ်ကာ အင်္ဂလိပ်စာသင်ကျောင်းကိုလည်း သူကပဲ အကုန်အကျခံ ထား



ပေးမယ်လို့ ရှင်းပြခဲ့ပါတယ်။ သူ့အတွက် တောင်းဆိုချက်ကတော့ အဲဒီသီလရှင်နှစ်ယောက်ကို ကွန်ဗင့်မှာ မနေစေဘဲ သူ့အိမ်မှာနေခွင့်ရအောင်ပါ။ ကွန်ဗင့်ကျောင်းကလည်း မိုက်ကယ့်တောင်းဆိုမှုကို လက်ခံပါတယ်။ မိုက်ကယ်တို့အိမ်မှာ အဲဒီအချိန်က ဒုတိယထပ်က အိမ်ငှားတွေလည်း မရှိရှိန်ဆိုတော့ အဆင်ပြေသွားပါတယ်။

မိုက်ကယ်က သီလရှင်တွေကို အိမ်ခန်းခ မတောင်းခဲ့ပေမယ့် အရေးအကြီးဆုံး တောင်းဆိုမှုတစ်ခုကိုတော့ မမေ့မလျော့ တောင်းခဲ့ပါတယ်။ အဲဒါကတော့ တစ်နေ့မှာ တစ်နပ်စာကို ပူပူနွေးနွေး ချက်ပြုပြင်ဆင်ပေးဖို့ပါပဲ။ ဟုတ်တယ်လေ။ ဒါမှ သူ့အကြိုက် မြန်မာစာကို ညတိုင်း လွေးနိုင်မှာကိုး။ ကျွန်မတို့လည်း မိုက်ကယ့်လောက် မြန်မာစာကို ကြိုက်တတ်တဲ့ အင်္ဂလိပ်ကို မတွေ့ဖူးဘူးလို့ ဆိုရမလားပါပဲ။

ညစာစားပြီးတော့ အိမ်က တိတ်ဆိတ်သွားခဲ့ပါတယ်။ မိုက်ကယ်က ကျွန်မကို သူ့နောက်ကို တိတ်တဆိတ်လိုက်ခဲ့ဖို့ လက်ဟန်ပြပါတယ်။ ကျွန်မတို့လည်း မြေညီထပ်ဧည့်ခန်းကနေ မြေအောက်ထပ်မီးဖိုချောင်ဆီ ဆင်းလာခဲ့ပါတယ်။ ကင်မ်ဟာ အစ်ခါက ကျောင်းကနေ စု ယူလာခဲ့တဲ့ ဒဏ်ရာတွေနဲ့သစ်သားစားပွဲဘေးမှာ တိတ်တဆိတ်ပဲ စာဖတ်နေပါတယ်။ ကက်သလစ်သီလရှင်ညီအစ်မကတော့ ပန်းကန်တွေကို တိတ်တဆိတ် ဆေးနေလေရဲ့။

အဲဒီလို မြင်ကွင်းမျိုးက သာမန်မြင်ကွင်းမျိုး မဟုတ်လား။ ကင်မ်က သီလရှင်ညီအစ်မကို သိပ်အားကိုးနေပါပြီ။ သူ စာဖတ်တဲ့ နေရာက နည်းနည်းမှောင်နေပေမယ့် သူဟာ နေရာမရွှေ့သေးပါဘူး။ သူ့မျက်ဝန်းတွေလည်း စိုစွတ်နေသလားပဲ။ ကျွန်မတို့လည်း ဧည့်ခန်းကို ပြန်တက်လာခဲ့ကြပါတယ်။ "နိုရီကိုရေ ကင်မ်က သိပ်ကို တိတ်ဆိတ်နေတယ်။ ဒီလိုနေတာ စု မရှိတော့ထဲကဆိုရင်တော့ ဒီတစ်ကြိမ်ပဲ ရှိသေးတော"လို့ မိုက်ကယ်က ဆိုပါတယ်။ တကယ်တော့ ကင်မ်ရော၊ မိုက်ကယ်ပါ စုကို သိပ်လွမ်းနေကြလှပါပြီ။ သူတို့ဘဝက အထီးကျန်ဆန်လှပါတယ်။

နောက်နှစ်နွေဦးဖြစ်တဲ့ ၁၉၉၆ မတ်လမှာတော့ ကျွန်မတို့ဇနီးမောင်နှံဟာ အောက်စ်ဖို့ဒ်မှာ တိုက်ခန်းတစ်ခန်း ဝယ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ မိုက်ကယ်ကတော့ အဲဒီအဆုံးအဖြတ်ကို သဘောတွေကျကာ အေးဂျင့်နဲ့ မိတ်ဆက်ပေးသလို သူ့ကားနဲ့လည်း အိမ်ခန်းတွေကို လိုက်ပြပေးပါတယ်။ ကြည့်သမျှ တိုက်ခန်းကောင်းတွေများများကို သူက မကြိုက်ပေမယ့် နောက်ဆုံးမှာတော့ မိုက်ကယ့်အိမ်နဲ့ လမ်းလျှောက်ရင်တောင် ရတဲ့နေရာက တိုက်ခန်းတစ်ခန်းကိုတော့ သဘောကျသွားပါတယ်။ သုံးထပ်တိုက်တစ်တိုက်ရဲ့ ပထမထပ်မှာရှိတဲ့ တိုက်ခန်းပါ။ မိုက်ကယ်က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်ရဲ့ မြေညီထပ်မှာနေခဲ့ဖူးတဲ့ အမျိုးသမီးကြီးကို သိပြီး သူ့ဆီလည်း သွားလည်ဖူးပါတယ်။ မိုက်ကယ်ကတော့ ဗိတိုရိယခေတ် ဗိသုကာလက်ရာပာန်အိမ်မျိုး ဝယ်ဖို့ အကြံပေးပါတယ်။ နောက်ဆုံးတော့ အောက်စ်ဖို့ဒ် ရောက်ပြီး သုံးရက်အတွက် အကြီးဆုံး ဈေးဝယ်ခြင်းအမှုကို ဆောင်ရွက်ခဲ့နိုင်ပါတော့တယ်။

နွေရာသီပိတ်ရက်ဖြစ်တဲ့ ဇူလိုင်၊ ဩဂုတ်မှာတော့ ကျွန်မတို့ဟာ တိုက်ခန်းလေးကို သက်သောင့်သက်သာ နေနိုင်မယ့် အိမ်လေးဖြစ်အောင် ပြင်နိုင်ခဲ့ကြပါတယ်။ ကုတင်နဲ့ လျှပ်စစ်ပစ္စည်းတွေက ဝယ်ပြီးတာနဲ့ ရောက်လာတာ မြန်ပေမယ့် ပရိဘောဂတွေကတော့ အဆင်သင့် မဖြစ်သေးပါဘူး။ ဒီလိုနဲ့ အိမ်ခန်းအလယ်ကောင်မှာ အိပ်ရာခင်းကို ခင်းကာ ကျွန်မတို့ရဲ့ ဒုက္ခသည်စတိုင်လ်တဝကို စတင်လိုက်ကြပါတယ်။ သီလရှင်ညီအစ်မကတော့ ကျွန်မတို့ရဲ့ အဲဒီစတိုင်လ်ကို သဘောကျကြပါသတဲ့။ သူတို့က တအုပ်ပုံစားပွဲတုပေါ်မှာ လက်ဘက်ရည်ဇန်းကို တင်ပြီး လက်ဘက်ရည် သောက်ရတာကို ပျော်နေကြပါတယ်။ သူတို့ရဲ့ မြန်မာပြည်မှာ နေခဲ့ပုံတွေနဲ့ တူတာမို့ ဒီလိုနေရတာကို သဘောကျနေကြတာပါ။

နောက်မြန်မာမိန်းကလေးတစ်ယောက်ကလည်း မြို့ပြင်ကို ကားမောင်းပို့ပေးပြီး ဈေးဝယ်ထွက်နိုင်အောင် စီစဉ်ပေးပါတယ်။ အိမ်ပြန်ရောက်တာနဲ့ သီလရှင်ညီအစ်မတ ထမင်းအိုးဖုံးကို ဖွင့်ကာ ထမင်းတွေ စားကြတော့တာပါပဲ။ ပြီးတော့မှ စိတ်ချမ်းသာသွားသလိုနဲ့ "အခုတော့ လူသစ်တစ်ယောက်လိုတောင် ခံစားနေရပြီ" လို့ ပြောလိုက်ပါတယ်။ တကယ်တော့ ကားမောင်းတဲ့ မြန်မာကောင်မလေးက ကားထဲမှာ သီချင်းကို ခပ်ကျယ်ကျယ် ဖွင့်ထားပြီး အရှိန်ကိုလည်း မြှင့်ပြီး မောင်းပါတယ်။ လမ်းမှာလည်း တွေ့သမျှ ခပ်နှေးနှေး ကားတွေကို ကျော်တက်သလို မြန်မြန်မောင်းစမ်းပါလို့လည်း အော်လိုက်ပါသေးတယ်။ ကားနောက်ခန်းက သီလရှင်ညီအစ်မတော့ တစ်ချိန်လုံး ရယ်နေကြကာ ဒါမှ မြန်မာမိန်းကလေးစစ်စစ်လို့ ပြောနေကြပါတယ်။ ကျွန်မလည်း မြန်မာမိန်းကလေးတွေဟာ သိပ်ပြင်းထန်သလို အကြောင်းအလန့်လည်း မရှိဘူးလို့ တွေးမိကာ စုကိုလည်း သတိရသွားမိပါတယ်။

ကားမောင်းပို့ပေးသူက ကားကို ဝယ်ထားတာ မကြာသေးသလို ကိုယ်တိုင်မောင်းတာလည်း မကြာသေးပါဘူး။ ဒီတော့ သီလရှင်ညီအစ်မထဲက အစ်မဖြစ်သူက ကြောက်နေသလို ဖြစ်ပေမယ့် တစ်ချိန်လုံးတော့ ပြုံးနေခဲ့ပါတယ်။ ကျွန်မကလည်း ဒီအကြောင်းကို စောစောကသာ သိခဲ့ရင် ကားရှေ့ခန်းမှာ ထိုင်ဖြစ်မယ် မထင်ပါဘူး။ ဒီတော့ အိမ်ပြန်ရောက်တဲ့အခါ ထမင်းစားလိုက်ပြီးမှပဲ သူတို့ပူပန်နေခဲ့တာတွေ သက်သာသွားသလိုပါ။ ညီအစ်မနှစ်ယောက် တိတ်ဆိတ်အေးချမ်းသွားကြပုံကို မြင်ရ



တော့ အာရှသားအာရှသူတွေအတွက် ထမင်းဟာ ဗိုက်အဆာ သက်သာစေရုံကတော့ စိတ်အဆာလည်း ပြေစေတာကို သတိထားလိုက်မိပါတယ်။

သိပ်မကြာခင်မှာပဲ သံရုံးကားတစ်စီးကို မိုက်ကယ်တို့အိမ်ရှေ့နားမှာ ရပ်ထားတာတွေ့ကြရပါတယ်။ ညီအစ်မတွေက ကားနားကပ်သွားချိန်မှာတော့ ကားက မောင်းထွက်သွားလေရဲ့။ အဲဒီကားက မြန်မာသံရုံးက ကားပါပဲ။

နောက်ဆုံးမှာတော့ ညီအစ်မနှစ်ယောက်ကို မြန်မာသံရုံးက ဆင့်ခေါ်ခဲ့ပါတော့တယ်။ ဒီလိုနဲ့ ကျွန်မတို့လည်း လန်ဒန်ကို သွားစရာ ရှိတာကြောင့် သူတို့နဲ့အတူပဲ ဘတ်စ်စီးကာ လန်ဒန်ကို ထွက်ခဲ့ဖြစ်ပါတယ်။ ညီအစ်မနှစ်ယောက်ကတော့ ဒီလောက်မှန်းရခက်တဲ့ အခြေအနေမျိုးမှာတောင် ရယ်ရယ်မောမောပါပဲ။ ကျွန်မကတော့ သူတို့ အခက်အခဲဖြစ်လာခဲ့ရင်အဆိုးဆုံးကို ပြင်ဆင်ထားရဲ့လားလို့ တွေးပူနေမိတာပါ။ သူတို့ကြည့်ရတာတော့ ဘယ်လိုပဲဖြစ်ဖြစ် လားရှိုးက ကွန်ဗင့်ကျောင်းကို ပြန်မယ်လို့ စိတ်ဆုံးဖြတ်ထားပုံပေါ်။

လမ်းမှာ သူတို့က လားရှိုးမှာရှိတဲ့ သူတို့ကျောင်းကို နယ်က ခရစ်ယာန်သီလရှင်နဲ့ ဘုန်းကြီးတွေ အလည်လာတတ်ကြကြောင်းနဲ့ ညနက်သန်းခေါင်မှ ရောက်လာတဲ့ ဧည့်သည်တွေအတွက် မီးမွှေးပြီး ထမင်းချက်ကျွေးရကြောင်းတွေ ပြောပြကြပါတယ်။ ကျွန်မလည်း သူတို့ဆီမှာ မိုက်ခရိုဝေ့ဗ်မီးဖို မသုံးနိုင်တာကို သတိထားမိပြီး သူတို့ကို ကူညီချင်မိပါတယ်။ နောက်တစ်ခုက ဒီခရီးပြီးသွားလို့ သူတို့နဲ့ မြန်မာသံရုံး တွေ့ဆုံခြင်းဟာ သူတို့အတွက် ဒီမှာနေရတာ နောက်ဆုံးဆိုရင် ကျွန်မအနေနဲ့လည်း သူတို့ကို နောက်ထပ်တွေ့ရတော့မှာ မဟုတ်ဘူးလို့ တွေးမိပြန်တာပါ။ ဒါနဲ့ပဲ သူတို့ကို မိုက်ခရိုဝေ့ဗ်မီးဖိုတစ်ခုကို လန်ဒန်ကနေ ဝယ်သွားဖို့ဆိုပြီး အလှူငွေပေးဖြစ်ခဲ့ပါတယ်။

ကျွန်မက သူတို့ညီအစ်မကို မြန်မာသံရုံးက ဘယ်လိုဆက်ဆံမယ်ဆိုတာ မသိနိုင်တော့ စိတ်ပူပြီး သူတို့ကို မိုက်ကယ့်အိမ်မှာ ဘာလို့ နေနေတာလဲလို့ မေးတဲ့အခါ ဖြေဖို့ သင်ပေးနေမိပါတယ်။ ကျွန်မက စိတ်ပူတော့ ပြောမိပြောရာတွေ ပြောနေတာမို့ သူတို့က ရယ်နေပြီး ဘာစကားမှ ပြန်မပြောပါဘူး။

နောက်ပိုင်းမှာတော့ ကျွန်မ သူတို့ညီအစ်မနဲ့ ပြန်တွေ့ဖြစ်ပါတယ်။ မြန်မာသံရုံးက ဘာပြောလဲလို့ မေးတော့ သူတို့က ရယ်ပြီး ပြန်ပြောပြတာကတော့ အိမ်ကို မြန်မြန်ပြန်ဖို့ ပြောကြောင်း၊ အကြောင်းပြချက်က အင်္ဂလန်မှာ ကြာကြာနေတဲ့ မိန်းကလေးတွေက ပြည့်တန်ဆာ ဖြစ်သွားတတ်ကြောင်းတွေ ပြောပါသတဲ့။ သူတို့ညီအစ်မက တဟားဟား ရယ်ခဲ့ကြပါတယ်။ ခရစ်ယာန်သီလရှင်တွေက အင်္ဂလန်

www.burmeseclassic.com



မှာ ကြာကြာနေရင် ပြည့်တန်ဆာ ဖြစ်မယ်လို့ ဆိုတယ်လေ။ မြန်မာတွေကတော့ ဘယ်လိုအခက်အခဲကိုပဲဖြစ်ဖြစ် ရယ်ပစ်လိုက်တာပဲကိုး။ သူတို့ညီအစ်မက ကရင်တွေပါ။ သူတို့က ပိုလို့တောင် မမ္မသူတွေနဲ့ တူပါရဲ့။ စစ်အစိုးရလက်အောက်မှာ စိတ်ဆင်းရဲခံရတာ ကျင့်သားရနေကြလို့လား မသိပါဘူး။ မြန်မာတွေကတော့ ခံစားချက်တွေကို ရယ်ပစ်လိုက်ပြီး အဝေးကို မောင်းနှင်ပစ်လိုက်ကြတာပါပဲ။

သူတို့ညီအစ်မလည်း မြန်မာပြည်ပြန်ဖို့ ဆုံးဖြတ်လိုက်ကာ အိမ် ပြန်လက်ဆောင်တွေ လိုက်ဝယ်ကြပါတယ်။ သူတို့ကနယ်က အရာရှိကြီးအတွက် လက်ဆောင်ဝယ်မယ်ဆိုတော့ မိုက်ကယ်က လာဘ်ပေးတာ မကောင်းဘူးလို့ ပြောလေရဲ့။အစ်မဖြစ်သူက လက်မခံပါဘူး။ သူက ကျွန်မကို တိုင်တည်ပြီး ပြောလိုက်ပါတယ်။ 'နိုနီကိုရယ် အန်ကယ်မိုက်ကယ်က ဘာမှနားမလည်ဘူးနော်။ ကျွန်မတို့သာ လာဘ် မထိုးရင် အဲဒီလူက ကျွန်မတို့ရဲ့ ကွန်မြင့်ကို ပိတ်ပစ်မှာ။ သူတို့မှာ လုပ်ပိုင်ခွင့် ရှိရှိ၊ မရှိရှိ သူတို့က ကျွန်မတို့ရဲ့ မြေကိုရော ကျောင်းကိုပါ ရောင်းပစ်လိုက်လို့ ရနေတယ်။ အဲဒီလိုသာ လုပ်ရင် ကျွန်မတို့ သီလရှင်တွေရော မိဘမဲ့ကလေးတွေပါ နေစရာပျောက်ပြီး လမ်းပေါ် ရောက်သွားမှာလေ။ အဲဒီလို အဖြစ်ခံလို့မှ မဖြစ်တာ' လို့ သူက အရှည်ကြီး ရှင်းပြနေပါတယ်။

သီလရှင်ဝတ်စုံနဲ့ လက်ဝါးကပ်တိုင်သာ ကိုယ်ပိုင်ပစ္စည်းရယ်လို့ရှိတဲ့ သီလရှင်တွေဆီက လာဘ်လာဘကို မျှော်ကိုးတဲ့ အရာရှိဆိုတာ ဘယ်လိုပုပ်သိုးနေတဲ့ လူမျိုးပါလိမ့်လို့ ကျွန်မက စဉ်းစားနေမိပါတယ်။ မြန်မာပြည်မှာ လာဘ်ပေးလာဘ်ယူ ပပျောက်အောင် ကျွန်မတို့ ဘယ်လိုလုပ်ပေးနိုင်မှာပါလိမ့်။ အာရှနိုင်ငံတွေမှာ လာဘ်ပေးလာဘ်ယူစနစ်ပပျောက်အောင် လုပ်ဖို့ ခက်မယ်ဆိုတာ သေချာပေမယ့် ဒီမြန်မာနိုင်ငံမှာတော့ စုနဲ့ သူ့ပါတီက လာဘ်ပေးလာဘ်ယူပပျောက်အောင် ကြိုးစားနိုင်မယ် ထင်ပါရဲ့။

## (၃)မိုက်ကယ်တို့ အိမ်ဟောင်းကနေ တိုက်ခန်းသို့ ပြောင်းခြင်း

သီလရှင်ညီအစ်မ မြန်မာပြည် ပြန်သွားပြီးတဲ့နောက် မိုက်ကယ်က စုနဲ့ ပတ်သက်ပြီး အမှတ်ရစရာတွေ များတဲ့ ပတ်ခ်တောင်းအိမ်ကို ရောင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အိမ်က သုံးထပ်သာဆိုတယ် ခေါင်မိုးထပ်နဲ့ မြေအောက်ပါပါတော့ ငါးထပ်ဖြစ်နေကာ အပေါ်တက်ဆင်းရတာကို ငြီးငွေ့နေပြီမို့ ရောင်းချင်တာလို့ မိုက်ကယ်က ရှင်းပြပါတယ်။ တကယ်လည်း ကင်မ်နဲ့ မိုက်ကယ်နှစ်ယောက်တည်းအတွက် ငါးထပ်ပါတဲ့ အိမ်ဟာ သိပ်ကြီးနေတာ အမှန်ပါပဲ။ မိုက်ကယ်က



ညီထပ်မှာ နေပြီး ကင်မ်က ခေါင်မိုးထပ်မှာမို့ တစ်အိမ်တည်းနေပြီးတော့တောင် ကို တစ်ယောက်တစ်မျိုးစီ ရှုနေရတာ မဟုတ်လား။ ဘဝအပြောင်းအလဲကလည်း ကြီးတယ်လေ။ မိုက်ကယ်ဟာ တစ်နေ့လုံးလိုလို စာသင်ရ၊ စာဖတ်ရ၊ တွေကို စောင့်ရှောက်ရနဲ့ မောခဲ့ရှာတာပါ။ ခုတော့ အလက်ဇန္ဒားက အမေရိက ကျောင်းသွားတက်ပြီမို့ ကက်မ်တစ်ယောက်ပဲ သူ့နားမှာ ကျန်တယ်လေ။ က သူ့ကိုကူလုပ်ပေးနေကျပါပဲ။ 'လိုးတာ ချက်တာ ကျွန်တော့် အလုပ်ပါ' လို့ က မီးဖိုထဲမှာ ပြောနေကျပါ။ သူလည်း မကြာခင် ကောလိပ်သွားတော့မှာ မိုက်ကယ့်အနေနဲ့ တစ်ယောက်တည်း အလွမ်းတွေနဲ့အတူ ဒီအမှတ်ရစရာ တဲ့ အိမ်မှာ မနေချင်ဘူး ထင်ပါရဲ့။

မိုက်ကယ် လွမ်းနိုင်သေးတဲ့ နောက်တစ်ခုကတော့ သီလရှင်ညီအစ်မရဲ့ ရယ်ပါပဲ။ သူတို့နဲ့အတူ နေခဲ့တဲ့ကာလတွေမှာ မိုက်ကယ်ဟာ မိသားစုဘဝကို နေခဲ့ပုံပါ။ သူတို့က ခဏလေး လာနေသွားပေမယ့် မိုက်ကယ်တို့ သားအဖက ကို စိတ်ချမ်းသာခဲ့ရပါတယ်။ ဒါပေမယ့် သူ့ကြောင့်လို့ ဆိုနိုင်မယ့် အကြောင်း ပဲ ဒီညီအစ်မကို ကူညီရာမရောက်ဘဲ ဖြစ်သွားရတဲ့ အတွေ့အကြုံကလည်း တွက် စိတ်မချမ်းသာစရာ ဖြစ်လာခဲ့ပါတယ်။

တကယ်တော့ ငယ်ငယ်လေးကတည်းက သီလရှင်ဖြစ်လာခဲ့တဲ့ အငယ်မလေး အသက်သာ ၂၀ ဆိုပေမယ့် တကယ့်သူတော်စင်လေးလို ဖြူစင်ရှာပါတယ်။ မယ့် ကရင်တွေကို စစ်တပ်က အနိုင်ကျင့်လေ့ရှိတာမို့ သူ့နေရင်းလည်း မြန် သွားရော သူလည်း စစ်သားမိန်းမဖြစ်သွားရောလို့ကြားကြရတော့ စိတ်မကောင်း ရပါတယ်။ အကြီးမလေးကတော့ လားရှိုးက ကွန်မြင့်မှာပဲ ဆက်နေခွင့်ရှာပါ တဲ့။

တကယ်တော့ အငယ်မလေးကို ကင်မ်ဟာ အစ်မအရင်းတစ်ယောက်လို သံယော သလို သူတို့ညီအစ်မနှစ်ယောက်ကလည်း မိုက်ကယ့်ကိုပါ အဖေတစ်ယောက်လို ကူညီခဲ့ကြပါတယ်။ သူတို့က 'အန်ကယ်မိုက်ကယ်သာ တကယ်နေမကောင်း ရင် နယ်စပ်ကို ဖြတ်ပြီးတော့ကို လာပြုစုပါ့မယ်' လို့ နှုတ်ဆက်ခဲ့ကြဖူးပါတယ်။ တို့အတွက် နယ်စပ်ကို ဖြတ်ကျော်တာဟာ အဆန်းမဟုတ်ဘူးလေ။ စု ရဲ့ မိန် ကို နားထောင်ချင်လို့ဆိုပြီး သူတို့တောကျော်တောင်ကျော်နဲ့ ကျော်ခဲ့ဖူးပါသတဲ့ ပေမယ့် မိုက်ကယ့်နောက်ဆုံးအချိန်တွေမှာ သူတို့ အရောက်မလာနိုင်ခဲ့ကြတော့ဘူး။

မိုက်ကယ်က အထီးကျန်ရတာကို မခံစားနိုင်ချိန်လေ။ ကျွန်မတို့ ဇနီးမောင်နှံက တောင် ဒီညီအစ်မရဲ့ ရယ်သံတွေ ပျောက်သွားတဲ့ မီးဖိုချောင်ခြောက်ကပ်ကပ်ကို

www.burmeseclassic.com



မခံစားနိုင်တာပဲကိုး။ ဒီလိုကြောင့်ပဲ မိုက်ကယ်ဟာ အိမ်ပြောင်းဖို့ ဆုံးဖြ
လိုက်ပုံရပါတယ်။ ကျွန်မတို့ နှစ်ယောက်ကတော့ မိုက်ကယ်ရဲ့ တိုက်ခန်းအသစ်
ကျွန်မတို့ တိုက်ခန်းနဲ့ အဆောက်အဦငါးခုစာပဲ ခြားတာကြောင့် ဝမ်းသာခဲ့ရ
ပါတယ်။

နော်ဟာမ်ဥယျာဉ်လမ်းတလျှောက်က အိမ်တွေအားလုံးဟာ ဗိတိုရိယခေတ်လ
ရာတွေပဲ ဖြစ်ပါတယ်။ တချို့အိမ်တွေကိုတော့ အောက်စ်ဖို့ဒ် တက္ကသိုလ်ရဲ့ သု
သနဌာနအဖြစ် အသွင်ပြောင်းခဲ့ပြီး အိမ်တစ်လုံးကိုတော့ နိုင်ငံရပ်ခြားပညာရှင်
ရဲ့ မိသားစုတွေအတွက် လှုပ်ရှားမှုတွေ ဆောင်ရွက်နိုင်တဲ့အိမ်အဖြစ် အသွင်ပြော
ထားပါတယ်။ ဘယ်အိမ်ကိုမှ လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုက ပိုင်တ
ရယ်လို့ မရှိပါဘူး။ လူတစ်ယောက်၊ မိသားစုတစ်စုအနေနဲ့ ပိုင်နိုင်တာက
အထပ်တစ်ထပ်၊ တိုက်ခန်းတစ်လွှာပဲ ဖြစ်ပါတယ်။ဒါကြောင့် အိမ်အဝင်
လူခေါ်ခေါင်းလောင်းခလုတ်တွေ အများကြီး ရှိနေတတ်ပါရဲ့။

ဒီအိမ်တွေဟာ အရင်ကဆောက်ခဲ့တာမို့ မိသားစုတစ်စုတည်းနေဖို့ ရည်ရွ
ကာ အသံကို ထိမ်းချုပ်ထားဖို့ စနစ်လည်း မရှိပါဘူး။ အိမ်တိုင်းလိုလိုမှာ အ
ခေတ်ပေးဖို့ မီးနိုးခေါင်းတိုင်ကလည်း ရှိနေလေတော့ အခုအချိန်မှာ အသုံးမပြ
တော့ပေမယ့် မီးနိုးခေါင်းတိုင်ဟောင်းလောင်းပေါက်က အလွှာတိုင်းက အခန်းတို
အသံတွေကို ဖြန့်ဖြူးပေးနေသလိုပါပဲ။ လူတွေ ပြောကြတဲ့ 'အင်္ဂလိပ်သည်း
ဆိုတာ အဲဒီလိုအသံတွေ ပျံ့နေတာကို သည်းခံတယ်လို့ ဆိုလိုပါတယ်။ ဒီအကြေ
တွေကို မသိတဲ့ စစ်အစိုးရကတော့ စခင်ပွန်းမိုက်ကယ်က သူဌေးမို့ အိမ်ကြီး
တစ်လုံးကို ဝယ်တယ်လို့ စွပ်စွဲခဲ့ဖူးပါတယ်။

တကယ်တော့ အိမ်ပြောင်းလိုက်တာဟာ မိုက်ကယ့်အတွက် အပြောင်းအလဲ
တစ်ခုပါပဲ။ သူ့ အခန်းက ခပ်မှောင်မှောင်ဖြစ်ပေမယ့် စာကြည့်စားပွဲကိုတော့ နေထို
ရှိပါတယ်။ အဲဒီအခန်းကို ပြင်ဆင်လိုက်တဲ့အခါမှာတော့ နေချင်စဖွယ်အတော်
ကောင်းသွားလေရဲ့။ သူ့စာကြည့်ခန်းကနေ ကြည့်မယ်ဆိုရင်တော့ ဝေသမ်ကျ
လေးကို လှမ်းမြင်နေရတတ်ပါတယ်။ အိမ်ခန်းက နော်ဟာမ်ဥယျာဉ်လမ်းကို
နာပြုထားပါတယ်။ မီးဖိုချောင်က အတော်ကြီး ကျယ်ပြီး ဧည့်ခန်း၊ ရေချိုး
အိမ်သာစသဖြင့် စုံလင်လှပါတယ်။ အလက်ဇန္ဒားရဲ့ အခန်းက လမ်းမဘက် မျ
မရှုဘဲ အတွင်းဘက် ကျပါတယ်။ ကင်မ်ကတော့ ထုံးစံအတိုင်း ခေါင်မိုးထပ်မှ
ခေါင်မိုးထပ်မှာ စုရဲ့ အပ်ချုပ်စက်လေးရယ်၊ စာအုပ်နဲ့ အဝတ်အစားတွေ
ထားတဲ့ စက္ကူပုံးတွေလည်း ရှိနေပါတယ်။



မိုက်ကယ်က အခန်းကို ပြင်ဆင်တာ အမြင်ရှိတော့ အခန်းလေးက တကယ့်ကို
ချင်စဖွယ်ပါ။ သူက စာကြည့်ခန်းမှာ သင်ပုန်းတစ်ခုကိုလည်း ဆင်ထားပါတယ်။
ဇန္ဒားအတွက် စာကြည့်စားပွဲတစ်လုံးကိုလည်း ပြင်ဆင်ပေးထားပါတယ်။
င်းစားခန်းမှာ စုနဲ့ သူတို့မိသားစုရဲ့ ဓာတ်ပုံတွေကို ချိတ်ဆွဲပြသပြင်ဆင်ထား
လည်း တကယ့်ကို အဆင်ပြေလှပါတယ်။ ကျွန်မက မိုက်ကယ့်ကို 'ရှင်က
ယ့်ကို အစစအရာရာကို အကောင်းဆုံးနဲ့ သပ်သပ်ရပ်ရပ် ပြင်ဆင်တော့တာ
' လို့ ပြောတော့ စာအုပ်စင်ရှေ့မှာ လဲလျောင်းနေတဲ့ ကင်မ်က စိတ်မသက်မသာ
'ကျွန်တော့်အတွက်တော့ မလွယ်ဘူးဗျာ' လို့ ဆိုပါတယ်။ သူ့ ကြည့်ရတာ
သပ်ရပ်ရပ် စနစ်တကျနေရတာကို သဘောတွေ့ပုံမရပါဘူး။

အဲဒီအိမ်မှာတော့ တရုတ်အမျိုး သမီးတစ်ယောက်က သန့်ရှင်းရေးနဲ့ လျှော်ရေး
ကို တစ်ပတ်မှာ တစ်ခါနှစ်ခါတော့ လာလုပ်ပေးပါတယ်။ အဲဒီအမျိုးသမီး
မိုက်ကယ့်အတွက် တရုတ်စာလည်း ချက်ပေးရပါတယ်။ အဲဒီနောက်မှာတော့
ကယ်ဟာ ဘဝပုံစံအသစ်နဲ့ အသားကျအောင် ကြိုးစားနေထိုင်ဖြစ်ခဲ့ပါတော့
။

## စုရဲ့ ပုံတူပန်းချီကားချပ်ကြီး

စုရဲ့ ၅၂ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် တရုတ်အမေရိ ကန်ပန်းချီ
တာချုန်ယန်နှင်းက စုရဲ့ အရွယ်အစားအတိုင်း ကြီးမားတဲ့ ပုံတူပန်းချီကား
ကို လက်ဆောင်ပေးခဲ့ပါတယ်။ ပန်းချီကားထဲမှာ စုက နောက်ခံအမှောင်ရှေ့
ပြင်ပေါ်မှာ ထမိန်အနီရောင်နဲ့ ထိုင်နေလေရဲ့။ တကယ်တော့ မစ္စတာချုန်
ကိုလူချင်းမမြင်ဖူးပါဘူး။ ဒါပေမယ့် သူက စုကို လေးစားလို့ ဒီလိုအသက်
ပန်းချီကို ရေးဆွဲနိုင်တာ ဖြစ်ပါတယ်။ မိုက်ကယ်ရော စုရဲ့သူငယ်ချင်းတွေကပါ
ကားရဲ့ အသက်ဝင်မှုကို သဘောကျခဲ့ကြပါတယ်။

ပန်းချီကားကို ပေးအပ်မယ့် အခမ်းအနားကိုတော့ ဂီလ်ဖို့ဒ်မြို့ပြင် က
တစ်အိမ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအိမ်ရှင်က ဒတ်ချ်ရေနံ ကုမ္ပဏီဖြစ်တဲ့
ဥက္ကဋ္ဌနေအိမ်ပါ။ ဒီအိမ်မှာ အိမ်ရှင်က အမြဲနေတာ မဟုတ်ပေမယ့် လူ ၅၀
ကို အိမ်စောင့်အဖြစ် ထားထားတဲ့ အိမ်ကြီးပေါ့။ ပိုင်ရှင်ရဲ့ ဇနီးဖြစ်သူက
အိမ်ပြုပြင်တာကို ဝါသနာပါတော့ လည်ရှည်ဖိနပ်စီး၊ မာဖလာပတ်က အဲဒီ
နေဖြစ်နိုက် ခြံထဲမှာ ပန်းပင်တွေကို စိုက်နေ၊ ပျိုးနေတတ်လေရဲ့။ သူက
ဖွင့်လင်းလင်း ရင်းရင်းနှီးနှီးပုံစံမျိုး ဖြစ်လေတော့ မိုက်ကယ်က စိတ်သက်သာ

www.burmeseclassic.com

www.burmeseclassic.com



ရာရပါတယ်။ ပိုင်ရှင်ကတော့ ဒီအိမ်မှာ အပန်းဖြေနားနေလေ့ရှိပါတယ်။

ကျွန်မတို့က အဲဒီအိမ်ကို မိုက်ကယ့်ကားနဲ့ပဲ သွားခဲ့ကြပါတယ်။ တလမ်းလုံးလည်းစကားတွေ ဖောင်ဖွဲ့ခဲ့ကြတာပေါ့။ အခုအချိန်မှာတော့ မိုက်ကယ်က စိတ်အေးချမ်းလာပုံပါပဲ။ လမ်းမှာ စာရေးဆရာကြီး သောမတ်စ်ဟာဒီရဲ့ နေအိမ်ကိုဖြတ်ခဲ့တဲ့အတွက် သူ့ဝတ္ထု 'Tess' အကြောင်းလည်း ပြောဖြစ်ခဲ့ကြပါတယ်။ (ဒီစာအုပ်ကို သခင်ဘသောင်းက 'ပန်းသာမစာဥ' နာမည်နဲ့ ဘာသာပြန်ဆိုခဲ့ဖူးပါတယ်။ ဘာသာပြန်သူ) ဒီလိုအင်္ဂလိပ်စာပေအကြောင်းကို မိုက်ကယ်နဲ့ စကားပြောခွေးနွေးဖြစ်တာ အဲဒီအကြိမ်ဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပါပဲ။

အဲဒီပွဲကို လူတစ်ယောက် ပေါင် ၆၀ နှုန်းနဲ့ လက်မှတ်ရောင်းခဲ့ပေမယ့် လူတွေ အများကြီး တက်ရောက်ခဲ့ကြပါတယ်။ ပွဲက အိမ်ဝင်းထဲက ဥယျာဉ်ထဲမှာ တဲအကြီးကြီး ထိုးပြီးလုပ်တာပါ။ ပန်းချီကားပေါ်က ပိတ်ဖြူစကို လှစ်လိုက်တဲ့အခါမှာတော့ လက်ခုပ်သံတွေ၊ ပျော်ရွှင်ကြည်နူးအံ့သြသံတွေ ဆူညံနေခဲ့ပါတယ်။ ပွဲတက်လာတဲ့ မြန်မာအမျိုးသမီးအများစုက မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဆင်ခဲ့ကြတာမို့ ပန်းချီထဲက စုရဲ့ပုံတူပန်းချီလိုပဲ လှပလို့နေကြပါတယ်။

ကျွန်မတို့က ညစာကျွေးတဲ့ တဲကြီးဘက်ကို လျှောက်လာခဲ့ကြပါတယ်။ အိမ်ပိုင်ရှင်က အင်ဒိုနီးရှားက စားဖိုမှူးကို ခေါ်ယူပြီး အရှေ့တိုင်းအစားအစာတွေကို ပြင်ဆင်ကျွေးမွေးတာပါ။ ကျွန်မကတော့ အဲဒီလိုပညာရှင်တွေ ချက်ပြုတ်တဲ့ အစားအစာတွေကို သိပ်သဘောမကျပါဘူး။ ကျွန်မအတွက်တော့ စုကိုယ်တိုင် ချက်လေ့ရှိတဲ့ ဂျမ်ဘာလာယာခေါ်တဲ့ အင်ဒိုနီးရှားအစားအစာက အများကြီး ပိုကောင်းလှပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မီးလုံးမှာတွေနဲ့ သာမန်လူတွေရဲ့ ဧည့်သည်ကို ဧည့်ခံပုံမတူကြောင်း တအံ့တသြ လေ့လာမိခဲ့ပါတော့တယ်။ မိုက်ကယ်က ကျွန်မတို့ကို ဧည့်ခံခဲ့တဲ့ အဲဒီအခိုက်အတန့်ကတော့ ပျော်ရွှင်စရာ အခိုက်အတန့်ပါပဲ။

ညစာစားပွဲပြီးတော့ ကျွန်မတို့ ဥယျာဉ်ထဲကို ဝင်လည်လိုက်ပါသေးတယ်။ အဲဒီနေရာမှာ မြင်းရော နွားသိုးတွေကိုပါ စီးလို့ရတဲ့နေရာ ရှိနေပါတယ်။ ပန်းခြံကြီးတစ်ခုလို ဖြစ်နေတဲ့ သူတို့ရဲ့ အိမ်ဝင်းကြီးက သိပ်ကို ကြီးပါရဲ့။ ကျွန်မတို့ ဥယျာဉ်ထဲမှာ လမ်းလျှောက်နေတုန်း တဲကြီးထဲမှာတော့ ဂီတနဲ့ အကတွေ စတင်ပျော်မြူးနေပါပြီ။ ကင်မ်နဲ့ သူ့သူငယ်ချင်းတွေ စုထောင်တဲ့ တီးဝိုင်းကလည်း ပျော်မြူးပါသေးတယ်။ ဒါပေမယ့် သူတို့တီးတာက အမြိုင်ကြီး မဟုတ်ပါဘူး။ ကမ္ဘာကျော်မှာ မဟုတ်ဘူးလို့ တွေးမိစရာလေ။ သူတို့ သူငယ်ချင်းအုပ်စုက မှုလတန်းကျောင်းနေဘက်တွေပါ။ ဘယ်သူကမှတော့ သူတို့ကို တော်ပါတော့လို့ မပြောခဲ့ကြ



ပါဘူး။ မကြာသေးခင် ရက်ပိုင်းကပဲ မိုက်ကယ်က တအံ့တသြ ပြောခဲ့တဲ့စကားတစ်ခွန်း ရှိခဲ့ပါတယ်။ 'နိုရီကိုရေ၊ ကင်မ်ကတော့ နော့သ်ပါရိတ်မှာရှိတဲ့ အသားညှပ်ပေါင်မုန့်ဆိုင်မှာ အလုပ်လုပ်မယ်ဆိုပြီး သွားလေရဲ့။ နောက်နေ့မှာတော့ သူ့ကိုညီးကမ်းမရှိလို့ဆိုပြီး ဆိုင်က ကန်ထုတ်လိုက်တယ်လေ' လို့ပေါ့။

ကင်မ်ကတော့ ကျွန်မတို့က သူနဲ့ သူ့ကောင်မလေးကို သတိထားမိသွားကြောင်း မသိချင်ယောင်ဆောင်နေပုံပါပဲ။ သူက နေဖင်ထိုးမှထပြီး စာမကျက်၊ အလုပ်မလုပ်နဲ့ လည်ရာပြန်စားရေးပဲ လုပ်နေပေမယ့် ကောင်မလေးတွေက သူ့ကို သဘောကျကြတယ်လေ။ ဒယ်ဒီမိုက်ကယ်ကလည်း သူ့ကို မဆူပါဘူး။ ဒါပေမယ့် သူ့စိတ်ထဲမှာတော့ အန်ကယ်အိုစုနဲ့ အန်တီနိုရီကိုဟာ သူ့ကို သိပ်မရှင်မပျနဲ့ ကြည့်ကြည့်နေတယ်လို့ သတိထားမိပုံပါ။ ဒီနှစ်ယောက်က သူ့မိဘတွေနဲ့ သွေးမတော်သားမစပ်ပေမယ့် သူ့ကိုယ်သူတောင် လူမှန်းမသိတတ်သေးခင်ကတည်းက သူ့ကိုရောမိသားစုကိုပါ သိနေခဲ့ပြန်ရော။ တကယ်တော့ စည်းနဲ့ကမ်းနဲ့ တင်းကြပ်မယ့် မိခင်ရယ်လို့ မရှိခဲ့တဲ့အတွက် ကင်မ့်အတွက်က နတ်ပြည်မှာလိုလိုဖြစ်ခဲ့ပေမယ့် တကယ့်အနေအထားမှာတော့ ငရဲလို့ပဲ ဆိုရမှာပါ။

အဲဒီညက ဧည့်ခံပွဲမှာတော့ မိုက်ကယ်က လူတွေအားလုံးရဲ့ လှိုက်လှိုက်လှဲလှဲအားပေးမှုကိုရခဲ့တာ အမှန်ပါ။ နိစ္စဓူဝဘဝကနေ ထွက်ပြေးခွင့်ရသလိုလည်း ဖြစ်နေတာမို့ မိုက်ကယ်က ပန်းချီကားပေးအပ်ပွဲကြီးမှာ တည်ခင်းဧည့်ခံတဲ့ မြန်မာမိန်းကလေးတွေရဲ့ ဖျော်ဖြေပွဲကို သူ သိပ်သဘောကျခဲ့ပါတယ်။မြန်မာမိန်းကလေးတွေက မြန်မာ့အကနဲ့လည်း စဖျော်ဖြေရော မိုက်ကယ်ဟာ ကျွန်မတို့ရှေ့က မြက်ခင်းအလယ်မှာ ထိုင်ချလိုက်ပြီးတော့ကို ကြည့်တော့တာပါပဲ။ မိန်းကလေးတွေကတဲ့အခါကိုယ်ခန္ဓာကို ယိမ်းရင် သူကပါ လက်တွေဘာတွေ ကွေးဆန့်ပြီး လိုက်ယိမ်းနေတာကြောင့် ကျွန်မတို့အတွက်ကတော့ အဲဒီညက ပြသနာပါ။ ဓာတ်ပုံလည်း ရိုက်ရအဆင်မပြေပေါ့။ ရိုက်လိုက်တိုင်း မိုက်ကယ့်နောက်က ခေါင်းပြောင်ပြောင်က ကွယ်ကွယ်နေတာကိုး။ ကျွန်မတို့က မတ်တပ်ထရပ်ပြီး ဓာတ်ပုံရိုက်မယ်ဆိုရင်တော့ ရသပေါ့။ ဒါပေမယ့် အနောက်က ထိုင်နေသူတွေကို အားနာတာနဲ့ပဲ မိုက်ကယ့်နောက်စေ့ပါတဲ့ ဓာတ်ပုံတွေချည်းပဲ ကျွန်မတို့ ရိုက်ခဲ့ကြပါတော့တယ်။ သူ့ကြောင့်သာမဟုတ်ရင် ကျွန်မတို့ဟာ အနုပညာမြောက်ဓာတ်ပုံတွေဘာတွေတောင် ရိုက်ချနိုင်ခဲ့မှာပါ။ အကမှာပါတဲ့ မြန်မာမိန်းကလေးတွေက အင်္ဂလန်မှာ အခြေချနေသူတွေဖြစ်ပြီး သူတို့ဝတ်ထားတဲ့ ပိုးချိတ်တွေကတော့ မြန်မာပြည်ကနေ ... တာတွေပါ။ သူတို့က စုနဲ့ မိုက်ကယ့်အတွက်လို့ ရည်ရွယ်ကာ သူတို့ ...

www.burmeseclassic.com



လေးတွေကို ဒီပွဲအတွက် အကုန်ခံခဲ့ကြတယ်လို့ ဆိုရမှာပါ။ ရောင်စုံရိုးရာဝတ်စုံတွေနဲ့ ခါးတွေ ယိမ်းနွဲ့ကာ သူတို့က ပုံက လှလွန်းကျက်သရေရှိလွန်းတော့ 'အိုးကျွန်တော်ဒီအရှေ့တိုင်းသူတွေရဲ့ အလှကို သိပ်သဘောကျတယ်ဗျာ' လို့ မိုက်ကယ်က တယ့်ယှ ဆိုလေရဲ့။

အဲဒီနေ့က စုရဲ့ လူသားအရွယ်ပန်းချီကားကြီးကို မိုက်ကယ်က ရသွားတော့ အားလုံးလိုလိုက ဒီပန်းချီဟာဖြင့် စုတို့အိမ်ရဲ့ဧည့်ခန်းမကြီးထဲမှာ ချိတ်ဆွဲပြသထားမှာဖဲလို့ တွေးထင်ခဲ့ကြပါတယ်။ ဒါပေမယ့် မိုက်ကယ်ကတော့ သူ့အိပ်ခန်းထဲကို ယူချသွားခဲ့တာပါ။ သူ့ကုတင်ခေါင်းရင်းကနံရံမှာ ချိတ်ပြီး သူက အဲဒီပန်းချီကားအောက်တည့်တည့်မှာ အိပ်တာကိုး။ ဒီတော့ ဒီပန်းချီကားကြီးဟာ ဧည့်ခံပွဲနေ့မှာပဲ လူအများအတွက် ကြည့်ခွင့်ရခဲ့ပေမယ့် နောက်နေ့ကစပြီး မိုက်ကယ်ရဲ့ တစ်ဦးတည်းပိုင်ဖြစ်သွားတော့တာပါ။ အဲဒီနောက်ပိုင်း သူ မကွယ်လွန်ခင်အချိန်ထိ နှစ်နှစ်နီးပါးကာလမှာ မိုက်ကယ်ဟာ စုပုံတူရဲ့ မျက်မှောက်အောက်မှာ အိပ်သွားခဲ့တော့တာပါပဲ။ ဒီနေရာလေးဟာ တကယ်တော့ စုနဲ့ မိုက်ကယ်တို့နှစ်ယောက်ကြားက လျှို့ဝှက်နေရာလေးအဖြစ် မိုက်ကယ် မကွယ်လွန်မချင်း တည်ရှိသွားခဲ့တယ်လို့ ဆိုရမှာပါ။

◆ ◆ ◆



"စုရေ… ရှင်မရှိလိုက်တာ မိုက်ကယ့်ကို လွမ်းစေတာသာမကဘဲ ကင်မ့်အတွက်လည်း ဂရိုပုံပြင်ထဲက သနားစရာ မင်းသားလေး အဖြစ်မျိုးကို တွန်းပို့စေခဲ့ပါတယ်။ အလက်ဇန္ဒားလည်း အခိုက်အတန့်တော့ စိတ်ဒဏ်ရာ ရခဲ့သေးတာကိုး"

## အခန်း - ၅

စုအတွက် စာတစ်စောင်၊ စုမရှိတော့တဲ့ မိုက်ကယ့်ဘဝ

www.burmeseclassic.com

## အခန်း ၅။
## စုအတွက် စာတစ်စောင်၊ စု မရှိတော့တဲ့ မိုက်ကယ့်ဘဝ

### (၁) နော်ဟာမ်ဥယျာဉ်အိမ်

စု၊ ရှင်က မိုက်ကယ်နဲ့ ကင်မ်တို့ရဲ့ နော်ဟာမ်ဥယျာဉ်အိမ်က ဘဝအကြောင်းကို မသိဘူး မဟုတ်လား။ ဒီတော့ သူတို့ရဲ့ နေ့တာရှည်ဘဝအကြောင်းကို ကျွန်မ ပြောပြပါရစေ။

မိုက်ကယ့်တိုက်တွန်းမှုကြောင့် သူ ဝယ်ထားတဲ့ အိမ်နဲ့ ငါးအိမ်လောက်ပဲ ဝေးတဲ့နေရာမှာ ကျွန်မတို့ အခန်းလေး ဝယ်ဖြစ်ကြောင်း ပြောခဲ့ပြီးပြီနော်။ ကျွန်မတို့လမ်းထိပ် ဓားလွယ်ခုတ်မှာရှိတာက စိန့်မာဂရက်ကောလိပ်ပေါ့။ ကျွန်မတို့တွေ ရယ်စရာပြောဖြစ်ခဲ့တာကတော့ ကျွန်မတို့အခန်းမှာ အလံချိတ်ထားတာ အဖြူက 'အကြော်စုံ' လို့ အနက်ရပြီး အနီက 'ဆူရှီ' လို့ အနက်ရကြောင်းပေါ့။

အဲဒီကာလတွေတုန်းက ရှင်နဲ့ မိုက်ကယ်က ဖုန်းနဲ့တော့ အဆက်အသွယ် ရှိနေခဲ့တယ်လေ။ မနက်တိုင်း ကျွန်မတို့က မိုက်ကယ့်ဆီ သွားလည်တတ်ပြီး မိုက်ကယ်ကလည်း ရှင်နဲ့ ဖုန်းပြောနေကျပါပဲ။ သူက အမူအရာနဲ့ သူနဲ့ စကားပြောနေတာ ရှင်လို့ ပြောပြနေကြပါ။ တစ်နေ့တော့ မိုက်ကယ့်အတွက် အိမ်သန့်ရှင်းရေး လာလုပ်ပေးနေတဲ့ ကောင်မလေးကလည်း ရှင်နဲ့ ဖုန်းပြောနေတာကို တွေ့ရပါတယ်။ ကောင်မလေးက ဖုန်းကို ချလိုက်ပြီး မျက်နှာနီမြန်းမြန်းနဲ့ 'အန်တီစုက ကျွန်မကို ပြောတယ်။ အန်ကယ်မိုက်ကယ်ကို အစားတွေ အများကြီး မချက်ကျွေးနဲ့တဲ့' လို့ ဆိုပါတယ်။ တကယ်တော့ ကောင်မလေးက မိုက်ကယ်နဲ့ ကင်မ်တို့အတွက် အစားအစာတွေ အများကြီး ယူလာနေကျပါပဲ။ ရှင်က အဲဒီလောက် အဝေးကြီးကနေတောင် မိုက်ကယ်နဲ့ကင်မ့်ကို ထိန်းချုပ်ထားခဲ့တာပဲနော်။

www.burmeseclassic.com

မိုက်ကယ်က အဲဒီအချိန်မှာ ကင်မ့်အနေနဲ့ အထက်တန်းကျောင်းစာမေးပွဲကို အဆင့်အေ မရမှာ ပူနေခဲ့တာပါ။ ကင်မ်ရော မိုက်ကယ်က စိတ်ပူပန်မှုတွေကို ထုတ်မပြခဲ့ပေမယ့် စပ်စုပူပန်စိတ်ကြီးတဲ့ ကျွန်မနိုရီကိုကတော့ သူတို့စိတ်တွေ မို ပြီး တည်ငြိမ်အောင်ဆိုကာ စားကောင်း သောက်ဖွယ်တွေနဲ့ ဂရုစိုက်ဖြစ်ခဲ့ပါတယ်။ ရှင်က သူတို့ကို အစာတွေ အများကြီး မစားစေချင်တာ သိပေမယ့် ရှင့်ဆီက နည်းနည်းတော့ အမုန်းခံမှ ဖြစ်မှာပါ။ ရှင်ကိုယ်တိုင် ပြင်ကျွေးရမယ့် အစားအသောက် ပမာဏလောက်ထက်တော့ ကျွန်မက အပိုလေးပြင်ပေးတာ သဘာဝကျွရဲ့ မဟုတ် လားလေ။

ကင်မ်က ကျွန်မကို မေးနေကျရှိပါတယ်။ 'အန်တီ နိုရီကိုက ဘာလို့ အများကြီး မစားရတာလဲ' တဲ့။ 'ချက်ပြုတ်ပြင်ဆင်ရင်း မြည်းစားစားရတာကို စားပွဲမှာ ထိုင်စား ရတာထက် ကြိုက်လို့ပေါ့'လို့ ကျွန်မက ပြန်ဖြေခဲ့ဖူးပါတယ်။ ကျွန်မက သူတို့ သားအဖကို ဖုန်းဆက်ပြီး 'ညလယ်စာ အဆင်သင့်ဖြစ်ပြီနော်'လို့ ပြောတဲ့အခါ ကင်မ်က သူငယ်ချင်းတချို့ကိုတောင် ခေါ်လာတတ်ပါတယ်။ 'အန်တီနိုရီကိုက မြည်းနေရ တာနဲ့ မစားနိုင်ဘူးကွ။ ဒီတော့ မင်းတို့ စိတ်ကြိုက်သာ စားကြ'လို့ ပြောလေရဲ့။ ကင်မ်ကတော့ ကလေးဘဝကနေ ခုထိ ဘာဆိုတာမှ မပြောင်းလဲဘူးနော်။ ဟုတ်တယ် ဟုတ်။ မိုက်ကယ် အိမ်မှာ မရှိချိန်ဆို ကင်မ်နဲ့ သူ့သူငယ်ချင်းတွေက လာစားပြီး ကျေနပ်တင်တယ်ဆိုကာ ပန်းကန်တွေ ကူဆေးပြီး လစ်ပြေးကြတော့တာပဲ။ ဒါပေမယ့် တော်တော်လေး ကြာတဲ့အခါ ကင်မ်က တစ်ခေါက် ပြန်ရောက်လာပြီး 'ဒယ်ဒီ့ကို ထုတ်ပေးလိုက်ဦးနော်'လို့ လာပြောတော့တာပါပဲ။ စုရယ် ရှင် စိတ်မပူနေပါနဲ့။ ကျွန်မက ကိုယ့်ဝေစုကိုတော့ မပေးလိုက်တတ်ပါဘူး။ ကျွန်မက ကင်မ်နဲ့ သူ့သူ ငယ်ချင်းတွေကို ကျွေးမွေးရတာ စိတ်ချမ်းသာပျော်ရွှင်ပြီး ဝလာလိုက်တာ ခုဆို အ ရင်ကထက် နှစ်ဆဖြစ်နေပြီလေ။

## (၂) ရုပ်ချောတဲ့ ကင်မ်

ကင်မ့်ကို ဒါရ်ဟမ်တက္ကသိုလ်က ဝင်ခွင့်လက်ခံတယ်ဆိုတာ သိလိုက်ရတဲ့ အချိန်မှာတော့ နော်ဟမ်ဥယျာဉ်အိမ်မှာ သက်ပြင်းတွေ ချလိုက်နိုင်ပါပြီ။ မိုက်ကယ်က ရှင့်ဆီကို ကင်မ်က ဒါရ်ဟမ်မှာ လူမှုရေးဘာသာနဲ့ ကျောင်းဝင်ခွင့်ရတယ်လို့ ဖုန်းနဲ့ လှမ်းပြောတော့ ရှင်က သိသားပဲလို့ ဖြေသတဲ့။ အဲဒါကို မိုက်ကယ်က ရှင် ဘယ် လို သိနေတာပါလိမ့်လို့ အံ့သြနေတာပါ။ 'အဲဒါ မိခင်စိတ်ပေါ့'လို့ ကျွန်မက ဖြေ ဖြစ်ခဲ့ပါတယ်။ မိုက်ကယ်က ငွေကို စိစိစစ်စစ် သုံးနေရပေမယ့် ကင်မ့်ကို ပုဂ္ဂလိက



ကျောင်းအကောင်းမှာ တစ်လ ပေါင်တစ်ထောင် အကုန်ခံပြီး ကျောင်းထားခဲ့တာ ဖြစ်ပါတယ်။ သူ့ အားထုတ်မှုရဲ့ အသီးအပွင့်ကို ခုလို တွေ့ရလေတော့ မိုက်ကယ်က 'ဒီရင်းနှီးမြှုပ်နှံမှုက တကယ်ကောင်းသွားတာပဲ'လို့ ဆိုပါတယ်။

ကျွန်မအထင်တော့ ကင်မ်က နောက်ဆုံးစာမေးပွဲမှာ အတော်လေး ကြိုးစားခဲ့ပုံ ပါ။ သူ့သူငယ်ချင်းတွေ အားလုံးကတောင်မှ သူ့ကို 'မင်း ဘယ်လိုများလုပ်ပြလိုက်တ တာလဲ'လို့ မေးယူရတဲ့အထိပါပဲ။ အဆင့်အေ သုံးလုံးသာရခဲ့ရင် အောက်စဖို့ဒ်ဖြစ်ဖြစ် ထိုန်းဘရစ်ချ်ဖြစ်ဖြစ်ကို သွားနိုင်မှာပါ။ ခုတော့ ကင်မ်က အေအေရပြီး ဒါရ်ဟမ်ကို သွားရမှာကိုး။ ကင်မ်က စာကို အသည်းအသန် မကျက်ချင်သူလေ။ ဒါပေမယ့် ကျွန်မ မှတ်မိနေတာကတော့ စိန့်အက်ဒ်မွန်ကျောင်းရဲ့ ကြော်ငြာတစ်ခုမှာ ကင်မ်က ကျောင်းစာကြည့်တိုက်ထဲက ခုံတစ်ခုံမှာ ထိုင်ပြီး စာအုပ်တစ်အုပ်ကို ဖွင့်လျက် သား လက်နှစ်ချောင်းကို ခေါင်းထဲ ထိုးထည့်ကာ စာအသည်းအသန်ဖတ်နေတဲ့ပုံ သရုပ်ဆောင်ပေးခဲ့ရသေးတာပါ။ အဲဒီပုံလေးကို သဘောကျလို့ ကျွန်မ တောင် တစ်ခုတောင်းယူထားမိပါသေးတယ်။ ကင်မ်က ရှင် မှန်းထားခဲ့သလိုပဲ ရုပ်ချော ချောလေး ဖြစ်လာသလို ရှင်နဲ့လည်း တူလာတယ်နော်။ ကျွန်မတို့လင်မယားလည်း ကင်မ်ဟာ ဂျပန်က နာမည်ကြီးအဆိုတော် ရုပ်ရှင်မင်းသား ကင်မုတာကူထက်ကို ပိုချောတယ်လို့ ပြောဖြစ်ကြပါတယ်။

နောက်ပိုင်း၊ ကင်မ့်ဓာတ်ပုံကို အိုဆာကာမှာရှိတဲ့ မြန်မာမိတ်ဆွေကို ပြတော့ ကင်မ့်မျက်နှာက မြန်မာသိပ်ဆန်တယ်လို့ ပြောပါတယ်။ မြန်မာအမျိုးသားတွေ အားလုံးက သူ့လို ရုပ်ရည်ချောရဲ့လား။ ရှင် ပြောခဲ့ဖူးတာက 'အငယ်လေးသာ မြန်မာမိန်းမရခဲ့ရင် သူတို့ကလေးက ရာနှုန်းပြည့်မြန်မာလေး ဖြစ်မှာနော်'လို့ပေါ့။ ဒါပေမယ့် ရှင် အဲဒီလိုပြောတိုင်း ကျွန်မကတော့ ရှင်ဟာ ကိုယ့်စကားလုံးကို ကိုယ် ဘယ်လိုပြောမိကြောင်း သိရဲ့လားလို့ တွေးမိပါတယ်။စဉ်းစားကြည့်လေ။ ကင်မ့် မျိုးဆက်တလျှောက် မြန်မာမိန်းမကို ဘယ်လောက်ထိ ယူကြမှာတဲ့လဲ။ သူတို့ကိုလည်း ဘယ်တော့မှ ရာနှုန်းပြည့်မြန်မာလို့ ခေါ်နိုင်မှာ မဟုတ်ဘူးလေ။ ရှင်ဟာ ဒီကလေး အတွက် မြန်မာ့အနာဂတ်ဆိုတာမျိုးကို ခပ်ပါးပါးလေး မျှော်နေမိလေလားဟင်။

## (၃) ကင်မ့်အချစ်

မီဒိုးဆိပ်ကမ်းပွဲတော်ဆိုတာ အင်္ဂလန်မှာတော့ လူငယ်တွေ ညလုံးပေါက် ပျော်ကြကဲကြတဲ့ပွဲတော်ပေါ့။ ကင်မ်လည်း ပွဲတော်သွားလိုက်တာ ချစ်သူနဲ့ ငြိ လာခဲ့ပါတယ်။ အဲဒီနေ့မနက်က ကျွန်မတို့ မိုက်ကယ့်ဆီရောက်တော့ သူက သူ့

www.burmeseclassic.com



နောက်ကို တိုးတိုးတိတ်တိတ် လိုက်ခဲ့ဖို့ ခြေဟန်လက်ဟန်နဲ့ ပြောလာလေရဲ့။ မိုက်ကယ့်ခုတင်ပေါ်မှာ အသက်မဲ့သလို အိပ်မောကျနေတဲ့ ကင်မ့်ကို ပြရင်း မိုက်ကယ်က 'ညက တစ်ညလုံး မီဒိုးပွဲတော်မှာ ပျော်နေခဲ့တာလေ။ ခုတော့ ခေါင်းမိုးထပ်ထိ တက်ဖို့တောင် ခွန်အားမရှိတော့ဘဲ ကျွန်တော့် ခုတင်ပေါ်မှာ လာအိပ်နေလေရဲ့' လို့ ဆိုပါတယ်။ မိုက်ကယ့်ကြည့်ရတာ သူ့ကုတင်မှာ လာအိပ်နေတဲ့ သားငယ်ကလေးကို ကြည့်ပြီး ပီတိတွေဖြာနေတဲ့ ဖခင်တစ်ယောက်အသွင်ပါ။ ရှင် မရှိတော့တဲ့နောက် ကင်မ်က သူ့အနားမှာ အမြဲလို ရှိနေခဲ့တဲ့အတွက် မိုက်ကယ်ဟာ ကင်မ့်ကို ချစ်ပုံရပါတယ်။

အဲဒီနှစ်နွေရာသီကုန်ခါနီး တစ်မနက်မှာတော့ မိုက်ကယ့်အိမ်ကို ကျွန်မတို့ ဝင်လည်ဖြစ်ကြပါတယ်။ ဟန်ဂေရီက ပြန်ရောက်ခါစမို့ လက်ဆောင်ဝင်ပေးဖို့ပေါ့။ သူတို့ဧည့်ခန်းနဲ့ ထမင်းစားခန်းအလယ်ခေါင်မှာတော့ အပြာရောင်သေတ္တာကြီးတစ်လုံးကို တွေ့ရကာ အထဲမှာ အင်္ကျီအဝတ်အစားတွေ၊ မီးဖိုချောင်သုံးပစ္စည်းတွေနဲ့ တခြားတိုလီမုတ်စတွေ ရှိနေပါတယ်။ အားလုံးက အသစ်စက်စက်တွေပါ။ ကင်မ့်ရဲ့ ဂစ်တာလေးကလည်း အဲဒီပစ္စည်းပုံနား မှီလို့ပေါ့။ ကျွန်မတို့လည်း ကင်မ် ဒါရိုဟာမ်ကောလိပ်ကို မနက်ဖြန်မှာ ထွက်သွားတော့မယ်မှန်း မသိတတ်ခဲ့ဘူးလေ။

ကျွန်မတို့ လက်ဆောင်ပေးတဲ့ ဟန်ဂေရီချောကလက်နဲ့ ဆလာမီတွေကို ထုပ်ပိုးပြီး အဲဒီပစ္စည်းသေတ္တာထဲထည့်ရင်း 'ကင်မ် ထွက်သွားပြီးရင်တော့ ကျွန်တော် တကယ်ပဲ အထီးကျန်တော့မှာပါ' လို့ မိုက်ကယ်က ဆိုပါတယ်။ ကင်မ်က နောက်ကျောခိုင်းထားတာမို့ မိုက်ကယ် ပြောတာတွေ မကြားပါစေနဲ့လို့ ဆုတောင်းရင်း ကျွန်မလည်း ခေါင်းအသာညိတ်ပြကာ နှုတ်ဆိတ်ခဲ့မိပါတယ်။

နောက်ဆယ်ရက်လောက်အကြာမှာတော့ မိုက်ကယ်တစ်ယောက် အရမ်းကို အထီးကျန်နေပြီလို့ တွေးကာ ဖုန်းလှမ်းဆက်လိုက်ပါတယ်။ကျွန်မ အံ့သြသွားရတာက ဖုန်းကိုင်သူဟာ ကင်မ်ဖြစ်နေလို့ပါပဲ။ 'ကင်မ် ဘာဖြစ်လို့ အိမ်မှာ ရှိနေတာလဲ' 'ဟမ်⋯' 'ဒယ်ဒီနဲ့အတူ ဒါရိုဟာမ်ကို သွားခဲ့တယ် မဟုတ်လား' 'ဟုတ်' 'ဒါဆို အခု ဘာလို့အိမ်မှာ ရှိနေရတာလဲ၊ ဘာလဲ ဒါရိုဟာမ်က ပျင်းစရာကောင်းလို့လား' 'ဟမ်⋯⋯' အဲဒီလို ဘာမှ မေးစမ်းမရတဲ့အဖြေတွေကြောင့် ကျွန်မလည်း ဘာမှ ဆက်မမေးတော့ဘဲ ခဏနေရင် ညလယ်စာလာစားဖို့ ပြောပြီး ဖုန်းချလိုက်ပါတယ်။

အဲဒီနေ့ကစပြီး ကျွန်မတို့လည်း သူတို့တိုက်ခန်းလေးမှာ ကင့်မ် ကောင်မလေးကို မကြာခဏ တွေ့ကြရတော့တာပါပဲ။ သူတို့က မီဒိုးပွဲတော်မှာ တွေ့ခဲ့ကြတာလို့ ဆိုပါတယ်။ ကောင်မလေးက လန်ဒန်စီးပွားရေးတက္ကသိုလ်က ဥပဒေပညာနဲ့ ဘွဲ့ရ



ပါ။ ရှေ့နေရုံးခန်းတစ်ခုမှာလည်း အမှုလိုက်ရှေ့နေရဲ့ လက်ထောက်အဖြစ် ကြိုးစားနေသူပေါ့။ သူက ကင်မ့်ထက် ၈ နှစ်ကြီးကာ ပညာတော့ တော်သူပေါ့။ ကင်မ့်ကြည့်ရတာ ကောင်မလေးကို အတော်ကြီး ချစ်နေပုံပါပဲ။ သူတို့ နှစ်ယောက်ကို တွေ့လိုက်တိုင်း စာအုပ်တစ်အုပ်အုပ်ကို အတူဖတ်နေတတ်ပါတယ်။ ဟိုနေ့ကတော့ 'အာနက်ကိုရှာတွေ့ဖို့ဆွေးနွေးရေး' ကို ဖတ်နေကြတာပါ။ ကင်မ်က အဲဒီစာအုပ်ကို ဘာကြောင့်သဘောကျသလဲဆိုတာတော့ ကျွန်မ မသိပါဘူး။ မြန်မာပြည်မှာ ကျူးဘားတော်လှန်ရေးမျိုးကိုပဲ ချင်နေလို့လား။

ကျွန်မခင်ပွန်းကတော့ ကင်မ့်ဘက်က ကောင်မလေးကို အသက်လည်း ကြီးသူတော့ မိခင်တစ်ယောက်လိုပါ တွယ်တာချစ်မြတ်နိုးတာမျိုး ဖြစ်နိုင်တယ်လို့ ယူဆနိုင်ပေမယ့် ကောင်မလေးဘက်က ကြည့်ရင် ကင်မ့်ကို ဘာကြောင့် ချစ်တာလဲဆိုတာ တွေးရခက်တယ်လို့ ဆိုပါတယ်။ ကင်မ့်မှာ လမ်းပျောက်သလို ဖြစ်နေတယ် ဆိုတာလား။ တချို့လူတွေကတော့ နိုဘယ်ဆုရှင်ဖြစ်တဲ့ ရှင့်ရဲ့ကျော်ကြားမှုကြောင့်လို့ ပြောတတ်ကြပါတယ်။ ဒါပေမယ့် ဘယ်သူကမှ အဖြေမှန်ကို တပ်အပ်မသိနိုင်ကြဘူးလေ။ ကျွန်မတို့က အပြင်လူတွေပဲဟာ။

ကောင်မလေးက မိုက်ကယ်တို့ တိုက်ခန်းလေးကို ပြောင်းလာပြီးတဲ့နောက်မှာတော့ အခြေအနေက တည်ငြိမ်သွားသလိုပါပဲ။ ဒါပေမယ့် ရှင့်အနေနဲ့ ထမင်းစားပွဲပေါ်မှာ အရသာရှိမယ့် စားစရာတွေ ရောက်လာလိမ့်မယ် ဒါမှမဟုတ် အိမ်လေး သန့်ရှင်းသွားလိမ့်မယ်လို့တော့ မမျှော်လေနဲ့နော်။ ဒါပေမယ့် ဖုန်းထဲမှာ ကောင်မလေးနဲ့ စကားပြောရင် သူ့ရဲ့အင်္ဂလိပ်စကားက ကောင်းလွန်းလို့ သဘောတွေကျနေမိပါတယ်။ သူက တကယ့်ကို ပညာတတ်လေးပါ။ တစ်နေ့တော့ မိုက်ကယ်က ကျွန်မကို 'နိုရီကိုရေ ကောင်မလေးကို ဘယ်လို ထင်လဲ' လို့ မေးလာပါတယ်။ ကျွန်မလည်း ဘာပြန်ဖြေရမှန်းမသိဘဲ နှုတ်ဆိတ်နေမိတာပါ။ ကျွန်မက တော့ မြန်မာမလေးတစ်ယောက်ကို လိုချင်တာလို့ ပြောချင်ပေမယ့် မိုက်ကယ်က အခုကောင်မလေးကို လက်ခံလိုပုံပါ။ အဲဒီအချိန်က ဘာမှပြန်မပြောဖြစ်တာကိုတော့ ကျွန်မ နောင်တရမိပါတယ်။

နောက်နှစ်နွေမှာ မိုက်ကယ့်ဆီ သွားလည်ကြတော့ သူက တစ်ယောက်တည်း ရှိနေပါတယ်။ မိုက်ကယ်က ကျွန်မတို့ ဓာတ်လှေကားက ထွက်အလာကို တံခါးဖွင့်ပြီး ကြိုနေပါတယ်။ မိုက်ကယ့်အမူအရာ ကြည့်ရတာ ကင်မ်တို့နှစ်ယောက်ကို လက်ထပ်ပေးမှ သင့်တော်မယ်လို့ တွေးနေပုံပါ။ အဖေ တစ်ယောက်အနေနဲ့ သူကပဲ တာဝန်ယူပေးမှ ဖြစ်တော့မယ့် အနေအထားကိုလည်း သဘောပေါက်နေပုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မိုက်ကယ်က ကောင်လီခရိုင်ဘက်မှာ အိမ်တစ်လုံး ဝယ်လိုက်ပါတယ် စက်ရုံတစ်ခုနားက အိမ်ပေါ့။ သူ့သဘောကတော့ ကင်မ်တို့အနေနဲ့ အိမ်ငှားတင်ထား ပြီး အိမ်ကြွေးဆပ်ရင်း စားစရိတ်ရရင်း နေနိုင်အောင်လို့ပါ။ ဒါပေမယ့် ကောင်မလေး ရေ့နေရုံးမှာ ကူနေတဲ့ အလုပ်ကိုလည်း ဆက်မလုပ်တော့သလိုပါပဲ။ အိမ်အကူ ရှုတ်အမျိုးသမီးကတော့ ကောင်မလေးကို သိပ်အမြင်မကြည်ပါဘူး။ ကင်မ့်မှာ ဝင်ငွေလည်း မရှိဘူးလေ။ မိုက်ကယ်ကပဲ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူ ထားပုံရတာမို့ ဒီလိုနည်းနဲ့ ကလေးတွေကို ဖျက်ဆီးတာကိုတော့ ကျွန်မ မစဉ်းစားတတ်အောင်ပါ။

ဒါပေမယ့် မိုက်ကယ့်ကြည့်ရတာ ကောင်မလေးကို စိတ်ချယုံကြည်စွာ အ ထားရရင်တောင် ကုန်ကျစာရိတ်ကို ပေးလိုက်ခြင်းအားဖြင့် သူ့အိမ်မှာပဲ နေနေကြ ဝန်ထုပ်ဝန်ပိုးလို တွေ့မြင်နေရမှာထက် အဆင်ပြေသလို ခံစားနေရပုံပါပဲ။ အဲ ကာလတွေမှာ မိုက်ကယ့်ကို ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပြီး နည်းနည်းလည်း စိတ်တိုနေပုံပါပဲ။ ကျွန်မက ကင်ဆာဖြစ်ခဲ့ဖူးသူမို့ ကိုယ်ခန္ဓာပင်ပန်းတဲ့အခါ စိတ် နွမ်းပြီး အရာရာကနေ ထွက်ပြေးချင်တာမျိုး ဖြစ်ခဲ့ဖူးပေမယ့် အခု မိုက်ကယ် ဖြစ် နေပုံက လူနေမကောင်းလို့ စိတ်နွမ်းနေပုံမျိုး မဟုတ်ပါဘူး။

အခုနေ အတိတ်ကို ပြန်ကြည့်တော့ မိုက်ကယ်ဟာ ကင်မ့်ကို ဖျက်ခဲ့တယ်လို့ ပြောချင်စရာပါ။ စုရေ မိုက်ကယ်ကပါ ပညာရေးကို အမြင့်ဆုံး မှန်းတတ်ကြပြီး အလက်ဇန္ဒားဆို အခုအချိန်မှာ ကွန်ပျူတာနဲ့ ဖလော်ဆိုဖီဘာသာရပ်တွေမှာ ပါရ ဂူဘွဲ့သင်တန်း တက်ရောက်နေချိန်ပါ။ မိုက်ကယ့်အနေနဲ့ ကင်မ့်ကို ဒါရိုဟမ်ကော လိပ်ဆီ ပြန်ပို့တာဖြစ်ဖြစ်၊ တခြားသက်မွေးပညာတစ်ခုခု သင်နိုင်းတာ ဖြစ်ဖြ လုပ်ခဲ့နိုင်းသင့်တာပေါ့။ (ကင်မ်က နောက်ပိုင်းမှာ ပရိဘောဂ ဖန်တီးတာကိုတော့ သင်ဖြစ်ခဲ့ပါတယ်။)

ဒါပေမယ့် တစ်ဘက်မှာ တွေ့ရတာကတော့ ကင်မ့်သူငယ်ချင်းတစ်ယောက်က လွဲရင် ကျွန်သူငယ်ချင်းအားလုံးကလည်း တက္ကသိုလ်ကို မရောက်ဘဲ ကျောင်းထွက် ခဲ့ကြတာပါ။ ကျွန်မက သူ့ကစားဖော်တွေ နာမည်မှတ်မိသမျှကို ခေါ်ပြီး မေး လေတိုင်း ကင်မ် ပြန်ဖြေတာကတော့ 'ကျောင်းထွက်လိုက်တယ်'ဆိုတာပဲ ဖြစ်နေ ခဲ့ပါတယ်။ သူ့သူငယ်ချင်းတွေအားလုံးဟာ ပညာရေးနောက်ခံ လူလတ်တန်းစား မိသားစုတွေကနေ မွေးဖွားလာသူတွေချည်း ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပညာရေး အပေါ် အလေးထားမှုတွေဟာ ခေတ်မမီတော့တာပဲလားတော့ မသိတော့ပါဘူး။ သူ တို့တွေက တန်ဖိုးအဟောင်းတွေကို ဆန့်ကျင်မယ့် မျိုးဆက်သစ်တွေပဲလားတော့



မသိဘူးလေ။ သူတို့ ဘယ်ကို ဦးတည်နေကြပါလိမ့်။ တကယ်တော့ ကင်မ်ဆို တာ မိန်းကလေးနာမည်ပါ။ စုနဲ့ မိုက်ကယ်က စာရေးဆရာရှုဒ်ယာ့ဒ်ကစ်ပလင်းရဲ့ အကောင်းဆုံး လက်ရာဖြစ်တဲ့ 'ကင်မ်'ကို သဘောအလွန်ကျကြတာမို့ အဲဒီ သူ့ရဲ့ ကောင်းလိုပဲ လမ်းလျှောက်နိုင်သူဖြစ်အောင် သူတို့ရဲ့ သားငယ်လေးကို ဒီနာမည် ပေးဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ကင်မ့်အနေနဲ့ အခုဖြစ်ရပ်တွေမှာ တာဝန်အရှိဆုံးလို့ ဆိုနိုင်ပေမယ့် တချို့က လည်း အဲဒီမိန်းကလေးဟာ ကင်မ့်ရဲ့အလားအလာတွေအားလုံးကို ခိုးယူသွားတယ်လို့ ပြောနေတာတွေ ရှိပါတယ်။ တကယ်လည်း သူဟာ ရှင်က မိုက်ကယ့်အတွက် ပညာ ရေးကိစ္စမှာ ပံ့ပိုးခဲ့သလိုမျိုး ကင်မ့်ရဲ့ အနာဂတ်အတွက် ပံ့ပိုးခဲ့သင့်တာပေါ့ နော်။ မြန်မာမိန်းကလေးတစ်ယောက်ကတော့ သူ့ခင်ပွန်းကို ကမ္ဘာမှာ ရပ်တည်နိုင်အောင် ပံ့ပိုးနိုင်ခဲ့တယ်လေ။ အဲဒီလို မြန်မာမိန်းကလေးမျိုးတွေ အင်္ဂလန်မှာ ရှိတာကိုလည်း ကျွန်မ သိပါရဲ့။ တနည်းအားဖြင့်တော့ ကင်မ်ဟာ အမိမဲ့ရတဲ့ အထီးကျန်ဘဝအတွက် အဆိုးဆုံးထိကို ရွေးမိတယ်လို့ ဆိုရမှာပေါ့။ သူ ရွေးတာမို့ သူ ခံစားသင့်တယ် လို့ ပြောချင်ပြောကြပါလိမ့်မယ်။ စုရယ် ရှင် ချစ်လှတဲ့သားငယ်အကြောင်း အခု လို ပြောရတာ ကြေကွဲစရာပေမယ့် ဒါတွေက အမှန်တရားပဲလေ။ (တကယ်တော့ ရှင် မြန်မာနိုင်ငံကို ပြန်သွားပြီးကတည်းက ကင်မ့်ကို ကျွန်မက စောင့်ကြည့်ခဲ့ရတာမို့ ရှင် သူ့ကို ချစ်သလောက် ကျွန်မလည်း သူ့ကို ချစ်တာပါပဲလေ။)

ကံကောင်းထောက်မစွာနဲ့ သူက ခုတော့ လွတ်လပ်နေပါပြီ။ ရှင် နောက်ဆုံး အခေါက် နေအိမ်အကျယ်ချုပ်က မလွတ်မြောက်ခင် သုံးလအလိုမှာ ကင်မ်နဲ့ ကျွန်မ စကားပြော ဖြစ်တော့ သူ့အိမ်အကြွေးတွေကို ဆပ်ပြီးပြီလို့ ပြောပြပါတယ်။ သူ့ စာချုပ်တွေအားလုံး ပြီးပြတ်အောင် ရှင်းပြီးပြီလို့လည်း သိရပါတယ်။ သူက ခုတော့ သဘာဝပတ်ဝန်းကျင်သမားတစ်ယောက်လို လှေအိမ်အဟောင်းလေးတစ်လုံး မှာ နေနေပါတယ်။ သူက ယဉ်ကျေးမှုကျောင်းမှာ နေ့အချိန် မီးဘယ်လိုဖိုရမယ်ဆို တာမျိုး သွားသင်ခဲ့တဲ့နေ့က ကျွန်မတို့ဆီကို စက်ဘီးစီးပြီး လာတွေ့တော့ သူ့ကိုယ်မှာ မီးခိုးမှိုင်းတွေ ပေနေသလို မောပန်းတကြီးလည်း ဖြစ်နေပါတယ်။ စုရေ လွန်ခဲ့တဲ့နှစ် သုံးဆယ်လောက်က ဗွီလ်ပ်ဆန်ကောလိပ်မှာ ကျွန်မခင်ပွန်းက ရှင့်ကလေးနှစ်ယောက် အော်ဟစ်ပြေးလွှားနေတာကို အဝတ်လှန်းတဲ့တုတ်နဲ့ ထိန်းဖို့ကြံချိန်မှာ ရှင်တော့ ကလေးတွေကို ဂရုမထားဘဲ ကျွန်မခင်ပွန်းနဲ့ ငြင်းစရာတွေ မပြတ်မချင်း ငြင်းခုံ နေခဲ့တာကို ကျွန်မက သတိရနေတယ်လေ။

www.burmeseclassic.com



## (၄) မိသားစုအတွက်လား၊ မြန်မာနိုင်ငံအတွက်လား

မိုက်ကယ်က တစ်ခါတစ်ခါ မေးတတ်ပါတယ်။ "နီရိုကိုရေ၊ သိပ် စွမ်းအားကြီးတဲ့ မိန်းကလေးများ မသိဘူးလား။ ကင်မ့်အတွက် စုလိုမျိုး အရာရာကို ထိန်းချုပ်နိုင်လောက်အောင် စွမ်းလွန်းတဲ့ မိန်းကလေး လိုနေတယ်ဗျာ" လို့ပေါ့။ စုရေ ရှင် မရှိလိုက်တာ မိုက်ကယ့်ကို လွမ်းစေတာသာမကဘဲ ကင်မ့်အတွက်လည်း ဂရိုပုံပြင်ထဲက သနားစရာမင်းသားလေးအဖြစ်မျိုးကို တွန်းပို့စေခဲ့ပါတယ်။ အလက်ဇန္ဒားလည်း အနိုက်အတန့်တော့ စိတ်ဒဏ်ရာ ရလိုက်သေးတာပဲကိုး။ ရှင့်အတွက်တော့ ရှင့်နိုင်ငံအတွက် တာဝန်ဟာ ရှင့်ပခုံးပေါ်မှာဆိုတာ မှန်ပါတယ်။ ရှင့်နိုင်ငံရဲ့ ဒီမိုကရေစီရေးအတွက် ရှင့်ရဲ့ မြင့်မြတ်လှတဲ့ ရည်ရွယ်ချက်ပြည့်ဝအောင် ရှင့်မိသားစုက ရှင့်ကို စောင့်ရမှာပေါ့။ ရှင့်အနေနဲ့ မိသားစုရဲ့ တာဝန့်ကိုလည်း ၁၂၀ ရာခိုင်နှုန်းလောက်ထိတောင် ကျေပွန်ခဲ့ဖူးပြီလေ။ ရှင့်မိသားစုကို ခွဲထားရစ်ခဲ့တဲ့အတွက်တော့ ရှင် နောင်တမရပါနဲ့။ စိတ်မကောင်းလည်း မဖြစ်ပါနဲ့။ ရှင့်မိသားစုနဲ့ ရှင် ဝေးကွာနေရပေမယ့် ရှင့်မိသားစုဟာ ရှင့်မိသားစုပါပဲလေ။ ကျွန်မ ပြောခဲ့သလိုပါပဲ၊ မိသားစုဆိုတာ အသက်၊ လူမျိုးတွေ ဘယ်လိုပဲ ကွဲကွဲ၊ အချိန်နဲ့ နေရာတွေ ဘယ်လိုပဲဝေးဝေး စိတ်သက်သာရာရစေမယ့် ဆက်ဆံရေးမျိုးကို ဆိုလိုတာပဲ မဟုတ်လား။

ဒါပေမယ့် အခုလို နားလည်ပေးမှုမျိုးကို မိုက်ကယ့်ဆီကလိုမျိုး ရလိမ့်မယ်လို့ ကလေးတွေဆီကနေ မျှော်လင့်တာကတော့ သိပ်ရက်စက်ရာကျပါတယ်။ ရှင့်ကလေးတွေဟာ မိခင်ရဲ့ ပြုစုစောင့်ရှောက်မှုကို ၁၂၀% လောက်အထိရပြီး အသားကျနေခဲ့ပြီးကာမှ ရှင့်က ရုတ်တရက် ခွဲထွက်သွားလေတော့ ဝမ်းနည်းကြေကွဲရမှုတွေထဲကို ၁၂၀%လောက် ကျရောက်သွားခဲ့ရရှာတာလေ။ တကယ်တော့ အဲဒီရစ်သုံးယောက်လုံးက ရှင့်အပေါ်မှာ အပြည့်အဝ မှီခိုခဲ့တာလေ။ အလက်ဇန္ဒားက အဲဒီအချိန်မှာ ၁၆ နှစ်ပဲ သူ့ကိုယ်သူ သိတတ်နေပြီလေ။ ဒီအရွယ်ဆိုတာ မိဘက တစ်ပုပ္ပ တစ်ခုခု လုပ်တာကို စိတ်ပျက်တတ်ကြပေမယ့် မိဘရဲ့ တိုက်တွန်းအားပေးမှုတွေကိုတော့ အလွန်အမင်းကို လိုအပ်တတ်ကြပါတယ်။ အဲဒီလို စိတ်အခြေအနေမျိုးမှာ အလက်ဇန္ဒားက ရှင့်ကို ရုတ်တရက်ကြီး ဆုံးရှုံးလိုက်ရတာကိုး။ ဘရိတ်ပေါက်သွားတဲ့ ကားတစ်စီးလို ဖြစ်သွားရတဲ့ သူ့အတွက်လည်း ကျွန်မိသားစုတွေက စိတ်မကောင်းခဲ့ရဘူးလေ။ ရှင်နေအိမ် အကျယ်ချုပ်ကျသွားတော့ ကလေးတွေအတွက် လူ့ဘဝကို လျှော်ပဟမယ်ဆိုရင် မမျှော်လင့်ထားတာတွေ တသီကြီး ဖြစ်လာမယ်လို့ တွေးနိုင်သလို အချို့တန်ရင် လူဆိုတာ ကိုယ့်လမ်းကိုယ်လျှောက်ရတာလို့လည်း တွေးနိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်လမ်းကိုယ်လျှောက်မယ့် အဦးအစဆုံး ခြေလှမ်းအတွက်တော့



မိခင်ဆိုတာ လိုတာပဲလေ။

မိုက်ကယ့်ကတော့ သူဟာ ရှင့်အတွက် စိတ်ဓာတ်ရေးရာအရ အားပေးခဲ့ရုံ ကပါဘူး၊ ရှင့်အတွက် အခက်အခဲ အကြပ်အတည်းတွေ ပေါ်လာပြီဆိုတာနဲ့ မီဒီယာတွေမှာ အဲဒီသတင်းတွေ ပါလာပြီး ရှင့်ကို ဆက်လက်အန္တရာယ်မပြုနိုင်အောင်လို့ ရည်ရွယ်ကာ ရှင့်ရဲ့ လူထုဆက်ဆံရေးအရာရှိတစ်ယောက်လို အဝေးကနေ လှုပ်ရှားဆောင်ရွက်ခဲ့တာပါ။ သူ့အချစ်မေတ္တာတွေကို ပြန်လည်ပေးဆပ်ဖို့အတွက်လည်း သူ့ကို ပြန်လှည့်ကြည့်စရာ မလိုဘဲ ရှင့်နိုင်ငံဒီမိုကရေစီရေးအတွက် ရှေ့ဆက်လုပ်ပါလို့ အားပေးခဲ့သေးတာပဲလေ။

တကယ်တော့ မိုက်ကယ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်သက်အချိန်အထိ ရှင့်ကို အားပေးခဲ့ပါတယ်။ မိုက်ကယ်ဟာ ဗြိတိသျှကနေ မြန်မာအပေါ်မှာ ကျူးလွန်ခဲ့တဲ့ အမှားတွေ ကျေအောင် အကောင်းဆုံး ပခုံးထမ်း လုပ်ဆောင်သွားတဲ့ အင်္ဂလိပ်တစ်ယောက်လို့ ဆိုရမလားပဲ။

## (၅) အလက်ဇန္ဒားရဲ့ ဆူကီယာကီ

အဲဒီအချိန်မှာ အလက်ဇန္ဒားက မြောက်ပိုင်းအီလီနွိုက်တက္ကသိုလ်မှာ သချာ်အဓိကနဲ့ ကျောင်းတက်နေတာမို့ ချီကာဂိုမှာ နေနေပါတယ်။ သူက အင်္ဂလန်ကို ပြန်လာလေ့ရှိပေမယ့် လန်ဒန်မှာရှိတဲ့ သူ့အဘိုးအဘွား (မိုက်ကယ့်မိဘ)တွေနဲ့ ဖြစ်ဖြစ်၊ လေဒီပက်ထရစ်ရှာဂေါ်ရ်ဘုသ်တို့ဆီမှာဖြစ်ဖြစ် နေလေ့ရှိကာ အောက်စ်ဖို့ဒ်ကို ပြန်လာခဲ့ပါတယ်။ ကျွန်မတို့ဇနီးမောင်နှံကလည်း အောက်စ်ဖို့ဒ်အိမ်ကို နွေဦးနဲ့ နွေရာသီကျောင်းပိတ်ရက်တွေမှာပဲ သွားလည်ကြတာမို့ သူနဲ့ မကြာခဏ မဆုံဖြစ်ခဲ့ကြပါဘူး။

တစ်နေ့တော့ အလက်ဇန္ဒားက အောက်စ်ဖို့ဒ်ကို ရောက်လာသလို ကျွန်မတို့ရဲ့ တိုက်ခန်းကိုလည်း အလည်လာခဲ့ပါတယ်။ အလက်ဇန္ဒားလို့ ဆိုလိုက်တာနဲ့ သူကြိုက်တတ်တဲ့ "ဆူကီယာကီ" ကိုပဲ သတိရမိတော့တာပေါ့။ ဒါကြောင့် သူ့အတွက် တကယ့်ကို ခက်ခက်ခဲခဲနဲ့ ဆူကီယာကီ လုပ်ကြပါတော့တယ်။ အဲဒီနေ့ညစာစားပွဲလေးကတော့ စုက လွဲပြီး မိုက်ကယ်၊ အလက်ဇန္ဒား၊ ကင်မ်နဲ့ ကျွန်မတို့နှစ်ယောက်အားလုံး စုံစုံညီညီရှိတာမို့ နှစ်တွေ အများကြီး ကြာခဲ့ပြီးမှ ပြန်ဆုံခဲ့ရတဲ့ ညစာပါပဲ။ ရှင် မှတ်မိတယ် မဟုတ်လား။ အလက်ဇန္ဒားနဲ့ ကင်မ်က ဆူကီယာကီထဲက ဟင်းသီးဟင်းရွက်တွေအောက်မှာ အသားဖတ်ကို ရှာပြီး လု[illegible] ဖြစ်ကာ အလက်ဇန္ဒားကလည်း "ဒီနားမှာ အသားဖတ်ရှိနေတာ ကျွန်တော် သိ

www.burmeseclassic.com

www.burmeseclassic.com



တယ်နော်’လို့ ပြောနေကျလေ။ ကျွန်မခင်ပွန်းက အသားဖတ်တူတူပုန်းတမ်းအကြောင်း ပြန်ပြောင်းပြောနေခိုက်မှာ အလက်ဇန္ဒားက ရုတ်တရက် ‘ဒီဆူကီယာကီထဲမှာ ဆားကေးပါလား’လို့ မေးလိုက်ပါတယ်။ တကယ်တော့ သူ ငယ်ငယ်လေးတုန်းကပဲ ဆူကီယာကီကို လုပ်ကျွေးဖြစ်ခဲ့တာမို့ ဒီလိုကြီးမှ လုပ်ကျွေးဖြစ်တာ ဒီအကြိမ်ပထမဆုံးပါပဲ။ ကျွန်မတို့ကလည်း ဆူကီယာကီကို မလုပ်စားတာ ကြာလှပြီမို့ ဆားကေးထည့်ဖို့ မေ့သွားခဲ့ပါတယ်။ ဒါကြောင့် ဟင်းချက်တဲ့အခါသုံးတဲ့ ခပ်ချိုချိုဆားကေးအမျိုးအစားဖြစ်တဲ့ မီရင်ကိုပဲ လက်ထဲ ရှိတာမို့ လွယ်လွယ်သုံးခဲ့ဖြစ်ပါရဲ့။ ကျွန်မတို့ကတော့ သူ့ရဲ့ မှတ်ဉာဏ်ကောင်းပုံကို တအံ့တသြ ဖြစ်မိခဲ့ကြရပါတယ်။ အလက်ဇန္ဒားရဲ့ စူးစမ်းလေ့လာမှုအစွမ်းကလည်း အံ့မခန်း မဟုတ်လား။ ဒီကလေးကတော့ ငယ်ငယ်လေးထဲက ဘယ်တော့မှ မပြောင်းလဲပါဘူး။

မိုက်ကယ့်ကို အဲဒီအချိန်က အမေရိကန်သမ္မတကလင်တန်က ဖိတ်ကြားပြီး မိန့်ခွန်းတစ်ခု ပြောဖို့ရှိတဲ့အခါ အလက်ဇန္ဒားက ချီကာဂိုကို ဝင်လာခဲ့ဖို့ အကြိမ်ပေါင်းများစွာ ခေါ်ခဲ့ပါတယ်။ ဒယ်ဒီ့ကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါတဲ့။ မိုက်ကယ်က ဒါ ထူးခြားတယ်လို့ တွေးမိပြီး သူ့ကို သွားတွေ့ချင်နေခဲ့တာပါ။ အလက်ဇန္ဒားမိတ်ဆက် ပေးခဲ့တာက မြန်မာမလေးတစ်ယောက်ပါပဲ။ မိုက်ကယ် မှတ်မိထားတာက အလက်ဇန္ဒားမှာ ကရင်ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာပါ။ ကင်မ့်လို ပြဿနာမျိုးဖြစ်လာမှာကို မိုက်ကယ်က စိတ်ပူခဲ့ဖူးတာမို့ အခုတော့ မိုက်ကယ်က စိတ်အေးသွားသလိုပါပဲ။ သူတို့ ဓာတ်ပုံတွေ ကြည့်ရတာ ပြုံးပျော်ရယ်ရွှင်လို့ချည်းနေပါတယ်။

နောက်တော့ အလက်ဇန္ဒားက ကျွန်မတို့ဆီကို သူ ပီအိပ်ချ်ဒီပါရဂူဘွဲ့ကို ထွန်းပူတာနဲ့ ဖလော်ဆော်ဖီဘာသာတွဲတွေနဲ့ အောင်အောင်မြင်မြင် ရကြောင်းစာနဲ့အတူ ဟာဝိုင်ယီကျွန်းကို အလည်သွားထားတဲ့ ဓာတ်ပုံတွေပို့လာပါတယ်။ အခုတော့လည်း သူက သူ့အိမ်လေးမှာပဲ စာတွေ ရေးနေလေရဲ့။ သူ့ရဲ့ အေးချမ်းတိတ်ဆိတ်တဲ့ ဘဝလေး ကြာရှည်ခံနေပါစေလို့ ဆုတောင်းဖြစ်ပါတယ်။

စုရေ အလက်ဇန္ဒားကတော့ ရှင့်အတွက် သားကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ သူက မြန်မာလို ကောင်းကောင်းမပြောတတ်ဘူးဆိုပေမယ့် ရှင့်အတွက်နဲ့ မြန်မာပြည်အတွက်ဆိုကာ မြန်မာစကားနဲ့ စာကို ကြိုးစားပမ်းစားသင်ယူခဲ့ပါတယ်။ သူက ငယ်ငယ်တုန်းကတော့ မြန်မာစာကို စိတ်မဝင်စားခဲ့ဘူး မဟုတ်လား။



## (၆)ကင်မ့်အကြောင်းပဲ ထပ်ပြောမယ်

ကျွန်မတို့ရဲ့ ကင်မ့်အကြောင်းပဲ ထပ်ပြောမယ်နော်။ မိုက်ကယ်က လူပျိုဖော်ဝင်စမှာ အလက်ဇန္ဒား တစ်ခုခုဖြစ်သွားမှာကို ပူပန်နေပေမယ့် အလက်ဇန္ဒားက တော်ပြီး လိမ္မာတဲ့ကလေးပါ။ ကင်မ်ကတော့ အမြဲလိုလို ပျော်ပျော်နေသလို လှုပ်လှုပ်ရှားရှားကလည်း အင်မတန်နေနိုင်သူပေါ့။

၁၉၈၀ ခုနှစ် ဩဂုတ်မှာ ကျွန်မတို့ မော်စကိုကနေ ပြန်လာတော့ အောက်စ်ဖို့ဒ်မှာ ၂ လ နေဖြစ်ခဲ့ပါတယ်။ စုတို့အိမ်ကို သွားလည်တော့ တံခါးဖွင့်လိုက်တာနဲ့ တားစရာသေနတ်ကိုင်ထားတဲ့ ကင်မ်နဲ့ တန်းတိုးခဲ့ကြတာလေ။ အဲဒီအချိန်က သူဟာ သုံးနှစ်သားပဲ ရှိသေးပြီး ကျွန်မတို့က သူ့ကို တစ်ခါမှ မတွေ့ဖူးသေးတဲ့ အချိန်ပေါ့။ မိုက်ကယ်က ကင်မ့်နောက်မှာ ပေါ်လာကာ ‘သူကတော့ ကျွန်တော်တို့အိမ်ရဲ့ မျက်နှာသစ်ကလေးပါ။ လူဆိုးကလေးပေါ့’လို့ပြောလိုက်ပါတယ်။ ကင်မ်က ဘိနပ်စီးမပျက်တဲ့ ကျွန်မယောက်ျားရဲ့ ခေါင်းပေါ်ကို တက်ကာ ပခုံးထက်ကနေ ဖောက်ထိုးခိုပြီး သူ့ကို လွှဲပေးဖို့ ပူဆာခဲ့တာပေါ့။ တကယ့်ကို ကလေးပီသတဲ့ကလေးလို့ ဆိုရမှာလေ။

ကျွန်မခင်ပွန်းအဖို့ကတော့ အလက်ဇန္ဒားနဲ့ပတ်သက်ရင်လည်း မှတ်မိသတိရစရာတွေက အများသားပါပဲ။ သူနဲ့ လုပ်ဖော်ကိုင်ဖက် ပါမောက္ခမီဆာကီတို့က အင်္ဂလိပ်သတင်းစာတွေကို အလက်ဇန္ဒားအတွက် ဂျပန်ကာဘူတိုဦးထုပ်လေး ဖြစ်အောင် လုပ်ပေးခဲ့တာမျိုးပေါ့။ အစကတော့ စုက စာထဲမှာ ရေးခဲ့သလို ကင်မ့်ကို ခပ်ဆိုးဆိုးလေးဆိုပြီး ချစ်ခဲ့ပါတယ်။ ရှင်က ပြောဖူးတာကတော့ ‘အလက်ဇန္ဒားက ကျွန်မအစ်ကိုနဲ့ သွားတူပေမယ့် ဒီအငယ်လေးကတော့ ကြီးလာရင် လူချောလေးဖြစ်မှာနော’လို့ပေါ့။ ရှင်က ဆိုးပေလေးကိုမှ ချစ်ခဲ့တာကိုး။ တကယ်တော့ ရှင်က သားကြီးနဲ့ပတ်သက်ရင် မျှော်လင့်ချက်တွေ ကြီးမားလွန်းတာမို့ စည်းကမ်းတွေ တင်းတင်းကြပ်ကြပ်ထားပြီး ထိန်းခဲ့သလောက် အငယ်လေးနဲ့ပတ်သက်ရင် ဘာမှ သိပ်ကြီးကြီးမားမား မမျှော်လင့်ခဲ့သလို ကင်မ်ကလေး ဆိုးပေနေသမျှကိုလည်း ရယ်မောနေခဲ့တယ်နော်။

ရှင်တို့ရဲ့ ပါ့ခ်တောင်းအိမ်မှာတုန်းက ဆူကီယာကီ လုပ်စားခဲ့တော့ သုံးနှစ်အရွယ် ကင်မ်က မထင်မှတ်ဘဲ မီဆိုဟင်းချိုကို ထပ်တောင်းခဲ့တယ်လေ။ သူက အဲဒီတုန်းကမှစပြီး ဂျပန်စာကို စားဖူးတာပါ။ ရှင်လည်း အံ့သြနေခဲ့တာပါပဲ။ ‘မိုမိုကိုရေ ဒီကလေးကတော့ ခုကတည်းက မီဆိုကို ကြိုက်နေပြီနော်’လို့ ဆိုခဲ့တာလေ။ အဲဒီနောက်ပိုင်းတော့ အလက်ဇန္ဒားရော ကင်မ်ပါ ဆူကီယာကီစားရင် အသားဖတ်တူတူပုန်းတမ်း ကစားတော့တာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းကတော့ ရှင် ပြောခဲ့ဖူးတယ်။ "နိုရီကိုရေ ကင်မ်ကလေး အရမ်းငယ် ငယ်တုန်းက ညသန်းခေါင်ကြီး အိပ်ယာထဲမှာ အန့်ချပါလေရော။ မိုက်ကယ်နဲ့ ကျွန်မလည်း သူ့ကို ဆေးကြောသုတ်သင်ပေးပြီး အဝတ်တွေဘာတွေ လဲပေးကာ အိပ်ယာမှာ နေရာပြန်ချပေးကြတာပေါ့။ အဲဒီအခါ သူက ဒယ်ဒီနဲ့မာမီ ကျေးဇူးပဲ နော်လို့ ပြောခဲ့တယ်လေ။ အဲဒီလောက် ငယ်တဲ့ကလေးက ကျေးဇူးလို့ ဘယ်မှာ ပြောလို့လဲနော်"လို့ပေါ့။ ကျွန်မလည်း ကင်မ်ဟာ မိုက်ကယ့်အတိုင်းပဲလို့ တွေးနေမိ ပါတယ်။

ကင်မ်က တကယ်တော့ ကစားစရာသေနတ်ကို အရူးအမူး သဘောကျသူပေါ့။ ကျွန်မက သူ့အကြောင်း တွေးရင် သေနတ်ပစ်နေတဲ့ပုံကိုပဲ သွားမြင်နေမိတယ်။ ၁၉၈၅ ခုနှစ်တုန်းက ရှင်နဲ့ ကင်မ် ဂျပန်ကို လာနေခိုက် ကျွန်မရဲ့ ဦးလေးက ရှင် တို့ကို ဖိတ်တဲ့အကြောင်းလေး သတိရနေမိတယ်။ ဦးလေးက ဒုတိယကမ္ဘာစစ် တုန်းက မြစ်ကြီးနားက ရထားတပ်မှာ တာဝန်ထမ်းခဲ့ဖူးသူကိုး။ အဲဒီတုန်းက ကျွန်မက ဂျပန်ဘာသာပြန်လုပ်ပေးခဲ့ရပြီး ရှင်ကလည်း ရှင့်အဖေအကြောင်းနော အရင်ခေတ်က စစ်သားတွေအကြောင်းပါ သိပ်ကို သိချင်နေခဲ့တာပဲလေ။ ကျွန်မ ဦးလေးက ဟော်တယ်ဧည့်ခံကောင်တာနားမှာ ကစားစရာသေနတ်တစ်လက်ကို ဝယ်ပြီး ကင်မ့်ကို လက်ဆောင်ပေးခဲ့တယ်လေ။ ကင်မ်က သိပ်ကို ပျော်သွားပုံပါပဲ။ ဒါကြောင့် အဲဒီညက အောက်စ်ဖို့ဒ်က သူ့သူငယ်ချင်းဆီ စာတစ်စောင် ရေးပြီး "မက်စ်ရေ၊ ငါတော့ သေနတ်တစ်လက် ထပ်ရပြန်ပြီကွ။ ဒါပဲ။ ကင်မ်"လို့တို ကြွားယူပါရဲ့။ ကျွန်မ မှတ်မိနေတာတွေပေါ့။

မိုက်ကယ်ဆုံးပြီး လေးနှစ်အကြာ ၂၀၀၃ ခုနှစ်မှာတော့ ကျွန်မတို့က အောက်စ် ဖို့ဒ်မှာ သွားနေခိုက် အလက်ဇန္ဒားက လန်ဒန်မှာ နေနေခဲ့ပါတယ်။ ဒါကြောင့် ကျွန်မခင်ပွန်းက သူတို့အားလုံးကို ဆင့်ခေါ်လိုက်ပါရဲ့။ အောက်စ်ဖို့ဒ်က ရိုပ်သာမှာ ရှိတဲ့ အန်တီမသန်း၊ အလက်ဇန္ဒားနဲ့ ကင်မ်ရယ်၊ ကျွန်မတို့ နှစ်ယောက်ရယ် အားလုံးငါးယောက်သားက ဝေါလ်တန်လမ်းက ငါးဟင်းနာမည်ရတဲ့ စားသောက် ဆိုင်ကို အတူသွားခဲ့ကြတာပေါ့။ ကင်မ်က အောက်စ်ဖို့ဒ်မှာရှိတဲ့ စားသောက်ဆိုင် တချို့အပေါ်မှာ ဩဇာညောင်းသူမို့ ဒီဆိုင်အပေါ်မှာလည်း သူက ဩဇာရှိပါတယ်။ ကျွန်မလည်း သူ့ရဲ့ သေနတ်အကြောင်းစာတစ်စောင်ကို သတိတရ ပြန်ပြောပြခဲ့ မိလေရဲ့။ သူတို့က အတောမသတ်အောင် ရယ်ကြတာပေါ့။ ကင်မ်ကတော့ ဘာမှ မငြင်းဘဲ "အဲဒီစာက ကျွန်တော့်ဘဝမှာ ရေးခဲ့တဲ့ တစ်စောင်တည်းသော ပေးစာ လေ"လို့ ပြန်ပြောတော့ ကျွန်မမှာ ဘုရားတမိအောင် အံ့ဩမိပါတယ်။ ရယ်မောမိရုံ



သာမက ကျွန်မက ဘာများတတ်နိုင်ဦးမှာပါလဲ။ အဲဒါ ရှင့်ရဲ့ ချစ်စရာကင်မ်လေ။

အလက်ဇန္ဒားကတော့ ကျွန်မ ခင်ပွန်းနဲ့ သူ့ရဲ့ သုတေသနအကြောင်း ပြောရင်း ပြောနေလေရဲ့။ ကင်မ်က ကျွန်မနားမှာ ကပ်ထိုင်ရင်း ကျွန်မပန်းကန်ထဲက အစ အသောက်တွေကိုပါ လှမ်းနှိုက်ရင်းနဲ့ ကလေးဆိုးတစ်ယောက်လို နေခဲ့ပါတယ်။ တကယ်တော့ သူ့အတွက် အမေတစ်ယောက်လို ဆိုးနွဲ့ရမယ့်သူမျိုး လိုအပ်နေ တာပါ။ ကင်မ့်သူငယ်ချင်းတစ်ယောက်ရဲ့ အမေက ကျွန်မကို တစ်ခါတုန်းက "ကျွန်မက ကိုယ့်သားထက်တောင် ကင်မ့်အပေါ် ပိုပြီး တွယ်တာမိတဲ့ အချိန်အတန် ကြာ ရှိခဲ့ဖြစ်သေးတယ်"လို့ ပြောခဲ့ဖူးပါတယ်။

## ၅) မိုက်ကယ့်ဈေးဝယ်ထွက်ပုံ

၂၀၀၃ ခုနှစ် ဒီပဲယင်းအရေးအခင်းပြီးတော့ ရှင်က ဝေဒနာတချို့ ခံစားရပြီး အဆင်မပြေမှုတွေ ကြုံလာရပေမယ့် ဒီမိုကရေစီရေးနဲ့ လူထုအတွက်ပဲ စိတ်အာသန် ရှိခဲ့တာ မဟုတ်လား။ မိုက်ကယ် မကွယ်လွန်မီက အကြောင်းအရာတချို့ကို ပြောပြချင်ပါသေးတယ်။ ရှင်က ချုပ်ရိုးဖြေပြီးတာနဲ့ ဆေးရုံက ဆင်းခဲ့ရတာမျိုး ကိုယ့်ကျန်းမာရေးကို လျစ်လျူရှုပြီး သတ္တိရှိရှိ အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရတယ်နော်။ ရှင် ကိုယ်တိုင်လည်း ရှင့်အတွက် လိုအပ်မယ့်ဆေးကို အပြင်ထွက်မဝယ်နိုင်ခဲ့သလို ရှင် အပြင်ထွက်ခွင့်ရခဲ့ရင်တောင် ဆေးက လွယ်လွယ်နဲ့ ဝယ်လို့ရလေမလား မသိ ဘူးနော်။

ခွဲစိတ်ကုသမှုပြီးတဲ့နောက်မှာတော့ ရှင့်ရဲ့ ဟော်မုန်းတွေက မညီမမျှတွေ ဖြစ် လာခဲ့တယ်နော်။ အဲဒီအတွက် ဆေးတွေ ရှင် လိုလာပြီလေ။ အဲဒီအတွက် အင်္ဂလန် ကနေ ဆေးတွေ ပို့ပေးဖို့ လုပ်ကြရတော့တာပေါ့။ ကျွန်မ တွေးနေမိတာက မိုက် ကယ်သာ အသက်ထင်ရှား ရှိနေသေးရင် ရှင့်အတွက်ဆေးကို သူကိုယ်တိုင် ဝယ် မှာလို့လေ။ ၁၉၉၀ ခုနှစ်လောက်က မိုက်ကယ်ဟာ ရှင်အဆင်မပြေမှာစိုးလို့ဆိုပြီး ဆေးစတိုးတစ်ခုမှာ မိန်းမသုံးပစ္စည်းအသုံးအဆောင်တွေ သွားဝယ်သတဲ့။ ရှင် မြင် ယောင်ကြည့်လိုက်စမ်းပါ။ ငွေရှင်းဖို့ မိန်းမပစ္စည်းရောင်းတဲ့နေရာက ကောင်တာမှာ တန်းစီနေမယ့် မိုက်ကယ့်ကိုလေ။

အဲဒီနေ့က ကောင်တာရှေ့ တန်းစီနေတဲ့အထဲမှာ သူ တစ်ယောက်တည်း ယောက်ျားသားရယ်လို့ ရှိနေတာကို သတိထားမိသွားတော့ မိုက်ကယ်က "နိုရီကိုရေ ကျွန်တော် ဘယ်လောက်ထိ ရှက်သွားလဲဆိုတာ ပြောကို မပြောပြတတ်အောင်ပါ ပဲ"လို့ ပြန်ပြောခဲ့ဖူးပါတယ်။ "အဲဒီနေ့က စပြီး အဲဒီအလုပ်တွေ ကျွန်တော် မလုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ဘူး'လို့ မျက်နှာကို လက်ဝါးနဲ့အုပ်ရင်း ဆက်ပြောခဲ့ပါတယ်။

မိုက်ကယ်က ခပ်တုံ့တုံ့ချည့်ချည့်ပုံလေ။ မီးကျွမ်းသွားတဲ့ ဘတ်သီးလုံးကို လဲဖို့အတွက် ရှင်နဲ့သူက ငြင်းခုန်ရန်ဖြစ်နေကြလေနော်။ ကျွန်မခင်ပွန်းကလည်း မိုက်ကယ်တစ်ယောက် လျှပ်စစ်စီးကြောင်းတွေအကြောင်း ကောင်းကောင်းနားမလည်ပုံကို အံ့သြနေခဲ့တယ်လေ။ အဲဒီမိုက်ကယ်က ရှင် နေအိမ်အကျယ်ချုပ်ကျပြီးနောက်မှာ ကားတစ်စီး ဝယ်လိုက်သေးရဲ့။ ကားက တစ်ပတ်ရစ် အမိုးဖွင့်ကားမျိုးပေါ့။ သူ့အကြောင်း သိနေလို့လား မသိ၊ သူ စီးတဲ့ကားကို လိုက်စီးဖို့ ကြောက်နေခဲ့ပါသေးရဲ့။

ကမ္ဘာက မြန်မာအကြောင်း ပိုသိလာလေ မိုက်ကယ်လည်း အပြင်မှာ ပိုပြီးမျက်နှာပြလာရလေပေါ့။ ဒီတော့ ခါတိုင်းလို ခြေလျင်တစ်မျိုး ပြည်သူပိုင်ယာဉ်ရထားတစ်ဖုံနဲ့ သွားနေရတာ အလျှဉ်မသင့်တော့ဘူးပေါ့။ လူအများရှေ့မှာ မိုက်ကယ့်ကို ပိုပိုမြင်တွေ့လာရပြီလေ။ မိုက်ကယ့်မှာ တစ်နေ့တစ်နေ့ တွေ့စရာတွေသာမက အိမ်အတွက် ဝယ်ခြမ်းသယ်ဆောင်စရာတွေကလည်း အများသား မဟုတ်လား။ ဒီလိုနဲ့ သူက ကားမောင်းသမားကောင်းတောင် ဖြစ်လာခဲ့ပါတယ်။ ကျွန်မတို့လည်း မြို့ထဲမှာ ဈေးကို ဝယ်ချင်သလောက် ဝယ်လို့ ရလာတာပေါ့။ ခက်တာကတော့ ဘားပါကင် ရှာရတာပါပဲ။ ကိုယ်ပိုင်ကားတွေက မြို့လည်မှာ မောင်းခွင့် မရှိတော့ မြို့ပြင်လမ်းတချို့ကို ရှာရပြန်ပါတယ်။ ဒါကြောင့် ဆင်ခြေဖုံးမှာ ဈေးဝယ်ရတာ ပိုအဆင်ပြေလေရဲ့။

မိုက်ကယ်က ခဏခဏ ဈေးဝယ်သလို ကျွန်မတို့ကလည်း သူနဲ့ပဲ အကြံလိုက်တတ်ပါတယ်။ ကျွန်မခင်ပွန်းကို မိုက်ကယ်က သူ့နားက ရှေ့ခန်းခုံမှာ ခေါ်ထိုင်တတ်ပါတယ်။ သူတို့က စကားတပြောပြောနဲ့ပေါ့။ 'ဆာဒါယိုရှီရေ ဈေးဝယ်ထွက်ရတာကို ကြိုက်လား' 'မုန်းတယ်ဗျာ'တဲ့။ မိုက်ကယ်က 'ကျွန်တော်လည်း မုန်းတာပဲ။ အဖြစ်ပေးခံနေရသလို မထင်မိဘူးလားဗျာ'တဲ့။ အဲဒီလိုနဲ့ ကျွန်မတို့ကြားမှာ ဈေးဝယ်ထွက်တာကို အပြစ်ပေးခံတာလို့ စကားပြောင်သုံး ဖြစ်လာခဲ့ပါတော့တယ်။ ဘာအတွက် အပြစ်ပေးခံတာလဲဆိုရင် အစားကြီးတဲ့အတွက်လား၊ နောက်ပိုင်းမှာ ရှင်တို့ လူကိုယ်တိုင် အကူအညီ သိပ်မပေးနိုင်တော့တဲ့အတွက်လား။ သူကိုယ်တိုင်ပဲ သိမှာပါ။

စုလို အကျဉ်းသားမျိုး မဟုတ်ပေမယ့် လူတိုင်းဟာ စား၊ ဝတ်၊ နေရေးဆိုတဲ့ အရေးကိစ္စတွေရဲ့ အကျဉ်းသားတော့ ဟုတ်နေတာပဲလေ။ ဈေးဝယ်ထွက်တယ်ဆိုတာ အာသာဆန္ဒကို ဖြည့်ဆည်းဖို့ပဲ မဟုတ်လား။ ဈေးဝယ် မထွက်ရင် လူတွေ အသက်



ရှင်မှာ မဟုတ်သလို နိုင်ငံ့စီးပွားရေးလည်း လည်ပတ်မှာ မဟုတ်ဘူးပေါ့။ ဒီလိုတွေးတာဟာ မိုက်ကယ့်စတိုင်လ်ပဲလို့ ဆိုရမှာပေါ့။ လက်ရှိလူမှုအဖွဲ့အစည်းမှာ နေတယ်ဆိုတာ သောကတွေကို ပြန်ခံစားမယ်၊ အပြစ်တွေအားလုံးကို ပခုံးထမ်းမယ် ဆိုတာမျိုးပေါ့။

## (၇)အောက်စ်ဖို့ဒ်ကို ခွဲခွာခြင်း

ကျွန်မတို့က အောက်စ်ဖို့ဒ်ကို မသွားခင်တိုင်းမှာ မိုက်ကယ့်ကို ကြိုတင်ဆက်သွယ်ခဲ့တာချည်းပါပဲ။ ဒါမှ မိုက်ကယ်က ကျွန်မတို့အခန်းကို အနွေးဓာတ်ရနေအောင် အပူပေးစက်ကို ကြိုတင်ဖွင့်ပေးထားတတ်ပါတယ်။ ဒါ့အပြင် မီးဖိုထဲက စားပွဲပေါ်မှာ ပန်းခြင်းလေးတစ်ခြင်းနဲ့အတူ "ခင်မင်ရတဲ့ နိုရိကိုနဲ့ ဆာဒါယိုရှီရေ၊ အောက်စ်ဖို့ဒ်က ကြိုဆိုပါတယ်'လို့ စာသားလေးလည်း ချန်ထားရစ်တတ်ပါတယ်။ ကျွန်မတို့ရဲ့ အောက်စ်ဖို့ဒ်ကနဦးနေ့တိုင်းကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့တဲ့အတွက် မိုက်ကယ့်ကို ကျေးဇူးတင်ရပါတယ်။

နောက်ဆုံးမှာတော့ ကျွန်မတို့ရဲ့ အောက်စ်ဖို့ဒ်ဘဝကို ခွဲခွာရမယ့်အချိန် ကျရောက်လာပါပြီ။ ၁၉၉၈ ခုနှစ် နွေဦးမှာတော့ ကျွန်မတို့ရဲ့ အခန်းကို ရောင်းပြီး အင်္ဂလန်ကနေ ခွာဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အကြောင်းတွေကတော့ အမျိုးမျိုးပေါ့။ အင်္ဂလန်ဆိုတာ အဝေးကြီးမှာလေ။ ပြီးတော့ အင်္ဂလိပ်တွေ စိတ်ရှည်သလိုမျိုး ကျွန်မတို့က ဆတူစိတ်ရှည်ဖို့ မဖြစ်နိုင်ပေဘူးလေ။ ကျွန်မတို့က စိတ်တိုတဲ့ ဂျပန်တွေ မဟုတ်လား။ အင်္ဂလန်က အိမ်ဟောင်းတွေမှာ မိသားစုတွေ အများကြီး အခန်းတွေ ဘန့်ကန့်ပြီးနေကြတော့ အသံတွေက ဆူလှသကိုး။ ကျွန်မမှာ ကင်ဆာကလည်း ဖြစ်လာပြီဆိုတော့ စိတ်ပင်ပန်းရင် ကင်ဆာပိုဖုံ့မှာစိုးတာနဲ့ပဲ လေပြောင်းရေပြောင်း ပြောင်းဖို့ အောက်စ်ဖို့ဒ်က ခွာဖို့ ကြံရတာပါပဲ။ အိမ်ပြန်ကြမယ်လို့ ဆုံးဖြတ်တယ် ဆိုပါတော့။

အင်္ဂလန်က ကျန်းမာရေးစနစ်ကြောင့်လည်း အဲဒီကနေ ခွာခဲ့ဖြစ်တယ်ဆိုရမှာပါ။ ကျွန်မရဲ့ မိသားစုဆရာဝန်က ကျွန်မမှာ ကင်ဆာထပ်ဖြစ်လာတယ်လို့ ယူဆနေပါတယ်။ ဒါကြောင့် ချာချီလ်ဆေးရုံကို လွှဲလိုက်ပါတယ်။ ကျွန်မက အောက်စ်ဖို့ဒ်မှာရှိတဲ့ ကင်ဆာဝေဒနာရှင်တွေနဲ့ မိတ်ဆွေဖြစ်နေပြီး အချင်းချင်းဗဟုသုတတွေ ဖလှယ်ကြနဲ့ ပျော်နေတဲ့အချိန်ပါ။ အင်္ဂလန်က ကျန်းမာရေးစနစ်အရ အမျိုးသား[illegible] ရေးဌာရဲ့ အစီအမံအတိုင်းဆိုရင် ကုန်ကျစရိတ်က ဘာမှ မရှိပေမယ့် စောင့်ရတဲ့[illegible] ကတော့ သိပ်ကြာတယ်။ ကိုယ်ပိုင်ဆရာဝန်နဲ့ ပြမယ်ဆိုရင် [illegible]တ်အကွာင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူသတာမျိုး လုပ်နိုင်ပေမယ့် ကုန်ကျစရိတ်ကတော့ ယန်းနဲ့ဆို သန်းပေါင်းများစွာပါပဲ။ အဲဒီလိုစနစ်မျိုးဆိုတာ သိလိုက်တော့ အင်္ဂလန်မှာ ဆက်နေဖို့ တွန့်သွားခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကင်မ်က သူ့သူငယ်ချင်းတွေနဲ့ ဂီတတီးဝိုင်းအဖွဲ့လေးတစ်ခု တည်ထောင်ထားပြီး သဘာဝသမားအဖြစ် ရပ်တည်နေပြီဖြစ်သလို မိုက်ကယ်ကလည်း တီဘက်နဲ့ ဟိမဝန္တာလေ့လာရေးဌာန တည်ထောင်ဖို့ အိမ်မက်နဲ့ ရှုပ်နေပြီလေ။ ကျွန်မလည်း သူတို့နှစ်ယောက်ကို ကိုယ့်မျက်စိနဲ့ မြင်နေရမှ စိတ်အေးနိုင်တဲ့ စိတ်ဇောတွေကို လျှော့ချဖို့ အချိန်တန်နေပြီလေ။

ကျွန်မတို့ဇနီးမောင်နှံနှစ်ယောက်လုံးက သူတို့သားအဖနဲ့ ဝေးရာမှာနေဖို့ သိပ်ခက်ခဲပေမယ့် ဂျပန်ကို ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ ဒါနဲ့ပဲ သူ့စာသင်တန်းတွေပြီးမှာ စမှာကိုမှီအောင် ကျွန်မခင်ပွန်းက အိမ်အရောင်းကိုယ်စားလှယ်လက်ကို အပ်လိုက်ပါတယ်။ အဲဒီနောက်တော့ ကိုယ်စားလှယ်က လွှတ်လိုက်သမျှ လူပေါင်းများစွာကို ကျွန်မက တွေ့ရတော့တာပေါ့။ အိမ်ဝယ်ချင်တဲ့လူတွေက ကျွန်မကို မေးခွန်းပေါင်းများစွာ မေးပါတော့တယ်။

သူတို့ကို ခဏခဏ မတွေ့နိုင်တော့မှာလို့ တွေးကာ အဲဒီအချိန်မှာ ကျွန်မက ဆုရှီတွေကို အများကြီး ပြင်ဆင်ထားတတ်ပါတယ်။ ကင်မ်က "နိုရီကို မရှိတော့ရင် ဘယ်သူက ကျွန်တော့်ကို ဆုရှီလုပ်ကျွေးမှာလဲ" လို့ ပြောတတ်တာပါ။ ကျွန်မလည်း သူ့အတွက် ရာသက်ပန် ဆုရှီလုပ်ပေးချင်စိတ်ပဲ ပေါ်လာပါတော့တယ်။ ဒါနဲ့ပဲ သူ့ကို ဂျပန်ကို လာပြီး ဆုရှီလိုပ်နည်း လာသင်ကာ အောက်စ်ဖို့ဒ်မှာ ဆုရှီဆိုင် ဖွင့်ပါလားလို့ အကြံပေးတဲ့အခါ "အင်း၊ ဒီအကြံကောင်းသားပဲ" လို့ ပြန်ပြောလေရဲ့။ ကင်မ်က ချက်ပြုတ်တာလဲ ဝါသနာပါတယ်လေ။ ဒါပေမယ့် ဆုရှီလိပ်တာကို သင်ဖို့ဆိုရင် ကင်မ့်မှာ ခွဲရော၊ ဆုံးဖြတ်ချက်ပါ နိုင်ရမှာပါ။ လက်တွေ့အလုပ်လုပ်တာကမှ သူ့အတွက် စည်းကမ်းပိုင်းကို အကောင်းဆုံး လေ့လာရာရောက်မှာကိုး။ ကျွန်မတို့က ဆုရှီပန်းကန်တွေ လည်ပတ်နေတဲ့ဆိုင်မျိုးလေး လုပ်စေချင်တာလေ။ ကျွန်မတို့ အရမ်းမျှော်လင့်လွန်းနေမိသလားဟင်။

အောက်စ်ဖို့ဒ်အထက်တန်းလွှာက ကင်မ့်သူငယ်ချင်းက ကျွန်မတို့ရဲ့ ဆုရှီကို လာစားပြီး အရမ်းသဘောကျသွားခဲ့ပါတယ်။ သူက သိပ်မကြာခင် ကွန်းလမ်းဆုံမှာ ဆုရှီ ဆိုင်ဖွင့်တော့ ကျွန်မတို့ သွားစားလိုက်ပါသေးတယ်။ ဂျပန်တွေကို အဲဒီဟာ ဆုရှီပါလို့ ပြောရင် စိတ်ပျက်ကြမှာ အမှန်ပါ။ ခြောက်ကပ်နေတဲ့ ထမင်းလိပ်အဆင့်ပဲ ရှိပါတယ်။ ဒါပေမယ့် ဈေးက သင့်တော့ အလုပ်တော့ ဖြစ်ပုံပါ။ ကင်မ်သာဆို သူ့ထက်တော့ ပိုကောင်းအောင် လုပ်နိုင်မှာ သေချာပါတယ်။



တစ်ခါတုန်းကလည်း ကျွန်မက ထမင်းနဲ့ ဝက်သားကြွပ်ကြော်ဖြစ်တဲ့ ကာတ်ဆုဒွန်ကို ချက်ပြီး မိုက်ကယ်နဲ့ ကင်မ့်ကို ခေါ်ကျွေးပါတယ်။ မိုက်ကယ်က အလွန့်အလွန်ကို သဘောကျပြီး "နိုရီကို ခင်ဗျား ဒီဟာကို ဆိုင်ခန်းတစ်ခန်း ငှားပြီး ဖွင့်ပါလားဗျ။ ဆိုင်ဖွင့်နိုင်အောင် ကျွန်တော် အားလုံးကူညီမယ်လေ" လို့ အားပေးလေရဲ့။ "ရှင်က နေ့တိုင်းလာမှာလား" ဆိုတော့ "လာမှာပေါ့" တဲ့။ "အင်း ဒါဆိုရင် ကျွန်မတော့ သုံးရက်အတွင်းမှာ အရင်းပြုတ်မှာ သေချာနေပြီ။ ကင်မ်ကလည်း နေ့တိုင်းလာမှာလေ။ သူ့သူငယ်ချင်းတွေလည်း ပါဦးမှာ။ ရှင်တို့အားလုံးဆီက ပိုက်ဆံတောင်းဖို့ကလည်း ဖြစ်နိုင်ဘူး။ ရှင်ရယ် ကင်မ်နဲ့ သူ့သူငယ်ချင်းတွေရယ်ပဲ ဖောက်သည်ရှိရင်လည်း ခက်ဦးမယ်" လို့ ကျွန်မက အရွှန်းဖောက်ခဲ့ဖြစ်ပါသေးတယ်။

စုရေ ရှင့်မိသားစုအကြောင်း မှတ်မိသမျှတွေ ရေးတဲ့အခါ အစားအသောက်အကြောင်းတွေချည်း များနေတာကိုတော့ ဆောရီးနော်။ ကျွန်မအနေနဲ့ သူတို့ကို တခြားအကြောင်းတွေ မေးဖို့လည်း စိုးရွံ့မိပါတယ်။ အထူးသဖြင့် ကင်မ်ပေါ့။ သူ့စိတ်ကို ၅နားရအောင် သူ့သူငယ်ချင်းတွေအပေါ်ရယ် အစားအစာအပေါ်ရယ် သူ့ထင်မြင်ချက်ကိုပဲ မေးထားဖြစ်ခဲ့တော့ သူ့အကြောင်းကို အဲဒီဟာတွေနဲ့ပဲ သတိရဖြစ်နေတာလေ။ တစ်ခါကတော့ ကင်မ်က ကောက်ခါငင်ခါ "ဆယ်နှစ်ကြီးများတောင် ရှိပြီနော်" လို့ ပြောချလိုက်ပါတယ်။ ကျွန်မလည်း အရမ်းကို ခံစားပေါက်ကွဲသွားမိပါတယ်။ ကင်မ်က ဘာကိုမဆို ထူးမခြားနားလို တုံ့ပြန်နေထိုင်နေတာဟာ သူ့ရင်ထဲက ခံစားချက်တွေကို မဖော်ပြချင်လို့ သိုဝှက်ထားရအောင် နေနေတာလို့ ကျွန်မက နားလည်ထားတာကိုး။ ကျွန်မတို့လိုပဲ ကင်မ့်ကို သိနားလည်ကြတဲ့ မိတ်ဆွေတွေကတော့ သူ့ကို ပိုင်းပြီးချစ်ကြပါတယ်။ စိတ္တဗေဒပညာသင်တုန်းကတော့ အချစ်ငတ်နေတဲ့ကလေးတွေက အစားပိုစားတယ်လို့ သင်ခဲ့ရဖူးတယ်လေ။ စုရေ ရှင့်မိသားစုဝင်အမျိုးသားအားလုံးက ရှင့်ကို လွမ်းနေခဲ့တာပါ။ မိုက်ကယ့်အတွက် နောက်ဆုံးထွက်သက်အထိ ရှင့်ကို ချစ်နေအောင် ပံ့ပိုးပေးခဲ့တာက တစ်နေ့နေ့မှာတော့ သူရယ်၊ အလက်ဇန္ဒားရယ်၊ ကင်မ်ရယ်သုံးယောက်သား ရှင့်ကို လူကိုယ်တိုင် ပွေ့ဖက်ထားနိုင်တဲ့အခွင့်အရေး ရမှာပဲဆိုတဲ့ မျှော်လင့်ချက်ပါပဲ။

ခုတော့ ကျွန်မတို့အခန်းလေးကို ခွဲရပါတော့မယ်။ ရှင်တို့အခန်းက လခကတော့ အလက်ဇန္ဒားနဲ့ ကင်မ်ပဲ မျှယူမှာပေါ့။ ရှင့်စာအုပ်တွေ၊ အဝတ်အစားတွေ၊ အခ်ရှပ်စက်ဟောင်းလေး၊ အဲဒီပစ္စည်းတွေက ခေါင်မိုးထပ်မှာ ရှိနေသေးတယ်လေ။ မိုက်ကယ် ဆုံးသွားတဲ့နောက်မှာတော့ နော်ဟာမ်ဥယျာဉ်အိမ်က ရှင်တို့အခန်းလေးလည်း ရောင်းရဖို့ ဖြစ်လာခဲ့ပါတယ်။ အလက်ဇန္ဒားကတော့ အဲဒီအခန်းကို မိုက်ကယ့် ကိုယ်စား မရောင်းချင်ခဲ့ပုံပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၆။ မိုက်ကယ်အတွက် ဆုရှိတစ်ကိုက်

၁၉၉၉ခုနှစ်၊ ဇန်နဝါရီ ၂၇ရက် မှာပေါ့။ အဲဒီအချိန်က ကျွန်မခင်ပွန်းဟာ ထိုးတက္ကသိုလ်မှာ စာသင်နေချိန်ပါ။ သူက အမြဲလိုလို ဧည့်ပညာရှင်တွေအတွက် အလုပ်တွေများနေတတ်သူမို့ အဲဒီအချိန်မှာလည်း သူ့မှာ ဧည့်က ရှိနေပါတယ်။ ဧည့်တစ်ယောက်က 'ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခင်ပွန်းမှာ ကင်ဆာရောဂါခံစားနေရတယ်လို့ ကြားရတယ်။ ခင်ဗျားတို့ သိမှာပေါ့။ သိတယ် မဟုတ်လား' လို့ ပြောလာပါတယ်။ ကျွန်မတို့က အဲဒီသတင်းမျိုးကို မခန့်မှန်းနိုင်ခဲ့လို့ အလွန်ထိစိတ်မကောင်းဖြစ်လိုက်ရပါတယ်။ ကျွန်မတို့လည်း ဧည့်သည် မပြန်ခင်မှာဘဲ မိုက်ကယ့်ဆီ ဖုန်းဆက်ကြပါတော့တယ်။

မိုက်ကယ့်အသံက အားနည်းနေပုံပါ။ 'ဟုတ်ပါတယ်။ ဆရာဝန်က ကျွန်တော့်ရောဂါက ဆီးကြိတ်ကင်ဆာလို့ ပြောပါတယ်'တဲ့။ သူကသာ နေမကောင်းနေတာ ကျွန်မရဲ့ ကျန်းမာရေးကိုလည်း သူက စိတ်ပူနေရှာပါသေးတယ်။ ကျွန်မရဲ့ခင်ပွန်းကို 'ကျွန်တော့်ကင်ဆာက အဆိုးဝါးကြီး မဟုတ်ပါဘူးဗျာ။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီရောဂါကို အကြောင်းပြုပြီး မြန်မာပြည် ဝင်ခွင့်ဗီဇာရအောင်တော့ လုပ်ဦးမယ်ဗျာ။ ဒီကိစ္စကို ချုကားပြောသံကြားရရင် စိတ်ထဲ သိပ်လန့်မသွားနဲ့နော်'လို့ ပြောနေသေးတာပါ။ ကျွန်မတို့လည်း ဆီးကြိတ်ကင်ဆာဆိုတာ အရေးမကြီးဘူးလို့ ဆရာဝန်ပြောစကားအတိုင်း ယုံလိုက်တော့တာပေါ့။ ဒီနှစ်နွေမှာတော့ သူ့ဆီ သွားလည်မယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကျွန်မတို့လည်း မိုက်ကယ့်ကင်ဆာကို မေ့ထားလိုက်ကြပါတယ်။ မတ် ၂၄ ရက်လည်း ရောက်ရော ယာတာရှိဆန်က ကျွန်မတို့ဆီကို မိုက်ကယ့်အခြေအနေ အတော်ကြီး ဆိုးဝါးနေပြီလို့ ဖုန်းဆက်လာပါတော့တယ်။ သူ့ကို မိုက်ကယ်ရဲ့ အမွှာညီအစ်ကိုဖြစ်တဲ့ အန်ထော်နီက ပြောပြတာပါတဲ့။ သူက အန်ထော်နီ နဲ့ ပုံနှိပ်လုပ်ငန်းဆိုင်ရာ အဆက်အသွယ် ရှိနေတာကိုး။

နောက်နေ့မှာတော့ ကျွန်မတို့ လန်ဒန်သွားဖို့ လေယာဉ်လက်မှတ် စီစဉ်လိုက်နိုင်ခဲ့ပါတယ်။ ယာတာရှိဆန်ကတော့ ပတ်စ်ပို့တ်သက်တမ်း ကုန်နေလို့ ချက်ချင်းလိုက်လာနိုင်မှာ မဟုတ်တော့ပါဘူး။ သူက ဆီးကြိတ်ကင်ဆာကြောင့်ဖြစ်တဲ့ ခါးနာဝေဒနာသက်သာအောင် အပ်စိုက်လို့ရကြောင်း ပြောလိုက်ပါသေးတယ်။ သူက ကျွန်မကို အပ်စိုက်နိုင်တဲ့နေရာတွေကို ပြထားတဲ့ လူခန္ဓာကိုယ်ပုံစံကို ပို့ပေးပြီး ဘယ်နေရာတွေကို လက်နဲ့ဖြစ်စေ ထောက်ပေးရမယ်လို့ သင်ပေးလိုက်ပါသေးတယ်။

မတ် ၂၆ ရက်မှာတော့ ကျွန်မတို့ဟာ ကန်ဆိုင်းလေဆိပ်ကနေ လန်ဒန်ကို



ထွက်ခွာလာခဲ့ပါတယ်။ ကျွန်မနဲ့အတူ ပါလာတာက အပ်စိုက်နည်းပုံတွေရယ်၊ အိမ်နေရင်းဝတ်စုံရယ်၊ ဆုရှိလုပ်ဖို့ လိုမယ့်ပစ္စည်းတွေရယ်၊ ဒါပဲ ထည့်ယူလာခဲ့တာပါ။ မိုက်ကယ့်ကို ဆုရှိတစ်ကိုက်စာလေးပဲဖြစ်ဖြစ် ကျွေးလိုက်ချင်တယ်လေ။ ကျွန်မက မိုက်ကယ်ရဲ့ နောက်ဆုံးအချိန်လေးကို မှီပါစေလို့ ဆုတောင်းနေခဲ့ပါတယ်။ ကျွန်မရဲ့ စိတ်လောကြီးနေတဲ့ရုပ်ကို ကြည့်ပြီး ကျွန်မနားမှာ ထိုင်သူက စကားတွေ ပြောလာပါတယ်။ သူကြည့်ရတာ သက်ကြီးမိန်းမသားတစ်ဦးက တစ်ယောက်တည်း ခရီးသွားနေတာကို စိတ်ပူနေပုံပါ။ လန်ဒန်ရောက်တော့ သူက လမ်းမခွဲခင်မှာ မိုက်ကယ့်ကျန်းမာရေးအတွက် ဆုတောင်းပေးကြောင်း ပြောလိုက်ပါသေးတယ်။

ညကိုးနာရီခွဲမှာတော့ ကျွန်မက ဟိုတယ်ကို ရောက်ပါပြီ။ ရောက်ရောက်ချင်း ဆိုသလိုပဲ ကျွန်မ မိုက်ကယ့်ဆီကို သွားလိုက်ပါတယ်။ 'ဘယ်သူပါလဲ'တဲ့။ မိုက်ကယ့်ထူးသံပါ။ 'နိုရီကိုပါ'ဆိုတော့ 'အိုး နိုရီကို၊ ဝင်လာခဲ့လေ'ဆိုပြီး တံခါးသော့ ဖွင့်ပေးလေရဲ့။ ခုတင်လှေကားကနေ ထွက်လိုက်တယ်ဆိုရင်ပဲ မိုက်ကယ်က ခါတိုင်းလို ကြိုနေပါတယ်။ 'ခင်ဗျား၊ ဂျပန်ကနေ အဝေးကြီးကနေ လာခဲ့တယ်နော်။ ကောင်းလိုက်တာဗျာ။ ဝင်လာပါ။ ဝင်လာပါဗျာ'လို့ လှိုက်လှိုက်လှဲလှဲ ကြိုပါတယ်။ အသံက ရှည်လေတော့ ကျွန်မလည်း မူးတူးတူးနဲ့ အိပ်မက်များ မက်နေသလားလို့တောင် စိတ်ထဲ ဘာဖြစ်နေမှန်းတောင် မသိတော့ပါဘူး။ မိုက်ကယ်က ကျွန်မကို ခါတိုင်းလို မီးဖိုချောင်ထဲ ခေါ်မသွားဘဲ ဧည့်ခန်းကို ခေါ်လာခဲ့ပါတယ်။ 'သူက ကျွန်တော့်ညီအန်ထော်နီရဲ့ ဇနီးမေရီလေ'လို့ ကျွန်မကို မိတ်ဆက်ပေးပါတော့တယ်။ မိုက်ကယ့်ကြည့်ရတာ ကောင်းလို့ပါပဲ။

'အန်ထော်နီ၊ ရှင် ဘာတွေ ပြောနေတာလဲ။ ကျွန်မက ရှင့်ဇနီးလေ'လို့ မေရီက ပြောလိုက်မှပဲ ကျွန်မလည်း နဂိုသိစိတ်တွေ ပြန်ဝင်လာမိပါတော့တယ်။ အန်ထော်နီဟာ မိုက်ကယ့်နဘေးမှာ လွန်ခဲ့တဲ့နှစ်ပတ်လုံးလုံးရှိ နေခဲ့ရာက စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ကာ ကယောင်ကတမ်းတွေ ပြောနေတာပါ။ သူ့ကိုယ်သူလည်း မိုက်ကယ်နဲ့ သူကိုယ်တိုင်ကို မခွဲနိုင်တော့သလိုပါပဲ။ သူတို့က ရုပ်ချင်းထပ်တူကျတဲ့ အမွှာတွေကိုး။ ကျွန်မအတွက်တော့ ဒီအတွေ့အကြုံက သိပ်ကို အံ့ဩစရာကောင်းတဲ့ ထထမဆုံးအတွေ့အကြုံပါပဲ။

တကယ်တော့ မိသားစုတစ်ခုထဲ မိသားစုဝင်တစ်ယောက်ရဲ့ နောက်ဆုံးအချိန်တစ်ခုမှာ သူစိမ်းတစ်ယောက်က ဝင်ရောက်သွားတယ်ဆိုတာ စိတ်မသက်မသာစရာ အဖြစ်မျိုးပါ။ ကျွန်မလည်း သွားသင့်၊ မသွားသင့်ကို အတော်ကြီး ဆုံးဖြတ်ခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မခင်ပွန်းကရော ကျွန်မကပါ ဘယ်လိုမှ စိတ်မချနိုင်တော့တာ

www.burmeseclassic.com

www.burmeseclassic.com



မို့ ကျွန်မကို သွားလို့ ပြောခဲ့သလို ကျွန်မလည်း တစ်ကိုယ်တည်းပဲ ထွက်ခဲ့ပါတယ်။ ဒါပေမယ့် သူတို့က ဂျပန်ကနေတောင် မိုက်ကယ့်ကို ခင်မင်တဲ့စိတ်တစ်ခုတည်းနဲ့ အရောက်လာခဲ့တဲ့ နိုရီကိုဆိုတဲ့ ကျွန်မကို နှုတ်သမီးတစ်ပါးလို နွေးနွေးထွေးထွေး ကြိုဆိုကြပါတယ်။

အလက်ဇန္ဒားလည်း အမေရိကားကနေ ပြန်ရောက်နေပါပြီ။ သူကြည့်ရတာ နေကောင်းနေပုံရကာ အဲဒီနှစ် မေလမှာ ကွန်ပျူတာသိပ္ပံရယ်၊ ဖလော်ဆော်ဖီရယ်နဲ့ ဘွဲ့ရတော့မယ်လို့ ပြောပြပါတယ်။ ပါရဂူဒေါက်တာဘွဲ့ရတဲ့အထိ ဆက်သင်မယ်လို့လည်း ဆိုပါတယ်။ အခန်းထဲမှာ မိုက်ကယ့်အမေရယ်၊ အန်ထော်နီရယ်၊ သူ့ဇနီး မေရီရယ်၊ မိုက်ကယ့်အချစ်ဆုံးသူငယ်ချင်းဗီကာရဲ့ အမေရယ် ထိုင်နေကြပါတယ်။ အလက်ဇန္ဒားက သူ့အခန်းထဲကို အနားယူဖို့ ဝင်သွားတော့ ကျန်သူတွေက မိုက်ကယ့်အကြောင်း ပြောကြပါတယ်။

နောက်တစ်နေ့မနက်၊ ၁၉၉၉ ခု နှစ် မတ်လ ၂၇ ရက် နံနက် ၈ နာရီလောက်မှာ ကျွန်မက ဟော်တယ်မှာ မနက်စာစားနေချိန်ပေါ့။ မိုက်ကယ့်အိမ်ကနေ ဖုန်းဝင်လာပါတယ်။ အလက်ဇန္ဒား ဆက်တာပါ။ 'နိုရီကိုရယ် ကျွန်တော် စိတ်မကောင်းစရာသတင်း ပြောရပါမယ်။ ဒယ်ဒီဟာ ဒီနေ့မနက်ကပဲ ဆုံးသွားပါပြီ' တဲ့။ မနက်စာတောင် မစားတော့ဘဲ ကျွန်မ ဟော်တယ်ကနေ တစ်ဘလောက်ပဲ ဝေးတဲ့ မိုက်ကယ့်အိမ်ကို ပြေးသွားခဲ့ပါတယ်။ မနက် ၆ နာရီခွဲမှာ မိုက်ကယ်ဟာ အန်ထော်နီရဲ့ လက်ကိုကိုင်ကာ အသက်နှစ်ချက် ပြင်းပြင်းရှိုက်လိုက်ပြီး နောက်ကွယ်လွန်ခဲ့ပါတယ်။ မကွယ်လွန်မီ နောက်ဆုံးငါးမိနစ်မှာတော့ 'ကင်မ်..ကင်မ်..' လို့ ငါးခါတိတိ ခေါ်သွားလေရဲ့။

သူတို့အားလုံးက မိုက်ကယ်ဆုံးတာကို မိသားစုကလွဲရင် ဘယ်သူ့ကိုမှ မပြောဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် နေ့လည်ပိုင်းမှာတော့ ဘီဘီစီက ထုတ်လွှင့်လိုက်ပါတယ်။ ဒီလိုနဲ့ သူတို့အိမ်ကို လူတွေ တပွဲပွဲရောက်လာပါတော့တယ်။ ညနေသုံးနာရီလောက်မှာတော့ အောက်စ်ဖို့ဒ်တက္ကသိုလ်က ကျောင်းသူတစ်ယောက် ရောက်လာကာ မိုက်ကယ့်အတွက် တယောနဲ့ သီချင်းတစ်ပုဒ် တီးခွင့်ပေးဖို့ ခွင့်တောင်းလာပါတယ်။ သူက တယောတီးနေစဉ်မှာ မျက်ရည်တွေလည်း ကျကာ ငိုနေပါတယ်။ လူတွေကလည်း ဧည့်ခန်းမှာ ထိုင်ကြကာ တေးသွားကို ခံစားရင်း ကြေကွဲလို့နေခဲ့ကြပါတယ်။ အန်ထော်နီကလည်း မျက်ရည်တွေကြားကပဲ ချားလ်စ်မင်းသားရဲ့ ပူပူနွေးနွေး ပေးပို့လာတဲ့ စာလွှာကို ဖတ်ကြားလိုက်ပါတယ်။ ဒီစာက မိုက်ကယ့်ကို ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးဖို့ မြန်မာအစိုးရကို တောင်းဆိုတဲ့စာ ဖြစ်နေပါတယ်။



'အကယ်၍ ဒေါက်တာမိုက်ကယ်အဲရစ်အား ပြည်ဝင်ခွင့်ဗီဇာပေးရန် မြန်မာအစိုးရက ဆက်လက်ငြင်းဆန်မည်ဆိုလျှင် လူသားချင်းစာနာမှုအရ ခွင့်မပြုနိုင်သော လုပ်ရပ်ဖြစ်ပါမည်။ ဗြိတိသျှတော်ဝင်မိသားစုအနေဖြင့် မြန်မာအစိုးရက ဗီဇာထုတ်ပေးနိုင်ရန် ပူးတွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်' လို့ ချားလ်စ်မင်းသားရဲ့စာမှာ ဖော်ပြထားတာပါ။ ကျွန်မတို့လည်း ဒီစာဟာ ဒီ့ထက်စောပြီးများ ရောက်လာခဲ့ရင်လို့ တွေးမိကြပါတယ်။

မိုက်ကယ်ဟာ သူ့အတွက် အချိန်များများစားစား မကျန်တော့ဘူးလို့ သဘောပေါက်ချိန်မှာ မြန်မာပြည်ကိုသွားနိုင်တုန်း၊ လမ်းလျှောက်နိုင်တုန်း သွားကာ စုအနားမှာ အချိန်နည်းနည်းလေးဖြစ်ဖြစ် နေခွင့်ရအောင် ကြိုးစားခဲ့ပါတယ်။ မြန်မာ့စစ်အစိုးရကတော့ မိုက်ကယ့်ကို ဗီဇာမပေးရုံမကဘဲ စုရဲ့ တယ်လီဖုန်းကိုတောင် ဖြတ်တောက်ခံလိုက်ပါတော့တယ်။ ဒီတော့ မိုက်ကယ့်မှာ စုရဲ့ အသံကလေးကိုတောင်မှ မကြားနိုင်ခဲ့တာ နှစ်ကာလများစွာပါပဲ။

မိုက်ကယ်က စုကို အင်္ဂလန်က အိမ်ကို ပြန်လာဖို့ မပြောခဲ့ပါဘူး။ စုအနေနဲ့ အင်္ဂလန်ကို လာခဲ့ရင် မြန်မာပြည်ကို ပြန်လာလို့ရမှာ မဟုတ်ဘူးလို့မိုက်ကယ်က သဘောပေါက်ခဲ့ပါတယ်။ အဲဒီလိုသာ ဖြစ်ခဲ့ရင် စုက သူ့နိုင်ငံအတွက် လုပ်ခဲ့တာတွေအားလုံး အလဟဿ ဖြစ်သွားမှာပဲလေ။ မိုက်ကယ့်အနေနဲ့ အဲဒီလို မဖြစ်ရအောင် ဘယ်လို ကိစ္စမျိုးကိုမဆို ရင်ဆိုင်သွားခဲ့ပါတယ်။ စုရဲ့ ခံစားရတဲ့ အခက်အခဲတွေနဲ့ ယှဉ်ရင် သူ ခံရတာတွေက ဘာမှ မဟုတ်ဘူးလို့ မိုက်ကယ်က ခံယူပါတယ်။ သူ့ရဲ့ တစ်ခုတည်းသော ဆန္ဒက သူ့ရဲ့နောက်ဆုံးအချိန်မှာ စုကို တွေ့သွားချင်တာပါ။ ဒီဆန္ဒပြည့်မယ်လို့လည်း မျှော်လင့်ခဲ့ရှာပါတယ်။ သူက မြန်မာစစ်အစိုးရကို ဒုက္ခပေးလိုစိတ် မရှိခဲ့ပါဘူး။ သူ့ကို ချာချီလ်ဆေးရုံက ဆရာဝန်နှစ်ယောက်က အတူလိုက်ပေးမယ်လို့ ကမ်းလှမ်းခဲ့ပေမယ့် မြန်မာစစ်အစိုးရကတော့ ရက်စက်ခဲ့ပါတယ်။

မိုက်ကယ်ဆုံးတာကို လက်ခံလို့ မရခဲ့သူကတော့ ကင်မ်ပါပဲ။ သူ့ကိုယ်သူလည်း မထိမ်းနိုင်ဖြစ်သွားခဲ့ပါတယ်။ ဘာကိုမှ လက်ခံလို့ မရတော့တဲ့ ပုံစံမျိုးပေါ့။ သူ့ဒေါသတွေက အန်ထော်နီအပေါ် ပုံကျသွားလေရဲ့။ အန်ထော်နီရဲ့ ကြည့်ပုံနဲ့ အသံတွေက မိုက်ကယ်ရဲ့ အကြည့်တွေ၊ အသံတွေနဲ့ ချွတ်စွပ်တူလေတော့ အန်ထော်နီက ဒီမှာရှိနေရက်နဲ့ ဒယ်ဒီက ဘာလို့ မရှိရတော့တာလဲဆိုပြီး ခံစားနေရပါတယ်။ သူ့မှာ အန်ထော်နီကလွဲပြီး စိတ်ဆိုးရမယ့် လူလည်း မရှိတော့ဘူးလေ။ ဒကယ်တော့ အဲဒီခံစားမှုတွေဟာ အန်ထော်နီ့မှာလည်း ရှိနေတာမို့ သူက ကင်မ်ရဲ့ ဒေါသတွေကို

www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ်ပဲ လက်ခံနေပါတယ်။ ကျွန်မလည်း ကင်မ့်ကို အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့်ဖြစ်ခဲ့ပါတယ်။

ကင်မ်က တည်ငြိမ်စပြုတဲ့အချိန်မှာ ချက်ချင်းဆိုသလို 'နီရီကို၊ ကျွန်တော်ဝယ်ခဲ့ပေးတဲ့ ဗုဒ္ဓရုပ်ပွားတော်လေးရှိနေသေးရဲ့လား' လို့ မေးလိုက်ပါတယ်။ 'ရှိတာပေါ့။ အဲဒါ အန်တီ့အတွက် ရတနာပဲလေ' လို့ ဖြေလိုက်ပါတယ်။ တကယ်တော့ ဆယ်နှစ်သားမှာကတည်းက မိခင်ရဲ့ ဂရုစိုက်မှုကို မရခဲ့တာမို့ သူက အခုလို ဝမ်းနည်းမှုတွေ ကြီးမားနေရတာပါ။

တကယ်တော့ ၁၉၉၉ ခုနှစ်၊ မတ် ၂၇ ရက်ဟာ မိုက်ကယ်နဲ့ အန်ထော်နီ အမြွှာညီအစ်ကိုရဲ့ ၅၃ နှစ် ပြည့်မွေးနေ့လည်း ဖြစ်ပါတယ်။ ဘယ်လိုများ အကြီးစားသနဲ့တဲ့ ကံကြမ္မာပါလိမ့်။ သူတို့မိသားစုက နဂိုမူလအစီအစဉ်အတိုင်း မွေးနေ့အထိမ်းအမှတ်ကိုလည်း ဆက်လုပ်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ကိတ်နဲ့ စားသောက်စရာတွေကိုလည်း မှာထားပြီးသား ဖြစ်နေပြီလေ။ တကယ်တော့ စားစရာတွေက လောက်တောင်မလောက်ချင်ပါဘူး။ ကျွန်မခင်ပွန်းကလည်း ကျွန်မကို မိုက်ကယ့် နောက်ဆုံးအချိန်အတွက် တစ်ခုခုလုပ်ပေးဖို့ ငွေကို မနှေမြောကြစတမ်းလို့ ပြောလာပါတယ်။ ဒီလိုနဲ့ ကျွန်မလည်း တတ်နိုင်သလောက် တစ်ခုခုလုပ်ပေးမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ကင်မ့်သူငယ်ချင်းတွေက ကျွန်မကို ဈေးကူဝယ်ပေးကြပါတယ်။ ကျွန်မက ဆူရှီအလိပ်တစ်ရာစာမက ဈေးဝယ်လိုက်ပါတယ်။ အန်ထော်နီ့ မွေးနေ့ပွဲနဲ့ မိုက်ကယ့်ဝိညာဉ်အတွက် ကျင်းပတဲ့ပွဲဆိုပါတော့။ မိုက်ကယ့်မိသားစုနဲ့ ဆွေမျိုးတွေက စားပွဲမှာ ဝိုင်းထိုင်လိုက်ကြပါတယ်။ ပါတီကို အလက်ဇန္ဒားက မဟုတ်ဘဲ ကင်မ်က ဦးဆောင်တာပါ။ 'ဒီနေရာမှာ ကျွန်တော်တို့အားလုံးဟာ မိသားစုဝင်တွေပါ။ နီရီကိုတစ်ယောက်ပဲ သွေးသားမတော်စပ်ပေမယ့် သူက ကျွန်တော်တို့နဲ့ နက်နက်နဲနဲ ပတ်သက်နေတဲ့ မိသားစုဝင်တစ်ယောက်ပါပဲ' လို့ ကင်မ်က ပြောလိုက်ပါတယ်။ စိတ်ထဲမှာတော့ ကျွန်မက ကျွန်မဟာ စုနဲ့ မိုက်ကယ်တို့ရဲ့ ကံကြမ္မာအတိုင်း တော်စပ်ရတဲ့ မိသားစုတွေပါပဲလို့ တွေးပြောပြောနေမိတာပေါ့။

ဘယ်သူကမှ စကားမပြောတမ်း ဆူရှီကို အားပေးကြပါတယ်။ သနားစရာကောင်းတာက သူတို့အားလုံးဟာ မိုက်ကယ်ဆေးရုံတက်ရတဲ့ လွန်ခဲ့တဲ့နှစ်လလုံးလုံး ညစာရယ်လို့ ပီပီပြင်ပြင် မစားခဲ့ကြရရှာပါဘူး။ စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နက်နေတဲ့ ပတ်ဝန်းကျင်လေးဟာ ခုတော့ တည်ငြိမ်စလည်း ပြုလာပါပြီ။

မိုက်ကယ့်ခယ်မက ကျွန်မကို 'မိုက်ကယ့်ကို ကျွန်မက ရှင် ဘာစားချင်လဲလို့ မေးခဲ့ဖူးပါတယ်။ ပထမတော့ သူက အသားညှပ်ပေါင်မုန့်လို့ ပြောပြီးနောက် မဟုတ်ဘူး ဆူရှီစားချင်တာလို့ ဖြေခဲ့တာပါ' လို့ ပြောပြပါတယ်။



မိုက်ကယ်ရယ် ရှင့်ကို ကျွန်မလက်ရာ ဆူရှီလေးတစ်ကိုက်ဖြစ်ဖြစ် ကျွေးချင်ခဲ့တာပါရှင်။

## (၈) ဂွတ်ဘိုင်မိုက်ကယ်

မိုက်ကယ်က ၂၇ ရက်မှာ ဆုံးပြီး ၂၈ ရက်မှာတော့ သူ့အလောင်းကို ချာချီလ်ဆေးရုံကို သယ်သွားခဲ့ကြပါတယ်။ ၂၉-၃၀ မှာတော့ ကျန်ရစ်သူများကျောင်းဆောင်မှာ ပြင်ဆင်ထားရှိခဲ့ပါတယ်။ သူ့ကို ဂွဒ်ဘိုင်လို့ နှုတ်ဆက်ချင်သူတွေ နှုတ်ဆက်နိုင်အောင်ပေါ့။ ကျွန်မက ကျန်ရစ်သူများကျောင်းဆိုတာ ဘုရားရှိခိုးကျောင်းလို့ ဆင်ပေမယ့် အဲဒါက ရေခဲတိုက်ပါ။ ဝက်ဘာလို အခန်းလေးတွေ အများကြီးရှိနေတာ မိုက်ကယ့်ကိုတော့ ဟိုးအနောက်က အခန်းလေးထဲမှာထားပေးထားပါတယ်။ သူက အိပ်ပျော်နေသလိုမျိုး လဲလျောင်းနေတာမို့ သူ့မျက်နှာကို ကြည့်ရင်း မိုက်ကယ်ဟာ ရုပ်ဖြောင့်သူပဲလို့ ဖြတ်ခနဲ တွေးလိုက်မိပါတယ်။

မတ် ၃၁ ရက်မှာတော့ မိုက်ကယ့် အသုဘအခမ်းအနားကို ကျင်းပခဲ့ပါတယ်။ အဲဒီနေ့က အောက်စ်ဖို့ဒ်ရဲ့ ကောင်းကင်ကြီးက ပြာပြီး ကြည်လင်နေလေရဲ့။ ပါးကို ထိလာတဲ့ လေကလည်း နွေးနေသလိုပါပဲ။ စုနဲ့ မိုက်ကယ်ရဲ့ မွေးစားသမီးလို ဖြစ်နေတဲ့ ဂါနာသူ ရှေ့နေအမျိုးသမီးတစ်ယောက်ရယ်၊ မိုက်ကယ့်ကို ပြုစုပေးခဲ့ဖူးတဲ့ မြန်မာအမျိုးသမီးတစ်ယောက်ရယ်၊ အန်ထော်နီ့ဇနီးရယ်နဲ့ ကျွန်မတို့က အင်္ဂလန်ထုံးစံအရ အသုဘရှုလာမယ့် ပရိသတ်ကို မနက်စာကျွေးဖို့ မနက် ၈နာရီခွဲကတည်းက ပြင်ဆင်ကြပါတယ်။ သူတို့သုံးယောက်သားက အသားညှပ်ပေါင်မုန့်ကို ပြင်ဆင်ကာ ကျွန်မကတော့ ဂျပန်စာဆန်မုန့်အိုနီဂီရိကို ပြင်ဆင်ပါတယ်။ အင်္ဂလန်မှာ အဲဒီလို မနက်စာအတွက် မှာလို့ မလွယ်ဘူးလေ။

နေ့လည် ၃ နာရီမှာတော့ ရေခဲတိုက်က အသုဘယာဉ်က မိုက်ကယ့်အခေါင်းကို တင်ဆောင်ကာ အိမ်ကို ရောက်လာပါတယ်။ မိုက်ကယ့်ကိုတော့ အိမ်ထဲကို မခေါ်လာခဲ့ပါဘူး။ မိုက်ကယ့်တပည့်ဖြစ်တဲ့ ဘူတန်သား ကာမဖွန်ဆိုသူက အခေါင်းထိပ်မှာ ဘူတန်ရိုးရာဝတ်စုံဝတ်ပြီး ထိုင်နေပါတယ်။ အသုဘယာဉ်ရဲ့ နောက်မှာတော့ မိသားစုနဲ့ ဆွေမျိုးတွေလိုက်ပါတဲ့ ကားနက်နှစ်စီးက လိုက်ပါလာပါတယ်။ အဲဒီနောက်တာမှာမလေး မောင်းတဲ့ကားပေါ်မှာတော့ ကျွန်မနဲ့ ဂါနာရှေ့နေအမျိုးသမီးတို့ လိုက်ပါတယ်။ ကျွန်မတို့ကားနောက်မှာတော့ နောက်ထပ်ကားတွေ တသီတ

www.burmeseclassic.com

www.burmeseclassic.com



တန်းကြီးပါပဲ။ ရှေ့ကကားက တဖြည်းဖြည်းသွားနေကာ မထင်မှတ်ဘဲ ပျံ့ခ်တောင်း အိမ်အဆိုင်းကို တစ်ပတ်ပြီးတစ်ပတ် ပတ်ပေးပါတယ်။ စု၊ မိုက်ကယ်နဲ့ ကလေးတွေ အတွက် အမှတ်တရ အိမ်နေရာလေးမို့လို့ပေါ့။ အသုဘယာဉ်က အိမ်နေရာတည် တည့်လည်း ရောက်ရော အသံရှည်ဟွန်းကို အကျယ်ကြီးကို တီးလိုက်ပါတော့ တယ်။ အသုဘယာဉ်တန်းဟာ လူနေအိမ်ရပ်ကွက်တွေကို ကျော်ကာ မြို့လယ်ကို ကျော်ခိုင်းပြီး တောင်ကုန်းဟိုမှာဘက်ဆီ ဦးတည်လိုက်ပါတယ်။ ကျွန်မတို့ကား တန်းကြီးက သချိုင်းမြေကို ရောက်ပြီလေ။ လူအတော်များများက အဲဒီမှာ ကြို တင်ပြီး ရောက်နေကြပါပြီ။

'ရှင်က နီရီကိုလား' လို့ ဂျပန်အမျိုးသမီးပိန်ပိန်ရှည်ရှည်တစ်ယောက်က ကျွန်မကို မေးလာခဲ့ပါတယ်။ 'ကျွန်မနာမည်က မစ်ဆူကိုယူမီျဒါလို့ ခေါ်ပါတယ်။ ရှင့်အကြောင်း တို စုဆီကနေ ကြားခဲ့ဖူးပါတယ်' လို့ ဆက်ပြောလိုက်ပါတယ်။ တွေ့တွေ့ချင်းမှာပဲ သူက ကမ္ဘာကျော်စန္ဒယားပညာရှင်မတ်ဆူကိုဆိုတာ ကျွန်မက တန်းပြီးသိပါတယ်။ သူ့ဘေးမှာ သူ့အမျိုးသားဖြစ်တဲ့ အင်္ဂလိပ်လူမျိုးသံတမန်ကလည်း ပါလာပါတယ်။ သူတို့အပြောအရ စုရဲ့ ပထမဆုံးနေအိမ်အကျယ်ချုပ်ကာလတွေမှာ အင်္ဂလန်သံတမန် တွေက စုရဲ့ စန္ဒရားလက်သံကို နားစွင့်ပြီး စုနေကောင်း၊ မကောင်းကို အင်္ဂလန်သံရုံး ထံ အကြောင်းကြားခဲ့ကြတယ်လို့ သိရပါတယ်။ မတ်ဆူကိုက ကျွန်မရဲ့ ညာ ဘက်လက်မောင်းဟာ ကင်ဆာခွဲစိတ်မှုအပြီး နောက်ဆက်တွဲပြဿနာကြောင့် အ ကြီးကြီးဖြစ်ပြီး ဖောင်းတင်းနေတာကို သတိထားမိသွားပါတယ်။ 'ကျွန်မကျတော့ ခွဲပြီးတာနဲ့ လေ့ကျင့်ခန်းလုပ်လို့ ထင်တယ်၊ ရှင့်လို မဖြစ်ခဲ့ဘူး' လို့ ဆိုပါတယ်။ ကျွန်မတို့ လူချင်းမသိ ခဲ့ကြပေမယ့် သူက ကျွန်မရဲ့ ကင်ဆာအကြောင်း သိနေပုံပါ။ မိုက်ကယ့် အသုဘမှာတက်ရောက်လာသူတွေထဲမှာတော့ သူနဲ့ ကျွန်မနှစ်ယောက် တည်းပဲ ဂျပန်အမျိုးသမီးရယ်လို့ ပါပါတယ်။

အသုဘအခမ်းအနား ကျင်းပတဲ့ခန်းမဟာ သီရေတာခန်းမလိုဖြစ်ကာ ပွဲကြည့် စင်တန်းတာမျိုးလည်း ရှိနေပါတယ်။ မိုက်ကယ့်အခေါင်းကို ခန်းမရဲ့ အလယ်စင်မှာ တင်ထားပါတယ်။ အခေါင်းရဲ့ ဘယ်ဘက်မှာ ဘူတန်ဘုန်းကြီး၊ တိဘက်ဘုန်းကြီး တော့တလန်ဘုန်းကြီးနဲ့ အင်္ဂလိပ်ဘုန်းကြီးတွေ ရှိနေကြပြီး ညာဘက်မှာတော့ ဘန်နတ်ဒစ်ဘုန်းကြီးနှစ်ပါး ရှိနေပါတယ်။ အဲဒီရှေ့ကနေရာလေးမှာ အန်ထော်နီက တင်ကာ တက်ရောက်လာသူတွေကို စကားပြောပါတယ်။ သူ့ ပြောပုံကို နားထောင် ရတာ တက်ရောက်လာသူတွေထက် မိုက်ကယ့်ကို ပြောပြနေသလို ပြောနေတာ ဖြစ်ပါတယ်။



'မိုက်ကယ်က သူ့ရျာပနအတွက် ဘာဆိုတာမှ မညွှန်ကြားခဲ့ပါဘူး။ ကျွန်တော်က သူ့သားတွေနဲ့ တိုင်ပင်ခဲ့ပြီး ၃ ရက်ကြာအောင် စဉ်းစားခဲ့ပါတယ်။ နောက်ဆုံးမှာ တော့ ဒီရျာပနကို ဘာသာရေးအခမ်းအနားမျိုးကို လွှန်ပြီး ကျင်းပဖို့ ဆုံးဖြတ် လိုက်ပါတယ်။ အကြောင်းရင်းကတော့ မိုက်ကယ်ဟာ သူ့ရဲ့ နိုင်ငံရေးကိုရော ဘာသာရေးကိုပါ အမည်တံဆိပ်တပ်တာကို သဘောမကျပါဘူး။ သူဟာ ဗုဒ္ဓဘာ သာဝင်၊ ကက်သလစ်ဘာသာဝင်၊ ကနေဒါသား၊ အင်္ဂလန်သား စသဖြင့် နာမည်တပ် တာမျိုးကိုပေါ့။ သူ့ဘဝဟာ တကယ့်ကို ခက်ခဲခဲ့တာမို့ ဘာလို့များ အဲဒီအခက်အခဲကို ကျော်လွှားနိုင်ခဲ့တာလဲလို့ မေးခဲ့တုန်းက မိုက်ကယ်ဟာ သတ္တဝါအားလုံးကို ကယ် တင်ကူညီချင်တယ်ဆိုတာမျိုး ဖြေခဲ့ဖူးပါတယ်။ ကျွန်တော့်အတွက်ကတော့ သူဟာ ဒုက္ခတွေကိုလည်း ခံနိုင်ရည်ရှိနေတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်လို့ပဲ ဆိုရမှာပါ။ ကျွန်တော် မိုက်ကယ့်ကို ကတိပေးခဲ့ဖူးပါတယ်။ သူ့ကလေးနှစ်ယောက်ကို စောင့် ရှောက်သွားမှာဖြစ်ပြီး သူ့ရဲ့ မပြီးဆုံးခဲ့တဲ့ အလုပ်တွေကိုလည်း လုပ်သွားမယ်လို့ပေါ့။ သူ စိတ်ပူတာတစ်ခုကတော့ ကျွန်တော်တို့ရဲ့ အမေအိုကြီးပါပဲ။ ဒါပေမယ့် အမေ က ငါ့ကို စိတ်မပူစမ်းပါနဲ့။ မိုက်ကယ်က ငါ့ကို အပိုအဆောင်ပစ္စည်းလေး ချန်ထားခဲ့ သားပဲလို့ ပြန်ဖြေပါတယ်။ အဲဒီအပိုအဆောင်ပစ္စည်းက ကျွန်တော်လေ' လို့ သူက ပြောခဲ့ပါတယ်။ အန်ထော်နီက အားလုံးကို ပြုံးပြနိုင်ခဲ့ပါတယ်။ မိုက်ကယ်ရဲ့ လွတ်လပ်တဲ့အတွေးအခေါ်ကပဲ အန်ထော်နီ့ကို ရျာပနမှာ ဘာသာရေးတစ်ခုခုရဲ့ အခမ်းအနားမျိုးမဖြစ်အောင် လုပ်ဆောင်နိုင်စေခဲ့ပါတယ်။

နောက်တော့ ဘန်နစ်ဒစ်ဘုန်းကြီးတွေက ဘာသာရေးအရ ဆုတောင်းပေးပါ တယ်။ တကယ်တော့ အဲဒီထဲက ဘုန်းကြီးတစ်ပါးဟာ မိုက်ကယ့်အချစ်ဆုံးသူ ငယ်ချင်းပါ။

တတိယအစီအစဉ်မှာတော့ သူ့သားတွေက စကားပြောရမှာ ဖြစ်ပါတယ်။ အလက်ဇန္ဒားက သူ့အဖေနဲ့ သူ ကနေဒါနိုင်ငံ၊ မွန်ထရီရယ်မြို့မှာ ဘယ်လိုပျော်ရွှင် ခဲ့ဖူးတဲ့အကြောင်း ပြန်ပြောင်းပြောပြခဲ့ပါတယ်။ အဲဒီခရီးက လွန်ခဲ့တဲ့သုံးလကမှ ဖြစ်ခဲ့တာလေ။ အဲဒီအချိန်မှာ မိုက်ကယ်ဟာ သူ့မှာ ကင်ဆာရှိနေတာကို မသိခဲ့ဘဲ ပေါက်ကိုက်တယ်လို့ပဲ ဆိုခဲ့ပါတယ်။ 'ဒယ်ဒီက သူ့ရဲ့ ကိုယ်ပိုင်သည်းညည်းခံစိတ်နဲ့ပဲ ခေါက်ကိုက်နာကို ထူးမခြားနားလို သဘောထားခဲ့ပါတယ်။ အဲဒီသည်းညည်းခံစိတ်သ ဘောထားက ဝန်ထုပ်ဝန်ပိုးတွေနဲ့ တာဝန်ဖိစီးမှုတွေကို မဖြစ်စေအောင် လုပ်ပေးခဲ့နိုင်တာလေ' လို့ သူ့အဖေအကြောင်းကို ပြောကြားသွားခဲ့ပါတယ်။

အလက်ဇန္ဒားက တည်ငြိမ်နေတဲ့လေသံနဲ့ ပြောခဲ့တာဖြစ်ပြီး ဘဲ့တိုတုတ်တုတ်

www.burmeseclassic.com



ပေမယ့် သူ့အမေအကြောင်းကို နားထောင်သူတွေ စာနာသွားအောင် ပြောသွားနိုင်ခဲ့ပါတယ်။

မိုက်ကယ်ဟာ ကနေဒါကို ပထမဆုံးအကြိမ် ရောက်ခဲ့တဲ့အခိုက်မှာတောင် သမိုင်းပညာရှင်တစ်ယောက်ရဲ့ အမြင်နဲ့ သူ့မိသားစုအရင်းအမြစ်သမိုင်းကို ရှာဖွေခဲ့သေးတယ်လို့ သိလိုက်ရပါတယ်။ 'ဒယ်ဒီက ကျွန်တော့်ကို မိသားစုဘဝအကြောင်း ပြောပြခဲ့ပါတယ်။ မြန်မာလူထုရဲ့ ဒုက္ခတွေအကြောင်း၊ တိဘက်နဲ့ ဟိမဝန္တာဒေသလေ့လာရေးအတွက် အစီအစဉ်နဲ့ မျှော်လင့်ချက်တွေ အကြောင်းအားလုံးကို ပြောပြခဲ့ပါတယ်။ ဒယ်ဒီဟာ သူ့ဘဝတစ်လျှောက်လုံးလူတွေအတွက် လိုက်ပေးဆပ်နေသူပါ။ ခုလို ရုတ်တရက်ကြီး ကွယ်လွန်သွားတာတောင် သူဟာ ကျွန်တော်တို့ကို အများကြီး ပေးဆပ်သွားပါသေးတယ်။ ဒယ်ဒီရေ သားတို့ကတော့ ဒယ်ဒီ အမြဲတမ်း ပေးအပ်ခဲ့တဲ့ မေတ္တာတွေ အားလုံးကို ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်ထဲမှာ အမြဲထာဝရ သိမ်းဆည်းယူငင်ပြီး ဒယ်ဒီ ကျွန်တော်တို့နဲ့အတူ ရှိနေမယ်လို့ မျှော်လင့်ပါတယ်'တဲ့။

မနေ့တုန်းက အန်ထော်နီက သူ့ကို ဒီနေ့မှာ စကားပြောပေးဖို့ ပြောခဲ့တုန်းက အလက်ဇန္ဒားက သူ့အခန်းထဲမှာ တံခါးပိတ်ပြီး သွားနေနေခဲ့ပါသေးတယ်။ သူပြန်ထွက်လာတော့ ကျေနပ်နေပုံနဲ့ပေါ့။ 'ပြောရမယ့်စကားတွေ ရေးပြီးသွားပြီပေါ့'ဆိုတော့ 'ဟုတ်ကဲ့'တဲ့။ သူ့မှာသာ စိတ်ပိုင်းဆိုင်ရာအရ အကျဉ်းအကြပ်ထဲ မရောက်ခဲ့ရရင် သူဟာ သူ့မိဘတွေလိုပဲ ပညာရှင်တစ်ယောက်အဖြစ် ကောင်းကောင်းကြီး ရပ်တည်နေနိုင်မှာပါ။

ဒီတစ်ခါတော့ ကင်မ့်အလှည့် ရောက်လာပါပြီ။ ဒါပေမယ့် ဘယ်သူကမှ သူက စကားပြောလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ သူ့အတွက် ဒယ်ဒီဟာ သံမဏိလူသားတစ်ယောက်မို့ ဒယ်ဒီဆုံးတာကို သူကမှ မယုံနိုင်ဘဲလေ။ မိုက်ကယ်ဟာ လွန်ခဲ့တဲ့နှစ်ဝတ်ကမှ တုတ်ကောက်နဲ့ ဈေးဝယ်သွားနိုင်ခဲ့သေးတာပါ။ သူက မြန်မာပြည်ဝင်ခွင့်ဗီဇာရပြီး စုကို သွားတွေ့နိုင်မယ်လို့ မျှော်လင့်ခဲ့သေးတာပေါ့။ အဲဒီအချိန်ထိ သူက အနာကို သည်းခံနေခဲ့တယ်လေ။ ဗီဇာမရနိုင်တော့ဘူးဆိုတာကို သိပြီးနောက် သူ့မျှော်လင့်ချက်တွေလည်း ပြိုကွဲသွားပြီးနောက်မှာတော့ မိုက်ကယ်ဟာ အသက်ဆက်ရှင်ချင်စိတ်ပါ ကုန်ခမ်းသွားခဲ့ပါတော့တယ်။ အဲဒီအခါကျမှ သူ့ဆေးရုံပေါ် ရောက်သွားတာပါ။

ကင်မ့်အတွက် မိုက်ကယ်ဟာ အလုံးစုံသော မျှော်လင့်ချက် ဖြစ်ခဲ့တာမို့ ဘယ်လိုမှ သည်းမခံနိုင်ရှာပါဘူး။ နေ့ဘက်တွေမှာ ကင်မ်ဟာ မိုက်ကယ့်ကို ပြုစုပေးရင်း



ဆက်လက်ရှင်သန်နေလိုစိတ်တွေ တိုးပွားလာအောင် တတ်နိုင်သလောက် လုပ်ခဲ့ရှာပါတယ်။ 'ဒယ်ဒီ ရှင်စမ်းပါ။ ရှင်ချင်စိတ်လေးထားပါဗျာ' လို့ တဖွဖွ ပြောနေခဲ့ပါတယ်။ ကင်မ်ဟာ မိုက်ကယ့်ကို ကုတင်ပေါ်က ဆွဲချပြီး မတ်မတ်ရပ်နိုင်အောင်လည်း ကြိုးစားခဲ့ဖူးပါတယ်။ 'ရှင်အောင်နေ'လို့ တဖွဖွပြောပြီး မိုက်ကယ့်ကို လမ်းလျှောက်ဖြစ်အောင် တွန်းအားတွေ ပေးခဲ့ဖူးပါတယ်။ ဒီရှာပနေ့မနက်မှာတောင် ကင်မ်က မိုက်ကယ်ဆုံးတာကို လက်မခံခဲ့ပါဘူး။ အန်ထော်နီ့ကို ဒေါသတွေနဲ့ 'ဘာလို့ ဒယ်ဒီ့ကျမှ ဖြစ်ရလဲ။ ဒယ်ဒီက ဘာအမှားတွေလုပ်ခဲ့လို့လဲ'လို့ မေးနေခဲ့တာဖြစ်ပါတယ်။

ကင်မ်က စိတ်တွေ အရမ်းကို လှုပ်ရှားနေခဲ့တာပါ။ ဘယ်သူကမှ သူ့အဖေအတွက် နောက်ဆုံးပွဲမှာ စကားထပြောမယ်လို့ မထင်ထားခဲ့ကြပါဘူး။ ကင်မ်က ဘာစာရွက် စာတမ်းမှ မကိုင်ဘဲ စကားထပြောတော့တာပါ။ 'ကျွန်တော် ဘာမှ သိပ်မပြောတော့ပါဘူး။ အားလုံးက အကုန်လုံး ပြောပြီးနေမှပဲလေ။ ကျွန်တော့်အဖေက ခင်ကောင်း၊ ခင်ပွန်းကောင်းတစ်ယောက်ပါပဲ။ သူက အစားစားရတာရော၊ လမ်းလျှောက်ရတာရော သဘောကျပါတယ်။ ကျွန်တော် ပြောချင်တာကတော့ ဒီနှစ်လလောက်အတွင်းမှာ အဖေ့ကို ကျွန်တော် ပြုစုခဲ့ပါတယ်။ သူ့ကို ပြုစုပေးရတာဟာ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြုစုရာ ရောက်သွားတာပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် အဲဒီတချိန်လုံးမှာ နေမကောင်းသလို ခံစားခဲ့ရလို့ပါ။ တကယ်လည်း သူ့ကို ပြုစုတာ ကိုယ့်ကိုယ်ကိုယ် ပြုစုတာပါပဲ။ နောက်ဆုံးတော့ အဖေတာ ကျွန်တော် လုပ်ချင်သလို လုပ်ပေးခဲ့ပြီးပါပြီ။ အဲဒါကတော့ စိတ်လျှော့လိုက်ခြင်းပါပဲ။ လျှော့မယ့်လျှော့တော့လည်း သူက တစ်ခါတည်းကို လျှော့ချပစ်လိုက်တာလေ။ ပြီးတော့ ကျွန်တော်လည်း သူ ကျွန်တော့်ဆီက ရှာနေတဲ့ လူပေလူတောဘဝကနေ လွတ်မြောက်မှုကို လုပ်နိုင်စွမ်းခဲ့ပါပြီ'လို့ ကင်မ်က ပြောလိုက်ပါတယ်။

ကင်မ့်စကားအဆုံးမှာတော့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေရဲ့ သုတ္တန်ရွတ်ဆိုမှု၊ ဒေါက်တာပီတာကာရေးရဲ့ အမှတ်တရစကားပြောဆိုမှု၊ ဘူတန်ဘုန်းတော်ကြီး၊ တိဘက်ဘုန်းတော်ကြီး၊ စကော့တလန်ဘုန်းတော်ကြီးနဲ့ အင်္ဂလိပ်ဘုန်းတော်ကြီးတို့ရဲ့ ရွတ်ဆိုဆုတောင်းမှုတွေ လုပ်ကြပါတယ်။ နောက်ဆုံးမှာတော့ ဘူတန်ဗုဒ္ဓဘာသာဘုန်းတော်ကြီးလည်းဖြစ်၊ မိုက်ကယ့်ဖိတ်ကြားမှုနဲ့ အောက်စ်ဖို့ဒ်မှာ ကျောင်းလာ တက်ခဲ့သူလည်းဖြစ်တဲ့ ကာမဖွန်ဆိုက သူ့ရဲ့ အသံသြသြကြီးနဲ့ 'ဥုံ မဏိပဒမေဟုံ' ဆိုတဲ့ ဘုရားစာတွေကို ရွတ်ပေးခဲ့ပါတယ်။ သူက မိုက်ကယ် နာမကျန်းဖြစ်ပြီး ဘဝပြောင်း ညတိုင်းမအိပ်မနေ ပြုစုခဲ့တာဆိုတော့ အခုနေ ဘယ်လိုများ ခံစားနေရှာမလဲမသိ

www.burmeseclassic.com

www.burmeseclassic.com



တွေးမိတော့ ကျွန်မလည်း မျက်ရည်မတိတ်နိုင်တော့ပါဘူး။

အစာအားလုံးက ပြီးဆုံးသွားခဲ့ပါပြီ။ ကန့်လန့်ကာလည်း ကျသွားခဲ့ပါပြီ။ အာရှသားတွေထက် အာရှကို ပိုချစ်တဲ့ အင်္ဂလိပ်ဟာမိုက်ကယ်ပါပဲ။ အာရှယဉ်ကျေးမှုနဲ့ အစားအစာတွေကို ချစ်တယ်။ အာရှသူ စုကို ချစ်တယ်။ သူ့ရှာပန ပြီးခဲ့ပါပြီ။ တက်ရောက်လာသူတွေက စကြံလမ်းဘက် ပြန်ထွက်ခဲ့ကြပါတယ်။ အဲဒီဘက်မှာတော့ ပန်းတွေနဲ့ မိုက်ကယ်ရဲ့ နောက်ဆုံးခရီးကို ဆင်ယင်ခြယ်သထားလေရဲ့။ မြက်ခင်းပြင်ကလည်း အေးချမ်းငြိမ်သက် လှပနေပါတယ်။ တစ်ဘက်မှာတော့ မြေသားသက်သက်သာ ရှိနေပြီး ကမ္ဘာ့မြေပေါ် ယာယီရောက်လာသူတွေအတွက် လှဲလျောင်းရာနေရာပေါ့။

စကြံလမ်းရဲ့ အလယ်မှာတော့ ဒီဘက်မြက်ခင်းအခြမ်းနဲ့ ဟိုဘက်မြေသားအခြမ်းကို စည်းတားထားသလို အပေါက်လည်း လုပ်ပေးထားပါတယ်။ လူတွေက ပန်းခွေတွေ ကိုင်ကာ တန်းစီနေလေတော့ အပေါ်စီးက ကြည့်ရင် လက်ဝါးကပ်တိုင်လိုမျိုးတောင် မြင်နိုင်မှာပါ။ လူတန်းကြီးအဆုံးမှာတော့ လက်မှတ်ထိုးစရာနေရာလည်း ရှိနေပါတယ်။ တချို့သူတွေကတော့ အရေးတကြီး သွားစရာတွေ ရှိတာမို့ ဝမ်းနည်းမှတ်တမ်းမှာ လက်မှတ်ထိုးပြီး ပြန်သွားကြပါတယ်။

လက်မှတ်ထိုးခါနီးမှာတော့ ကျွန်မရော မိတ်ဆွေဒေါက်တာစန်းစန်းဝင်းရောက ခြေလှမ်းတွေ ရပ်သွားမိပါတယ်။ လက်မှတ်ထိုးစင်လေးနားမှာ ချထားတဲ့ မိသားစုလွှမ်းသူ့ပန်းခြင်းထဲက စက္ကူဖြူတစ်စကို သတိထားမိသွားလို့ပါ။ အသံထွက်ပြီး ဖတ်လိုက်တော့ 'မိုက်ကီ၊ ကျွန်မတို့ရဲ့အချစ်ကို ဘယ်အရာကမှ မဖယ်ရှားနိုင်ပါဘူး။ စု' ပါတဲ့။ စန်းစန်းနဲ့ ကျွန်မလည်း တစ်ယောက်ကို တစ်ယောက်ဖက်ကာ ငိုမိကြပါတော့တယ်။ စုရဲ့ ကံကြမ္မာက မိုက်ကယ့်နောက်ဆုံးခရီးကို ကိုယ်တိုင် လိုက်ပို့ခွင့်တောင် မရလိုက်တဲ့ ကံကြမ္မာမို့ ဝမ်းနည်းမိကြတာပါ။

## (၈) ကျွန်မမှာ ဒီလိုခင်ပွန်းကောင်း ရထားလို့ ပျော်ရွှင်ခဲ့ရပါတယ်

မိုက်ကယ့်အခြေအနေ မကောင်းတော့ဘူးလို့ သိရပြီးတဲ့နောက် ကျွန်မက အင်္ဂလန်မှာ ၁၉၉၉ခုနှစ် မတ် ၂၆ ရက်ကနေ ဧပြီ ၁၀ ရက် အထိ နေဖြစ်ခဲ့ပါတယ်။ ကျွန်မက ဟိုတယ်မှာရှိနေခဲ့တာမို့ ခင်ပွန်းသည်က ဟိုတယ်ကို ဖက်စ်နဲ့လှမ်းပြီး စာပို့တတ်ပါတယ်။ တစ်မနက်မှာတော့ အဆာဟိနဲ့ မိနီချီသတင်းစာဖြတ်ပိုင်းတွေကို ပို့ပေးရင်း နောက်ကျောမှာ စာတိုလေးတစ်စောင် ရေးပေးလာပါတယ်။ သူ့စာက 'စုရဲ့ စကားလေးက ကျွန်မမှာ ဒီလိုခင်ပွန်းကောင်း ရထားလို့ ပျော်ရွှင်ခဲ့ရပါတယ်တဲ့။



မျက်ရည်တောင် မဆည်နိုင်ဘူးကွာ' လို့ ဖြစ်ပါသတဲ့။

မိုက်ကယ့်နောက်ဆုံးရက်တွေဟာ စုအတွက် သိပ်ကို ခက်ခဲတဲ့ရက်တွေ ဖြစ်ခဲ့မှာပါ။ သူ့အိမ်က ဖုန်းလိုင်းလည်း အဖြတ်ခံထားရတာမို့ မိသားစုနဲ့ ဖုန်းမပြောနိုင်ခဲ့ပါဘူး။ ဒါကြောင့် ရန်ကုန်မှာရှိတဲ့ အင်္ဂလိပ်မိတ်ဆွေတွေကပဲ အင်္ဂလန်မနက် ၁၀ နာရီအချိန်တိုင်းမှာ သူတို့ဆီကတစ်ဆင့် ဖုန်းပြောနိုင်အောင် ကူညီပေးခဲ့ကြပါတယ်။

စစ်အစိုးရကတော့ စုကို အင်္ဂလန်ပြန်ဖို့ တိုက်တွန်းခဲ့လေရဲ့။ သူ့သားတွေကလည်း စုကို ပြန်လာစေချင်ပါတယ်။ သူနားကလူတွေကတော့ မိုက်ကယ့်အခြေအနေကို သိပေမယ့် သူ့ကို ပြည်ပ မထွက်စေချင်ခဲ့ပါဘူး။ သူသာ မြန်မာပြည်က ထွက်သွားရင် ပြန်ဝင်ခွင့်ရဖို့ မလွယ်ဘူးလို့ လူတိုင်းက သိနေကြပါတယ်။ စုဟာ အခုအချိန်မှာ မြန်မာ့ဒီမိုကရေစီပြယုဂ် ဖြစ်နေပြီလေ။ သူသာ မရှိရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့လည်း အဆင်မပြေနိုင်ဘူးလေ။

၁၉၉၉ ခုနှစ်၊ ဧပြီလ ၄ ရက်မှာတော့ ဘီဘီစီရဲ့ အရှေ့တောင်အာရှသတင်းထောက်မစ္စတာမတ်ဖရိုင်းက ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာအတွက် စုနဲ့ အင်တာဗျူးကို အထူးကဏ္ဍအဖြစ် ရေးသားဖော်ပြခဲ့ပါတယ်။ သူ ရေးထားတာက သူ့ရဲ့ အင်တာဗျူးကို စု ဖြေရတဲ့ အကြောင်းရင်းဟာ သူ့မိသားစုအကြောင်းကို ပြောပြချင်လို့ မဟုတ်ဘဲ မြန်မာပြည်က သာမန်လူတွေရဲ့ စစ်အစိုးရလက်အောက်က ဘဝတွေ ဘယ်လောက်ခက်ခဲတယ်ဆိုတာ သက်သေပြချင်လို့လို့ ဖြစ်ပါတယ်။ 'ကျွန်မက လူတွေကို ကိုယ့်မိသားစုအတွင်းရေးအကြောင်း မပြောပြလိုပါဘူး။ မြန်မာပြည်မှာ ထောင်နဲ့သောင်းနဲ့ ချီတဲ့လူတွေဟာ အခုလို အရွေးရခက်တဲ့ ပြဿနာ တွေအများ ကြီးကို ရင်ဆိုင်နေရမှာပါ။ ကျွန်မရဲ့ ပြဿနာထက် သည်းတဲ့ ပြဿနာတွေက ပိုလို့တောင် များနေပါသေးတယ်။ ဒါကြောင့် ကျွန်မရဲ့အဖြစ်က သာမန်အဖြစ်ထက် ဘာမှ မပိုပါဘူး' တဲ့။ တကယ်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသမီးတစ်ယောက်ဟာ သူ့ခင်ပွန်း အသုဘကို တစ်နိုင်ငံတည်း၊ တစ်မြို့တည်းမှာ ထောင်ကျနေတာတောင် မပို့ခဲ့ရပါဘူး။ အဲဒီလို အဖြစ်မျိုးတွေကို သိနေတဲ့ စုဟာ ပြည်ပကို ထွက်ဖို့ဆိုတာ မတွေးနိုင်ဘူးပေါ့။ မြန်မာပြည်မှာ စစ်တပ်အလွဲရင် ကျန်တဲ့နိုင်ငံသားတွေအနေနဲ့ တွေးဆယူလို့ရနိုင်တာတွေ၊ ထိုင်းပိုင် ရှောလင့်ချက်တွေကို လွန်မြောက်တဲ့ မရေရာမှုတွေအလယ်မှာ ရှိနေကြပါတယ်။ သူတို့အားလုံးဟာ အကျဉ်းသားတွေဖြစ်ပြီး ကျူညရဲ့ရန်ကနေ မလွတ်[illegible] ဖြစ်နေတယ်လို့ စုက ပြောတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



အထူးခံစားခွင့်တစ်ခုလို အင်တာဗျူးခွင့်ရတဲ့ အဲဒီလူအနေနဲ့ စုရဲ့စကားတွေက သိပ်ပြင်းထန်နိုင်နေပါတယ်။ စုက အမြဲလိုလိုပဲ သူ့ရဲ့အားနည်းချက်တွေကို ပြဖို့ နှလုံးမာသူပါ။ ကလေးတွေအတွက်တောင်မှ အဲဒီလိုပါပဲ။ ဒါပေမယ့် မိုက်ကယ် ဆုံးတဲ့အခါမှာတော့ စုဟာ အခန်းထဲမှာ တစ်ယောက်တည်းနေပြီး တံခါးပိတ်ကာ တစ်ညလုံး ငိုပြီးရင်း ငိုနေခဲ့တယ်လို့ ကျွန်မ ကြားခဲ့ရပါတယ်။

တကယ်တော့ မိုက်ကယ် နာမကျန်းတာဟာ စစ်အစိုးရအတွက်တော့ စုကို သူတို့လမ်းကနေ ဖဲ့ထုတ်ဖို့ အခွင့်အရေးကောင်း ဖြစ်နေတာပါပဲ။ သူတို့က စုကို ဒီအတိုင်း မောင်းထုတ်မယ်ဆိုရင် အပြောအဆိုခံရနိုင်တာကိုး။ အခုတော့ စစ်အစိုးရက စုကို အင်္ဂလန်ကို ပြန်ချင်ပြန်ပါလို့ ပြောလာပါတယ်။ မြန်မာပြည်ကို ပြန်ဝင်ခွင့်ပြုဖို့ မသေချာမယ့်ဓာတ်မျိုးကို စုကို ကစေချင်တာပေါ့။ ဘယ်သူကမှ သူတို့ကို မယုံခဲ့ကြပါဘူး။

အဲဒီအချိန်မှာ အလက်ဇန္ဒားက အသက် ၂၅ နှစ်နဲ့ ကင်မ်က ၂၁ နှစ် ရှိနေပါပြီ။ သူတို့က သူတို့အမေကို အဖေရဲ့ နောက်ဆုံးအချိန်အတွက် ပြန်လာစေချင်ခဲ့ပါတယ်။ စုကိုယ်တိုင်လည်း သုံးနှစ်လောက် မတွေ့ခဲ့ရတဲ့ မိုက်ကယ့်ကို နောက်ဆုံးအချိန်မှာ အနားကပ်နေပြီး ပြုစုချင်ခဲ့တာပါ။ ဒါပေမယ့် သူ မြန်မာပြည်ကို ပြန်လာခွင့် မရနိုင်တော့ရင်လို့ တွေးမိကာ အင်္ဂလန်ကို မပြန်နိုင်ခဲ့ပါဘူး။ သူ့မှာ မြန်မာပြည်ထဲ လွဲရင် သွားနေစရာနေရာလည်း မရှိဘူးလေ။ စုအနေနဲ့ မိုက်ကယ့် နောက်ဆုံးအချိန်အတွက် သူ ပြန်မလာနိုင်တော့ဘူးလို့ ကလေးနှစ်ယောက်ကို ပြောပြရချိန်မှာ သူ့နှလုံးသားတွေ ဘယ်လောက်ကြေကွဲမယ်ဆိုတာ မှန်းဆနိုင်ပါတယ်။ ဒါဟာ သူ့ဘဝမှာ အကြီးမားဆုံး ဝမ်းနည်းကြေကွဲရမှုထဲကတစ်ခု ဖြစ်မှာပါ။

ကမ္ဘာပေါ်မှာ ဘယ်အရာမှ တသမတ်တည်းဆိုတာ မရှိပါဘူး။ ဘဝဆိုတာ မရေရာဘူးဆိုတာကို သဘောပေါက်ခဲ့တယ်ဆိုရင် မိဘနဲ့ သားသမီး၊ ဇနီးနဲ့ ခင်ပွန်းကြားမှာလည်း ခွဲခွာခြင်းဆိုတာ ရှိမယ်လို့ သဘောပေါက်နိုင်ပါတယ်။ လူချစ်တာ စတွေ့တဲ့အချိန်ကစလို့ ခွဲခွာခြင်းဆီကို လျှောက်လှမ်းနေသူတွေလေ။ ဗုဒ္ဓရဲ့ အနိစ္စတရားကတော့ စုကို ဖြေသိမ့်ပေးမှာပါပဲလေ။

၁၉၉၉၊ မတ် ၂၇ မနက် ၁၀ နာရီလောက်မှာတော့ အလက်ဇန္ဒားကို တစ်ယောက်ယောက်နဲ့ ဖုန်းပြောနေတာ တွေ့ရပါတယ်။ မိုက်ကယ် ဆုံးတာ နှစ်ရက်ရှိသွားပြီလေ။ အလက်ဇန္ဒားက 'မေမေ၊ ဒီနားမှာ ဘယ်သူရှိနေတယ် ထင်လဲ။ နိုရီကိုပေါ့'လို့ ပြောလိုက်ပါတယ်။ ကျွန်မဘက်ကိုလည်း ဖုန်းခွက်ကို လှမ်းပေးလိုက်လေရဲ့။ ကျွန်မက စုရဲ့ အသံကို ကြားရဖို့ လုံးဝမမျှော်လင့်ထားဘူးလေ။



'ဟဲလို နိုရီကို၊ အို့စုဆန်ရှော ဘယ်မှာလဲ၊ နေကောင်းလား'တဲ့ စုက မေးပါတယ်။ ကျွန်မ ခင်ပွန်းက သူ့တက္ကသိုလ်မှာ ဘွဲ့နှင်းသဘင်အခမ်းအနားတစ်ခု ရှိနေတော့ ဒီကို လိုက်မလာနိုင်ဘူးလေ။ ကျွန်မလည်း စုကို 'ရှင့်အိမ်ကို စိတ်မပူနဲ့နော်။ ရှင့်စိတ်ထဲမှာ တာဝန်တွေကိုပဲ တွေးနေပေါ့။ ရှင့်သားတွေကို ကျွန်မ စောင့်ရှောက်ပါ့မယ်'လို့ ပြောဖြစ်ခဲ့ပါတယ်။ စုက ဆို့နင့်နေတဲ့အသံနဲ့ 'ကျေးဇူးနော်'လို့ ဆိုပါတယ်။

သူ့မိသားစုက တစ်ယောက်ပြီးတစ်ယောက် စုနဲ့ စကားပြောကြတာကို ကျွန်မတော နားထောင်နေမိပါတယ်။ စု ပြောနေပုံက မိုက်ကယ့် ပိုင်ဆိုင်မှုငွေကြေးတွေကို သားနှစ်ယောက် အညီအမျှ ခွဲဝေယူကြဖို့နဲ့ သူ လိုချင်တာကတော့ မိုက်ကယ့်အမှတ်တရပြာဆိုတာပါပဲ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"စုရဲ့ အိမ်ဟာ တက္ကသိုလ်ရိပ်သာလမ်းမှာမို့ ရန်ကုန်တက္ကသိုလ်ကနေဆို
ခဲတစ်ပစ်စာလောက်ပဲ ဝေးပါတယ်။ ဒါပေမယ့် ကားသမားကို
စုရဲ့အိမ်ဘက်ကို မောင်းပေးဖို့ မပြောခဲ့ပါဘူး။ ကားသမားက
စုအိမ်ကို စောင့်တဲ့ စစ်သားနဲ့ ရဲတွေကို ကြောက်နေတာလေ။
စုရှိတဲ့နေရာနဲ့ အနီးဆုံးကို ရောက်ခဲ့ပေမယ့်ကျွန်မတို့မှာ
စုကို ဟဲလိုလေးတောင်မလုပ်ခဲ့နိုင်ပါဘူး။"

အခန်း - ၆

စတော်နိုင်ငံသို့ ခရီး (၂၀၀၉)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆။
## စုဏ်နိုင်ငံသို့ ခရီး(၂၀၀၇)

### (၁)မြန်မာပြည်သို့အလည်သွားရန် သံယာ့လှုပ်ရှားမှုက သတိပေးလိုက်ခြင်း

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နောက်ပိုင်းမှာကတည်းက ကျွန်မစိတ်ထဲမှာ စုရဲ့နိုင်ငံကို မြင်ဖူးရောက်ဖူးချင်နေခဲ့ပါတယ်။ စု နေအိမ်အကျယ်ချုပ်ကျပြီးနောက်ပိုင်း မြန်မာပြည်အခြေအနေက ငြိမ်ကျသွားသလိုရှိပေမယ့် စုရဲ့ဂျပန်မိတ်ဆွေအသီးသီးက မြန်မာပြည်ဗီဇာ လျှောက်ခဲ့ကြပေမယ့် တစ်ယောက်မှ ဗီဇာမရခဲ့ကြပါဘူး။ ဒီတော့ ကျွန်မလည်း ဗီဇာ မရနိုင်ဘူးလို့ပဲ ထင်မိပါတော့တယ်။

သူငယ်ချင်းတွေရဲ့ အပြောအရလည်း အဲဒီအတွေးအထင်က ပိုခိုင် မာလာခဲ့တာပေါ့။ "ကျွန်မ ဗီဇာသွားလျှောက်တော့ ရှင်တို့လင်မယားနှစ်ယောက်ရဲ့ နာမည်တွေကို ခန်းကြီးလို ရေးပြပါလို့ မြန်မာသံရုံးက ခိုင်းတယ်လေ။ ရှင်တို့နာမည်တွေကို ဗီဇာမပေးမယ့် ဘလက်လစ်ထဲမှာ ထည့်ထားပြီ ထင်တယ်။ ရှင်တို့ မြန်မာပြည်ကို မသွားသင့်ဘူး"လို့ ပြောပြခဲ့တာကိုး။

၁၉၉၆ ခုနှစ်မှာတော့ ငွေရလိုဇောနဲ့ သူတို့က နိုင်ငံခြားသားဧည့်သည်တွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဂျပန်လေကြောင်းလိုင်းအားလုံးကလည်း အိုဆာကာနဲ့ ရန်ကုန်ကြားမှာ တိုက်ရိုက်ပျံသန်းမှုတွေတောင် လုပ်လို့ပါပဲ။ ကျွန်မသာ တိုးရစ်အဖွဲ့ကြားမှာ လိုက်သွားနိုင်ရင် ဗီဇာ ရချင်ရလေမလားပေါ့။ ဒါနဲ့ပဲ စုဆီကို ကျွန်မတယ ဖုန်းခေါ်လိုက်ပါတယ်။ တစ်ဘက်က ဖုန်းလက်ခံတဲ့ လူငယ်က စုကို ဖိတ်ပါလက်ထဲ ခေါ်ပေးရှာလေရဲ့။ ဒါပေမယ့် ဖုန်းလာကိုင်တာကတော့ စု မဟုတ်ပါဘူး။ စိတ် ပျက်နေတဲ့အသံနဲ့ လူတစ်ယောက်က ဖုန်းကို ဖြေပေးပါတယ်။ " နာမည် ဘယ်သူ

www.burmeseclassic.com



ပါလဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်လိုသိတာလဲ။ ဘာလဲ....ခင်ဗျားက ဂျာနယ်လစ်လား၊ ဘာလဲ' သူ့အမေးတွေနဲ့ပဲ ကျွန်မမှာ တုန်ယင်လာတော့တာပါပဲ။

ရုတ်တရက် သူ့အသံက ပျောက်သွားပြန်ကာ စုအသံ ပေါ်လာပါတယ်။ ကျွန်မကလည်း တုံးတိကြီးပဲ မြန်မာပြည်ကို လာလည်ရမလားလို့ မေးလိုက်ပါတယ်။ 'ရှင် မလာသင့်ဘူး။ ရှင့်ပိုက်ဆံတွေအားလုံး စစ်အစိုးရလက်ထဲ ရောက်သွားမှာ။ သူတို့ကို အားမပေးသင့်ဘူး' လို့ စုက ဒေါသတကြီး ပြန်ဖြေလိုက်ပါတယ်။ ၁၀ နှစ်လောက် ကွဲကွာနေပြီးတဲ့နောက် စကားပြန်ပြောခွင့်ရတဲ့အခါမှာတော့ ဒီထက်ပိုပြီး အဆင်ပြေသင့်တယ် မဟုတ်လားရှင်။ ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက်ပါလိမ့်နော်။ သူ ဘာဖြစ်နေတာလဲ။ ကျွန်မလည်း စိတ်တွေ တိုသွားလေရဲ့။ မြန်မာပြည်ကို မသွားတော့ဘူးလို့လည်း စိတ်ပိုင်းဖြတ်လိုက်ပါတော့တယ်။ မြန်မာစကားတော့ လေ့လာမှ ဖြစ်မယ်ဆိုပြီး စာအုပ်တစ်အုပ် ဝယ်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ လက်လျှော့လိုက်ရပါတယ်။ စာအုပ်က အခုထိ စင်ပေါ်မှာ ဖုန်တက်ပြီး ရှိနေသေးတာပါ။

အဲဒီနှစ်နွေရာသီမှာပဲ မိုက်ကယ့်ကို စုနဲ့ စကားပြောဖြစ်တဲ့အကြောင်း ပြန်ပြောပြလိုက်ပါတယ်။ မိုက်ကယ်ကတော့ ကျွန်မကို နှစ်သိမ့်လေရဲ့။ 'နီရီကို စိတ်မလောပါနဲ့။ စစ်အစိုးရ မရှိတော့ရင် ဆာဒါယိုရှီနဲ့ ခင်ဗျားကို စုက ဖိတ်မှာပေါ့'တဲ့။ ကျွန်မက 'အဲဒါ ဘယ်တော့တဲ့လဲ' လို့ မေးလိုက်မလို့ပါပဲ။ ဒါပေမယ့် အထီးကျန်မိုက်ကယ့်ကိုတော့ မမေးရက်တော့ပါဘူး။ ဘယ်တော့မှန်း မသိခင်မှာပဲ မြန်မာပြည်ကို အလည်သွားဖို့ မျှော်လင့်ချက်တွေ ကုန်သွားခဲ့ပါတယ်။ ၁၅ နှစ်ကြာပြီးနောက် ၂၀၀၇ ခုနှစ် ဩဂုတ် ၁၅ မှာ စစ်အစိုးရက ဓာတ်ဆီဈေးနဲ့ သဘာဝဓာတ်ငွေ့ဈေးတွေကို ကြိုမပြောဘဲ အဆနဲ့ချီကာ တက်လိုက်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားတွေအပါအဝင် လူထုက နောက်နေ့တွေမှာ ဆန္ဒပြတဲ့ လမ်းလျှောက်ပွဲကို လုပ်တော့တာပါပဲ။ သူတို့က အလုပ်လည်း မရှိ၊ ငွေလည်း မရှိနဲ့ ဘတ်စကားခတွေ တက်သွားတော့ ပေးစရာငွေမရှိတဲ့အတွက် လမ်းပဲလျှောက်ရမယ်လို့ဆိုကာ လမ်းလျှောက်ကြတာပါ။ ဩဂုတ် ၂၆ မှာတော့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မြအေး၊ ဂျင်မီ၊ ပြုံးချိုတို့တတွေ အဖမ်းခံရပါတော့တယ်။ အဲဒီလမ်းလျှောက်လှုပ်ရှားမှုဟာ တခြားမြို့တွေကိုပါ ကူးစက်ကာ ဘုန်းကြီးတွေ၊ ကျောင်းသားတွေသာမက လူထုလည်း ပါလာခဲ့ကြပါတယ်။ ဘုန်းကြီးတွေလည်း သပိတ်မှောက်ကာ ကံဆောင်ကြပါတယ်။ ပခုက္ကူမှာ ဘုန်းကြီးတွေကို အာဏာပိုင်တွေက ရိုက်နှက်သတ်ဖြတ်တာတွေပါ လုပ်လာတာကြောင့် သံဃာတော်တွေရဲ့ ဆန္ဒပြမှုဟာ ပိုပြီးကြီးထွားလာခဲ့ပါတယ်။ အနောက်နိုင်ငံတွေက 'ဆဖရွှန်တော်လှန်ရေး' လို့ နာမည်



တပ်လိုက်ပါတယ်။ သင်္ကန်းရောင်ကို 'ဆဖရွန် (ကြက်သွေးနီ)' လို့ ခေါ်လိုက်လို့ပါ။

စက်တင်ဘာ ၂၇ မှာတော့ ဂျပန်ဓာတ်ပုံသတင်းထောက် ခန်းဂျီနာဂါအိုဟာ သတင်းလိုက်နေစဉ်မှာ စစ်သားတစ်ယောက်ရဲ့ အနီးကပ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပါတယ်။ အဲဒီပစ်ခတ်မှု ဓာတ်ပုံဟာလည်း ခဏအတွင်းမှာ ကမ္ဘာကို ပျံ့နှံ့သွားပါတော့တယ်။ ဓာတ်ပုံထဲမှာတော့ ကတ္တရာလမ်းပေါ် ပက်လက်လဲကျနေပြီဖြစ်တဲ့ သူဟာ ကင်မရာ ကိုင်ထားတဲ့ ညာလက်ကို မိုးကောင်းကင်ပေါ် ထောင်လျက်သား ကိုင်ထားလေရဲ့။

နိုဝင်ဘာ ၄ ရက်မှာတော့ သူ့အတွက် လွမ်းဆွတ်ဖွယ်အခမ်းအနားကို တိုကျိုမှာ ကျင်းပပါတယ်။ တိုကျိုမှာရှိတဲ့ မြန်မာတွေနဲ့ ဂျပန် ထောက်ခံသူတွေက စုရုံးပြီး အခမ်းအနားကို တက်ခဲ့ကြတာပါ။ ကျွန်မတို့လည်း မိတ်ဆွေဟောင်းတွေကို ပြန်တွေ့ရကာ သူတို့က အခြေအနေပေးရင် မြန်မာပြည်ကို အလည်သွားဖို့ အကြံပေးကြပါတယ်။ အဲဒီလိုနဲ့ ကျွန်မတို့လည်း မြန်မာပြည်ကို သွားလည်ဖို့ ဆုံးဖြတ်ကာ ဗီဇာလျှောက်တော့ ခရီးစဉ်စဖို့ ၂ ရက်အလိုမှာ ဗီဇာ ရခဲ့ပါတယ်။

## (၂) သုဝဏ္ဏဘုမ္မိသို့

ကျွန်မတို့လည်း မြန်မာပြည်ကို တကယ်ဦးတည်သွားနေတာပါလားလို့ ကိုယ့်ဘာသာကိုယ် မယုံနိုင်ဘဲ လေယာဉ်ခရီး စတင်ဖြစ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ သုဝဏ္ဏဘုမ္မိလေဆိပ် ကလည်း တစ်နှစ်ကို လူ သန်း ၄၀ ဝင်ရောက်ဖြတ်သန်းနိုင်လောက်တဲ့အထိ ကျယ်ဝန်းကြီးမားပါပေတယ်။ ဒါပေမယ့် ကျွန်မကတော့ လေဆိပ်ရဲ့ နာမည်ဟာ ထူးဆန်းနေသလိုပါပဲ။ ပါဠိလို သုဝဏ္ဏဘုမိဆိုတာ ရွှေမြေလို့ အဓိပ္ပါယ်ရတာပါ။ ရှေးခေတ်မှာ မွန်လူမျိုးတွေရဲ့ ထီးနန်းရှိရာကို သုဝဏ္ဏဘုမိလို့ ခေါ်ခဲ့တာပါ။ မြန်မာနဲ့ထိုင်းကြားမှာ စစ်ပွဲတွေ ရှိခဲ့တဲ့အတွက် အပြန်အလှန် ကူးလူးဆက်ဆံမှုတွေ များခဲ့ပါတယ်။ ဒါကြောင့် ဒီနာမည်က ဘယ်သူ့နာမည်လဲဆိုတာ ခွဲမရတော့ဘူး ထင်ပါရဲ့။

လေဆိပ်စာအုပ်ဆိုင်ထဲမှာတော့ မြန်မာပြည်အကြောင်း ရေးထားတဲ့ အင်္ဂလိပ်စာအုပ်တော်တော်များများကို တွေ့ရပါတယ်။ အဲဒီစာအုပ်တွေကို ဂျပန်မှာ မတွေ့ခဲ့ဘူးတော့ ဝယ်ချင်ပေမယ့် မြန်မာပြည်အသွားမှာမို့ ဟိုရောက်ရင် စစ်ဆေးတာတွေလုပ်တဲ့အခါ အဆင်မပြေမှာစိုးလို့ မဝယ်ဖြစ်တော့ပါဘူး။ စိတ်မကောင်းစွာနဲ့ပဲ ဂိတ်ရှိရာကို ထွက်ခဲ့ရပါတယ်။

တီဂျီ ၃၀၅ လေယာဉ်က ခပ်ဟောင်းဟောင်းပါ။ ထိုင်းနဲ့ တွဲပ်လျက်မို့ ထိုင်း

www.burmeseclassic.com



အများအပြားနဲ့ နိုင်ငံခြားသားတွေက အများကြီးပါပဲ။ ဘန်ကောက်က နေရောင်အောက်မှာ ရွှေငွေရတနာရောင်တွေ ပြန့်ကြဲတောက်ပသလို ရှိနေပါတယ်။ လေယာဉ်က အနောက်ဘက်ကို ဦးတည်ပျံသန်းတာမို့ သိပ်မကြာခင်မှာပဲ မှောင်လိုက်လာရာက နောက်ဆုံးမည်းမှောင်သွားပါတော့တယ်။ ဒါ မြန်မာပြည်ပေါ့။ ရွှေရောင်ဘုရားစေတီတွေနဲ့ ရွှေငွေသယံဇာတတွေ ပေါများတဲ့ သုဝဏ္ဏဘုမ်ိအရပ်လို့ ပြောရမယ့် မြန်မာပြည်လေ။ ထိုင်းနဲ့ သွေးချင်းကပ်နေပေမယ့် ထိုင်းကတော့ အနောက်ကမ္ဘာဈေးကွက်ကို အစောကြီးကတည်းက ရောက်နေခဲ့ပါတယ်။ ဒီမှာလည်း ရှေးရိုးစွဲမှုနဲ့ ခေတ်သစ်ပြောင်းလဲလိုခြင်းတွေ ထိပ်တိုက်တွေ့ကြတော့ ရှုပ်နှီပါတီနဲ့ ရှုပ်ဝါပါတီရယ်လို့ ဖြစ်နေကြလေရဲ့။ သူတို့ပြဿနာဖြစ်တိုင်း ဆန္ဒပြပွဲတွေ၊ အာဏာသိမ်းပွဲတွေနဲ့ ဖော်ထုတ်ရန်ဖြစ်ကြပြန်ပါတယ်။ ထိုင်းတွေဟာ ဘက်တစ်ဘက်တည်းကို ဘက်မလိုက်ဘူး၊ ဒါကိုပဲ ထိုင်းစတိုင်လ်ဒီမိုကရေစီလို့ သူတို့က ပြောကြပါတယ်။ ထိုင်းတွေက သူတို့ဟာ အရှေ့တောင်အာရှမှာ နံပါတ်တစ်မို့ သုဝဏ္ဏဘူမိနာမည်ကို ယူတယ်လို့ သိရပါတယ်။

ရန်ကုန်လေဆိပ်က မထင်မှတ်လောက်အောင် သန့်ရှင်းပြီး ကျစ်ကျစ်လျစ်လျစ်လေး ဖြစ်နေလေရဲ့။ လွန်ခဲ့တဲ့နှစ်တွေတုန်းက ကျွန်မဟာ ဒါရိုက်တာချိုချို ရိုက်ကူးတဲ့ 'သွေး' ဇာတ်ကားကို ကြည့်ခဲ့ဖူးပါတယ်။ ဒီဇာတ်လမ်းရဲ့ စာရေးသူက ဂျာနယ်ကျော်မမလေးဖြစ်ပြီး ၁၉၇၃ ခုနှစ်က ထွက်ခဲ့ပါတယ်။ ဂျပန်မိန်းကလေးတစ်ယောက်က အင်ဖာတိုက်ပွဲကြောင့် ကျဆုံးခဲ့တဲ့ သူ့အဖေရဲ့ သားတစ်ယောက်ကို မြန်မာပြည်မှာ သွားရှာတဲ့အကြောင်းပေါ့။ သူ့ရဲ့ အဖေတူအမေကွဲမောင်ကလေးကို ရှာတွေ့ခဲ့ပေမယ့် အစပိုင်းမှာ သူ့ကို အသိအမှတ် မပြုခဲ့ကြပါဘူး။ စိတ်ဓာတ်ကျသွားတဲ့ ကောင်မလေးက ဂျပန်ကို ပြန်ဖို့ လေယာဉ်ပေါ် တက်ခါနီးမှာမှ သွေးက စကားပြောတဲ့အတွက် မောင်လေးက သူ့ကို 'အမ'လို့ ခေါ်ကာ လာတွေ့တဲ့ ဇာတ်လေးပါ။ ရုပ်ရှင်က ဇာတ်ပုံတွေ သိပ်လှတာကြောင့် သိပ်ကို ကြည့်လို့ ကောင်းခဲ့ပါတယ်။ မြန်မာပြည်ကို မသိသေးတဲ့သူတွေအတွက် ရောက်ဖူးချင်စိတ်တွေ ပေါ်စေနိုင်သလို သိပြီးသူတွေအတွက် အလွမ်းစိတ်တွေ ဖြစ်စေနိုင်တဲ့ ရုပ်ရှင်လို့ ပြောရပါမယ်။

ရန်ကုန်လေဆိပ်ဆောက်လုပ်ရေးကို ဂျပန်ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက မြန်မာကုမ္ပဏီတစ်ခုနဲ့ တွဲပြီး ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ လေဆိပ်မှာတော့ ကျွန်မအတွက် ဘာပြဿနာမှ မဖြစ်ဘဲ ချောမောစွာပဲ ရန်ကုန်မြို့ထဲ ခြေချလိုက်နိုင်ပါပြီ။ ကျွန်မတို့ကို လူငယ်လေးတစ်ယောက်က လာကြိုနေပါတယ်။ လေဆိပ်ထဲက မထွက်ခင်မှာ အငှားယာဉ်မောင်းတွေ အပြိုင်အဆိုင် လှူခေါ်နေတာကို မြင်ရတာ ရှုမှုကို သတိရစရာပေါ့။



ကျွန်မတို့တည်းတဲ့ ဟိုတယ်က မြို့လယ်မှာ ရှိပြီး ဆူးလေဘုရားကို မြင်နေရပါတယ်။ ဟိုတယ်အခန်းက ဘုရားထက် မြင့်နေတော့ ကျွန်မမှာ ဘုရားကို လက်အုပ်ချီရတာ ခေါက်ထိုးဖြစ်နေသလိုပါ။ စုသာ ဒီအကြောင်း သိရင် ဝေဖန်မှာပဲနော်။ ဆူးလေဘုရားကိုတော့ ကျွန်မ တောင်းပန်ဖြစ်ခဲ့ပါတယ်။

## (၃) ရွှေတိဂုံစေတီတော်

နောက်နေ့မနက်မှာတော့ ကျွန်မတို့ကို ဧည့်ကြိုတွေက ရွှေတိဂုံဘုရားကို ဦးဆုံးခေါ်သွားခဲ့ပါတယ်။ ကောင်းကင်ပြာပြာနောက်ခံမှာ မီတာ ၁၀၀ လောက်မြင့်တဲ့ ရွှေရောင်စေတီတော်ကြီးက သပ္ပာယ်ဖွယ်ရာ တင့်တယ်နေလေရဲ့။ ရင်ပြင်တော်မှာတော့ စေတီငယ်တွေရော၊ တန်ဆောင်းတွေပါ ရွှေရောင်တောက်ပနေသလို ရင်ပြင်ကျောက်ပြားကလည်း ပူလိုက်တာမှ အရမ်းပါပဲ။ ကျွန်မတို့လည်း အိပ်ထဲက နေပဲ လျှောက်နိုင်ပါတယ်။ အပူချိန်က ၃၀ ဒီဂရီကျော်မို့ သိပ်ပူလှပါတယ်။ အဲဒီနေ့က ဒီဇင်ဘာ ၂၁ ရက်ပေါ့။ ကျွန်မခင်ပွန်းကတော့ နမော်နမဲ့နဲ့ 'ခင်ဗျားတို့ဆီမှာ ဘယ်အချိန်က ဆောင်းရာသီလဲဗျ'လို့ မေးလေရဲ့။ ကျွန်မတို့ရဲ့ ဧည့်ကြိုက ရယ်ပြီး 'အခုအချိန်လေခင်ဗျာ'လို့ ဖြေရှာပါတယ်။ သူက ဂျပန်မှာ ပညာနေခဲ့ဖူးသူပါ။ ကျွန်မယောကျ်ားက ရုရှမှာ အနေများခဲ့တော့ ဒီအပူဒဏ်ကို လုံးဝမခံနိုင်ခဲ့ပါဘူး။ မော်စကိုမှာ နေရတာ အပူသက်သာတယ်လို့ တစ်ချိန်လုံး ပြောနေလေရဲ့။

ရှေးယခင်ဘုရင်နဲ့ ဘုရင်မတွေက သူတို့ရဲ့ ကိုယ်အလေးချိန်နဲ့ စက်ပြီး ရွှေသယံနှံတွေကို ကပ်လှူခဲ့တာကြောင့် နောင်းလူတွေကလည်း သူတို့နိုင်သလောက် ရွှေသယံနှံတွေ ကပ်ကြတယ်လို့ သိရပါတယ်။ ဒီတော့ ကျွန်မအတွက် ရွှေတိဂုံစေတီတော်ဟာ ရွှေသားစင်စစ်တွေကို လေဟာပြင်မှာ ထုတ်ပြထားတဲ့ ပြပွဲဆန်းတစ်ခုလို ဖြစ်နေပါတော့တယ်။

မြန်မာပြည် လွတ်လပ်ရေးရပြီးစမှာ နိုင်ငံရေးပါတီတစ်ခုက ရွှေတိဂုံက ရွှေတွေကို ခွာပြီး ရမယ့်ငွေကို တိုင်းပြည်အတွက် သုံးမယ်ဆိုတုန်းက လူထုက ကန့်ကွက်ခဲ့တယ်လို့ ဆိုပါတယ်။ စစ်အစိုးရကတော့ အဲဒီလို မကြံဖူးဘူး ထင်တာပါပဲ။ ရွှေတိဂုံကို ထိမ်းသိမ်းထားချင်တဲ့ ကိစ္စမှာတော့ လူထုဆန္ဒအတိုင်း စစ်အစိုးရက ရှိုးရပါတယ်။

ရင်ပြင်တော်နဲ့ တန်ဆောင်းတွေမှာ အေးအေးလူလူ အနားယူ စားသောက် အိပ်စက်နေသူတွေကို တွေ့ရပါတယ်။ လူတွေနဲ့ အကြည့်ချင်းဆုံတဲ့အခါ သူတို့က ကျွန်မကို ပြုံးပြလေရဲ့။ လူတွေအတွက် ရွှေတိဂုံဟာ ဘာသာရေးအရ ကိုးကွယ် အားထားရနေရာအပြင် သူတို့ရဲ့ အထိမ်းအမှတ်တံဆိပ်တစ်ခုလို ဖြစ်နေတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံရဲ့ ရွှေရောင်နဲ့ ဖိနပ်မပါ၊ လုံချည်ပွပွနဲ့လူတွေဟာ ဘာမှ မဆိုင်သလို ဖြစ်နေပေမယ့် တသားတည်းလည်း ဖြစ်နေပါတယ်။ ကျွန်မတို့လို သစ်သားကို အားပြုသူတွေအတွက် ရွှေရောင်တောက်တဲ့ ရွှေတိဂုံဟာ သိပ်တောက်ပနေလေရဲ့။ ကျွန်မလည်း သိပ်ကို ကြည်နူးနေမိ ပါတယ်။ နောက်ထပ် ဘုရားတွေ ထပ်ဖူးစရာ မလိုတော့ဘူးလို့ တွေးမိလောက်အောင် ဒီကို ရောက်လာရတာကို ကျေနပ်နေမိပါတယ်။

ကျွန်မ မှတ်မိနေတာကတော့ အနောက်ဘက်မုခ်မှာ စုက နိုင်ငံရေးတရားချွတ်ကျင်းပခဲ့တယ်ဆိုတာပါ။ 'ကျွန်မ နိုင်ငံခြားမှာနေပြီး နိုင်ငံခြားသားနဲ့ လက်ထပ်ထားတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ မွေးရပ်မြေအပေါ် ချစ်တဲ့အချစ်နဲ့ ကူညီချင်တဲ့အတွေးတွေဟာ ဘယ်တော့မှ မနည်းခဲ့ဖူးပါဘူး' နဲ့ 'လူတွေက ကျွန်မဟာ နိုင်ငံရေးကို နားမလည်ဘူးလို့ ပြောကြပါတယ်။ အမှန်ကတော့ နားလည်လို့ကို ခက်နေတာပါ' လို့ စုက ပြောခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်က စုနားမှာ သူ့တစ်မိသားစုလုံး ရှိနေပါတယ်။ အဲဒီမိန့်ခွန်းဟာ စုအတွက် မြန်မာပြည်မှာ သူ ရှိနေတယ်ဆိုတာကို ကြေညာရာရောက်သလို သူ့မိသားစုကနေ သူဟာ လွတ်လပ်စွာ နေနိုင်တယ်လို့ ကြေညာရာလည်း ကျခဲ့ပါတယ်။ အဲဒီနေရာကို ကျွန်မ ခဏလေး ပဲဖြစ်ဖြစ် ရောက်ဖူးမြင်ဖူး ချင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့က ညွှန့်လမ်းညွှန်အရေးနဲ့ ကျွန်မတို့ရဲ့ ပတ်သက်ဆက်နွယ်မှုကို သိသွားမှာလည်း စိုးမိပါတယ်။ ဒါနဲ့ပဲ အဲဒီကို မရောက်ဖြစ်တော့ပါဘူး။

ညွှန့်လမ်းညွှန်က ကျွန်မတို့ကို 'ဖီးလ်'စားသောက်ဆိုင်ကို ခေါ်သွားခဲ့ပါတယ်။ ဆိုင်ထဲမှာ လူတွေအများကြီး ရှိနေလေတော့ မြန်မာတွေ ဆင်းရဲဒုက္ခရောက်တယ်လို့ ပြောတာနဲ့ ကွဲပြားနေတာကို တွေ့ရသလိုပါပဲ။ ကမ္ဘာပေါ်ရှိ ဘယ်နေရာမှာဖြစ်ဖြစ် ဘယ်တော့ဖြစ်ဖြစ် ချမ်းသာသူတွေက ရှိနေတတ်တယ်လို့ ဆိုရမှာပေါ့။ စားပွဲထိုးလေးတွေ သွက်သွက်လက်လက် အလုပ်လုပ်နေတာ မြင်တော့ ကျွန်မခင်ပွန်းက သူတို့ တစ်လဘယ်လောက်ရလဲဆိုတာ ညွှန့်လမ်းညွှန်ကို မေးလိုက်ပါတယ်။ ကျွန်မခင်ပွန်းကတော့ စီးပွားရေးပညာရှင် ပီသစွာနဲ့ ရောက်လေရာနေရာမှာ အလုပ်သမားတွေရဲ့ လုပ်ခလစာကို စပ်စုနေတတ်ပါတယ်။ သူ့လစာ ဘယ်လောက်ဆိုတာတော့ သူက တယ်မသိရှာပါဘူး။

'ဝန်ထမ်းတစ်ယောက်က တစ်လကို ဒေါ်လာနဲ့ တွက်ရင် ၄၀ လောက်ပဲရပေမယ့် ဒီကလေးတွေက ၇၀ လောက်ထိ ရကြတယ်။ သူတို့က နယ်က လာကြတာ များတယ်' လို့ ညွှန့်လမ်းညွှန်က ပြန်ဖြေပါတယ်။ 'ဒါပေမယ့် နေစားရိတ်



ကြီးမှာပေါ့' လို့ ကျွန်မက ဝင်ပြောတော့ 'ဟုတ်ဘူး သူတို့က ဆိုင်ပိုင်ရှင် ဒီမှာပဲ အိပ်ကြတာ' လို့ ပြန်ဖြေပါတယ်။ ကျွန်မက စားပွဲတွေကို ငေးကြည့်မိပါတယ်။

ကျွန်မတို့ရဲ့ ညွှန့်လမ်းညွှန်က နေ့လည် ၂ နာရီနဲ့ ၄ နာရီကြားမှာ ခဏနားဖို့ ပြောပါတယ်။ ကျွန်မတို့ အသက်ကြီးသူတွေက အပူဒဏ်ကို မခံနိုင်တော့ သူက စိတ်ပူပြီး တွေးပေးရှာတာပါ။ ကျွန်မတို့လည်း ကိုယ့်အခန်းထဲကနေပဲ ရန်ကုန်ကို ငေးကြည့်ဖြစ်ခဲ့တာပေါ့။ ညဘက်မှာ ဆူးလေစေတီက မီးရောင်နဲ့ တည်ငြိမ်နေသလောက် နေ့ဘက်မှာတော့ ရွှေရောင်တွေ တောက်ပနေပါတယ်။

ကျွန်မခင်ပွန်းက ခြေညှပ်ဖိနပ်တစ်ရံ၊ လုံချည်တစ်ထည်နဲ့ ဂဏန်း နံပါတ်အကြီးကြီးပါတဲ့ လက်ပတ်နာရီတစ်လုံးလည်း ဝယ်ချင်နေပါတယ်။ သူက အမြဲလို ဈေးဝယ်တာကို မုန်းသူမို့ အခုလို ဈေးဝယ်ထွက်ချင်တယ်ဆိုတော့ ထူးဆန်းနေပါတယ်။ ကျွန်မက အသုံးအဆောင် မပေါ်များတဲ့ ဒီနေရာမှာ ဈေးမဝယ်စေချင်ပေမယ့် သူကတော့ ဈေးကို လေ့လာချင်နေသလို သူ့ငွေတွေကိုလည်း မြန်မာပြည်မှာ သုံးချင်ပုံပါ။ ညွှန့်လမ်းညွှန်က ကျွန်မတို့ကို တရုပ်တန်းဈေးဆီ ခေါ်သွားလေရဲ့။

တရုတ်တန်းက ကျွန်မတို့တည်းတဲ့ ဟော်တယ်ကနေ သိပ်မဝေးပါဘူး။ တရုတ်တန်းမှာတော့ ပန်းသီးဆိုင်တွေရော အစားအသောက်ဆိုင်တွေပါ လမ်းဘေးပလက်ဖောင်းပေါ်အထိ ပန်းသီးတွေ ခုံတွေကို ခင်းကျင်းထားကြပါတယ်။ ဒီတော့ ကျွန်မတို့လည်း ဆိုင်ရှိရာကို တိုးတိုးဝှေ့ဝှေ့ပဲ ဝင်လျှောက်သွားခဲ့ရပါတယ်။ ဆိုင်လေးတွေက အကျယ် ၄ မီတာ၊ အရှည် ၈ မီတာလောက်ပဲ ရှိကြတာပါ။ ဒါဟာ တရုတ်တန်းပါပဲ။ ကျွန်မကတော့ နေရာကျဉ်းကျဉ်းထဲမှာ ပန်းသီးတွေအများကြီးကို ဆန့်အောင် စီပြထားတတ်တဲ့သူတို့ကို အံ့ဩအထင်ကြီးမိလေရဲ့။ ကြမ်းပြင်ကနေ မျက်နှာကြက်အထိ ရှိရှိသမျှ စားစရာ၊ ဝတ်စရာ အသုံးအဆောင်အားလုံးကို နေရာလပ်မကျန် ပြသထားတာပါ။ နောက်ထပ် အံ့ဩစရာကတော့ ဂျပန်ထွက် မီးဖိုနဲ့ ကာနေးဘိုးအလုကုန်တွေကိုပါ သော့ခတ်ထားတဲ့ မှန်ဗီရိုထဲမှာ တွေ့ရတာပါပဲ။ ဂျပန်မှာတောင် နှိုရည်တစ်ဗူးဟာ မြန်မာအလုပ်သမားလုပ်ခ တစ်လစာလောက် ဈေးကြီးတဲ့ ပန်းသီးတွေလေ။ ဒီမှာ ဈေးဘယ်လောက်တင်ထားမယ် မမှန်းတတ်ပါဘူး။ ဝယ်သူရှိလို့လည်း တင်ရောင်းကြတာပေါ့။ ကျွန်မကတော့ အဲဒီပန်းသီးတွေကို ဝယ်တဲ့မိန်းကလေးတွေကို မြင်ဖူးချင်နေမိပါတယ်။

ညွှန့်လမ်းညွှန်လေးရဲ့ ကျေးဇူးနဲ့ပဲ ကျွန်မခင်ပွန်း ဝယ်ချင်တာတွေကို အသာအတွင်း ဝယ်လိုက်နိုင်ခဲ့ပါတယ်။ သူဝယ်လိုက်တဲ့ လက်ပတ်နာရီဆိုရင် ၁၅ ဒေါ်လာလောက်ပဲ ပေးရပြီးတော့ နောက် ၂ နှစ်အထိ အချိန်လည်း မှန် တစ်ခါမှထည်း

www.burmeseclassic.com



မပျက်တဲ့အတွက် သူက ကျေနပ်နေပါတယ်။ ဒါနဲ့ပဲ သူက မြန်မာပြည်မှာ လက်ဝတ်နာရီဝယ်ဆိုပြီးတော့တောင် မိတ်ဆွေတွေကို ပြောနေလေရဲ့။ တရုတ်တန်းဈေးမှာ ကျွန်မ တွေ့ခဲ့ရတာတွေက တရုတ်နဲ့ ထိုင်းပစ္စည်းတွေချည်း တွေ့ရတာမို့ မြန်မာပစ္စည်းတွေ လိုချင်ရင် ဘယ်သွားရမယ် မသိတော့ပါဘူး။ ကျွန်မမှာ မြန်မာပြည်ကို အလည်ရောက်နေခိုက်မှာတောင် မြန်မာပစ္စည်းတွေကို လွမ်းနေရလေရဲ့။

## (၄) မြစ်တစ်ဘက်က မြို့ဒလ

ကျွန်မတို့ဟိုတယ်အခန်းရဲ့ ပြတင်းပေါက်ကနေ ရန်ကုန်မြို့လယ်ကို ကောင်းကောင်းတွေ့နေရပါတယ်။ မြို့လယ်ရှုခင်းမှာ မြို့တော်ခန်းမ၊ တရားရုံးချုပ်ကြီးနဲ့ ရန်ကုန်မြစ်ဘေးက အကောက်ခွန်ရုံး၊ စာတိုက်ကြီး၊ စထရင်းဟော်တယ်တွေကိုပါ လှမ်းမြင်နေရတာပါ။ ဒီရှုခင်းကို မြင်ရတော့ သိမ်းမြစ်ကမ်းဘေးက လန်ဒန်နဲ့ ဆင်တူတယ်လို့ တွေးမိပါတယ်။ မြန်မာပြည်ကို မသိတဲ့သူတွေကတောင် ဒီလို မြစ်ကမ်းဘေးက ရုံးအဆောက်အဦတွေကို ကြည့်ပြီး ဒီမြို့ကို အင်္ဂလိပ်တွေ တည်ခဲ့တယ်လို့ ပြောနိုင်မလားပဲ။

လန်ဒန်နဲ့ ရန်ကုန် မတူနိုင်တာကတော့ မြစ်တစ်ဘက်ကမ်းမှာ စိမ်းလန်းလှန်းတဲ့ တော်အုပ်တန်းက မျက်စိတဆုံး မှိုင်းရီပြီး ရှိနေတာပါပဲ။ ကျွန်မခင်ပွန်းနဲ့ ကျွန်မလည်း အဲဒီဘက်အခြမ်းကို စိတ်ဝင်စားမိသွားပါတယ်။ ဒါနဲ့ ဧည့်လမ်းညွှန်ကို အဲဒီဘက်ခြမ်းဆီ သွားလည်လို့ ရမလားလို့ မေးဖြစ်တော့ သူက ရတာပေါ့လို့ ဆိုလေရဲ့။

ပန်းဆိုးတန်းဆိပ်ကမ်းကတော့ ပန်းဆိုးတန်းလမ်းအောက်ဘက်မှာ ရှိပါတယ်။ နိုင်ငံခြားသားတွေအတွက် မြစ်ကူးသင်္ဘောလက်မှတ်က အသွားအပြန်ကို နှစ်ဒေါ်လာပါတဲ့။ နားနေဆောင်မှာတော့ အကြော်သည်အချို့နဲ့ ဖရဲသီးသည်အချို့ကို တွေ့ရပြီး ယင်တလောင်းလောင်း ဖြစ်နေတာကိုလည်း သတိထားမိပါတယ်။

သင်္ဘောကမ်းကပ်တယ်ဆိုတာနဲ့ လူတွေရော ဈေးသည်တွေပါ စုပြုံတိုးဝှေ့ကြတော့တာပါပဲ။ သင်္ဘောက အချိန်ဇယားနဲ့ထွက်တာ မဟုတ်ဘဲ လူပြည့်ရင် ထွက်တာမျိုးပါ။

သင်္ဘောကို ရေချိုးကတည်းက တစ်ခါမှ ဆေးကြောထားပုံ မပေါ်တာကိုလည်း သတိထားမိပါတယ်။ သင်္ဘောအောက်ပိုင်းမှာ ဆီတွေနဲ့ ချွဲနေပြီး အနံ့တွေ စုံလှတော့ အသက်ရှူမဝဖြစ်တာမို့ အပေါ်ဘက်ကို လေရှူရအောင် တက်ခဲ့ဖြစ်ပါတယ်။ ပလတ်စတစ်ထိုင်ခုံလေးတွေ ထပ်ထားတာကို တွေ့ရပြီး ဧည့်လမ်းညွှန်က ကျွန်မကို ထိုင်ဖို့ ခုံတစ်လုံး ယူပေးလိုက်ပါတယ်။ ခုံခပေးရမယ်လို့လည်း သိလိုက်ရပါတယ်။



ဒီထိုင်ခုံမှာ ထိုင်ဖို့ဆိုတာ ကိုယ့်သန့်ရှင်းတဲ့ ဘောင်းဘီနဲ့ ခုံက ပေရေနေတာတွေကို သုတ်သင်ပေးရမယ်လို့ ဆိုလိုရာကျနေတာကိုလည်း တွေ့ရပါရဲ့။ သင်္ဘောပေါ်က လူတွေကို ကြည့်ရတာ နွမ်းဖတ်နေပါတယ်။ သူတို့ရဲ့ မျက်ဝန်းနက်တွေဟာ တာတယ့်ကို စိမ်းကားနေပါတယ်။ ကျွန်မက စိုက်ကြည့်လိုက်တဲ့ တစ်ချိန်မှာတော့ သူတို့ရဲ့ လှစ်ခနဲ အပြုံးကို မြင်လိုက်ရပါတယ်။ ကျွန်မလည်း စိတ်ထဲမှာ အပြစ်ရှိသလို ခံစားရပြီး ပြန်ပြုံးပြလိုက်ဖြစ်ပါတယ်။ သင်္ဘောစီးချိန်က ဆယ်မိနစ်သာ ကြာပေမယ့် ကျွန်မက တစ်ချိန်လုံး အပြုံးဖလှယ်နေခဲ့ရပါတော့တယ်။

သင်္ဘောပေါ်ကဆင်းတော့ သဲတရှပ်ရှပ်နဲ့ သစ်သားကုန်းပေါင်ကို တက်ကာ တစ်ဘက်ကမ်းကို ရောက်ပါတယ်။ တံတားတစ်ဘက်တစ်ချက်မှာတော့ ဆိုင်လေးတွေက အစီအရီပါပဲ။ တံတားထိပ်မှာတော့ ရှုနာရှိုက်ကုန်းအင်ဂျင်သံနဲ့ လိုင်းကားတစ်စီးက ခရီးသည်ခေါ်နေပါတယ်။ ဆိုက်ကားတွေလည်း လူခေါ်နေတာ အများကြီးပါပဲ။

ကျွန်မတို့လည်း ဆိုက်ကားစီးပြီးတော့ပဲ လည်မယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဆိုက်ကားစီးတဲ့အခါမှာတော့ ကျွန်မခင်ပွန်းနဲ့ ဧည့်လမ်းညွှန်က အာဟာရမပြည့်တဲ့ပုံနဲ့ ပိန်ပိန်လေးတွေမို့ တစ်စီးစီးပြီး ဝတုတ်တုတ်ကျွန်မက တစ်စီးသပ်သပ် စီးဖြစ်သွားပါတယ်။ ဘာမှ ပြောဆိုတိုင်ပင်တာ မရှိဘဲ အဲဒီလို ထိုင်စီးကြဖို့ ဆုံးဖြတ်ဖြစ်တာပဲ ဖြစ်ပါတယ်။ ဆိုက်ကားဆရာနှစ်ယောက်လုံးကတော့ အသက်ကြီးကြီးပိန်ပိန်ပါးပါးတွေမို့ ဘယ်လိုပဲစီးစီး တယ်တော့ မထူးလှဘူး ထင်တာပါပဲ။ ဒါပေမယ့် ယောကျ်ားတွေချည်းစီးတဲ့ ဆိုက်ကားကတော့ ချောချောမောမောပဲ ထွက်ခွာသွားပါတယ်။ လမ်းတွေက တစ်ခါတုန်းက ကတ္တရာအပြည့်ခင်းထားခဲ့ပုံပါပဲ။ ဒါပေမယ့် အခုတော့ တောလမ်းလေးလို ဖြစ်နေလေရဲ့။ ကျွန်မရဲ့ ဆိုက်ကားဆရာက ထိုင်ခုံမှာ ဖင်မကျနိုင်လောက်အောင် ခါးဆန့်ပြီး ကုန်းရုန်းနင်းရှာပါတယ်။ ကျွန်မလည်း တစ်သက်နဲ့တစ်ကိုယ် ကိုယ်ခန္ဓာဝတာဟာ အပြစ်လို့ ပထမဆုံးအကြိမ် ခံစားလိုက်မိတာပါပဲ။

လမ်းတလျှောက် တွေ့ရသမျှတွေက စိတ်ဝင်စားစရာပါ။ တဲအိမ်လေးတွေ အများစုက လမ်းဘက်မျက်နှာမူတဲ့အခြမ်းမှာ အကာအရံ မလုပ်ထားတာမို့ အိမ်ထဲထိ တိုးလျှိုးပေါက်ကြည့်လို့ရနိုင်တာပါပဲ။

အိမ်တစ်အိမ်ရဲ့ အလယ်မှာ စားပွဲတစ်လုံးပေါ်ကို ရှေးခေတ်က ဖုန်းတစ်လုံး တင်ထားတာ တွေ့လိုက်ရပါတယ်။ ကြည့်ရတာ သူတို့တွေရဲ့ တစ်ခုတည်းသော ဆက်သွယ်ရေးကိရိယာလားပေါ့။ နောက်တစ်ခု ထူးခြားတာကတော့ ဒီလို နွမ်း

www.burmeseclassic.com



ပါးတဲ့နေရာမှာ သောက်ရေအိုးစင်လေးတွေကို တွေ့နေရတာပါ။ ရေငတ်လာသူတွေအတွက် စဉ်းစားပေးထားတဲ့ ရွာခလေ့ကို သဘောကျမိရပြန်ပါတယ်။

ရေမရှိတဲ့ချောင်းတစ်ခုကိုလည်း တွေ့ရပြီး မိုးတွင်းမှာတော့ ရေက ၆ ပေကျော်လောက်ထိ တက်တယ်လို့ သိရပါတယ်။ ရွာလယ်တစ်နေရာမှာတော့ ကျွန်မတို့ ဆိုက်ကားတွေ ခဏနားလိုက်ကြပါတယ်။ ရွာထဲမှာ လူမရှိသလို ဖြစ်နေပြီး ညည်းလမ်းညွှန်ရှင်းပြမှပဲ အများစုက နေရေးထိုင်ရေး ဈေးချိုတဲ့ ဒီဒလမှာ နေကြပေမယ့် ရန်ကုန်ဘက်ကို အလုပ်သွားလုပ်ကြတယ်ဆိုတာ သိရပါတယ်။ ကျွန်မကတော့ ဒလအတွက် စိတ်မကောင်းဖြစ်နေမိပါတယ်။ ဒလမှာ သောက်သုံးရေပြဿနာက ရှိလေတော့ လူတွေ သိပ်မနေချင်ကြဘူးလို့ ညည်းလမ်းညွှန်က ဆိုပါတယ်။ ရွာထဲက တချို့နေရာတွေမှာ ဂျပန်ရဲ့ အကူအညီနဲ့ ရေရအောင် လုပ်ထားတာတွေကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒီအကြောင်းတွေကို လွန်ခဲ့တဲ့အနှစ်၂၀လုံးလုံး သာမန်မြန်မာနိုင်ငံသားတွေအကြောင်း မတတ်ပုံလိုက်ရိုက် မှတ်တမ်းတင်ခဲ့တဲ့ ဂျပန်က ဓာတ်ပုံဆရာတင်းထောက်ရဲ့ လက်ရာတွေထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်မတို့ရဲ့ ညည်းလမ်းညွှန်ကတော့ အဲဒါတွေကို မသိရှာပါဘူး။

အပြန်လမ်းမှာ တံတားကို တက်တော့ ကျွန်မလည်း အသက်ရှူ အောင့်ထားပြီး ကျွန်မရဲ့ ဆိုက်ကားဆရာ အမောသက်သာအောင် ကြိုးစားကြည့်မိပါတယ်။ ဆိပ်ကမ်းကို ပြန်ရောက်တော့ ကျွန်မလည်း ဒူးတွေတောင် တုန်နေပါပြီ။ ဆိုက်ကားဆရာကိုလည်း ကျေးဇူးတင်နေမိပါတယ်။ သူ့ဆိုက်ကားဘီးလည်း လေမရှိတော့ဘူး ထင်တာပါပဲ။

ကျွန်မက ဆိုက်ကားကို နင်းသူရဲ့ ကိုယ်ပိုင်လို့ ထင်ခဲ့ပေမယ့် သာမန်လူတွေက ဆိုက်ကားတစ်စီးကိုတောင် မတတ်နိုင်ဘူးလို့ ဆိုပါတယ်။ ငွေကြေးတတ်နိုင်သူတွေက ဆိုက်ကားတောင်ပြီး နေ့စဉ်ငွေသွင်းကာ နင်းသူတွေကို ငှားစားကြောင်း နောက်မှ သိရပါတယ်။ ကျွန်မလည်း ဆိုက်ကားနင်းသူရဲ့ တစ်နေ့တာဝင်ငွေနဲ့ သူ့မိသားစု လောက်ငနိုင်ဘူးလို့ တွေးမိကာ စိတ်မကောင်းဖြစ်ရပါတယ်။

တကယ်တော့ ကျွန်မက ဆိုက်ကား မစီးချင်ပါဘူး။ ဒါပေမယ့် ကျွန်မတို့ မစီးကြရင် ဆိုက်ကားနင်းသူတွေ အဆင်မပြေနိုင်ဘူးလေ။ လူ့ခွန်အားနဲ့ နင်းရတာက ခက်ခဲပင်ပန်းမှာ ဖြစ်ပေမယ့် နင်းခွင့်မရရင် ပိုပြီးဆင်းရဲပင်ပန်းနိုင်တာကိုး။ ခက်လှတဲ့ စိတ်မချမ်းမြေ့စရာ ဆင်းရဲမွဲတေမှုပါပဲ။



## (၅)ရန်ကုန်တက္ကသိုလ်

ဒလဘက်က ပြန်လာတော့ စထရင်းဟော်တယ်မှာ လက်ဘက်ရည်သောက်တာ အမောဖြေဖြစ်ကြပါတယ်။ အော် ဒီဟော်တယ်နဲ့ ဒလဟာ တကယ့်ကို ကွာခြားလွန်းပါလားနော်။

ကျွန်မတို့ တည်းခိုရာ ဟော်တယ်ကို ပြန်ရောက်တော့ ရန်ကုန်တက္ကသိုလ်က ဆရာမလေးတစ်ယောက်ဟာ ကျွန်မတို့ကို စောင့်နေပါတယ်။ သူက ကျွန်မခင်ပွန်း စာသင်နေတဲ့ တက္ကသိုလ်မှာ သုတေသနလုပ်နေတဲ့ ပါရဂူဘွဲ့ယူကျောင်းသူလည်း ဖြစ်ပါတယ်။ သူက နွေရာသီကျောင်းပိတ်ရက်မို့ မြန်မာပြည်ကို ပြန်လာခိုက်မှာ သံဃာ့အရေးအခင်း ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူက ဂျပန်ကို ပြန်မသွားနိုင်တော့ပါဘူး။ သူ ဂျပန်ကို ရောက်နေခိုက်မှာ ပညာရေးဝန်ကြီး အပြောင်းအလဲဖြစ်တာလည်း ပါတာပေါ့။ ဝန်ကြီးအသစ်က ဝန်ကြီးအဟောင်း ဆုံးဖြတ်ခဲ့တာတွေကို တာဝန်မယူတော့ပါဘူး။ ဝန်ကြီးအပြောင်းအလဲမှာ ဆရာမလေးက ဓားစာခံလို ဖြစ်သွားရပါတယ်။ ဒါ့အပြင် စစ်အစိုးရကလည်း သံဃာ့အရေးအခင်းအကြောင်းကို ပြည်ပမှာ ပိုထက်လူပိုသိသွားမှာကို မလိုလားဘူးလေ။ တကယ်တော့ အင်တာနက်ကြောင့် သံဃာ့အရေးအခင်းက လူသိထင်ရှားဖြစ်ပြီးနေပါပြီ။ ဆရာမလေးကတော့ သူ့အနေနဲ့ ဘယ်လောက်ပဲခက်ခက် မျှော်လင့်ချက်ကို လက်လျှော့မှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

အဲဒီနောက်မှာတော့ ကျွန်မတို့အားလုံးဟာ ဂျပန်ဆိုင်တစ်ဆိုင်ကို သွားကာ ဂျပန်စာ စားလိုက်ကြပါတယ်။ ဆရာမလေးရော ညည်းလမ်းညွှန်ပါ ဂျပန်စာကို သဘောကျလွမ်းနေကြသူတွေဖြစ်ပြီး ကားဆရာကတော့ ပထမဆုံးစားဖူးပေမယ့် သဘောကျနေလေရဲ့။ ဆိုင်ထဲမှာ လူရှင်းနေတာကို တွေ့ရခိုက် ပိုင်ရှင်မစ္စကိုမာရူကာ ရှင်းပြတာကတော့ သံဃာ့အရေးအခင်းမတိုင်ခင်က ညည်းများသလောက် အခုမှာတော့ လူတွေ သိပ်မလာကြတော့ဘူးဆိုတာပါပဲ။ သူတို့ဇနီးမောင်နှံက မြန်မာပြည်ကို ၁၉၉၆ ခုနှစ်ကတည်းက ရောက်ကာ စားသောက်ဆိုင်ဖွင့်ခဲ့တာဖြစ်ပြီး တခြားဂျပန်တွေက ပြန်သွားတဲ့တိုင်အောင် သူတို့က မပြန်ဘဲ ဆက်နေခဲ့တာပါ။ သူတို့က မြန်မာတွေကို သဘောကျတာမို့ မပြန်တော့ဘူးလို့ ဆိုပါတယ်။

ဆရာမလေးက သူ သိပ်ဂုဏ်ယူတဲ့ သူ့ရဲ့ ရန်ကုန်တက္ကသိုလ်ကို ကျွန်မတို့ကို ခေါ်သွားပြပါတယ်။ ကျောင်းဝင်းထဲမှာ သစ်ပင်အိုကြီးတွေရှိနေကာ ကျွန်မတို့လည်း တကယ့်ကျောင်းပရဝုဏ်ဆိုတဲ့ အသိမျိုးကို ရလိုက်ပါတယ်။ ကျွန်မတို့လည်း ဘွဲ့နှင်းအဆောင်တစ်ဆောင်နဲ့ စာကြည့်တိုက်ကို သွားကြည့်ကြပါတယ်။ ကျောင်းသားတော့ လူမရှိသလောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



၂၀ ရာစုအစကတည်းက သမိုင်းတလျှောက်မှာ တော်လှန်ရေး မှန်သမျှ ဒီ ရန်ကုန်တက္ကသိုလ်က စခဲ့တယ်လို့ ဆိုနိုင်သလောက်ပါပဲ။ ဒါကြောင့်လည်း စစ် အစိုးရက ကျောင်းသားတွေ စုစည်းရခက်အောင် ရန်ကုန်တက္ကသိုလ်ကို မြို့ပြင်ကို ခွဲ စိတ်စဉ်လိုက်ပါတယ်။

တကယ်တော့ စုရဲ့အိမ်ဟာ တက္ကသိုလ်ရိပ်သာလမ်းမှာမို့ ရန်ကုန် တက္ကသိုလ်က နေဆို ခဲတစ်ပစ်လောက်ပဲ ဝေးပါတယ်။ ဒါပေမယ့် ကားသမားကို စုရဲ့အိမ်ဘက် မောင်းပေးဖို့ ကျွန်မ မပြောဖြစ်ခဲ့ပါဘူး။ ကားသမားက စုအိမ်ကို စောင့်တဲ့ စစ် သားနဲ့ရဲတွေကို ကြောက်နေတာလေ။ စု ရှိနေတဲ့နေရာနဲ့ အနီးဆုံးကို ရောက်ခဲ့ပေမယ့် ကျွန်မတို့မှာ စုကို 'ဟဲလို' လေးတောင် မလုပ်ခဲ့နိုင်ပါဘူး။

ကျွန်မတို့လည်း အလွန်အင်မတန် စိတ်ပျက်လက်ပျက်ဖြစ်နေမိတဲ့ကြားထဲက ပြောင်းရွှေ့သွားတဲ့ ဒဂုံတက္ကသိုလ်တဖြစ်လဲ ရန်ကုန်တက္ကသိုလ်ကို သွားဖြစ်ခဲ့ပါတယ်။ ကားနောက်ခန်းအလယ်မှာ ထိုင်ပြီး မညီမညာ အဖုအထစ် အချိုင့်အပိန်တွေများလှတဲ့ လမ်းတလျှောက် တစ်နာရီကျော်ကြာအောင် စီးပြီး လိုက်လာရတာဟာ ကိုယ့်ကိုယ်ကို ညာပြီး နှစ်သိမ့်တဲ့အတတ်ပညာကို လေ့လာနေရသလိုပါပဲ။ ကားလေးက မြို့လယ် တနေ အရှေ့မြောက်ဘက်ဆီ ဦးတည်နေပါတယ်။ ကားလမ်းရဲ့ ဘယ်ဘက်အ ခြမ်းမှာတော့ ရထားလမ်းကို တွေ့ရပါတယ်။ ကားက ဘယ်ကွေ့ကာ ရထားလမ်း ကို ကျော်ပြီး လမ်းကြားတစ်ခုထဲ မောင်းဝင်လိုက်တယ်ဆိုရင်ပဲ ကားက ဆောင့်ပြီး ရပ်သွားလေရဲ့။ လမ်းရဲ့ တစ်ဘက်တစ်ချက်မှာတော့ စပါးခင်းတွေ ရှိနေပါတယ်။ စပါးခင်းအလယ်မှာတော့ အဆောက်အအုံဖြူဖြူကြီးက မြင်ကွင်းထဲမှာ ထီးတည်းကြီး ဝင်လာပါတယ်။ ဂိတ်စောင့်က ဆရာမလေးရဲ့ မျက်နှာကို သေချာကြည့်ပြီးမှ ဂိတ် တံခါးကို ဖွင့်ပေးလိုက်ပါတော့တယ်။

ကျောင်းဝင်းရဲ့ အတွင်းအကျဆုံးနေရာက တောင်ကုန်းတစ်ခုပါ။ အဲဒီ[illegible] တွေရဲ့ အဆုံးမှာတော့ တိုင်လုံးဖြူဖြူတွေနဲ့ အဆောက်အဦ ရှိနေပါတယ်။ တိုင်လုံးတွေနောက်က အဆောက်အဦကို တွေ့ရတာ နန်းတော်လိုလို [illegible] ဝရိတ ပါသီနန်းလေလားပေါ့။ ပင်မအဆောက်အဦရဲ့ ဘေးတစ် [illegible] ကျောင်းစာသင်ခန်းတွေ အများကြီး ရှိနေပါတယ်။ ကြည့်ရတာ ဘယ်ဘက်ခြမ်းကနေ ညာဘက်ခြမ်းမှာရှိတဲ့ စာသင်ခန်းတွေဆီ လျှောက်ရရင် အ [illegible] အတော်ကြာမယ့်ပုံပါပဲ။

ဒီနေရာမှာ ဂျပန်တက္ကသိုလ်တွေလို အိုင်တီ၊ စာကြည့်တိုက်၊ အားကစားခန်းမ၊ ၂၄ နာရီ ဈေးဆိုင်၊ အခမဲ့ကျောင်းကားဆိုတာမျိုးတွေ ပံ့ပိုးမယ်ဆိုရင်တောင် ဘယ် ကျောင်းသားမှ လာတက်ချင်ပုံ မရပါဘူး။



ကျောင်းပရဝုဏ်အပြင်မှာတော့ အအေးဆိုင်တချို့ကို တွေ့ခဲ့ရပါတယ်။ ကျောင်း ဝင်းထဲမှာ ဘာဆိုင်မှ မတွေ့မိလေတော့ ကျောင်းသားတွေဟာ ကျောင်းဆောင်လည်း မရှိ၊ ဈေးဆိုင်လည်း မရှိဘဲ ဘယ်လိုများ ကျောင်းတက်နေသလဲဆိုတာ မတွေး တတ်အောင်ပါပဲ။ ကျွန်မက တက္ကသိုလ်ဆရာမတစ်ယောက်ရေးတဲ့ ဆောင်းပါး တစ်ပုဒ်ကို ဖတ်ခဲ့ဖူးတာမို့ သတိရမိပါတယ်။ ကျောင်းဆောင်မှာ နေဖို့အတွက် သူ ဟာ စာအုပ်စာတန်းတွေအပြင် ထမင်းဟင်းချက်စရာ အိုးခွက်တွေကိုပါ ယူလာခဲ့ ရပါသတဲ့။ သူက အဲဒီဒုက္ခတွေကို ခံနိုင်ပေမယ့် သွားရေးလာရေး အဆင်မပြေ တာကိုတော့ မခံနိုင်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် သူ့ကျောင်းသားတွေက သူတို့ရဲ့ ဆိုင်ကယ်နောက်ခုံမှာ သူ့ကို တင်ခေါ်ပေးရင် ကံကောင်းလှချည့်လို့ တွေးနေမိ ပါသတဲ့။

'ကျွန်မက ဝန်ထမ်းဆိုတော့ ဘာမှ မပြောချင်ပါဘူး။ ဒါပေမယ့် ကျောင်းသား တွေကတော့ ကျောင်းကို သိပ်မလာချင်ကြဘူးလေ။ ဒါကြောင့် တစ်နေ့ထက်တစ်နေ့ ကျောင်းလာတက်တဲ့သူက နည်းနည်းသွားပါတယ်။ နောက်တစ်ခုကတော့ ဒီလိုအ ခက်အခဲတွေကို ကျော်လွှားပြီး ဘွဲ့ရတဲ့အခါမှာလည်း အလုပ်လက်မဲ့က ဖြစ်နေပြန် ပါတယ်။ ဒီလိုနဲ့ လူငယ်လေးတွေက တရားမဝင်ဈေးကွက်အလုပ်တွေကို လုပ်ဖြစ် သွားကြလေရဲ့' လို့ ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန်က ရှင်းပြပါတယ်။ သူကတော့ ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ခွင့်ရခဲ့တဲ့ ကံထူးရှင်ပေါ့။ သူ့အသက်က ၃၀ ကျော်ပေမယ့် ရံဖန်ရံခါ စကားပြန်အလုပ်လေး ရတာကလွဲရင် ဘာအလုပ်မှ မရှိရှာ ပါဘူး။

ကျွန်မလည်း စစ်အစိုးရရဲ့ အမြော်အမြင်ကို အံ့သြမိပါတယ်။ ပညာရေးဆိုတာ ပုဂ္ဂလိကပြဿနာမျိုး မဟုတ်ဘဲ အနာဂတ်နိုင်ငံတော်အတွက် စိတ်ခွန်အားကို မြှင့် တောင်နေတာလို့ နားမလည်ရဲ့လားလို့လည်း တွေးနေမိပါတယ်။

## (၆) ရှေးခေတ်မြို့တော် ပုဂံ

ကျွန်မတို့လည်း ဟော်တယ်ကနေ မနက် ၅ နာရီကတည်းက ထွက်ပြီး အ လည်ခရီးကို စလိုက်ပါတယ်။ ကျွန်မတို့ကားက မီးပွိုင့်တစ်ခုမှာ ရပ်လိုက်တဲ့အခါမှာ တော့ မထင်မှတ်ပဲ ဖိနပ်မပါတဲ့ကလေးတစ်သိုက်က ကားနားကို ထမ်းလာ[illegible] သစ်ခွပန်းတွေ လာရောင်းပါတယ်။ ကျွန်မတို့လည်း ရှုရှုမှာ အခုလိုပဲ [illegible] ဘွားခနဲ ပေါ်လာပြီး ကားမှန်ဆေးပေးဖို့နဲ့ ပစ္စည်းတစ်ခုခု ရောင်းဖို့ကြိုးစားတဲ့ ကလေးတွေကို သတိရသွားမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံလေဆိပ်ကတော့ ပုံပြင်ထဲက မြို့တော်ရဲ့ အဝင်ဝပဲပေါ့။ လေဆိပ်က မြို့ထဲသွားတဲ့ လမ်းတလျှောက်မှာတော့ ရေတာမာပင်တွေ စီတန်းစိုက်ထားလေရဲ့။ အဲဒီအပင်ရဲ့ အရွက်တွေက သွားကိုက်ပျောက်စေတယ်လို့လည်း သိရပါတယ်။ ကျွန်မတို့လည်း နေ့လည် ၁၂ နာရီမှာ ညောင်ဦးဈေး ပိတ်မှာမို့ ဈေးမပိတ်ခင်မှီအောင် သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ညောင်ဦးဟာ ရှေးယခင်နှစ်များစွာကတည်းက လမ်းယန်းဆက်သွယ်မှု အချက်အချာကျပြီး ကုန်ဖလှယ်တဲ့ နေရာဖြစ်ခဲ့ပါတယ်။ ဈေးထဲမှာ ရောင်းနေတာတွေက အမယ်စုံလွန်းလို့ ကျွန်မတော့ အံ့တောင်သြမိပါတယ်။ ဈေးအရှေ့ဘက်မှာလည်း တခြားလမ်းဘေးဈေးသည်တွေ အများကြီး ရှိနေလေရဲ့။

ဈေးအတွင်းမှာလည်း ဆိုင်ခန်းတွေက အတန်းလိုက် အများကြီးမို့ ဒီနိုင်ငံမှာ အငတ်ဘေးဆိုတာ သိမှ သိပါလေစလို့ မေးရမလိုပါ။ တကယ်တော့ ၁၉၆၂ ခုကတည်းက စစ်အာဏာရှင်လက်အောက်မှာ ရှိနေခဲ့ပေမယ့် တော်လှန်ပုန်ကန်မှုတွေ သိပ်မရှိခဲ့တာဟာ ဒါကြောင့်ပဲ ဖြစ်မယ်ထင်ပါတယ်။ လူတွေက မြောက်ကိုရီးယားမှာလို သိပ်မငတ်ကြတော့ အေးဆေးနေတယ် ထင်ပါရဲ့။

၂၀၀၈ မှာ ကွယ်လွန်ခဲ့တဲ့ စာရေးဆရာမကြီး လူထုဒေါ်အမာက သူ့စာအုပ်တစ်အုပ်ထဲမှာ ၁၉၆၉ ခုနှစ်က ပုဂံဈေးကို သွားခဲ့တဲ့အကြောင်း ရေးထားတာ ဖတ်ရဖူးပါတယ်။ အဲဒီအချိန်က သူတို့အုပ်စုဟာ လူ ၂၀ လောက်ပါပြီး တည်းစရာနဲ့ စားစရာနေရာတွေ အတော့်ကို ရှားပါးခဲ့တယ်လို့ ဆိုထားပါတယ်။ သူတို့ဘုရားဖူးအဖွဲ့က ပုဂံမှာ အစားအသောက်ဈေးဝယ်ထွက်တဲ့အကြောင်းကို ရေးထားတာပါ။ ပုဂံဈေးက သေးပေမယ့် အစားအသောက်တွေက လတ်ဆတ်သလို အရည်အသွေးကောင်းသလောက် ဈေးချိုနေတာကို သူတို့က အံ့သြခဲ့ကြကြောင်းပါ။ အဲဒီထဲမှာမှ ဈေးသည်တွေအနေနဲ့ ဈေးဝယ်တွေကို သူတို့ရဲ့ ကုန်ပစ္စည်းအရည်အသွေးကိုဖြစ်ဖြစ် ဈေးနှုန်းကိုဖြစ်ဖြစ် ညာဝါးပြီး မရောင်းတာကို သဘောအကျဆုံးလို့ ရေးထားတာပါ။

ဒေါ်အမာက အစားအသောက်တွေ အထားခံအောင် မလုပ်တတ်တဲ့ နေရာတွေမှာ လတ်ဆတ်မှုဟာ အရေးကြီးတဲ့အတွက် အစားအစာတွေကို ရွေးတဲ့အခါ အနီးအနားဒေသက အစားအစာမို့ အဲဒီလိုအစားအစာတွေကို ရွေးဝယ်ဖြစ်ကြတယ်လို့ ရေးပါတယ်။ အိမ်ရှင်မတွေအနေနဲ့ အဲဒီလိုရွေးတတ်တာမျိုးရယ်၊ ဈေးမများဘဲ အရည်အသွေး မညံ့အောင် ရွေးတတ်တာမျိုးရယ်ဟာ အရည်အချင်းတွေပါလို့လည်း ဆိုပါတယ်။ ကျွန်မကလည်း အခုအချိန်အထိ ရောဝတီမြစ်ကြီးကို ကြည့်ရင်း စားခဲ့ရတဲ့ နေ့လည်စာနဲ့ ရုပ်သေးပွဲကြည့်ရင်း စားခဲ့ရတဲ့ ညစာတွေကို မမေ့နိုင်



သေးပါဘူး။ ဒါဟာ လတ်ဆတ်တဲ့ အသားအရွက်တွေနဲ့ ချက်ထားလို့ ဖြစ်မှာပါ။

ပုဂံမှာ တစ်နေကုန်လည်တယ်ဆိုပေမယ့် ဒီလိုသမိုင်းဝင်နေရာအတွက် အချိန်မလောက်ပါဘူး။ ၄၂ စတုရန်းကီလိုမီတာအကျယ်အဝန်းရှိတဲ့ ပုဂံမြေပေါ်မှာ လွန်ခဲ့တဲ့ ၁၁ ရာစုကနေ ၁၃ ရာစုအတွင်း တည်ထားခဲ့တဲ့ စေတီပုထိုးတွေနဲ့ ဘုရားတွေကို ကြည့်ရှုလေ့လာရတာ အနည်းဆုံး တစ်ပတ်လောက် ကြာမှ ရမယ် ထင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန်က တော်လေတော့ အရေးကြီးတဲ့နေရာတွေကိုတော့ ရောက်သွားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် လေးထောင့်စပ်စပ်တည်ထားတဲ့ အာနန္ဒာစေတီကို အမှတ်မိဆုံးပါပဲ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်မုခ်လေးမုခ်တိုင်းမှာ ၉.၂ မီတာ အမြင့်ရှိတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ရှိနေပါတယ်။ အဝင်ဝမှာကတည်းက မြင်နိုင်သလို အနီးကပ်ဖူးတော့လည်း တစ်မျိုးတွေ့ရပါတယ်။ မျက်နှာတော်တွေက တစ်ခုနဲ့တစ်ခု သိပ်မတူလှပါဘူး။ အနီးကပ်ကြည့်ရင် ပြုံးတော်မူနေတဲ့ပုံကို ဖူးနိုင်တာမို့ ရုပ်ပွားတော်ကိုယ်တော်တိုင်က အဝေးမသွားနဲ့ဦးလို့ တားနေသလိုလို ထင်ရစေတာကိုးနော်။ ဒီလိုအေးချမ်းတဲ့ အပြုံးနဲ့ ကြင်နာမှုတွေဟာ ဗုဒ္ဓထံကချည်း မဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်တွေထံကနေပါ ရနေတယ်လို့ ကျွန်မတော့ မြင်မိလေရဲ့။

အဲဒီတုန်းက မမျှော်လင့်တဲ့ကိစ္စတစ်ခုလည်း ဖြစ်ခဲ့ပါသေးတယ်။ ရန်ကုန်လေဆိပ်မှာကတည်းက အင်မတန်ဝတဲ့ ဂျာမန်တစ်ယောက်နဲ့ သူ့မိန်းမပိန်ပိန်သေးသေးလေးတို့ကို ခင်မင်မိပြီး သူတို့ကို ပုဂံမှာ ဟိုဟိုဒီဒီ တွေ့ခဲ့မိပါတယ်။ ရွှေဝါရောင်သံဃာ့အရေးအခင်းအပြီးမှာ နိုင်ငံခြားသားတွေက မြန်မာနိုင်ငံကို သိပ်မလာကြတော့ပါဘူး။ ဒါပေမယ့် အာနန္ဒာစေတီထဲက စကြံန်တွေကြားမှာ ရုရှားဘာသာစကားသံတွေကတော့ စည်စည်ညံလို့ပါပဲ။ သူတို့အုပ်စုက လူ ၅၀ လောက်ရှိပြီး လူလတ်ပိုင်းနဲ့ အသက်ကြီးပိုင်းတွေ များပါတယ်။ သူတို့ကြည့်ရတာ ဒီမှာ ရုရှားဘာသာစကားသင်ပေးမယ့်သူတွေ ထင်ပါရဲ့။ ကျွန်မခင်ပွန်းက သူဟာ နောက်နှစ်ဆန်းမှာ မော်စကိုကို သွားမယ်ဆိုတော့ ရုရှားအမယ်အိုတစ်ယောက်က သူဟာ မြန်မာပြည်မှာ ပျော်နေကြောင်း သူ့သားသမီးတွေကို ပြောလိုက်ပါလို့ဆိုကာ သူ့အိမ်လိပ်စာကိုတောင် ပေးပါတယ်။

သူတို့က ရုရှားဘာသာစကား အသင်ကောင်းချင်ကောင်းမှာပေါ့။ ဒါပေမယ့် ဒီလိုအရွယ်အိုတစ်ယောက်က ဒီလောက်ပူတဲ့နေရာမှာ လာနေတာ ဘယ်လောက်နားလည်ရခက်ပါသလဲ။ ကျွန်မ မှတ်မိနေတာကတော့ ရုရှက လက်နက်တွေကို မြန်မာက အားပေးနေတာ သိနေပါတယ်။ မြန်မာ့တပ်မတော်ကလည်း ရုရှကို

www.burmeseclassic.com

www.burmeseclassic.com



စစ်သင်တန်းတွေ လွှတ်နေပါတယ်။ ကျွန်မ သိထားတာက ရှုရှဟာ အော်ဝဲလ်ရဲ့ နာမည်ကျော်စာအုပ်တွေထဲကအတိုင်း ဖြစ်နေပြီး ဒီလိုအနေအထားမှာ မြန်မာက အဲဒီအနေအထားထဲကို တိုးဝင်နေသလိုပါ။

ကျွန်မတို့ရဲ့ ညှော့လမ်းညွှန်က ယွန်းလုပ်ငန်းဆိုင်တစ်ဆိုင်ဆီ ခေါ်သွားပါတယ်။ အမျိုးသမီးလေးတချို့က ယွန်းထိုးနေကြတာမှာ ဘာကိုးကားစာအုပ်မှ မပါပါဘူး။ ဒီအတိုင်း ကြမ်းပေါ်မှာ ထိုင်ထိုးနေကြတာပါ။ သူတို့က လက်တန်းထိုးနိုင်ကြမယ့် အရွယ်တွေကတော့ ခပ်ငယ်ငယ်လေးတွေပါ။ ယွန်းဟာ အစကနေ အဆုံးထိ လက်နဲ့ လုပ်ရတဲ့ လက်မှုအနုပညာပစ္စည်းတစ်ခုပါပဲ။

ကျွန်မက အမှတ်တရပစ္စည်းတစ်ခုဝယ်တိုင်း ခင်ပွန်းသည်က မျက်မှောင်ကြုတ်လေရဲ့။ 'ငါတို့ နှစ်ယောက်တည်း နေကြတာ ဘာဖြစ်လို့ ပစ္စည်းတွေအများကြီးလိုမှာလဲ' 'ဒါတွေကို ဘယ်လိုသယ်သွားကြမှာလဲ'စသဖြင့် သူက မြည်တွန်တောက်တီးပါတယ်။ မိန်းမဆိုတာ ဆိုင်ရောက်လို့မှ မဝယ်လိုက်ရရင် အပြစ်မကင်းသလို ခံစားရတတ်တာကိုးနော်။ ယွန်းခွက်လေးတစ်ခုက လုံးလုံးဝန်းဝန်းလေးနဲ့ သဘောကျစရာပါ။ လက်နဲ့လုပ်ရတဲ့အတွက် ဒီလောက် ပုံစံကျဖို့ကလည်း မဖြစ်နိုင်သလိုပါ။ ဒီခွက်လေးကို ဝါးနဲ့လုပ်တာ မဟုတ်ဘဲ မြင်းမွီးနဲ့ လုပ်တာပါတဲ့။ ယွန်းလေ့ကျင့်မှုကိုတော့ ဂျပန်က ပညာရှင်တွေဆီက သင်ခဲ့တာလို့ ဆိုပါတယ်။

ကျွန်မတို့က ဘယ်ကိုပဲသွားသွား ဧရာဝတီမြစ်ကမ်းဘေးက လမ်းကို ရွေးပြီး သွားပါတယ်။ မြင်းကပါကို ဖြတ်သွားတဲ့အခါမှာတော့ မြို့ပြနဲ့ အလှမ်းဝေးတဲ့ ရွာအငွေ့အသက်ကို သတိထားမိလေရဲ့။

ကျွန်မတို့ဟာ ပုဂံနေပြည်တော်သမိုင်းကို လေ့လာမိသလို ရှင်အရဟံကြောင့် ဒီနေရာမှာ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားခဲ့ကြောင်းလည်း သတိပြုမိပါတယ်။ ဒါ့အပြင် မြင်းကပါမှာ မွန်ဘုရင်မနူဟာက ၁၀၅၉ ခုနှစ်မှာ တည်ထားတဲ့ ဘုရားကို ဖူးမြော်ခွင့်ရတဲ့အခါမှာတော့ ပုဂံအကြောင်း ပိုပြီး သိလာရပါတယ်။

မြစ်တလျှောက်မှာ အိမ်အသစ်တွေ အများကြီး တွေ့ရပေမယ့် လူမရှိသလိုပဲ ခံစားရပါတယ်။ မြင်းတဝါရွာထဲမှာတော့ ဈေးဆိုင်တချို့ကို တွေ့လိုက်ရပါတယ်။ ဆိုင်တွေမှာ အမျိုးသားတချို့က ကျားထိုးနေလေရဲ့။ ဒါ့အပြင် အိမ်ဟောင်းတွေထဲမှာ လူတွေ လှုပ်ရှားသတ်ဝင်နေတာကိုလည်း သတိထားမိတော့ ကျွန်မက အိမ်အသစ်နဲ့ အဟောင်းရဲ့ ကွာခြားမှုတွေကို သတိထားကြည့်ခဲ့ဖြစ်ပါတယ်။

ပုဂံမှာ ဟိုးအရင်က ဘုရားပျက်အကြီးအကြားတွေထဲထိ လူတွေက နေခဲ့ကြပြီး စစ်အစိုးရတက်ပြီးကာမှ လူတွေကို ဘုရားတွေနဲ့ ဝေးတဲ့နေရာဆီ ရွှေ့ပြောင်းပေးခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အိမ်အသစ်တွေဟာ အသက်မဝင်တာပါ။ နေရာအသစ်မှာ စိုက်ခင်းတချို့ရှိသလို တည်းခိုခန်းတချို့လည်း ရှိပါတယ်။ ရွှေ့ခဲ့တုန်းက လူငါးသောင်းကျော် ရွှေ့ခဲ့တာဖြစ်ပြီး သစ်ပင်ရယ်လို့ ဟုတ်တိပတ်တိ မရှိတဲ့နေရာကို ပြောင်းရွှေ့ခိုင်းခဲ့တာ ဖြစ်ပါတယ်။ ပုဂံမြို့ဟောင်းကို ရှေးဟောင်းမြို့တော်အဖြစ် သတ်မှတ်ပြီး လူနေအိမ်တွေ မရှိအောင် လုပ်ခဲ့တာပါ။ အခမ့ရွှေ့ပြောင်းမှုအတွက် နစ်နာကြေးကလည်း မဖြစ်စလောက်လေးပဲ ဖြစ်ပါသတဲ့။

ပုဂံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေအတွက် မြို့တော်အဖြစ် ပြန်တည်ဆောက်မယ်ဆိုတော့လည်း စစ်အစိုးရက ပုဂံသူပုဂံသားတွေကိုပဲ အခမဲ့လုပ်အားပေးခိုင်းစေခဲ့ပြန်ပါတယ်။ အဲဒီအချိန်က စစ်အစိုးရရဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးကပဲ အဲဒီလုပ်အားပေးစီမံကိန်းကို တာဝန်ယူကြီးကြပ်ခဲ့တယ်လို့ ဆိုပါတယ်။ လုပ်အားမပေးနိုင်တဲ့အိမ်တွေကတော့ ငွေကြေး ထည့်ဝင်ရပါတယ်။ အဲဒီလို ဒေသခံတွေက ချွေးနဲ့ရင်းပြီး လုပ်အားပေးခဲ့တဲ့အတွက် ရလာဒ်ကတော့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ရှိသူတွေက အိမ်အသစ်တွေကိုယ်စီ ရသွားကြခြင်းပါပဲ။ ဒေသခံတွေအပြောအရတော့ အဲဒီလိုအိမ်ရသွားသူတွေက သိပ်ပြီး ထောင်ထောင်ထောင်ထောင်တော့ မနေရဲကြဘူးလို့ ဆိုပါတယ်။ သူတို့ မဟုတ်တာ လုပ်ခဲ့ကြောင်း သိတဲ့အတွက် တစ်ခုခု တုံ့ပြန်မှာကို စိုးရိမ်တဲ့အနေနဲ့ တိတ်တိတ်ပဲ နေကြပါသတဲ့။

ညနေခင်းမှာတော့ ကျွန်မတို့က ဧရာဝတီမြစ်ထဲမှာ လှေသွားစီးကြပါတယ်။ ခြောက်သွေ့တဲ့ရာသီမို့ မြစ်ရေက တိမ်နေပါတယ်။ မြစ်ထဲမှာလည်း သောင်တွေ ထွန်းနေလေရဲ့။ လူနေတဲ့ ကမ်းပါးတွေဟာ ရေမျက်နှာပြင်အထက်ကို ၄-၅ မီတာလောက်ပဲ မြင့်ပါတယ်။ ကမ်းပါးကို တောင့်တင်းခိုင်မာအောင် လုပ်နေတာမျိုးကိုလည်း လုံးဝမတွေ့ရပါဘူး။ သူတို့ ပြောကြတာက မိုးရာသီဆိုရင် ရေက တမ်းပါးနားထိ တက်လာပါတယ်တဲ့။ ဒီတော့ ကမ်းပါးက စိုက်ခင်းတချို့လည်း ရေအောက်မြုပ်ကုန်ရောဆိုပါတော့။

ဒေသခံတွေက မြစ်ဘေးမှာနေကြပြီး မြစ်ရဲ့ အကျိုးကျေးဇူးကို ခံစားရပါတယ်။ သူတို့အနေနဲ့ မြစ်ဘေးမှာ ဘယ်လိုအကောင်းဆုံးနေလို့ ရတယ်ဆိုတာကိုလည်း သိထားပုံ မရကြပါဘူး။ မြစ်ထဲကို ရောက်သွားတဲ့အခါမှာတော့ ကျွန်မတို့လည်း စိတ်အေးချမ်းသက်သာသွားပါတယ်။ ကျွန်မ တွေးလိုက်မိတာက မြန်မာတွေလည်း ဒီလိုပဲ အများလုပ်သူတွေကို သဘာဝကျကျ မကျကျ ဒေါသတွေကို မျှော်ပြီး ခွင့်လွှတ်လိုက်သလားလို့ပါ။

မြစ်ပြင်ပေါ်မှာတော့ ဆည်းဆာနေလုံးနီနီကြီးရဲ့ အရောင်အလင်းက ကြိုက်ပုံအ



www.burmeseclassic.com

www.burmeseclassic.com



ရစ်အရစ်ထလို့ ကျနေပါတယ်။ မြစ်ထဲမှာတော့ ထမိန်ရင်လျားနဲ့ အမျိုးသမီးတစ်ယောက်ဟာ နေကို ကျောခိုင်းပြီး ခေါင်းလျှော်နေလေရဲ့။ သူ့ရဲ့ အရိပ်က မြစ်ရေပြင်ပေါ်မှာ လှတပတကို ထိုးကျနေပါတယ်။ နတ်ဘုရားတွေက ဖန်ဆင်းထားသလိုကို လှတဲ့ ရှုခင်းပါပဲနော်။ ရေလယ်မှာ မော်တော်က စက်ကို ရပ်ပေးလိုက်ပါတယ်။ ကျွန်မတို့နှစ်ယောက်သားလည်း တောင်စွယ်တောင်တန်းတွေနောက်ကို ဝင်လုဆဲဆဲနေရောင်အောက်မှာ တိတ်ဆိတ်မှုကို အရသာခံရင်း လက်ချင်းချိတ်ကာ ဆုတောင်းလိုက်ကြပါတယ်။

## (၇) ပုဂံမှ မန္တလေးသို့

ပုဂံကနေ မန္တလေးကို လေယာဉ်နဲ့သွားတော့ နာရီဝက်ပဲ ကြာပါတယ်။ လေယာဉ်မဆိုက်ခင်ကတည်းက တောတောင်သစ်ရိပ်တွေကို လှမ်းမြင်နေရပါတယ်။ ဘုရားပုထိုးတွေကိုလည်း မြင်နေရပါတယ်။ ရှိပြီးသားသစ်တောတွေကို ဖျက်ကာ တည်ဆောက်ရမှာဘဲလို့ တွေးမိတော့ ဘယ်လိုများ အကြံကောင်းလို့ ဆိုနိုင်မှာပါလိမ့်ဆိုပြီး စဉ်းစားလိုက်မိပါသေးတယ်။ ခပ်ကြောင်ကြောင် တွေးတယ်ပဲဆိုဆို ထုကြီးထည်ကြီး စေတီပုထိုးတွေကို တည်ဆောက်ရာမှာ သစ်ပင်တွေကို ခုတ်ပစ်ရမှာဖြစ်သလို လူတွေကိုလည်း ခိုင်းစေရမှာမို့ ကုသိုလ်ရမှ ရပါလေစလို့ တွေးမိပါတယ်။ အဲဒီလို ကုသိုလ်ရဖို့ ဘုရားတည်တယ်ဆိုပြီး သစ်ပင်တွေ ခုတ်ကာ လူတွေကို အမှုခိုင်းခဲ့သူတွေဟာ အခုဆို ဘယ်ငရဲမှာများ ငိုနေကြပါလိမ့်လို့ ကျွန်မက တွေးမိတာပါ။

ပါမောက္ခတိုရှုအိုနီက 'မြန်မာလူ့အဖွဲ့အစည်းနှင့် ယင်း၏တန်ဖိုး' ဆိုတဲ့ စာအုပ်ထဲမှာ ပုံဂံနားကလူတွေအနေနဲ့ ညောင်ဦးနဲ့ပုဂံကြားက နေရာရဲ့ အောက်ဖက် ၂၄ ယူဇနာအနက်မှာ ငရဲရှိနေတယ်လို့ ယုံကြသတဲ့။ (တစ်ယူဇနာကို ၈ ကီလိုမီတာရှိပါ တယ်။) ဒါကြောင့် ကျွန်မက ပုဂံမှာ လျှောက်လည်နိုက် ကျွန်မ ရပ်နေတာ ဘယ်ငရဲပေါ်မှာပါလိမ့်လို့ တွေးမိတတ်ပါတယ်။

ကျွန်မတို့ မန္တလေးကို ပြန်ခဲ့ကြပါတယ်။ မန္တလေးလေဆိပ်ကို တရုတ်တွေက ဆောက်ပေးတယ်လို့ ကျွန်မတို့ရဲ့ ဧည့်လမ်းညွှန်က ပြောပါတယ်။ မန္တလေးဆိုတာ အချက်အချာနေရာမို့ ဒီမှာ လေဆိပ်လာဆောက်ပေးတာ သိပ်အမြော်အမြင်ကြီးတဲ့ စိတ်ကူးပေါ့။ ကျွန်မတို့နဲ့ သိတဲ့ လားရှိုးသူလေးတစ်ယောက်က လွန်ခဲ့တဲ့ ၁၀နှစ်က ပြောခဲ့ဖူးတာကို သတိရမိပါတယ်။ 'လားရှိုးမှာ တရုတ်စကား မတတ်ရင် နေလို့မဖြစ်ဘူး။ ဒီမှာက တရုတ်တွေချည်း ကြီးစိုးနေတာ' လို့ ပေါ့။



## (၈) အမရပူရ

ကျွန်မတို့က မန္တလေးကို ရောက်ပေမယ့် အမရပူရကို အရင် သွားလည်ကြပါတယ်။ အမရပူရဟာ ၁၇ ရာစုအင်းဝခေတ်ရဲ့ မြို့တော်ပါ။ ရှေးခေတ်က အကြွင်းအကျန်ရယ်လို့ ဟုတ်တိပတ်တိ မရှိတော့ပေမယ့် မဟာဂန္ဓာရုံနဲ့ ဦးပိန်တံတားကတော့ အထင်ကရ ကျန်ပါတယ်။ ဒီမြို့က ချည်ထည်လုပ်ငန်းလည်း အတော်ကြီးနာမည်ကြီးတာကိုး။

ဦးပိန်တံတားကတော့ လွန်ခဲ့တဲ့ နှစ် ၁၆၀ က ဆောက်ခဲ့တဲ့ တံတားအိုကြီးပါ။ မြို့တော်ကို အမရပူရကနေ မန္တလေးကို ရွှေ့တဲ့အခါ မြို့ခံကြီးဦးပိန်က တောင်သမန်အင်းကို ဖြတ်ကာ ၁.၂ကီလိုမီတာ ရှည်လျားတဲ့ ဒီတံတားကြီးကို ကျွန်းတိုင်ပေါင်း ၁၀၈၀တိုင်နဲ့ တည်ဆောက်ခဲ့ပါတယ်။ တံတားပတ်ဝန်းကျင်က ရှုမျှော်ခင်းတွေက လှမ်းမောစရာ လှလွန်းတာမို့ ကျွန်မတို့လည်း အငေးသားပါပဲ။ အဲဒီအချိန်မှာ တံတားအောက်က အင်းထဲမှာ ရေခန်းပြီး ကျဲကျောင်းနေတဲ့ မိသားစုထဲက အမျိုးသမီးတစ်ယောက်ရဲ့ သီချင်းညည်းသံကို သာယာနာပျော်ဖွယ်ရာ ကြားလိုက်ရပါတယ်။ ဒီရှုခင်းကတော့ တစ်ကမ္ဘာလုံးက သဘောကျတဲ့ ရှုခင်းပါလေ။

ကျွန်မတို့ ချည်ထည်ဆိုင်တွေဘက် လှေ့လာဖို့ ခရီးဆက်ခဲ့ကြပြန်ပါတယ်။ ကျွန်မတို့ ကျိုတိုမှာရှိတဲ့ နီရှိဂျင်းပိတ်စထုတ်လုပ်ရေးကို လေ့လာသလိုမျိုး ဖြစ်မလားလို့ မျှော်လင့်မိပေမယ့် တဲလေးထဲမှာ ရှိနေတာက သစ်သားယက်ကန်းစင်လေးနှစ်စင်ပါပဲ။ အမျိုးသားတစ်ဦးက အပေါ်ပိုင်းဗလာကျင်းပြီး ယက်ကန်းခတ် နေတာကို တွေ့လိုက်ရပါတယ်။ အမျိုးသမီးလေးနှစ်ယောက်ကတော့ သူတို့စိတ်ထဲ မှတ်ထားတဲ့အတိုင်း အဆင့်တွေ ပေါ်လာအောင် လွန်းတွေကို ဘယ်ညာစည်းချက်ညီ ယက်ဖောက်နေလေရဲ့။ သူတို့ကြည့်ရတာ ကျွမ်းကျင်လွန်းလှပါတယ်။

တဲရဲ့ မျက်နှာချင်းဆိုင်မှာတော့ အထည်တွေရောင်းတဲ့ အုတ်တိုက်ဆိုင်လေးတစ်ဆိုင် ရှိနေပါတယ်။ နိုင်ငံခြားသူတွေက ထမိန်တစ်ကွင်းပြီးတစ်ကွင်း ဖြန့်ကြည့်ပတ်ကြည့်ပြီး ပြန်ချထားတာတွေနဲ့ မှန်ဘီရိုလေးက ရှုပ်ပွနေလေရဲ့။ ဆိုင်အတွင်းဘက်က ဘီရိုထဲမှာတော့ ပိုးထည်တချို့ကို တွေ့ရပြီး အဲဒီမှန်ဘီရိုရှေ့မှာတော့ အချိန်ကို ဘယ်လိုဖြုန်းရမှန်း မတွေးတတ်သလိုရှိနေတဲ့ အမျိုးသားအုပ်စုကို တွေ့ရပါတယ်။

ဒီမှာ အထည်တွေကို ဂရုတစိုက်ရှိုပုံဟာ ညောင်ဦးဈေးထဲက အထည်ဆိုင်တွေရဲ့ သူတို့ရောင်းကုန်ကို ဂရုစိုက်ပုံထက် အများကြီး သာတာကို သတိထားမိပါတယ်။ ညောင်ဦးဈေးထဲက အထည်တွေက သိပ်အရည်အသွေး မကောင်းလှတာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိပါတယ်။ ဈေးတွေကလည်း ကွာတာကိုး။ ဒီအမေရိကမှာ ဈေးက ပို များတယ်လေ။ ကျွန်မရဲ့ ခင်ပွန်းကတော့ ဈေးဝယ်တာကို စိတ်တိုတတ်သူမို့ 'ခင်ဗျား ဒေါ်လာ ၇၀ ဖိုး ဝယ်မှာကို အချိန်ဘယ်လောက်ကြာကြာ သုံးနေမှာလဲ' လို့ ပြောလေရဲ့။ ဒါပေမယ့် သူကလည်း ရှုရှက အရည်အသွေးနိမ့်ပစ္စည်းတွေကို ဝယ်တာပဲလေ။ အဲဒီလို ပြောရင်တော့ နိုင်ငံထဲကို ငွေတွေ ရောက်သွားတာ ကောင်း တယ်လို့ ဆင်ခြေပြောပြောဦးမှာ။ ဒီတော့ ကျွန်မကလည်း ကျွန်မတို့ရဲ့ ငွေတွေဟာ ရုရှနိုင်ငံထဲကလူတွေ ရသွားမှာမို့ ဈေးဝယ်နေတာပေါ့လို့ ပြန်ချေရတာပ။ တကယ်တော့ ညောင်ဦးဈေးကနေ ဝယ်လာခဲ့တဲ့ အထည်တွေက အရည်အသွေး ညံ့တာကြောင့် ဘယ်သူ့ကိုမှ လက်ဆောင်မပေးနိုင် ဖြစ်ရပါတယ်။ ဈေးရောင်းတဲ့အမျိုးသမီးက အပြောကောင်းသူမို့ ဘယ်သူ့ကိုမှ မပေးဖြစ်ဘဲ ကျန်နေတဲ့ အထည်တွေမြင်တိုင်း အပြောကောင်းတဲ့ ဆိုင်ရှင်အမျိုးသမီးကို သတိရနေမိပါတော့တယ်။

## (၉) မန္တလေး

ကျွန်မတို့ မန္တလေးကို ကားနဲ့ ပြန်လာခဲ့ကြပါတယ်။ ကျွန်မတို့ နေ့လယ်စာစား တဲ့နေရာကနေ မြင်နေရတာကတော့ မန္တလေးက ပုဂ္ဂလိကဆေးရုံတစ်ရုံပါပဲ။ အဲဒီမှာ အလုပ်လုပ်တဲ့ ဆရာဝန်တွေရဲ့ ဘွဲ့တွေကိုလည်း ဆိုင်းဘုတ်မှာ ရေးထားပါတယ်။ ဆေးရုံရှေ့မှာ လူလည်း မတွေ့ရဘဲ သန့်ရှင်းနေတာမို့ လူချမ်းသာတွေ တက်တဲ့ဆေး ရုံလို့ပဲ ထင်မိပါတယ်။

ကျွန်မ တွေ့ဖူးတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ အခြားနားကြီး ခြားနားနေတာတို့ တွေ့ရတာပေါ့။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ ဝင်ပေါက်မှာဆိုရင် လမ်းဘေးဈေး သည်တွေကလည်း ပြည့်လို့။ ဖန်းသည်တွေ၊ အစားအသောက်ရောင်းသူတွေ၊ အသုံး အဆောင်ရောင်းသူတွေသာမက ဧည့်သည်တွေနဲ့ပါ အမြဲစည်ကားနေတာကို တွေ့ရ တာမို့ အဲဒါမှ ရှုင်သန်နေတဲ့ ကမ္ဘာတစ်ခုလို ထင်မိပါတယ်။

ကျွန်မတို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးထဲကို ဝင်သွားခဲ့ဖူးတဲ့ အတွေ့အကြုံ တိုလည်း သတိရမိပါတယ်။ ကျွန်မတို့က ဂိတ်က အပေါက်စောင့်ကို ငွေပေးပြီး ဆေးရုံအပေါ်ထပ်ထိ တက်သွားတာပါ။ ဆေးရုံအဆောင်တွေဟာ ဟောင်းပေမယ့် သန့်ရှင်းပြီး တစ်ဦးချင်းသီးခြားနေဖို့တော့ အခြေအနေ မပေးပါဘူး။ အဆောင်အ ကျယ်ကြီးမှာ ကုတင်အမြင့်ကြီးတွေနဲ့ ခင်းကျင်းထားပြီး ဧည့်သည်တွေကလည်း လူနာတွေကို စကားတွေပြောလို့။

ကျွန်မက စုရဲ့မေမေ သူနာပြုလုပ်နေချိန်မှာ ငှက်ဖျားကြောင့် ဆေးရုံရောက်



လာတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင်မြင်ချင်းအချစ်ဆိုတာကို သတိရနေမိခဲ့ပါတယ်။ ကျွန်မလည်း အတွေးတွေနဲ့ လျှောက်သွားနေလိုက်တာ အဆောင်ကနေ အခန်းလေး တွေဘက် ရောက်သွားတော့တာပါပဲ။ အဲဒီမှာ ရုတ်တရက်ဆိုသလို လူတစ်ယောက် က ကျွန်မကို အသားလွှတ်ကြီး အော်တော့တာပါပဲ။ သူ အော်နေတဲ့ စကားတွေက ဘာမှလည်း အဓိပ္ပါယ်မရှိသလိုပါ။ ကျွန်မကို ဖွတ်ဆွဲပြီး အောက်ထပ်ဆင်းမဲ့ ဓာတ်လှေ ကားထဲ ပြန်ပို့လိုက်ပါတယ်။ အပြင်ကို ပြန်မရောက်ခင်မှာတော့ ဆေးရုံအနေအ ထားကို လေ့လာဖို့ အချိန်လေးတော့ ရလိုက်ပါရဲ့။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ဝင်နေတဲ့ အဲဒီဆေးရုံဟာ ဆူညံလို့ပါပဲ။ အခု ကျွန်မမြင်နေရတဲ့ မန္တလေးက ပုဂ္ဂလိကဆေးရုံ ကတော့ တိတ်ဆိတ်နေလိုက်တာ။ လူတွေက စရိုက်ကြီးမှာ ကြောက်ပြီး အပေါက် နားတောင် မသီကြလေရော့လားပဲ။ ဆက်တွေးမိတာကတော့ မြန်မာပြည်ကလူ တွေဟာ တိတ်ဆိတ်မှုကို ဆေးရုံမှာ ငွေပေးပြီး လာရှာနေလေမလား လို့ပေါ့။

မန္တလေးမှာ တည်းရတဲ့ ဟိုတယ်ကတော့ တကယ်ကျေနပ်စရာကောင်းပါ တယ်။ ကျွန်မတို့အခန်း ပြတင်းပေါက်က ကြည့်ရင် နန်းတော်နဲ့ မန္တလေးတောင်ကို လှမ်းမြင်နေရတယ်လေ။ ၁၈၈၅ ခုနှစ် သီပေါမင်း ပါတော်မူခဲ့တဲ့ နန်းတော်ဂိတ် ကို ကျွန်မက မသိတော့ မမှန်းတတ်ဘူး ဖြစ်နေပါတယ်။ ကျွန်မ ဖတ်ခဲ့ဖူးတဲ့ စာ အုပ်တစ်အုပ်ကိုလည်း သတိရမိပါတယ်။ ရှုရှစာရေးဆရာပါစတာညက်လို တော်တဲ့ အမီတာဗ်ဂို့ရှ် ရေးတဲ့ 'မှန်နန်းတော်' ဆိုတဲ့စာအုပ်ပါ။ ဒီစာအုပ်ကို ပထမဆုံးအကြိမ် ဖတ်ရတော့ မြန်မာပြည်ရဲ့ ကြေကွဲဖွယ်ဇာတ်ကို သိခဲ့ရပါတယ်။ ဒီထက်ပိုပြီးလည်း သိချင်လာပါတယ်။

အမှန်တော့ 'မှန်နန်းတော်' စာအုပ်ဟာ အလက်ဇန္ဒားအနေနဲ့ ကြီးကြီးမသန်းကို လက်ဆောင်အဖြစ် ပေးခဲ့တဲ့စာအုပ်ပါ။ ကြီးကြီးမသန်းရဲ့ တယ်လီဖုန်းထဲက အသံဟာ စိတ်အားငယ်နေတယ်လို့ ထင်ပြီး သူရှိတဲ့ ဩစတြေးလျားကို သွားခဲ့တုန်း က ကျွန်မ ရောက်ပြီး သုံးရက်လောက်ကြာတော့ အလက်ဇန္ဒားလည်း ချီကာဂိုကနေ ရောက်လာခဲ့ပါတယ်။ အလက်ဇန္ဒားက စုလိုပဲ ငယ်ငယ်ကတည်းက စာအုပ်ဖတ်တာ ကို ဝါသနာပါတာကိုး။ ကျွန်မလည်း သူ့ရဲ့လက်ဆောင်ကို သဘောအကျကြီး ကျခဲ့သလို စာအုပ်အဖုံးပေါ်က ဦးပိန်တံတားရှုခင်းကိုလည်း မှတ်မိနေပါတယ်။

ဂျပန်မှာရှိတဲ့ နာရာနဲ့ ကျိုတိုက လူတွေကတော့ မန္တလေးမြို့တည်ပုံဟာ သူ တို့မြို့တွေနဲ့ ဆင်တူတာမို့ မန္တလေးကိုရောက်ရင် လွယ်လွယ်နဲ့ သဘောပေါက် နိုင်မယ့်ပုံပါ။ နန်းတော်ကို ၃ ကီလိုမီတာ အရှည်ရှိတဲ့ ကျုံးမြို့ရိုးနဲ့ ဝိုင်းလည်ပိုင်း ထားပါတယ်။ မြို့ထဲက လမ်းတွေကလည်း စတုရန်းကွက်ယံမှာ စနစ်တကျ

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထားတာတွေပါ။ အရှေ့တံတားကို ဖြတ်ကျော်ပြီး နန်းတော်ထဲ ဝင်တော့ အမြောက်ကြီးတွေကို အရင်တွေ့ရလေရဲ့။ နန်းတော်ကို သယ်န်းရောင်သုတ်ထားပြီး ထုမရှိတဲ့ ပစ္စည်းတွေနဲ့ ဆောက်ထားပုံတွေ့ရတော့ အပေါ်စားဆန်သလို မြင်မိပါတယ်။ နေရာတကာမှာ နန်းတော်အစစ်ပုံမျိုးဖြစ်အောင် ကြိုးစားလုပ်ထားပုံ တွေ့ရပေမယ့် မတူနိုင်ဘူးဆိုတာ တွေးမိပါတယ်။

၁၈၅၇ ခုနှစ်မှာ မင်းတုန်းမင်းက နန်းတော်ကို အမရပူရကနေ မန္တလေးကို ရွှေ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ စာအုပ်တွေအဆိုအရတော့ နန်းတော်သစ်ရဲ့ ဗိသုကာ လက်ရာဟာ အတော့်ကို ခေတ်မီခမ်းနားခဲ့တယ်လို့ ဆိုပါတယ်။ မင်းတုန်းမင်း ကံကုန်တော့ သူ့အခန်းကို ရွှေ့ပြီး နန်းတော်ကျောင်းရယ်လို့ ဘုန်းကြီးကျောင်း ဖြစ်လာပါသတဲ့။ အတိတ်နန်းတော်ရဲ့ အေးချမ်းမှုတွေကို သစ်သားပန်းပုထည် တွေက ကိုယ်စားပြုနေသလိုတော့ ကျွန်မ ခံစားမိခဲ့ပါတယ်။

အင်္ဂလန်က မန္တလေးကို သိမ်းပိုက်လိုက်ပြီးတဲ့နောက်မှာတော့ နန်းတော်ဟာ အင်္ဂလိပ်စစ်တပ်ရဲ့ ဌာနချုပ် ဖြစ်သွားပါတော့တယ်။ ကျွန်မတို့ ရောက်တဲ့အချိန်မှာတော့ မြန်မာ့တပ်မတော်က နန်းတော်မှာ နေရာယူထားပြီးဖြစ်ပါတယ်။ နန်းတော်ရဲ့ အငွေ့အသက်လေးတွေကို ခံစားဖို့ကိစ္စမှာ အချိန်အမှာဆောက်ထားတဲ့ ဘားတိုက်တွေကို မြင်ရတော့ အဆင်မပြေသလိုပါပဲ။ ကြည့်ရဆိုးလိုက်လေလို့ ခံစားလိုက်ရပါတယ်။

ကျွန်မက 'ဒီနန်းတော်ကို ဘယ်သူက ဖျက်ဆီးခဲ့တာလဲ'လို့ဆိုတော့ ကျွန်မတို့ရဲ့ ညှိုလမ်းညွှန်က 'ဂျပန်တပ်တွေ'လို့ ဖြေလေရဲ့။ ကျွန်မလည်း 'ဘာ'လို့သာ တစ်လုံး တည်း အော်လိုက်မိပါတယ်။ 'ဒါဆို ဒီနန်းတော် ပြန်ပြုပြင်တည်ဆောက်ရေးကို ဂျပန်အစိုးရက လုပ်ပေးသင့်တာပေါ့'လို့ တဆက်တည်း ဆက်ပြောဖြစ်ပါတယ်။ တကယ်တော့ ကမ္ဘာ့အမွေအနှစ်ဗိသုကာလက်ရာတစ်ခုကို တခြားနိုင်ငံက စစ်တပ်ဟာ အတုံ့အဆိုင်းမရှိ ဖျက်ရက်တာပါလား။ ဒါဟာ စစ်ကြောင့် ပျက်ရတာ မဟုတ် ဘဲ စစ်တပ်ကြောင့် ပျက်ရတာလို့ သဘောပိုက်မိပါတယ်။ တကယ်လို့ ဒီလိုလုပ်တာ ဟာ အင်္ဂလိပ်စစ်တပ်ကဆိုရင် ဒီလောက်ဒေါသထွက်မိမှာ မဟုတ်ဘူး ထင်ပါတယ်။ သူများရဲ့ နန်းတော်ကိုလည်း ဖျက်ဆီးသေး၊ သူတို့ဂျပန်စစ်ပြန်တွေကလည်း မြန်မာ ပြည်ကို လွမ်းတယ်ပြောသေးဆိုတာ ကျွန်မ ဘယ်လိုများ နားလည်ပေးရပါ့မလဲ။

ဒီလိုသိလိုက်ရပြီးတဲ့နောက်မှာတော့ ကျွန်မဟာ မန္တလေးမြို့ထဲ လည်ဖို့တောင် စိတ်မပါတော့သလို ဖြစ်မိပါတယ်။ မန္တလေးတောင်ပေါ်တော့ တက်ပြီး စန္ဒမုနိ ဘီလူးရုပ်ကိုတော့ ကြည့်ဖြစ်ပါသေးရဲ့။ ညနေစောင်းမှာတော့ ချည်ထည်လုပ်ငန်း တစ်ခုကို သွားလေ့လာဖြစ်ပါတယ်။ ဒီက ပိုးထည်တွေကတော့ လူထုဒေါ်အမာ



ရေးခဲ့သလိုပါပဲ၊ အရည်အသွေး အတော့်ကို ကောင်းပါတယ်။ ဒေါ်အမာက ပိုးထည် ဆိုရင် မန္တလေးအရှေ့ပြင်က ပိုးထည်က အကောင်းဆုံးလို့ ရေးခဲ့တာကိုး။

ကျွန်မတို့က ကမန်းကတန်း လည်တာဆိုတော့ မန္တလေးဟာ တရုတ်မြို့ဖြစ် နေပြီဆိုတာ ဟုတ်မဟုတ် မလေ့လာနိုင်ခဲ့တာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။

## (၁၀)ပဲခူးက လျောင်းတော်မူဘုရား

ပုဂံနဲ့ မန္တလေးက ပြန်တော့ ကျွန်မတို့လည်း နွမ်းနေပါပြီ။ နောက်နေ့မနက် ညှိုလမ်းညွှန်က လာခေါ်တော့ ကျွန်မတို့လည်း ပင်ပန်းပေမဲ့ လိုက်လာဖြစ်ပါတယ်။ ကားက မင်္ဂလာဒုံလေဆိပ်ကိုတောင် ကျော်ပြီး မောင်းနေလေတော့ ကျွန်မခင်ပွန်းက စိတ်နည်းနည်းတိုသလို ဖြစ်နေလို့ ကျွန်မကပဲ သူတို့ခေါ်ရာနောက်သာ လိုက်ရအောင် ပါလို့ နှစ်သိမ့်ရပါတယ်။

ပဲခူးက ရန်ကုန်ရဲ့ မြောက်ဘက် ကီလို ၇၀ အကွာလောက်မှာ ရှိပါတယ်။ ကားလမ်းတလျှောက်မှာ ပထမတော့ အများသုံးအိမ်သာလို့ ထင်ခဲ့မိပြီး နောက်မှ ဓာတ်ဆီဆိုင်လို့ သိလိုက်ရတဲ့ ဆိုင်တွေတော်တော်များများ သတိထားလိုက်မိပါတယ်။ အဲဒီအချိန်က ဓာတ်ဆီကို ကိုတာနဲ့ပဲ ရောင်းချပေးတာပါ။ ၂၀၀၇ ခုနှစ်မို့ အဲဒီအချိန် မှာ ဓာတ်ဆီက ဆိုင်ဈေး ၁၅၀၀ ကျပ်လောက်ဖြစ်ကာ မှောင်ခိုဈေးကတော့ ၄၅၀၀ ကျပ်လောက် ဖြစ်ပါတယ်။ ဓာတ်ဆီစာအုပ်နဲ့ ပြပြီး ဝယ်နေကြတာကို ကြည့်ရတော့ ကျွန်မလည်း စိတ်ထဲ အဆင်မပြေ ဖြစ်ရပြန်ပါတယ်။ ဆီစာအုပ် မရှိနေရင် ဝယ်ခွင့် မရဖြစ်ရတယ်လို့ ကားသမားက ရှင်းပြပါတယ်။ ဆီစာအုပ်ဆိုတာကလည်း လက် ပေါင်းစုံကိုင်ထားတော့ မည်းသည်းညစ်ပတ်နေတာပါပဲ။ ဒါ့အပြင် သဘာဝဓာတ်ငွေ့ နဲ့ ရေနံတွေ ထွက်သလောက် လူထုက အခုလို ဓာတ်ဆီဝယ်တာတောင် အဆင်မ ပြေဘဲ ဖြစ်နေတာတွေကို မြင်ရတော့ စိတ်ပျက်မိပါတယ်။

ရန်ကုန်မှာ မောင်းနေတဲ့ကား အများစုကလည်း ဂျပန်က သုံးပြီးသားကားတွေ ဖြစ်နေပါတယ်။ ကားတွေမှာ ဂျပန်စာတွေ တွေ့ရတာကတော့ ဂျပန်တိုးရစ် တွေအတွက် စိတ်သက်သာရာတောင်ရသေးလို့ ဆိုရမှာပါပဲ။ ကျွန်မတို့ကားအငှားဘာ က ပြောတာကတော့ ဂျပန်ကားတွေရဲ့ ဈေးက အစိုးရရဲ့ အခွန်တိုးကောက်မှုအပါ အဝင် စည်းမျဉ်းစည်းကမ်းတွေကြောင့်ပါ နှစ်ဆလောက် တက်လာတယ်လို့ သိရ ပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာတံဆိပ်နဲ့ ကားတွေအားလုံးလိုလိုကလည်း ချောက် တားတွေ မဟုတ်ကြပါဘူး။

ပဲခူးကတော့ ၁၃ ရာစုကနေ ၁၆ ရာစုအတွင်း မြန်မာ့ထီးနန်းစိုက်ရာမြို့တော်

www.burmeseclassic.com



ဖြစ်ခဲ့ဖူးပါတယ်။ ပဲခူးလို့ဆိုလိုက်ရင် ရွှေမော်ဓောနဲ့ ရွှေသာလျောင်းစေတီတွေက ကျော်ကြားပြီးသားပေါ့။ ပဲခူးကနေ နန်းတော် ရွှေ့သွားပြီးနောက်မှာတော့ ရွှေသာလျောင်းကိုလည်း လူတွေ မေ့လျော့သွားပါတော့တယ်။ ၁၉ ရာစုကျမှ အင်္ဂလိပ်လက်ထက်မှာ အိန္ဒိယပညာရှင်တစ်ယောက်က မီးရထားလမ်းဖောက်ဖို့ လိုက်ကြည့်ရာက ရွှေသာလျောင်းကို တောထဲမှာ သွားတွေ့ပါသတဲ့။ ရွှေသာလျောင်းရုပ်ပွားတော်ရဲ့ ဥာဏ်တော်က ၅၄.၈၈မီတာတောင် မြင့်ပါတယ်။ စစ်ဒဏ်ကို မခံခဲ့ရတာမို့ ရုပ်ပွားတော်ရဲ့ ခြေတော်မှာ ရှိနေတဲ့ မှန်စီရွှေချအပြောက်အမွန်းတွေတောင် မပျက်စီးဘဲ ကျန်နေတာကို တွေ့ရပါတယ်။ အဲဒီနောက်မှာတော့ ဆယ်စုနှစ် ၁၀ စုစာလုံးလုံး လျောင်းတော်မူနေရတဲ့ ရွှေသာလျောင်းကိုယ်တော်လည်း ဘုရားဖူးတွေတဖွဲဖွဲနဲ့ ဖနားရတော့ပေဘူး။

မိသားစုတွေတစ်စုပြီးတစ်စုက ရုပ်ပွားတော်ကို နောက်ခံထားပြီး ဓာတ်ပုံရိုက်နေကြပါတယ်။ ဘုရားရဲ့ ညာဘက်ကွင်းပြင်ထဲမှာလည်း နောက်ထပ်လျောင်းတော်မူတစ်ဆူကို တွေ့လိုက်ရပါတယ်။ ဒီရုပ်ပွားတော်က အဆောင်အယောင် မများပေမယ့် မျက်နှာတော်လှုံးဝန်းပြီး သပ္ပါယ်တာမို့ အဲဒီရုပ်ပွားတော်ကိုပဲ ကျွန်မတို့က ဓာတ်ပုံရိုက်ဖြစ်ခဲ့လေရဲ့။ ရောဝတီမြစ်ဘေးက ဆည်းဆာချိန်ဓာတ်ပုံနှစ်ပုံရယ်၊ ဒီလျောင်းတော်မူပုံရယ်ကတော့ အခုအချိန်ထိ ကျွန်မတို့အိမ်ဧည့်ခန်းမှာ ရှိနေပါတယ်။

သိပ်လည်း ပင်ပန်းနေပြီမို့ ရွှေမော်ဓောစေတီကိုတော့ အဝေးကနေပဲ ဖူးဖြစ်ပါတယ်။ ကျွန်မက ထင်ရှားတဲ့နေရာတွေကို တစ်ခါတည်းနဲ့ အကုန် လျှောက်မလည်ဘူးလို့လည်း ဆုံးဖြတ်ထားပါတယ်။ ဒါမှ စိတ်က လည်စရာ ကျန်နေလေခြင်းရယ်လို့ဖြစ်ကာ နောက်တစ်ခါ လာချင်မှာလေ။

ဒီ ၂၀၀၇ ခုနှစ်ခရီးမှာတော့ စုကို မတွေ့ခဲ့နိုင်သလို သတင်းစကားလည်း မပါးခဲ့နိုင်ပါဘူး။ ဒါပေမယ့် အများစုဟာ ဗုဒ္ဓရဲ့အဆုံးအမအတိုင်း အတတ်နိုင်ဆုံး အကောင်းဆုံး နှလုံးသွင်းထားကြတာကို တွေ့ရတာမို့ ကျွန်မတို့ ကျေနပ်နိုင်ခဲ့ပါတယ်။ တစ်ဘက်မှာတော့ ကျွန်မတို့နောက်ကို တစ်စုံတစ်ယောက်က လိုက်ကြည့်နေတယ်လို့ ခံစားရချက်ကလည်း ရှိနေပါတယ်။

စုရေ နောက်တစ်ခေါက်မှာတော့ စိုးရိမ်ကြောင့်ကြမှုတွေ မရှိဘဲ ရှင့်ကို လာတွေ့ချင်ပါရဲ့။

◆ ◆ ◆




"ဒီမိုကရေစီကို အကြမ်းမဖက်တဲ့နည်းလမ်းနဲ့ ရအောင်ယူဖို့အတွက်
ရှင်ဟာ ရှင့်ရဲ့မိသားစုနဲ့ တစ်ကိုယ်ရေဘဝကို စတေးပစ်ခဲ့တယ်။
တခြားတစ်ယောက်က မတွေးရဲလောက်အောင် ရှင့်မှာစိတ်စွမ်းအားက
ကြီးမားနေတာကို။ ဒါကြောင့်လည်း ကမ္ဘာမှာတောင် ရှင့်ကို
အကြီးမြတ်ဆုံး ဂုဏ်ပြုလာကြပါတယ်။
ရှင်ဟာ မြန်မာနိုင်ငံရဲ့မိခင်ပါပဲ။"

## အခန်း - ၇

မြန်မာ့မိခင် (၂၀၁၀-၂၀၁၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃၈
## မြန်မာ့မိခင် (၂၀၁၀-၂၀၁၂)

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှာတော့ စုဟာ ၇ နှစ်ခွဲကြာ နေအိမ်အကျယ်ချုပ်ကနေ လွတ်မြောက်လာပါတယ်။ စုကို ကြည့်ရတာ နေကောင်းပုံရပြီး လှလို့ပလို့ပါပဲ။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲလုပ်တော့ ကျွန်မတို့က ချင်းမိုင်ကို ရောက်နေပါတယ်။ ကျွန်မခင်ပွန်းက အစည်းအဝေးတစ်ခု တက်စရာရှိလို့ပါ။ ကျွန်မအနေနဲ့ကတော့ တပ်မတော်သား ၂၅% ပါတဲ့ လွှတ်တော်ကို စိတ်မဝင်စားပါဘူး။ ဒီလိုလွှတ်တော်မျိုးမှာ ဒီမိုကရေစီကို လှေကျင့်ရမှာလို့ တွေးမိတော့ စိတ်မရှည်စရာပဲနော်။

ကျွန်မတို့ ချင်းမိုင်ကနေ ဘန်ကောက်ကို ရောက်တော့ ကင်မ့်သတင်းကို ကြားလိုက်ရပါတယ်။ ဘန်ကောက်ပို့စ်ရဲ့ မျက်နှာဖုံးမှာပေါ့။ သူ့ကို ကျွန်မတို့က ပြီးခဲ့တဲ့ဩဂုတ်ကမှ အောက်စ်ဖို့ဒ်မှာ တွေ့ခဲ့တာပါ။ အဲဒီတုန်းက သူကြည့်ရတာ အေးအေးဆေးဆေးလေးပါပဲ။ ဒါပေမယ့် အခုဓာတ်ပုံထဲမှာ တွေ့လိုက်ရတာကတော့ ဆံပင်တွေဘာတွေ ဖြတ်ထားညှပ်ထားတာမို့ စိတ်က တစ်ခုခုကို ပိုင်းဖြတ်ထားသလိုပါ။ သတင်းထဲမှာ ရေးထားတာကတော့ သူက မြန်မာပြည်ထဲ ဝင်ခွင့်ဗီဇာရဖို့ ဟော်တယ်တစ်ခုမှာ စောင့်နေပါတယ်တဲ့။ သူ တည်းနေတဲ့ဟော်တယ်ကို ကျွန်မတို့ သိချင်လာပါတယ်။ ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်သား ဘန်ကောက်ပို့စ် သတင်း[illegible] အဆောက်အဦဆီ အရောက်သွားဖြစ်ခဲ့ပါတော့တယ်။

ရွေးကောက်ပွဲနေ့မှာတော့ ကရင်အဖွဲ့တစ်ခုဖြစ်တဲ့ ဒီကေဘီအေက [illegible] နဲ့ မြဝတီမှာ တိုက်ပွဲဖြစ်ခဲ့ပါတယ်။ နယ်စပ်မှာနေတဲ့ ကရင်[illegible]လည်း ထိုင်းဘက်ကို ထွက်ပြေးလာခဲ့ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းက သတင်းသမားအများစုကလည်း နယ်စပ်ကို ရောက်လာကြပါတယ်။ ဂျပန်သတင်းထောက်တစ်ယောက်မှတော့ မတွေ့ရပါဘူး။ ဒါကြောင့် ဂျပန်သတင်းစာတွေမှာ ထိုင်းသတင်းစာတွေလောက် မြန်မာသတင်းကို မတွေ့ရပါဘူး။

ကျွန်မ မြင်မိတာကတော့ ဂျပန်လူငယ်အများစုကို အင်္ဂလိပ်စာသာမက အာရှဘာသာစကားတွေ တတ်အောင်သင်ပြီး အာရှမှာ ဘာဖြစ်ဖြစ် လွှတ်ပြီး သတင်းယူနိုင်အောင် လေ့ကျင့်ပျိုးထောင်သင့်တယ်လို့ပေါ့။ အာရှနိုင်ငံတွေကြားမှာ ဂျပန်ဟာ အခုလိုကိစ္စမျိုးတွေမှာ ခေတ်နောက်ကျကျန်နေတာ မကောင်းဘူးလို့လည်း ထင်မိပါတယ်။

ထိုင်းစံတော်ချိန်ညတစ်နာရီမှာပဲ ကျွန်မက လန်ဒန်ကို ဖုန်းဆက်ကာ ကင်မ့်အကြောင်း စုံစမ်းရပါတော့တယ်။ နောက်တစ်နေ့မနက် ထိုင်းနန်းတော်ကို လည်ပတ်အပြီးမှာတော့ ကင်မ် တည်းခိုနေတဲ့ဟော်တယ်ကို သွားခဲ့ပါတယ်။ အစကတော့ ညှိုးကြုံ မိန်းကလေးက ဘာအချက်အလက်မှ ထုတ်မပြောနိုင်ဘူးလို့ ငြင်းပါတော့တယ်။ ဒါပေမယ့် ကျွန်မလည်း စုနဲ့ကျွန်မ ဘယ်လိုပတ်သက်နေတယ် ဆိုတာကို ပြောပြလိုက်တော့မှ ခဏစောင့်ပါတဲ့။ နောက်ဆုံးတော့ ကင်မ့်အတွက် ကျွန်မရဲ့စာလေးကို သူ လက်ခံထားပေးလိုက်ပါတယ်။ ဟူး တော်ပါသေးရဲ့။ မိန်းမသားချင်းမို့ ဒီလောက်အဆင်ပြေတာ ထင်ပါရဲ့။

ကျွန်မတို့ သိလိုက်ရတာက ကင်မ်ဟာ ပြင်သစ်က ရုပ်ရှင်အဖွဲ့တစ်ဖွဲ့နဲ့အတူ ရှိနေတယ်ဆိုတာပါ။ သူ့အတွက် စိတ်အေးသွားတာမို့ ကျွန်မတို့လည်း ဂျပန်ကို ပြန်လာခဲ့ပါတယ်။ နောက်နှစ်ရက်လောက်ကြာတော့ ကျွန်မတို့ရှိရာ ဂျပန်ကို ကင်မ်က ဖုန်းဆက်လာပါတော့တယ်။ အဲဒီအချိန်မှာ ကျွန်မက စုနဲ့ကင်မ့်ရဲ့ပုံတွေကို အင်တာနက်မှာ တွေ့ပြီးနေပါပြီ။ စုဟာ သူ့ကိုယ်သူ မထိန်းနိုင်လောက်အောင် ပျော်ရွှင်နေပုံပါ။ ကင်မ်ကလည်း မေးတမော်မော်နဲ့ ဂုဏ်ယူပျော်ရွှင်နေသလို မျက်နှာလေးကိုက ကျေနပ်နေပုံပေါ့။ သူက ငယ်ငယ်ကတည်းက သူ့စိတ်ခံစားချက်တွေကို သိပ်ကြီးထုတ်မပြတတ်သူလေ။

စုကတော့ ၇ နှစ်ခွဲသာ ကြာရော ဘာမှ မပြောင်းလဲသလို လူထုရဲ့အမေးတွေကို ချက်ချင်းတုံ့ပြန်နေဆဲပါပဲ။ သူ့အပြုံးနဲ့ လေသံတွေက အရင်ထက်ပိုပြီးပျော့ပျောင်းလာတယ်လို့တော့ မြင်မိပါတယ်။ သူဟာ ဒီနှစ်များအတွင်းမှာ ပိုပြီးပျော့ပျောင်းကျစ်လျစ်လာသလို လူထုနဲ့ ဆက်ဆံရာမှာ နိုင်ငံရေးသမား ပိုပီသလာတယ်လို့လည်း ကျွန်မ ခံစားလိုက်ရပါတယ်။

စု လွတ်မြောက်ပြီးနောက်မှာတော့ စုရဲ့ လှုပ်ရှားမှုတွေရယ်၊ ကင်မ်နဲ့ လျှောက်ရှားတာတွေရယ်ကို ဗီဒီယိုအဖြစ် တွေ့လာကြရပါတယ်။ အဲဒီဟာတွေထဲမှာ ကျွန်



မအတွက် စိတ်မှာ အခံစားရဆုံးကတော့ ဗိုလ်ချုပ်ဈေးကို သားအမိနှစ်ယောက် သွားလည်တဲ့ ဗီဒီယိုပါ။ ကင်မ့်ကိုသာ မြန်မာပြည်မှာ ကြာကြာနေခွင့်ပေးရင် ကင်မ်ဟာ စုရဲ့သော်ဒီဂတ်အလုပ်ကို လုပ်နိုင်မှာပါ။ ကင်မ်က သူ့အမေရဲ့လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားတာဟာ သူ ငယ်ငယ်ကအတိုင်းပါပဲ။ ဆယ်နှစ်ကျော်ကြာ ဝေးနေရတဲ့ မိခင်နဲ့ မေတ္တာအရ ပြန်လည်ထိတွေ့ခွင့်ကို လက်လွှတ်မခံနိုင်သလို ဆုပ်ကိုင်ထားလိုက်တာလေ။ ကင်မ်ဟာ သူ့အမေကို အနောက်မှာထားပြီး လူအုပ်ကြားမှာ သူက ရှေ့ကနေ တိုးဝှေ့သွားနေလိုက်တာ သဘောကျစရာပေါ့။ လူထုထဲက အမျိုးသမီးတွေကလည်း တစ်ဦးပြီးတစ်ဦး၊ တစ်ယောက်ပြီးတစ်ယောက် လာနှုတ်ဆက်လိုက်ကြတာ စုတို့ ရှေ့တိုးမလျှောက်နိုင်လောက်အောင် ဖြစ်နေပါတယ်။ သိပ်မကြာခင်မှာပဲ စုရဲ့ ပါးမှာ နှုတ်ခမ်းနီရာ စွန်းလာပါတော့တယ်။ ကင်မ်က လူထုထဲမှာ အရပ်အရှည်ဆုံးလိုဖြစ်နေတော့ သူ့ခေါင်းကို လိုက်ကြည့်ရုံနဲ့ စု ဘယ်နားရောက်နေတယ်ဆိုတာ သိနိုင်လေရဲ့။ လူအုပ်ထဲမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးကလူတွေလည်း ပါနေပုံရပါတယ်။ သူတို့အချင်းချင်း လက်ကိုင်ဖုန်းတွေနဲ့ သတင်းပေးနေသလိုမျိုးလည်း တွေ့ရလေရဲ့။ ဒီအမေနဲ့ဒီသားကို လူထုက ဒီလောက်ချစ်နေမှတော့ ကျွန်မလည်း စိတ်မပူဖြစ်တော့ပါဘူး။

တစ်နေရာမှာတော့ မိခင်တစ်ဦးက သမီးငယ်လေးတစ်ယောက်ကို ပွေ့ချီထားပါတယ်။ ကလေးလေးရဲ့လက်ထဲမှာတော့ 'ဒေါ်အောင်ဆန်းစုကြည်သည် ကျွန်ုပ်တို့၏မိခင် ဖြစ်သည်'လို့ အင်္ဂလိပ်လို ရေးထားတဲ့ စာတန်းတစ်ခုကို ကိုင်ထားလေရဲ့။ အော် ဒီလိုကိုး။ ကျွန်မ သိသွားပါပြီ။ စုက မြန်မာလူထုရဲ့ အမေ ဖြစ်သွားပြီကိုး။ ၁၉၈၉ ဇူလိုင် ၂၀ ကနေ ၁၉၉၅ ဇူလိုင် ၁၀ ရက်အကြာ နေအိမ်အကျယ်ချုပ်အပြီးမှာ စုဟာ စစ်အစိုးရကို ဆန့်ကျင်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဒီမိုကရေစီရဲ့ ပြယုဂ်လည်း ဖြစ်ခဲ့တာပေါ့။ ဒါပေမယ့် သူ့ရဲ့ ဒီမိုကရေစီဟာ သိပ်ခြပ်မဲ့ဆန်ခဲ့ပါတယ်။ လူထုရဲ့ နေ့စဉ်ဘဝနဲ့ ဝေးကွာနေခဲ့တာပေါ့။ အဲဒီနောက် ၂၀၀၃ မေ ၃၁ ကနေ ၂၀၁၀ နိုဝင်ဘာ ၁၃ ရက်ထိ ကြာခဲ့တဲ့ အထိန်းသိမ်းခံဘဝအပြီးမှာတော့ စုဟာ မြန်မာလူထုရဲ့ မိခင်အဖြစ် အသွင်ပြောင်းလာခဲ့ပါတော့တယ်။ စုဟာ ကျစ်လျစ်တဲ့ သင်္ကေတတစ်ခုအဖြစ် ပြန်လည်မွေးဖွားလာခဲ့တယ်လို့ ဆိုရမှာပေါ့။

ကင်မ့်အနေနဲ့လည်း မိုက်ကယ့်နောက်ဆုံးအချိန်မှာ စုက မြန်မာပြည်ကို မထားခဲ့နိုင်ရတဲ့အကြောင်းရင်းကို သဘောပေါက်လောက်ပြီ ထင်ပါတယ်။ ဒါ့အပြင် သူ့အမေဟာ မြန်မာလူထုအတွက် ဘယ်လိုအနက်အဓိပ္ပါယ်မျိုးကို ဆောင်နေတယ်ဆိုတာကိုပါ သဘောပေါက်လောက်ပါပြီ။ ဆယ်နှစ်ကျော်ကြာ မတွေ့ခဲ့ရပြီးတဲ့နောက်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကင်မ်ရဲ့ သူ့အမေနဲ့ နေရတဲ့ ၂ ပတ်ဟာ အကောင်းဆုံးအားဆေး ထိုးလိုက်ရသလို ဖြစ်မယ့်နေ့ရက်တွေပဲ ဖြစ်ပါတော့တယ်။

ကျွန်မကတော့ စုအနေနဲ့ အခုလို ငြိမ်းချမ်းတဲ့နေ့ရက် ဘယ်လောက်များများကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်မှာပါလိမ့်လို့ တွေးနေမိပါတယ်။ ကြားနေရတဲ့ သတင်းတွေက အမျိုးမျိုး မဟုတ်လား။ ဒုတိယပင်လုံညီလာခံ ကျင်းပရင် ပြန်ဖမ်းမယ်တို့၊ ရွေးကောက်ပွဲကို ဆန့်ကျင်ရင် ထောင်ကျနိုင်တယ်တို့ အမျိုးမျိုးပဲလေ။ ဒီဒုတိယပင်လုံညီလာခံဆိုတာ စု မလွတ်ခင်ကတည်းက ပြောဆိုဆွေးနွေးနေခဲ့ကြတာပါ။

တကယ်တော့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက အန်အယ်လ်ဒီဟာ မဲအပြတ်အသတ်နဲ့ နိုင်ခဲ့ပေမယ့် နိုင်ငံတော်အာဏာကို မလွှဲပေးဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်အစိုးရက ဆက်လက်အုပ်ချုပ်ခဲ့တာပါ။ ဒါကြောင့်လည်း လူအများစုက သူတို့လုပ်ပေးတဲ့ရွေးကောက်ပွဲကို မယုံကြပါဘူး။ စု လွတ်ပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီမှာကတည်းက လွှတ်တော်အသစ် ပေါ်ထွက်လာပါတယ်။ သမ္မတအသစ်က ဦးသိန်းစိန်ပေါ့။ သူဟာ စစ်အစိုးရခေါင်းဆောင်ဟောင်းဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စကားကို နားအထောင်ဆုံးတပည့်လို့ ကြားသိရတာကြောင့် ကျွန်မတို့လည်း ဘယ်လောက်ပဲ ပြုပြင်ပြောင်းလဲရေးတွေ လုပ်မယ်ပြောပြော အစိုးရသစ်ကို မယုံချင်ခဲ့ကြပါဘူး။

ဒါပေမယ့် သမ္မတဦးသိန်းစိန်အစိုးရဟာ အင်မတန်မှ အပြုသဘောဆောင်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်လာတာ တွေ့ခဲ့ရပါတယ်။ အဲဒီနောက် ဇွန် ၁၉ ရက်မှာ ကင်မ်ဟာ သူ့အမေမွေးနေ့အတွက် လူကိုယ်တိုင် နှုတ်ဆက်ခွင့်ရလိုက်ပါတယ်။ မြန်မာပြည်တွင်းကို ဝင်ခွင့်ရလိုက်တယ်လေ။ အစိုးရသစ်က စုတို့သားအမိကို ပုဂံအလည်အပတ် ခရီးသွားခွင့်ပြုခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၉ ရက်မှာတော့ သမ္မတဦးသိန်းစိန်ဟာ စုကို စီးပွားရေးဆိုင်ရာ ညီလာခံတစ်ခုကို အတူလာရောက် တက်ရောက်ဖို့ ဖိတ်ကြားခဲ့သလို သူ့နေအိမ်ကိုလည်း ညစာစားဖို့ ဖိတ်ကြားခဲ့ပြန်ပါတယ်။ ကျွန်မတို့ မမျှော်လင့်ထားခဲ့နိုင်တဲ့ ပျော့ပြောင်းညင်သာမှုမျိုးကို အစိုးရသစ်က ထုတ်ပြခဲ့ပါပြီ။ မြန်မာပြည်အတွက် ခေတ်သစ်ဟာ အစပြုခဲ့ပါပြီကော။

ကျွန်မလည်း စုရေ ကျွန်မတို့ရဲ့ တစ်ချိန်က ရယ်မောခဲ့ရတဲ့အခြေအနေကို ပြန်ရောက်လာတော့မယ်လို့ စိတ်ထဲက ပြောနေမိပါတယ်။ ဒီအချိန်ဟာ အခုအခါမှာ ပြန်ရောက်မလာနိုင်ရင်တော့ မိုက်ကယ် စောင့်နေမယ့် နေရာမှာပဲ ပြန်ရနိုင်မယ်ထင်တယ်လေ။ အဲဒီလို အချိန်မျိုး ခပ်မြန်မြန် ရောက်လာမှာကိုတော့ စိတ်ပူနေမိ



သား။ ကြည့်လေ မြန်မာ့နိုင်ငံရေးဇာတ်ခုံရဲ့ ၂၄ နှစ်တာကာလမှာ တစ်ဝက်ကျော်ကျော်က ရှင်ဟာ အလွမ်းမင်းသမီးတစ်ယောက်လို ဖြတ်သန်းရှင်သန်ခဲ့ရပြီး ခုတော့လည်း အဲဒီဇာတ်ရုပ်ကို ပြောင်းလိုက်တာမှ သရော်တော်တော် နိုင်နေသလားပဲ။ ကျပန်ကနေ ပွဲကြည့်ပရိသတ်လုပ်နေတဲ့ ကျွန်မကတော့ ရှင့်ရဲ့သရုပ်ဆောင်မှုအစွမ်းတို နက်နက်ရှိုင်းရှိုင်းကို သဘောတကျ ကြည့်နေခဲ့ရတာပါ။ စစ်အစိုးရက ရှင့်ကို တူတူပုန်းတမ်းကစားသလို ဆောင်ရွက်ထားခဲ့မှုတွေကလည်း ခပ်ညံ့ညံ့အလုပ်မျိုး ဖြစ်ခဲ့ရပြီလေ။ ရှင်က အဲဒီကစားကွင်းကို ဒီမိုကရေစီအပေါ် ယုံကြည်ချက်အပြည့်နဲ့ အရောင်စုံခြယ်မှုန်းပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဇာတ်က အလွမ်းဇာတ် မဖြစ်လိုက်ဘဲ အင်မတန် အဆင့်မြင့်မြင့် တွေးတောမှ ပြုံးနိုင်မယ့် ရယ်ရွှင်ဖွယ်ဇာတ် ဖြစ်သွားခဲ့တယ်လေ။ ဒါကြောင့် မြန်မာနိုင်ငံသားအများစုကရော နိုင်ငံတကာက လူတွေကပါ ရှင့်ယုံကြည်ချက်အတွက် ရှင့်ကို လက်ခုပ်ဩဘာပေးခဲ့ကြပါပြီ။

ကျွန်မတို့ရဲ့ အိမ်ခန်းလေးထဲမှာ ရှင် ညစာအတူလာစားခဲ့တုန်းက အိုးခွက်ပန်းကန်တွေအတူဆေးကြရင်း ရှင်က အက်ကြောင်းထနေတဲ့ မြေအိုးလေးတစ်လုံးကို ကြည့်ပြီး ‘နိုရီကို ရှင် သတိထားနော်။ ဒီမှာ အက်နေတယ်။ ဒါ အန္တရာယ်ပဲ’ လို့ ပြောခဲ့ချိန်မှာ ကျွန်မက ရှင်နဲ့ နောက်ဘယ်တော့မှ ပြန်တွေ့နိုင်မှာပါလိမ့်လို့ တွေးနေမိတာပါ။ အဲဒီအချိန်က မြေအိုးဆိုတာမျိုးဟာ ရေ၊ မြေ၊ မီးဆိုတာတွေကို အကောင်းဆုံး သုံးပြီး လုပ်ထားတာမို့ ဂရုတစိုက် ကိုင်တွယ်ရင် လွယ်လွယ်နဲ့ မကွဲပါဘူးလို့ ပြန်ဖြေခဲ့ဖူးတာကို သတိရမိပါတယ်။ အခုလည်း အဲဒီမြေအိုးလေးက ရှိနေသေးတယ်လေ။ ၂၆ နှစ်တောင် ကြာသွားပေမယ့် ကျွန်မက သုံးနေတုန်းပဲတိုး။ ကျွန်မလည်း မြေအိုးလေးကို ကြည့်ပြီး လူတွေရဲ့ ဆက်ဆံရေးဆိုတာဟာလည်း မြေအိုးလိုပဲလို့ တွေးမိလိုက်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးမှာ အမှုအထင် ရှိနိုင်ပေမယ့် အမုန်းတရားတွေနဲ့ မတုံ့ပြန်ဘူးဆိုရင် ဝမ်းနည်းစရာ အဆုံးသတ်မှုတွေ ရှိမှာ မဟုတ်ပါဘူး။ စစ်အစိုးရက ရှင့်အပေါ် ဘယ်လောက်ပဲ ရက်စက်ခဲ့၊ရက်စက်ခဲ့ ရှင်နဲ့ ရှင့်လုပ်ဖော်ကိုင်ဖက်တွေဟာ ‘တွေ့ဆုံဆွေးနွေးအဖြေရှာရေး’ ဆိုတဲ့ ငြိမ်းချမ်းတဲ့နည်းလမ်းကို သုံးပြီး ပဋိပက္ခတွေကို ဖြေရှင်းဖို့ ယုံကြည်ချက် ရှိခဲ့ကြပါတယ်။ ဒီအချက်ကတော့ အာရပ်နိုင်ငံတွေနဲ့ မြန်မာနိုင်ငံရဲ့ ပဋိပက္ခ ဖြေရှင်းရေးအတွက် မတူညီတဲ့ အဆုံးအဖြတ်ပါပဲ။ ဂန္ဒီရဲ့ အကြမ်းမဖက်ရေး လမ်းစဉ်ကို သဘောကျတဲ့ ရှင်နဲ့ ရှင့်လိုလူတွေရဲ့ မြေအိုးအက်ကြောင်းလေးကို ကိုင်တွယ်ပုံပေါ့။

ဒီမိုကရေစီကို အကြမ်းမဖက်တဲ့နည်းလမ်းနဲ့ ရအောင်ယူဖို့အတွက် ရှင်ဟာ ရှင့်ရဲ့ မိသားစုနဲ့ တစ်ကိုယ်ရည်ဘဝကို စတေးပြစ်ခဲ့တယ်။ တကြောသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ယောက်က မတွေးဝံ့လောက်အောင် ရှင့်မှာ စိတ်စွမ်းအားက ကြီးမားနေတာကိုး။ ဒါကြောင့်လည်း ကမ္ဘာမှာတောင် ရှင့်ကို အကြီးမြတ်ဆုံး ဂုဏ်ပြုလာကြပါတယ်။ ရှင်ဟာ မြန်မာနိုင်ငံရဲ့ မိခင်ပါပဲ။

တကယ်တော့ မြန်မာနိုင်ငံဟာ အမျိုးသမီးတစ်ယောက်ရဲ့လက်ထဲကို အရောရော အပ်နှံလိုက်ပြီလေ။ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ပါကစ္စတန်နဲ့ အခု ထိုင်းတို့မှာဆိုရင် အမျိုးသမီးခေါင်းဆောင်တွေ ထွက်ပေါ်လာနေပါပြီ။ ဒီ တစ်ခါတော့ မြန်မာ့အလှည့်ပဲပေါ့။ မြန်မာနိုင်ငံဟာ သံမဏိလို မာကြောတဲ့ အမျိုးသမီး တွေ ရှိတဲ့နေရာမှာ တခြားနိုင်ငံတွေထက် များတယ်လို့ ထင်ပါတယ်။ အဲဒီထဲမှာ ရှင်ဟာ တစ်ယောက်အပါအဝင်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံမှာ မိခင်ရဲ့ပိုင်ဆိုင်မှု ကို သမီးက အမွေဆက်ခံနိုင်တာမို့ အမျိုးသမီးတွေ နေရာရတဲ့နိုင်ငံလို့ ပြောနိုင် တာပါပဲ။

၂၀၁၀ နွေရာသီမှာတော့ ကျွန်မက ကင်မ့်ကို မြန်မာနိုင်ငံ သွားပြီး မြန်မာ တွေအတွက် ကူညီပေးပါလားလို့ တိုက်တွန်းဖူးပါတယ်။ ကင်မ်က ကျွန်မ မသေမ ချင်းတော့ မသွားသေးဘူးတဲ့။ ကောင်ရှုပ်လေးလေ။ တကယ်ပဲ။ ဘာပဲဖြစ်ဖြစ်ပါ။ သူက ရှင့်ကို သွားတွေ့မှာမို့တော့ ကျွန်မ ပျော်ပါတယ်။

◆ ◆ ◆



"ဓာတ်ပုံတချို့မှာတွေ့ခဲ့တဲ့ သံချေးတက်နေတဲ့ ဂိတ်တံခါးနေရာမှာ ဆေးပြုသုတ်ထားတဲ့ သစ်သားတံခါးက အစားထိုးနေရာယူထားလေရဲ့။ ဂိတ်တံခါးရဲ့ သံဆူးကြိုးအကာအရံရဲ့ အပေါ်ဘက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်တစ်ပိုင်းပုံကြီးက နေရာယူထားပါတယ်။ ဖြတ်ခနဲ ကြည့်လိုက်ရုံနဲ့ ဒါဟာ စုအိမ်လို့ ပြောနိုင်ပါပေရဲ့။"

## အခန်း - ၈

အမှတ်တရနေ့ (ဇန်နဝါရီ ၁၃၊ ၂၀၁၂)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း၈

## အမှတ်တရနေ့ (ဇန်နဝါရီ ၁၃ ၂၀၁၂)

တကယ်တော့ ကျွန်မ သက်ရှိထင်ရှားရှိနေစဉ်အတွင်း စုကို ထပ်တွေ့ခွင့်ရယ်လို့ မမျှော်လင့်မိခဲ့ပါဘူး။ ထပ်မတွေ့ရနိုင်ပေမယ့် ကျွန်မတို့ကြားက မေတ္တာဟာ ပြောင်းလဲသွားမှာလည်း မဟုတ်ဘူးလေ။ ဒါပေမယ့် မထင်မှတ်တဲ့ ကံကြမ္မာအလှည့်အပြောင်းကြောင့် ကျွန်မတို့ချင်း တွေ့ရဖို့ ဖြစ်လာပါတယ်။ ၂၆ နှစ်လောက် ကွဲကွာပြီးတဲ့အခါမှာပေါ့။ ကျွန်မတို့မှာ တိုက်ရိုက်အဆက်အသွယ် မရှိလေတော့ လူပေါင်းများစွာကို ဒုက္ခပေးပြီးတဲ့အခါမှာ အဆက်အသွယ် ပြန်ရလာပါတယ်။ ကျွန်မတို့မှာ စုကို တိုက်ရိုက်ဆက်သွယ်နိုင်တဲ့နည်းလမ်း မရှိပါဘူး။ ဒါကြောင့် လူပေါင်းများစွာကို ဒုက္ခပေးပြီးသကာလ နောက်ဆုံးမှာတော့ စုနဲ့ တွေ့နိုင်မယ့် ရက်ချိန်းကို ရခဲ့ပါတယ်။ ဒါပေမယ့် ချိန်းတဲ့အချိန်ကတော့ ပထမ ၁၀ နာရီကနေ ၁၂ နာရီ၊ နောက်ဆုံးတော့ ၃ နာရီဆိုပြီး ပြောင်းသွားပါတယ်။ အဲဒီအချိန်က ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲအတွက် အန်အယ်လ်ဒီက အလုပ်သိပ်များနေချိန်ပေါ့။ လူတိုင်းလိုလိုက စုရဲ့ အခုံးအဖြတ်ကို သိရဖို့ အရေးကြီးနေကြပါတယ်။ ကျွန်မတို့လည်း သူ့ကို မတွေ့ရဘဲလည်း ဖြစ်သွားနိုင်တယ်လို့ထိ တွေးတောပြင်ဆင်ထားခဲ့ကြပါတယ်။ သူ့အတွက် မိနစ်တိုင်းက အရေးကြီးနေသလို သူကလည်း မိနစ်တိုင်းမှာ အလုပ်လုပ်၊ အလုပ်များနေတယ် မဟုတ်ပါလား။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်ဟာ ကျွန်မတို့အတွက် စုနဲ့ ပြန်လည်ဆုံတွေ့ခွင့်ရတဲ့အတွက် မမေ့နိုင်စရာ နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံက လူအများစုအတွက်လည်း ဇန်နဝါရီ ၁၃ ရက်နေ့ဟာ မမေ့နိုင်စရာနေ့ ဖြစ်ခဲ့ပါတယ်။ ဒီနေ့မနက်မှာပဲ နိုင်ငံရေးအကျဉ်းသားအများအပြားကို လွှတ်ပေးလိုက်

www.burmeseclassic.com



အင်တာနက်နဲ့ တီဗီသတင်းတွေမှာ ပါလာပါတယ်။ ဒါ့အပြင် ကေအင်ယူနဲ့ မြန်မာ့တပ်မတော်ကြားမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို လက်မှတ်ထိုးခဲ့ပြန်ပါတယ်။ နှစ်ပေါင်း ၆၂ နှစ်ကြာတဲ့ ပြည်တွင်းစစ်ရှည်ရှည်ကြီးက ပြည်ဖုံးကားချတော့မလားပါပဲ။ မြန်မာ့သမိုင်းအတွက် မှတ်တမ်းအသစ်တွေ တက်လာပါပြီ။

အဲဒီနေ့နေ့လယ်မှာတော့ မြို့လယ်က စိန့်မေရီဘုရားကျောင်းမှာ နေ့လည်စာသုံးဆောင်ဖို့ ဖိတ်ကြားခံရတာမို့ အဲဒီကို သွားခဲ့ပါတယ်။ အဲဒီမှာပဲ နာမည်ကျော်နိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့ မင်းကိုနိုင်နဲ့ ကိုကိုကြီးအပါအဝင် နိုင်ငံရေးအကျဉ်းသား ၆၆၂ ဦးကို လွှတ်လိုက်ကြောင်း သတင်းအတိအကျ သိလာရပါတယ်။ ကျွန်မတို့နဲ့ ခင်မင်ရင်းနှီးတဲ့ အမျိုးသမီးဖြစ်တဲ့ စိန့်မေရီဘုရားကျောင်းက ခရစ်ယာန်ဘုန်းကြီးဖြစ်သူရဲ့ ညီမလည်း လွှတ်မြောက်သူတွေထဲမှာ ပါလာလို့ အားလုံးဝမ်းသာရပါတယ်။ ကျွန်မလည်း တစ်ခါက ရင်းနှီးခဲ့တဲ့ ခရစ်ယာန်သီလရှင်နှစ်ဦးကို သန်လျင်ထိ လိုက်ရှာတွေ့လိုစိတ်တွေ ပေါ်လာပါတယ်။

အဲဒီနောက်မှာတော့ ကျွန်မတို့ စုကို တွေ့ဖို့ ထွက်လာခဲ့ပါတယ်။ ဟော်တယ်မှာ ကားငှားဖို့ လုပ်တော့ အမေရိကန်သံရုံးလို့ အရင်ပြောဖြစ်ခဲ့ပါတယ်။ စုရဲ့အိမ်က အဲဒီအလွန်မှာ ရှိတာကိုး။ ကားမောင်းသမားကို စုရဲ့အိမ်ဆီ ပို့ဖို့ပြောတော့ အလွယ်တကူပဲ ခေါင်းညိတ်ပြလေရဲ့။ ကားလမ်းတွေ ပိတ်နေတာနဲ့ ကျွန်မတို့လည်း ချိန်းတဲ့အချိန်ထက် ၁၀ မိနစ်နောက်ကျပြီးမှ ရောက်သွားခဲ့ပါတယ်။ တီဗီသတင်းတွေနဲ့ ဓာတ်ပုံတချို့မှာ တွေ့ခဲ့ရတဲ့ သံချေးတက်နေတဲ့ ဂိတ်တံခါးနေရာမှာ ဆေးဖြူသုတ်ထားတဲ့ သစ်သားတံခါးက အစားထိုးနေရာယူ ထားလေရဲ့။ ဂိတ်တံခါးရဲ့သံဆူးကြိုးအကာအရံရဲ့ အပေါ်ဘက်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်တစ်ပိုင်းပုံကြီးက နေရာယူထားပါတယ်။ ဖြတ်ခနဲ ကြည့်လိုက်ရုံနဲ့တင် ဒါဟာ စုရဲ့အိမ်လို့ ပြောနိုင်ပါပေရဲ့။

တစ်ခါတုန်းက မလုံမခြုံသစ်သားခြံစည်းရိုးရှိတဲ့ တက္ကသိုလ်ရိပ်သာ လမ်းမျက်နှာစာမှာ ခုတော့ ကျောက်တုံးနဲ့ အင်္ဂတေခြံစည်းရိုးက နေရာယူထားပါပြီ။ ခြံတံခါးက အတွင်းဘက်ကနေ ပွင့်သွားတဲ့အခါမှာတော့ ညာဘက်က ကားဂိုဒေါင်လို အဆောက်အဦထဲက စားပွဲတစ်လုံးဘေးမှာ သက်သောင့်သက်သာ ထိုင်နေကြတဲ့ အကျီအဖြူဝတ်လူငယ်အများစုကို တွေ့လိုက်ရပါတယ်။ သူတို့ကို ကြည့်ရတာ ကျွန်မတို့ရောက်လာမှာကို ကြိုသိနေပုံပါပဲ။ အားလုံးက အပြုံးတွေနဲ့ ကြိုဆိုကြပါတယ်။

ဒီဂိတ်နေရာကနေ ခြံဝင်းတစ်ခုလုံးကို လှမ်းမြင်ရပါတယ်။ ဒီနေရာက အမြင့်ပိုင်းမှာ ရှိနေလေရဲ့။ အနိမ့်ပိုင်းဘက် ဆင်းသွားရင်တော့ အင်းလျားကန်ပေါ့။ အင်းလျားကန်ဘက်ဆင်းတဲ့လမ်းရဲ့ ဘယ်ဘက်အခြမ်းမှာတော့ အင်္ဂလိပ်စတိုင်လ်



အဆောက်အဦတစ်ခုက ထီးတည်းပါပဲ။ ကျွန်မ တွေးနေမိတာက အရင်က စနေနေ့တိုင်း စုက လူထုနဲ့တွေ့ပြီး စကားတွေ ပြော၊ မိန့်ခွန်းတွေ ချွေတယ်ဆိုတဲ့နေရာက ဘယ်မှာများလဲလို့ပါ။ နာဂစ်ဖြစ်တုန်းက ခေါင်မိုးသွပ်တွေ လန့်ပျံခဲ့တယ်ဆိုပေမယ့် အခုတော့ အားလုံးဟာ ပြင်ဆင်ပြီးပုံပါပဲ။ အင်းလျားကန်စပ်က သစ်ပင်ကြီးတွေကိုတော့ နိမ့်အောင်ခုတ်ထားပြီး သွပ်ဆူးကြိုးသစ်နဲ့ ကာထားပါတယ်။ အင်္ဂတေခြံစည်းရိုးဘက်က သစ်ပင်ကြီးတွေကလွဲရင် ပန်းပင်လေးတွေနဲ့ လူတစ်ရပ်စာလောက်မြင့်တဲ့ ခြုံပင်တွေက လူကို လန်းဆန်းတဲ့ ခံစားချက်အမြင် ဖြစ်စေလေရဲ့။

စုရဲ့ အတွင်းရေးမှူးက အိမ်အဝင်ဝမှာ ကျွန်မတို့ကို စောင့်ကြိုနေပါတယ်။ ချက်ချင်းဆိုသလိုပဲ ကျွန်မတို့ကို ဘယ်ဧည့်သည်မှ မရှိနေတဲ့ အခန်းကျယ်ကြီးတစ်ခုထဲကို ခေါ်သွားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပုံတူပန်းချီကားအကြီးကြီးကို ကြည့်ရင်း မိုက်ကယ့်အိပ်ခန်းထဲက စုရဲ့ ပုံတူပန်းချီကားကြီးက အများကြီး ပိုကြည့်ကောင်းတယ်လို့ တွေးလိုက်မိပြန်ပါတယ်။ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ သမိုင်းထဲက အမျိုးသားတွေအားလုံးကို ကျွန်မက လေးစားပေမယ့် လီနင်ပဲဖြစ်ဖြစ်၊ ဟိုချီမင်းပဲဖြစ်ဖြစ် နည်းနည်းမှ ဆွဲဆောင်မှု မရှိကြဘူး မဟုတ်လား။ သူတို့နဲ့ ယှဉ်ရင် ဗိုလ်ချုပ်အောင်ဆန်းက ပိုငယ်ပြီး ပိုကြည့်လို့ ကောင်းတယ်လို့ ဆိုနိုင်ပေမယ့် ဘယ်တစ်ယောက်ကမှတော့ အမျိုးသမီးတစ်ယောက်ရဲ့ အလှကို မမီနိုင်ဘူးလေ။ ကျွန်မကတော့ ဒီပုံဘေးမှာ စုပုံကို သိပ်မကြာခင် ချိတ်ပေးနိုင်မယ်လို့ တွေးနေမိပါရဲ့။

ရုတ်တရက်ဆိုသလို ကျွန်မရဲ့နောက်ကနေ နားယဉ်နေတဲ့ စုရဲ့အသံက ထွက်ပေါ်လာခဲ့ပါတယ်။ 'နီရီကို ရှင် ဝလာတယ်နော်။ အို့စုဆန်ကတော့ ကြည့်ရတာ သိပ်ကျန်းမာနေပုံပါပဲ' တဲ့။ ကျွန်မလည်း စိတ်ထဲမှာတင် စုကို ပြန်အော်လိုက်ပါတယ်။ 'ကျွန်မ ဝလာတာ ရှင့်အပူ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကတော့ ကျွန်မရဲ့ ဝလာခြင်းအတွက် တာဝန်ရှိနေလေရဲ့။ ဘာလို့လဲဆိုတော့ ဒီ ၆ နှစ် လောက်အတောအတွင်းမှာ ဘာလေ့ကျင့်ခန်းမှ မလုပ်နိုင်လောက်အောင် ကျွန်မဟာ မြန်မာနိုင်ငံအကြောင်း စာအုပ်တွေဖတ်ပြီး လေ့လာနေတာ တစ်နေ့ကို ၈ နာရီလောက် မထတမ်း ထိုင်ဖြစ်နေတာကိုး' လို့ပေါ့။ စုက သူ့ထိုင်ခုံမှာ ထိုင်မချခင် ကျွန်မနဲ့ မျက်လုံးချင်း ဆုံလိုက်ပြီး 'ရှင် နေကောင်းရဲ့နော်' လို့ မေးလိုက်ပါတယ်။ 'အင်း ကောင်းသားပဲ'။ ကြည့်[illegible] ကျွန်မတို့ရဲ့ ပြန်လည်တွေ့ဆုံခြင်းတဲ့။ နှစ်ကိုယ်ကြားပြောစကားက ဒီ[illegible] ပဲတဲ့လေ။ ဒါလောက်ဆိုရင်ပဲ တကယ်တော့ လုံလောက်ပြီပေါ့။ 'ကျွန်[illegible] ပြင်သစ်သံရုံးမှာ ပြောမယ့် မိန့်ခွန်းကို ညနေ ၃ နာရီ မထိုးခင်ပြီးအောင် [illegible] ရှိတယ်။ အဲဒါ အခုလေးတင် ပြီးသွားတာ။ ဒီမိန့်ခွန်းကို ကျွန်မရဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လောရ်(အန်ထော်နီအဲရစ်ရဲ့ဇနီး ပြင်သစ်သူ)ဆီ ပို့ပေးရမယ်။ ကျွန်မရဲ့ ပြင်သစ်ဘာသာစကားစွမ်းရည်က မကောင်းဘူး။ အိုး၊ ဟုတ်ပြီ၊ သတိရပြီ။ ကျွန်မအနေနဲ့ ပြင်သစ်သံရုံးက ညှော်ခံပွဲကို လူ ၆ ယောက် ဖိတ်နိုင်တယ်တဲ့။ ဒီတော့ ကျေးဇူးပြုပြီး တနင်္ဂနွေနေ့ညနေကျရင် အဲဒီကို လာခဲ့နော်' လို့ စုက ဆိုပါတယ်။ သူက အရင်လို ယုံကြည်ချက်အပြည့်နဲ့ တင့်တယ်ဆဲပါပဲ။

ကျွန်မတို့လည်း သူ့အတွက် သီးသန့်ပြင်ဆင်လာတဲ့ စာနဲ့ဓာတ်ပုံတချို့ ပေးလိုက်ပါတယ်။ ပြီးတော့ ဓာတ်ပုံလေးနှစ်ပုံသုံးပုံ ရိုက်လိုက်တယ်လေ။ ပြီးတော့ စုအတွက် ညီမငယ်တစ်ယောက်လို ဖြစ်ခဲ့တဲ့ ပါမောက္ခယိုကိုစီရိုစီရဲ့ လက်ဆောင် ညလိမ်းခရင်မ်ကို ပေးလိုက်ပါတယ်။ စုနဲ့ ယိုကိုက အောက်စ်ဖို့ဒ်မှာ တွေ့ခဲ့ကြပြီး ယိုကိုက အင်္ဂလိပ်စာ မကျွမ်းတော့ စုကချည်း သူ့ကိုယ်စား စာတမ်းတွေ ကူရေးပေးခဲ့တာပါ။ ယိုကိုက စုဆီသွားတိုင်းလည်း စုက ယိုကို့အတွက် အသားညှပ်မုန့်ကို ပြင်ဆင်ကျွေးတတ်ပါတယ်။ စုက ယိုကို့သတင်း မေးပြီးချိန်မှာတော့ အချိန်က အတော်လင့်သွားပါပြီ။

ရှတ်တရက်ဆိုသလို စုက ကျွန်မရဲ့ ခင်ပွန်းကို 'အို့စုဆန် ရှင် တရုတ်ကို ဘယ်လိုသဘောရလဲ' လို့ မေးလိုက်ပါတယ်။ 'စီးပွားရေးဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ တရုတ်ပြည်တွင်းမှာ လူပေါင်းများစွာက တကယ့်ကို ဆင်းရဲမွဲတေနေတာကို ဘယ်လိုမြင်လဲ' လို့ ဆက်မေးပါတယ်။ အို့စုဆန်ကလည်း ဒီပြဿနာကြီးကို ဖြေဖို့ စိတ်အာရုံတွေကို စုစည်းနေရပုံရလေရဲ့။ ဒါပေမယ့် စုရဲ့ အတွင်းရေးမှူးက မှန်းဝင်လာတဲ့အကြောင်းနဲ့ သတင်းတစ်ခုပြီးတစ်ခု လာပြောနေတာကြောင့် စကားဝိုင်းက ရပ်လိုက်ဆက်လိုက် ဖြစ်နေပါတော့တယ်။ ကျွန်မတို့မှာ မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ ပြဿနာတွေအကြောင်း တွေးနေဖို့ အချိန်မရခဲ့ကြပါဘူး။ စုကို ကြည့်ရတာလည်း မိတ်ဆွေသူ ငယ်ချင်းဟောင်းတွေနဲ့ အချိန်ပေး တွေ့ဖို့ အချိန်ရပုံမရပါဘူး။ သူ့ရဲ့ အလောတကြီးနိုင်နေပုံက အဲဒီအရာအားလုံးကို ရှင်းပြလိုက်သလိုပါပဲ။ ကျွန်မတို့လည်း ခပ်မြန်မြန်ပြန်ဖို့ တွေးလိုက်မိပါတယ်။ ဒါပေမယ့် ကျွန်မတို့ သယ်လာတဲ့ လက်ဆောင်ပေါင်းများစွာကို တင်ထားတဲ့ ကားနောက်ခန်းကို ဖွင့်ကြရဦးမယ်လေ။

ပထမဆုံးတော့ ငါးရှဉ့်ပြုတ်ပေါ့။ 'ရှင့်မှာ ထမင်းဖြူ ရှိတယ် မဟုတ်လား' 'အို သိပ်ရှိပေါ့'။ စုကိုကြည့်ရတာ ငါးရှဉ့်ပြုတ်ကို သဘောကျကြောင်း ဖုံးမထားနိုင်ပုံပါ။ သူ့အတွင်းရေးမှူးကို ရေခဲသေတ္တာထဲ သိမ်းထားဖို့ ညွှန်ကြားနေလေရဲ့။ နောက်တစ်ခုကတော့ ဆန်မုန့်မိုချိပါ။ ပဲနှီနဲ့ ပဲပိစပ် ဥာပနာထားတဲ့ မုန့်တွေလေ။ စုကတော့ စားစရာတွေကို ကြည့်ပြီး ဝမ်းသာသဘောကျမှုကို မထိန်းထားနိုင်ပဲ



အော်ပြောလိုက်ပါတယ်။ 'ကျွန်မကို ပြောသား၊ ရှင်တို့ သယ်လာတာ ကားတစ်စီးစာလောက်လို့။ တကယ်ပါပဲ။ နိုရီကိုရယ် ရှင် ရူးနေသလားပဲ' တဲ့။ ကျွန်မတို့ ရယ်လိုက်ကြပါတယ်။ ကျွန်မရဲ့ ရင်ထဲမှာလည်း 'ဟုတ်တယ်။ ကျွန်မက ရူးနေပြီ။ ဒါပေမယ့် ကျွန်မမှာ ကူသယ်ပေးမယ့်သူ ကောင်းကောင်း ရှိတယ်လေ။ ဒီတော့ ဈောင်ခိုကုန်ကူးသမားတစ်ယောက်လို ကျွန်မ သယ်ချင်သမျှတွေ သယ်ချလာတာပေါ့။ 'ရှင် ပဲမှုန့်ကို မုန့်အတွက် သုံးရင် သကြားထည့်နော်' 'ကျွန်မ အဲဒါတွေ သိပါတယ်'။ စုကဖြင့် ဘာမှကို မပြောင်းလဲပါဘူး။ ကျွန်မအတွက်တော့ သူဟာ ခါတိုင်းလိုပဲ ချစ်စဖွယ်ပါ။ သူ့ရဲ့ ဘာကိုမဆို အလေးအနက်နဲ့ မဟုတ်မခံ တုံ့ပြန်ချင်နေတဲ့ အမူအကျင့်ကိုက ချစ်စဖွယ်ပေါ့။ နောက်ထပ် ပေးဖြစ်တာကတော့ ဂျပန်ရဲ့ လက်နဲ့လုပ်တဲ့ ခေါက်ဆွဲဖြူပါ။ ဆိုမန်လို့ ခေါ်ပါတယ်။ သူက မြန်မာခေါက်ဆွဲတွေ ထက်စာရင် ဝါးရတာ နည်းနည်းမာပြီး ခက်သလိုပါ။ စုက ဒီခေါက်ဆွဲကို ကြိုက်ပါတယ်။ သူ့နားကလူတွေလည်း ကြိုက်မယ်လို့ ကျွန်မတော့ မျှော်လင့်မိတာပါပဲ။

မကြာသေးခင်ကမှ စုဟာ သူ့ ညာဘက်ခြေမကို သူ့ဘာသာ စားပွဲစောင်းနဲ့ တိုက်ပြီး အနာတရ ဖြစ်စေခဲ့မိလေရဲ့။ ခြေမက အရိုးတောင် အက်သွားပါတယ်။ အဲဒီတုန်းက လူနာတင်ယာဉ်ကြီး ရောက်လာလို့ သူ့မှာ ရယ်ရသေးတယ်လို့ ဆိုပါတယ်။ အသက်ကြီးတဲ့သူတွေမှာ အရိုးပွလေ့ရှိတာမို့ တစ်ခုခု ထိခိုက်မိရင် ဒဏ်ရာက ပိုကြီးသွားတတ်တယ်လို့ စုက သဘောပေါက်လေရဲ့။ ဒါ့အပြင် စုက သူ့ထက် ၆ နှစ်ကြီးတဲ့ ကျွန်မကို 'နိုရီကို ရှင်လည်း ဂရုစိုက်နော်' လို့ လာပြီး ဩဝါဒပေးလိုက်ပါသေးတယ်။ တကယ်တော့ ကျွန်မက အရိုးပဲရှိတဲ့ စုထက် အဆီတွေ ပိုများသူမို့ အကာအကွယ်ရှိပြီးသားလေ။ အိုကေပါပဲ။ 'တာတာမိဖျာနဲ့ လုပ်တဲ့ ဖိနပ်ကို အိမ်ထဲမှာပဲ စီးနော်' 'အိုကေလေ အိမ်ထဲမှာပဲ စီးမှာပါ'။ နောက်ဆုံးမှာတော့ ကျွန်မခင်ပွန်းရဲ့ တရုတ်နိုင်ငံစီးပွားရေးအပေါ်အမြင်ကို နားမထောင်နိုင်တော့ဘဲနဲ့ စုဟာ သူ့ကို ပေးထားတဲ့ လက်ဆောင်တွေကို ပိုက်ပြီး သူ့အတွင်းရေးမှူးခေါ်ရာ နောက်ကို လိုက်သွားပါတော့တယ်။ ကျွန်မခင်ပွန်းကတော့ နောက်ပိုင်းမှာ ကျွန်မတို့ မိန်းမနှစ်ယောက်သား အစားအသောက်အကြောင်း ပြောနေကြတာနဲ့ပဲ သူ့ရဲ့စီးပွားရေးအမြင်တွေကို မပြောလိုက်ရဘူးလို့ ဂျီကျတော့တာပါပဲ။

ဟော်တယ်ကို ပြန်လာတဲ့လမ်းမှာတော့ ကျွန်မလည်း အခုတွေ့ဆုံလိုက်ခြင်းဟာ လွန်ခဲ့တဲ့ ၂၆ နှစ် ကလို အတိအကျပါပဲလားလို့ တွေးပြီး ကျေနပ်နေမိတယ်။ ပြီးတော့ စု မရှိတဲ့နောက်ပိုင်း အောက်စ်ဖို့ဒ်က မိုက်ကယ်နဲ့ ကလေးတွေအကြောင်း ရေးထားတဲ့ စာကိုလည်း စုလက်ထဲ ထည့်လိုက်နိုင်တယ်လေ။ ဒီစာကို စု တစ်နေ့နေ့မှာ ဖတ်ဖြစ်မယ် ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ဂျပန်မှာ ဘယ်လိုမှ ရှာလို့ မတွေ့နိုင်တော့မယ့် ကားစုတ်လေးတွေက ရန်ကုန်မှာ တက်စီဆိုပြီး ဆွဲနေလေရဲ့။ အဲဒီတက်စီတွေရဲ့ နောက်ဘက်ခုံမှာ ထိုင်ပြီး မှန်တံခါးကို ဖွင့်စီးကြရလေတော့ ကိုယ့်ပါးကိုကိုယ် ပြန်ကိုင်လိုက်ရင် အမှုန်အညစ်တွေကို စမ်းလို့ ရနေတော့တာပေါ့။ လမ်းတွေ ရှုပ်ပွနေတာကိုလည်း ကျွန်မအနေနဲ့ ဘယ်လိုမှ ရှင်းနိုင်မယ် မထင်ပါဘူး။ ဘယ်က စရမှန်း မသိအောင် ဆိုးတာကိုလည်း သတိထားမိပါတယ်။ တကယ်တော့ မိလ္လာပိုက် ပေါက်ပြီး လျှံထွက်နေတာတွေ၊ ဝလက်ဖောင်းအုတ်တွေ ထိုးထောင်ထွက်နေတာတွေ၊ အမှိုက်တွေ ပြန့်ကြဲနေတာတွေ အများကြီးကို တွေ့ရတာပါ။

ဒါပေမယ့် ကျွန်မတို့မှာ မြန်မာအမျိုးသမီးတွေရဲ့ ရိုးသားမှုကို တွေ့ရတော့လည်း စိတ်ချမ်းသာခဲ့ရပါတယ်။ အများစုက အခုထိ မြန်မာ့ရိုးရာထမိန်ကို ဝတ်ပြီး ဖိနပ်ပါးလေးတွေ စီးကာ လမ်းပေါ်မှာ သွားလာနေကြပါတယ်။ သူတို့အားလုံးလိုလိုက အပေါ်အင်္ကျီနဲ့ ထဘီရဲ့အရောင်ကို အကောင်းဆုံး တွဲဘက်ပြီး ဝတ်တတ်ကြလေရဲ့။ သူတို့ရဲ့ အဲဒီအစွမ်းကြောင့် သူတို့ဟာ ပိုလှလာပေမယ့် ရာဘာဖိနပ်ပါးတွေကတော့ အလှကို ဖျက်လိုဖျက်ဆီးလုပ်နေကြပါတယ်။

ဒီခရီးစဉ်မှာ ကျွန်မတို့အတွက် ပျော်စရာအကောင်းဆုံးနဲ့ စိတ်အေးစရာ တွေ့ကြုံရမှုကတော့ ပြင်သစ်သံရုံးညှိခံပွဲမှာ ခင်မင်ခွင့်ရတဲ့ ချစ်စရာကောင်းပြီး ထက်မြက်တဲ့ ဂျာနယ်လစ်မိန်းကလေးပါပဲ။ သူ့ကိုတော့ ကျွန်မက မြင်မြင်ချင်းမှာကို ချစ်ခင်မိပါတယ်။ သူက လူမှုဘဝဒုက္ခအထွေထွေတွေကို လျစ်လျူရှုကာ ကျွန်မတို့ကို မျှော်လင့်ချက်တစ်ခု ပေးခဲ့ပါတယ်။ 'မှန်ပါတယ်လေ။ ကျွန်မတို့ နိုင်ငံမှာ ပြဿနာတွေ အများကြီး ရှိနေပါတယ်။ ဒါကြောင့်လည်း လူတွေက နိုင်ငံခြားကို ထွက်ချင်ကြတာပေါ့။ ဒါပေမယ့် ကျွန်မကတော့ ဒီနိုင်ငံကို ချစ်တယ်။ ဒီမှာ နေရတာ ကျွန်မအတွက်တော့ နေနေတဲ့ကာလတလျှောက် ကျွန်မ လုပ်နိုင်သလောက် လုပ်နေရမယ်ဆိုတဲ့ ခံစားချက်ကိုလည်း ပေးတယ်လေ'တဲ့။ သူ့ရဲ့ အင်မတန်လတ်ဆတ်နေတဲ့ သံနိဋ္ဌာန်က ကျွန်မတို့ကို ဒီနိုင်ငံရဲ့ အနာဂတ်အတွက် မျှော်လင့်စရာ တောက်ပမှုတွေကို ဆောင်ကြဉ်းပေးခဲ့ပါတယ်။ ဒီသတ္တိရှိပြီး ထက်မြက်တဲ့ ကောင်မလေးက ကျွန်မတို့ကို အားရှိစေခဲ့တယ်လို့လည်း ဆိုရမှာပါ။

တကယ်တော့ ကျွန်မဟာ မြန်မာအမျိုးသမီးတွေရဲ့ ထက်မြက်မှုနဲ့ အနုပညာဆန်တဲ့ အလှအပကို မှင်သက်သဘောကျခဲ့ပါတယ်။ စုနားမှာလည်း ဆရာဝန် အမျိုးသမီးပညာတတ်တွေ ဝိုင်းရံနေပါတယ်။ သူတို့အားလုံးဟာ စုကို အားပေးကူညီကြပေမယ့် သူတို့ဘာသာသူတို့လည်း ရပ်တည်နိုင်အောင် ကြိုးစားနိုင်ကြသူတွေပါ။ စုအတွက် သူတို့ထက် ပိုပြီး ဘယ်သူတွေကိုများ မျှော်လင့်နိုင်မှာပါလဲ။



သူတို့အားလုံးဟာ သူတို့နေထိုင်တဲ့ လူ့အဖွဲ့အစည်းအတွက် အမြင်ကျယ်ကျယ်နဲ့ ကြိုးစားနေကြတာမို့လို့လည်းပိုပြီး လှနေကြပါတယ်။ ဒါ့အပြင် သူတို့က သဘာဝအလှတရားကို သိကြတဲ့အတိုင်း အနောက်တိုင်းဝတ်စုံကို မဝတ်ကြဘဲ မြန်မာ့ရိုးရာဝတ်စုံကိုပဲ ဝတ်ကြတာကလည်း ပိုပြီးလှနေစေတဲ့အချက် ဖြစ်ပါတယ်။ စုနဲ့ မြန်မာအမျိုးသမီးတွေကတော့ ကျွန်မကို နောက်ဆုံးအချိန်အထိ အလှဆုံးနဲ့ ရည်ရွယ်ချက်အမြင့်မားဆုံး ဖြစ်နေအောင် ဘယ်လိုနေရမယ်ဆိုတာ သင်ပေးလိုက်သလိုပါပဲ။

တစ်ဘက်မှာလည်း ကျွန်မဟာ မြို့လယ်ခေါင်က အနံ့အသက်ဆိုးတချို့ကို စိတ်ပျက်နေမိပါတယ်။ အလုံဆိပ်ကမ်းဘက်က လူနေမှုဘဝကိုတော့ သဘောကျမိလေရဲ့။ တစ်ဆက်တည်းမှာပဲ ကျွန်မအနေနဲ့ ဂျပန်ပုံစံမျိုး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာအောင် မမျှော်လင့်စကောင်းလို့ တွေးလိုက်မိပါတယ်။ ဂျပန်မှာတော့ ကောင်းကင်က ငုံ့ကြည့်တဲ့အခါ ဂူသင်္ချိုင်းတွေလို အဆောက်အဦတွေက ပျွင်းစရာအစီအရီ ရှိပေမယ့် အဲဒီအဆောက်အဦတွေမှာနေထိုင်တဲ့ လူထုအတွက် ရေ၊ မီးအစုံအလင်နဲ့ သက်သောင့်သက်သာ လူနေမှုဘဝကို တဖြည်းဖြည်း ပြည့်စုံအောင် ဖန်တီးပေးနေတယ်လေ။

ကျွန်မအနေနဲ့ လက်ရှိအာဏာရပါတီအနေနဲ့ ပြီးခဲ့တဲ့အစိုးရရဲ့ အနှုတ်လက္ခဏာတွေကိုချည်း ဆက်ခံခဲ့ရပေမယ့် ဒီနိုင်ငံမှာ တကယ့်ကို တတိယဒီမိုကရေစီတော်လှန်ရေးနုနုကို ဆောင်ကြဉ်းပေးနိုင်ဖို့ မျှော်လင့်နေမိပါတယ်။ ဒီနိုင်ငံဟာ နောင်ဘယ်တော့မှ အာဏာရှင်စနစ်ကို နောက်ကြောင်းပြန်မလှည့်ပါစေနဲ့လို့လည်း ဆုတောင်းနေမိပါတယ်။ စုရေ ကျွန်မလေ ဒီကို ပြန်လာပါဦးမယ်။ ရှင့်အနေနဲ့ လှိုင်းထန်တဲ့ စပ်ကူးမတ်ကူးကာလကို မြန်မာနိုင်ငံဆိုတဲ့ လှေကို လှော်ပြီး မျှော်လင့်ချက်ရှိတဲ့ ဦးတည်ချက်ဘက်ကို လှော်ခတ်နေကြောင်း ပြန်ဆန်းစစ်တဲ့အနေနဲ့ပေါ့။ ကျွန်မတို့ရဲ့ တရုတ်တွေအကြိုက် ခြယ်သထားတဲ့ ဥရောပဟန်ဟော်တယ်ညှိခန်းမှာ တွေ့ရတဲ့ များလှစွာသော ဂျပန်စီးပွားရေးသမားတွေကို ကြည့်ပြီး တစ်ယောက်တည်း ညည်းလိုက်မိတာကတော့ 'မြန်မာနိုင်ငံရေ ရှင်လည်း ပြည်ပနိုင်ငံတွေရဲ့ စီးပွားရေးတိုလိုနီဘဝဆီကို ဘယ်တော့မှ ပြန်ဦးမလှည့်လေနဲ့နော်'လို့ပဲ ဖြစ်ပါတော့တယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"စုရောက်လာတဲ့ အချိန်က ချယ်ရီတွေ ပွင့်နေတဲ့အချိန် မဟုတ်ပါဘူး။
ဒါပေမယ့် ဘီဝါရေကန်ဘေးက ချယ်ရီပင်ကြီးကတော့ အပွင့်တွေ
ဝေဝေဆာဆာနဲ့ စုကိုကြိုဆိုနေပါတယ်။ စုရဲ့ ပုသိမ်ထီးလေးနဲ့
ဓာတ်ပုံက ချယ်ရီပွင့်တွေနဲ့အပြိုင် လှလှပါသေးတော့တယ်လေ။"

နီဂိုးစော

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးစကား

ချယ်ရီတွေ ပွင့်တဲ့ရာသီ မဟုတ်တော့တဲ့အခိုက်မှာ စုဟာ ဂျပန်ကို တိုင်ဖွန်း မုန်တိုင်း ကျသလို အရှိန်အဟုန်နဲ့ ကျရောက်လို့လာခဲ့လေရဲ့။ သူ့အဖွဲ့နဲ့ ပတ်သက်ပြီး ကျွန်မတို့မှာ ဘာမှ စောဒကတက်စရာ မရှိပါဘူး။ ဒါပေမယ့် ပြဿနာကတော့ တိုင်ဖွန်းအရှိန်နဲ့ ရောက်လာခဲ့ကြတာပါပဲ။ ကျွန်မလည်း အဲဒီတိုင်ဖွန်းလေမှာတို မိလိုက်တာဟာ နောက်တစ်လလောက်နဲ့တောင်မှ ကျွန်မရဲ့ ပုံမှန်ဘဝကို ပြန်မရောက် နိုင်လောက်အောင် ဖြစ်ခဲ့ရတော့တာပါပဲ။

စု မရောက်လာခင်မှာ ဖတ်လိုက်ရတဲ့ သတင်းစာရဲ့ နိုင်ငံတကာကဏ္ဍမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကတော့ ကျွန်မကို စိတ်ခါတ်ကျစေခဲ့တယ်လို့ ဆိုရပါမယ်။ ဆောင်းပါးမှာပါတာက စုဟာ အခုအချိန်မှာ နိုင်ငံခြားတွေကို သွားလည်ပတ်ဖို့သာ စိတ်ဝင်စားနေပြီး ပြည်တွင်းရေးအခြေအနေတွေကို ဘာမှ မသိသလိုဖြစ်နေတယ်။ တစ်ဘက်မှာတော့ သမ္မတဦးသိန်းစိန်ဟာ ပြည်တွင်းမှာ လူကြိုက်များခံနေရတယ်လို့ ဆိုထားတာကိုး။ ဂျပန်သတင်းထောက်တွေအနေနဲ့ စုနဲ့အစိုးရကြားက ပြောင်း လဲလာတဲ့ နိုင်ငံရေးရပ်တည်ချက်တွေကို မျက်ခြေမပြတ် ကြည့်နိုင်လောက်အောင် အစွမ်းအစတွေ ထက်မြက်ဖို့ ပြင်ဆင်ထားသင့်တာပေါ့နော်။ ဒါမှ တကယ့်သတင်း ချက်အလက်တွေကို စုဆောင်းရှာဖွေရာမှာ လုပ်ငန်းမကျွမ်းကျင်လို့ ဖြစ်ရတဲ့ ယွင်းချက်တွေအပေါ်မှာ အလွဲသုံးစားလုပ်တာမျိုးခံရခြင်းကနေ လွတ်ကင်းမှာပေါ့။

သူတို့အနေနဲ့ စုရဲ့နိုင်ငံခြားခရီးတွေကို အပျော်ခရီးတွေလို့ ဝေဖန်ကြ... ဝေဖန်ကြပါစေ။ ထားလိုက်တော့။ ကျွန်မတို့ကတော့ အဲဒါကို ... အောင် သင့်ပါပဲ။ ကျွန်မတို့ဆိုရာမှာ အထူးသဖြင့်တော့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန

www.burmeseclassic.com



ကိုယ်တိုင်က စုရဲ့ ကျိုတိုခရီးကို စီစဉ်ပေးဖို့ ယုံကြည်စွာ တာဝန်ပေးအပ်ခံရသူဖြစ်တဲ့ ကျွန်မရဲ့ ခင်ပွန်းကတော့ ဒီခရီးစဉ်ကို အကောင်းဆုံးဖြစ်အောင်ပဲ ပြင်ဆင်ထားပါတယ်။

ကျွန်မခင်ပွန်းဆာဒါယိုရှိဆန်က ကျိုတိုမှာ စုအတွက် ပထမဆုံး သွားရောက်သင့်တဲ့နေရာကို အရာရှီယားမားလို့ ရွေးချယ်ထားပါတယ်။ ဒီနေရာက အလွန်လှပပြီး သမိုင်းအရေအရေးပါရုံမကဘဲ ကမ္ဘာ့အမွေအနှစ်စာရင်းလည်း ဝင်တဲ့နေရာပေါ့။ (နာရာ မြည်ကျော်ကန်ဂျိပုံပြင်ထဲက နေရာတချို့ရှိတဲ့အရပ် ဖြစ်ပါတယ်။ ဘာသာပြန်သူ) ဒါပေမယ့် အရာရှီယားမားဟာ အဲဒီထက်မကတဲ့နေရာပါ။

အရာရှီယားမားကို ကာကွယ်စောင့်ရှောက်သူများအဖွဲ့ရဲ့ အဖွဲ့ဝင်တွေက အထင်တရမြစ်ကြီးရဲ့မြစ်ရေတွေကို အကောင်းဆုံးအသုံးချဖို့ ရည်ရွယ်ကာ ရေစီးကြောင်းတလျှောက် အသေးစားရေအားလျှပ်စစ် ထုတ်ယူရေးစီမံကိန်းတစ်ခုကို ဆောင်ရွက်ခဲ့ကြပါတယ်။ မြစ်ကို ဖြတ်ဆောက်ထားတဲ့ နာမည်ကျော် တိုဂက်ဆုကျို(လဖြတ်တံတား)ပေါ်က လမ်းမီးတိုင်လေးတွေအတွက် လျှပ်စစ်ဓာတ်အားကို အဲဒီစီမံကိန်းနဲ့ ပေးနိုင်ခဲ့တဲ့အတွက် အပြောကျယ်လှတဲ့ ရှုခင်းဟာ အမှောင်ကျရောက်လာပေမယ့် တံတားတလျှောက်က လမ်းမီး တိုင်လေးတွေကြောင့် အချိန်ပြည့် လှပရပါတယ်။ စီမံကိန်းကြောင့်ရတဲ့ လျှပ်စစ်ဓာတ်အားတွေက ပိုနေသေးတော့ လျှပ်စစ်ကုမ္ပဏီတစ်ခုကို ရောင်းချလိုက်ပြီးတော့လည်း ရလာတဲ့ အကျိုးအမြတ်ကို ဒေသခံတွေအတွက် သုံးစွဲပေးပါသေးတယ်။ ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းကာကွယ်ကြတဲ့ အရာရှီယားမားကို ကာကွယ်စောင့်ရှောက်သူများအဖွဲ့ဟာ ခေတ်သစ်ရဲ့ တီထွင်ဖန်တီးသူတွေလည်း ဖြစ်တာပေါ့။

ကျွန်မခင်ပွန်းက မြန်မာပြည်က ညအမှောင်ထုထဲမှာ အလင်းမရဘဲ နေထိုင်နေကြရတဲ့ လူဦးရေရဲ့ ၈၀%နီးပါးရှိတဲ့ လယ်သမားကြီးတွေအတွက် အလင်းဆောင်နိုင်အောင် အဲဒီလို အသေးစားရေအားလျှပ်စစ်စီမံကိန်းလေး လုပ်ပေးချင်နေတာပါ။ ဒါကြောင့် သူက အသေးစားရေအားလျှပ်စစ်စီမံကိန်းအကြောင်း လေ့လာသလို တခြားလူငယ်လေးတွေကိုလည်း စုစည်းထားပြီး အဲဒီစီမံကိန်းအကြောင်း ဝိုင်းလေ့လာဆွေးနွေးတာမျိုးလည်း လုပ်နေပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ၂၀၁၂ အောက်တိုဘာလကုန်က နေပြည်တော်မှာ စုနဲ့ တွေ့ခဲ့တုန်းကတည်းက အဲဒီစီမံကိန်းတွေအကြောင်း ရေးထားတဲ့ အင်္ဂလိပ်ဘာသာနဲ့ စာရွက်စာတမ်းတွေကို စုအတွက် အိမ်စာသဘော ပေးအပ်ခဲ့ပါသေးတယ်။ စုကလည်း တကယ့်ကို စိတ်ဝင်စားပြီး ကျိုတိုမှာ စီမံကိန်းအစစ်ကို သွားကြည့်ချင်တယ်လို့ ဆိုခဲ့တာပါ။ ဒါကြောင့် အရာရှီယားမားကို စုတာ အလည်လာရတော့မှာပေါ့။



စုက လျှပ်စစ်ဓာတ်အားတွေကို ဘယ်လိုသိုလှောင်သိမ်းဆည်းပြီး ဘယ်လိုပြန်လည်ဖြန့်ဖြူးတယ်ဆိုတာကို သိပ်စိတ်ဝင်စားနေပါတယ်။ ဒီတော့ အရာရှီယားမား ရောက်ချိန်မှာ မြစ်ရေထဲမှာ ဖြတ်ဆောက်ထားတဲ့ ကွန်ကရစ်လမ်းပေါ်အထိ ထမိန်နဲ့ပဲ ဆင်းကြည့်ပါတော့တယ်။ စုက ရှေ့တိုးလျှောက်လေလေ ဂျပန်ထောက်လှမ်းရေးနဲ့ အစိုးရတာဝန်ရှိသူတွေက စိုးရိမ်ပြီး နောက်က လိုက်လေလေနဲ့ပေါ့။ စုလည်း စိတ်လှုပ်ရှားနေမှာပါ။

ကျွန်မကတော့ ၁၉၈၈ နောက်ပိုင်းမှာ ဂျပန်ကို ရောက်လာကြတဲ့ ကျောင်းသားအုပ်စုတွေထဲက အိုဆာကာနဲ့ နဂိုယာကို ရောက်နေသူတွေက စုကို တွေ့ချင်တဲ့အတွက် ကျိုတိုကို လာကြမှာမို့ သူတို့အားလုံး စုကို တွေ့ခွင့်၊ စကားပြောခွင့်ရအောင် ဘယ်လိုလုပ်ရပါ့လို့ စိတ်ပူနေပါတယ်။ သူတို့က သူတို့အမေကို မတွေ့ကြရတော့တာ အနှစ် ၂၀ ကျော်ပြီကော။ ခုတော့ တိုက်တိုက်ဆိုင်ဆိုင် အမေက သူတို့ ရှိရာကို လာမှာလေ။ သူတို့က အမေ့ကို တွေ့ပြီး နှလုံးသားချင်းသာ နားလည်မယ့်စကားမျိုးတွေ ပြောချင်ရှာကြမှာပေါ့။ အခက်အခဲဒုက္ခတွေအကြောင်း မဟုတ်ဘဲ သားနဲ့အမိ ပြောကြသလို ရင်ဖွင့်ပြောချင်ကြမှာပေါ့။

ကျွန်မအနေနဲ့ ကျွန်မရဲ့မိတ်ဆွေတွေဖြစ်တဲ့ တိုကူရှိုဂျိဘုန်းကြီးကျောင်းက ဘုန်းတော်ကြီးနဲ့ သူ့ဇနီးရှိုကိုဆန့်အပေါ်မှာ အားတုံ့အားနာ ကျေးဇူးတင်မိတာကိုတော့ ခံရပါမယ်။ ကျွန်မက မြန်မာဒုက္ခသည်တွေအကြောင်း ရှိုကိုဆန်ကို ပြောပြတော့ သူက မျက်ရည်ကျတဲ့အထိ မျှဝေခံစားပေးပါတယ်။ ဒါ့အပြင် သူတို့ရဲ့ဘုန်းကြီးကျောင်းဟာ 'အမေနဲ့သားများ'အတွက် တွေ့ဆုံဖို့ ကောင်းမွဲနေရာပါပဲလို့ သဘောတူ မျှပေးပါတယ်။ ပထမတော့ သူတို့အပေါ် ဒုက္ခကြီးကြီး ပေးမိသလို ဖြစ်မှာစိုးတဲ့အတွက် တောင်းဆိုဖို့ တွန့်ဆုတ်ခဲ့ပေမယ့် သူတို့လင်မယားရဲ့ ကြင်နာလှတဲ့ဖိတ်ခေါ်မှုကို လက်ခံရယူဖြစ်ခဲ့ပါတော့တယ်။

ကျွန်မတို့က အင်မတန်မှ တိတ်တဆိတ် အေးချမ်းစွာပဲ စီစဉ်ချင်ခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းကြီးကျောင်းဝင်းထဲမှာ ဂျပန်အစိုးရရဲ့ ဝတ်စုံနက်ဝန်ထမ်းတွေ အများကြီးကို တွေ့ရတာ အံ့သြစရာပါ။ ဒီလိုဘုန်းကြီးကျောင်းပိုင်နက်ထဲထိတောင် ဝင်လာစောင့်ကြပ်တာကိုတော့ ကျွန်မ တကယ့်ကို စိတ်ဆိုးမိပါတယ်။ ဒါ့အပြင် ဒီကျောင်းဝင်းထဲမှာ သူတို့ ဖိတ်ထားတာ မဟုတ်တဲ့ ဧည့်တွေကို တွေ့သွားတော့ ထိုတော့ ကျွန်မကို စိတ်ဒုက္ခကောင်းကောင်း ပေးလိုက်သလိုပါပဲ။

ကျွန်မတို့ရဲ့မိတ်ဆွေ ဘုန်းတော်ကြီးက အာမိတာဘာဘုရား ရုပ်ပွားတော်ရှေ့မှာ သုတ္တန်ခပ်တိုတိုကို ရွတ်ဖတ်ပြီး အခမ်းအနားလေးကို အေးအေးချမ်းချမ်း တောင်းလိုက်ပါတယ်။ နေ့လည်စာစားခိုက်မှာတော့ စုက ဘုန်းတော်ကြီး ရွတ်ဆိုခဲ့တဲ့ သုတ္တန်ရဲ့

www.burmeseclassic.com



အနက်အဓိပ္ပါယ်ကို မေးပါတော့တယ်။ သူ မှန်းဆထားတဲ့ အနက်အဓိပ္ပါယ်နဲ့ တစ်ထပ်တည်း တူနေတယ်လို့လည်း သူက ဂုဏ်ယူစွာ ဆိုပါတယ်။ ဒါ့အပြင် ကျွန်မခင်ပွန်းကိုလည်း 'အို့စုဆန်တစ်ယောက်ပဲ နားမလည်ဘူး မဟုတ်လား' လို့ နောက်ပြောင်ခဲ့ပါသေးတယ်။

ရှိုကိုဆန်ကတော့ ဘုရားခန်းထဲမှာပဲ အမေနဲ့သားတွေရဲ့ ရင်ဖွင့် စကားဝိုင်းအတွက် ထိုင်ခုံနိမ့်လေးတွေကို စက်ဝိုင်းသဏ္ဍာန်ထားထားပေးပါတယ်။ လူငယ်တွေအားလုံးရဲ့ မျက်လုံးတွေ အရောင်တောက်နေတာကိုရော၊ စုရဲ့ မျက်နှာမှာ မိခင်ရဲ့ ကြင်နာတဲ့အပြုံးကို မြန်းထားတာကိုပါ တွေ့ရတာဟာ ကြည်နူးစရာပါပဲ။

သူတို့အပြောတွေထဲက တစ်ခုကို နားထောင်ကြည့်ပါဦး။ စုက 'အိမ်ထောင်ပြုပြီးပြီလား' လို့ မေးတော့ အသက် ၄၄ နှစ်အရွယ်က 'မပြုရသေးဘူး အမေ' တဲ့။ စုက 'အမေ ရှာပေးရမှာလား' လို့ ပြန်မေး တယ်လေ။

နောက်ပိုင်းမှာတော့ အဲဒီလူငယ်က မျက်ရည်တွေဝဲပြီး ကျွန်မကို ပြန်ပြောပြတာက 'ကျွန်တော်အမေ့ကို တိုက်ရိုက်စကားပြောခွင့်ရတာ သိပ်ကံကောင်းတာပဲ။ ကျွန်တော့်ဘဝမှာ အပျော်ဆုံးအချိန်ပဲဗျာ။ ကျေးဇူးတင်လိုက်တာ' လို့ ဖြစ်ပါတယ်။ သူ့မျက်ရည်တွေက အားလုံးကို ရှင်းပြလိုက်သလိုပါပဲ။ ကျွန်မက အဲဒီလို တွေ့ဆုံပွဲလေး စီစဉ်ထားကြောင်း စုကို မပြောပြထားခဲ့သလို ပြီးသွားချိန်မှာလည်း စုက အဲဒီအကြောင်း ကျွန်မကို ဘာမှ မမေးခဲ့ပါဘူး။ စုအတွက်ကတော့ ၄၄ နှစ် အရွယ် လူရွယ်ကြီးတစ်ယောက်ရဲ့ မျက်ရည်ဆိုတာမျိုးက တခြားနိုင်ငံတချို့မှာ တွေ့ခဲ့ဖူးတဲ့ ပုံရိပ်တွေနဲ့ ရောထွေးသွားနိုင်ပါတယ်။

ဘုန်းကြီးကျောင်းရဲ့ စက္ကူလျှောတံခါးပေါက်က ပွင့်လာပါတယ်။ ဘုန်းတော်ကြီးကို လက်ဆွဲနှုတ်ဆက်လိုက်ပြီးတော့ တံခါးဝမှာ ပေါ်လာတဲ့ စုရဲ့လက်ထဲမှာတော့ (ဘုန်းတော်ကြီးရဲ့ အမျိုး)မွေးကင်းစကလေးငယ်လေးတစ်ယောက်ပါ။ ကျွန်မတို့မှာ အဲဒီအခိုက်အတန့်လေးကို သဘောတကျ ဖြစ်ရပါသေးတယ်။ စုရဲ့ မျက်နှာက ခုနက ကလေးတွေကို နှစ်သိမ့်ပေ နေတဲ့မိခင်ပုံစံမျိုးကနေ ကြေနပ်မှုနှင့် သိမ့်မှုတွေ ပြည့်ဝနေတဲ့မိခင်ပုံစံမျိုးအဖြစ် ပြောင်းလဲနေပါတယ်။ စုရဲ့ ရှေ့လျှောက်လမ်းခရီးမှာ ဒီထက်မက ပုံပြင်ဇာတ်လမ်းတွေ ရှိနေကြဦးမှာပါ။ ဒါပေမယ့် စုကတော့ ဘယ်တော့ဖြစ်ဖြစ် လုံးဝတုန့်လှုပ်မှာ မဟုတ်ဆိုတာ ကျွန်မအဖို့ သေချာနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စုရဲ့ဦးတည်ချက်က သောကတွေကို ဟာသအဖြစ် ပြောင်းသွားနိုင်လေ။

ကျွန်မ ပြောခဲ့သလိုပဲ စုရောက်လာတဲ့အချိန်က ချယ်ရီတွေ ပွင့်နေတဲ့အချိန် မဟုတ်ပါဘူး။ ဒါပေမယ့် ဘီဝါရေကန်နားက ကျွန်မတို့ရဲ့ ကျေးလက်အိမ်လေး



နားက ချယ်ရီပင်ကြီးကတော့ အပွင့်တွေ ဝေဝေဆာဆာနဲ့ စုကို ကြိုဆိုနေပါတယ်။ စုရဲ့ပုသိမ်ထီးလေးနဲ့ဓာတ်ပုံက ချယ်ရီပွင့်တွေနဲ့အပြိုင် လှလှပါသေးတော့တယ်လေ။

နိုရိကိုအိုနို.စု